www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ကိုယ့်ထောင်ချောက်ကိုယ်ပြန်မိ

စာမူခွင့်ပြုချက်အမှတ် - ၁၂၀၄/၂၀၀၃ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၃၃/၂၀၀၃ (၉)

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - , ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၃၃၃) စေတနာOFFSET

အမှတ်(၅၉)၊ (၀၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

# တက္ကသိုလ်တင်မြင့်

# ကိုယ့်ထောင်ချောက်ကိုယ်ပြန်မိ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

BURMESE CLASSIC

တက္ကသိုလ်ဝယ် ယေဘုယျသဘောအားဖြင့် ဖိုင်နယ်ဖြေဆိုပြီးမြောက်ခြင်းသည် အမိတက္ကသိုလ်မှ နောက်ဆုံးခွဲခွာခြင်းပင် ဖြစ်ပါ၏။

သူတို့ သမိုင်းအမိကဖိုင်နယ်တန်း ဖြေဆိုပြီမြောက်သွားသော ကျောင်းသူကျောင်းသားတို့သည် နောက်ဆုံး ကိုယ့်မြို့၊ ကိုယ့်အိမ်သို့ မပြန်ကြသေးမီ စိတ်တူသဘောတူ ဖိုင်နယ်ကျောင်းသူကျောင်းသားတွေ စုဝေးပြီး နောက်ဆုံးတွေ့ဆုံခွဲခွာနှုတ်ဆက်ပွဲအဖြစ်နှင့် စုဝေးပြီး ပျော်ပွဲစားထွက်ခဲ့ကြသည်။

အခြား ကျောင်းသူကျောင်းသားများအတွက် (၄) နှစ်လုံးလုံး ကိုယ့်မြို့၊ ကိုယ့်အိမ်၊ ကိုယ့်မိဘ ညီအစ်ကိုမောင်နှမ

www.burmeseclassic.com

www.burmeseclassic.com



များဖြင့်ခွဲခဲ့ပြီး ယခု အိမ်ပြန်ရတော့မည်ကို ဝမ်းသာကြပေမည်

ထိုအများစု ကျောင်းသားကျောင်းသူများ ကြား တွင် "သူ"တစ်ယောက်ကတော့ တစ်မျိုးထူးခြားနေပါ၏။

သူသည် သူ့မြို့ သူ့အိမ်သို့ မပြန်ချင်။

အိမ်ပြန်ရမည်ကို "သူ" ကြောက်နေသည်။

သူ့မြို့ပြန်ပြီး သူ့အိမ်တွင် ပြန်နေလျှင် သူ့ဖေ ဦးတေဇနှင့်အတူ တစ်အိမ်တည်း ပြန်နေရတော့မည်။

သူ့ဖေဖေ ဦးတေဇနှင့် နှစ်ယောက်တည်းအတူ ပြန်နေရမည်ကို သူ့ရင်ထဲ၌ မနှစ်မသက်ဖြစ်ရပေသည်။

"သူ့"မေမေ ဒေါ်ရီရီလတ်သာ အသက်ထင်ရှား နေပါသေးလျှင် သူလည်း ကျောင်းပြီး၍ အိမ်ပြန်ရမည်ကို ဝ ပန်းတသာ ဖြစ်ရပေမည်။

ယခုတော့...

"သူ့"မေမေ ဒေါ်ရီရီလတ်သည် သူ (၁၀)တ အောင်ပြီးသောနှစ်မှာပင် ကွယ်လွန်အနိစ္စရောက်သွားသည်

မေမေဒေါ်ရီရီလတ် အသက်ထင်ရှားရှိစဉ်က မေမေနှင့် အတူတူနေရသည်ကို သူ သိပ်ပျော်သည်။ သိ ယာသည်။ သိပ်ကြည်နူးသည်။

"သူ့" ဖေဖေဦးတေဇ ဘယ်လိုနေနေ သူ့အ အရေးမကြီး၊ မေမေနှင့် အတူနေရလျှင် ပြီးရော။



ယခုမူ မေမေ မရှိတော့ပြီ။

ဖေဖေဦးတေဇသည် နံနက်အိပ်ရာမှထသည်နှင့် အရက်နှင့်မျက်နှာသစ်ချင်ပြီး အရက်နှင့်ပလုတ်ကျင်းချင်သူ ဖြစ် ပါ၏။

ဖေဖေ့ဘာသာ ဖေဖေ ကြိုက်လို့အရက်သောက် သည်ကိုတော့ သူ ဘာမှမစွက်ဖက်လိုပါ။ ကိုယ့်အဖေကို ဝေ လည်း မဝေဖန်ချင်ပါ။

သို့သော်...

ဖေဖေဦးတေဇက တစ်မျိုးကြီး။ သူ့အပေါ်တွင် တစ်ဦးတည်းသော သားဖြစ်စေကာမူ အကောင်းမမြင်တတ်။

သူ့စိတ်က ထင်နေလို့လားတော့ မသိ။ သူ မှတ်မိ လောက်သော အရွယ်မှစပြီး ဖေဖေဦးတေဇသည် သူ့အား "ငါ့ သားပါလား"ဟူ၍ တယုတယမရှိ၊ မယုယချင်သည်ကို ထားပါဦး။ မေမေက "သူ့"အား သားချစ်လေးဟု ချစ်ခင်မှုရှိတာတွေး ကြင် နာမှုရှိတာတွေကိုပင် ဖေဖေဦးတေဇက မနှစ်သက်။ သားကို ဒီ လောက်တောင် ချစ်ရသလားဟုပင် အပြစ်တင်ချင်သေးသည်။

မည်သို့ဆိုစေ။ အဖေဆိုသည်ကတော့ အဖေပင်။

တစ်ခါတလေ၌ ဖေဖေဦးတေဇသည် "သူ့"၏ ဖအေအရင်းမှ ဟုတ်ပါရဲ့လားဟုတောင် တွေးမိသည်။ သံသယ ဝင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ဖို့ ဖေဖေဦးတေဇ ဘာတစ်ခုမျှ မဆောင်ကျဉ်းခဲ့ပေ။

ယခု ပထမနှစ်မှ ဗိုင်နယ်အထိ တက္ကသိုလ်တွင် အဆောင်မှာနေ၍ တက်နိုင်သည့်အပြင် လစဉ်ထောက်ပံ့သည်မှာ အန်တီဦး "အဒေါ်–ဒေါ်သီသီဦး"သာလျှင် ဖြစ်ပေသည်။

အကယ်၍သာ မိမိဆွေမျိုးစုထဲတွင် အန်တီဦးလို အဒေါ်တစ်ယောက်သာ မရှိလျှင် မေမေ ဆုံးပြီးနောက် မိမိတက္ကသိုလ်တက်နိုင်ဖို့မှာ ဝေးမှဝေး။

ဖေဖေဦးတေဇကလည်း မိမိကိုတက္ကသိုလ်ထားနိုင်လောက်သော ငွေကြေးမရှိ။

ရှိပါသည်ဆိုဦးအံ့လည်း ဖေဖေဦးတေဇ၏ စေတနာသည် "သူ့"ကို တက္ကသိုလ်ပို့မည်မဟုတ်ဘဲ အလုပ်လုပ်ကွာဟုသာ ပြောပေမည်။

ထားပါတော့။ ဖေဖေဦးတေဇမှာ သူ့နေ့စဉ်အရက်ဖိုးပင် လောက်ငှခြင်းမရှိသူမို့ သူ့ကိုကျောင်းဆက်မထားနိုင်ဘူးဘဲ ထားပါ။

သူ့ဟွင် အဒေါ်အငယ်ဆုံး မေမေ့၏ညီမအရင်း ခေါက်ခေါက် အန်တီထွေး (ဒေါ်စီစီထွေး)ရှိသေးသည်။

အန်တီထွေး (ဒေါ်စီစီထွေး) ၏ ခင်ပွန်းသည် ဦးသက်ဇင် ဖြစ်ပါ၏။ ဦးသက်ဇင်၏ ဝင်ငွေစီးပွားရေးမှာ ချို့တဲ့



သည် မဟုတ်။ အထိုက်အလျောက် သုံးနိုင်စွဲနိုင် ဝင်ငွေရှိပါ၏။

သို့သော်...

မိမိ မေမေဆုံးပြီးနောက် အန်တီဦးက "သူ့"ကို တက္ကသိုလ်ဆက်ထားပေးမည်ဆိုသည်ကိုမှန်း အန်တီထွေးက...

"ဆယ်တန်းအောင်ပြီးရင် တော်ပြီပေါ့ မမဦးရယ်... တက္ကသိုလ်က ဘွဲ့ရတော့ကော အလုပ်မှလုပ်တဲ့အခါ ဘာရာထူးရတာမှတ်လို့... အခု ဆယ်တန်းအောင်ပြီး အလုပ်ဝင်လုပ်ထားတာကမှ အလုပ်ထဲမှာ လေးငါးနှစ်လုပ်သက်ရရင် ရာထူးတက်နိုင်တာပေါ့... "

ဟု "သူ့" တက္ကသိုလ်တက်ရေးကို ထားရှိပေမည်။ အန်တီဦးအား ညီမအငယ်ဆုံး အန်တီထွေးက ကန့်ကွက်စကားပင် ဆိုခဲ့သည်။

မေမေ့တွင် ညီအစ်မ (၃)ယောက် ရှိသည်။

အကြီးဆုံးက အန်တီဦး... ဒေါ်သီသီဦး။

အလတ်က မေမေ... ဒေါ်ရီရီလတ်။

အငယ်ဆုံးက အန်တီထွေး... ဒေါ်စီစီထွေး တို့ ဖြစ်ကြသည်။

အန်တီဦးက ယခုအချိန်ထိ အပျိုကြီးဖြစ်သည်။ အိမ်ထောင်မပြုဘဲ နေသည်။

မေမေဒေါ်ရီရီလတ်က ညီမအလတ်ဖြစ်ပြီး ဖေဖေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဦးတေဇနှင့် အကြောင်းပါခဲ့သည်။

အန်တီထွေးက ဦးသက်ဇင်နှင့် ခိုးရာလိုက်ပြေးပြီး ကာ လက်ထပ်ပေးထားခြင်း ဖြစ်သည်။

ညီအစ်မ (၃)ယောက်၏မိဘများမှာ ကွယ်လွန်သွားကြပြီ ဖြစ်ပါ၏။

ငယ်စဉ်နစဉ်ကတည်းက အန်တီဦးက ဦးစီးခေါင်းဆောင်ပြုပြီး အရောင်းအဝယ်စီးပွားရေးလုပ်ငန်း လုပ်ဆောင်သည်။

ကွယ်လွန်သွားသော မိဘနှစ်ပါးက အမွေအနှစ်ဘာမျှထားနိုင်ခဲ့ခြင်း မရှိပါလေ။ အန်တီဦးသည် သူ့ဟာသူ အရင်းအနှီးရှာကြံပြီး စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်သည်။

ယခုတော့ အန်တီဦးသည် မြို့ပေါ်တွင် ချမ်းသာကြွယ်ဝသူစာရင်းဝင်တစ်ဦး ဖြစ်နေပေပြီ။

မေမေ သေဆုံးသွားသည့် အချိန်ထိ ဖေဖေ ဦးတေဇ ရှာသောငွေသည် အိမ်စရိတ်ပင် လောက်ငသည်မရှိ။ ဖေဖေ ရှာသောငွေသည် ဖေဖေ့အရက်ဖိုးဖြင့် ပြန်ကုန်သွားခြင်းမျိုးဖြစ်နေသဖြင့် အန်တီဦးကပင် ညီမအလတ်ဖြစ်သူ မေမေ ဒေါ်ရီရီလတ်ကို အမြဲတစေ ထောက်ပံ့ခဲ့ရသည်။

အန်တီဦးတို့သဘောထားပြည့်ဝပုံကတော့ မပြောပါလေနှင့်တော့။ "သူ့"ကို ရန်ကုန်တက္ကသိုလ်သို့ ကိုယ်တိုင်လိုက်ပို့ကာ ကျောင်းအဆောင်တွင် နေစေပြီး ကမာရွတ်ဘဏ်တွင် "သူ့"အမည်ဖြင့် ငွေတစ်သိန်းအပ်ထားပြီး သူ့ကို ငွေထုတ်ငွေသွင်းစာအုပ်ပေးထားခဲ့သည်။ ကျောင်းလခ၊ အဆောင်ကြေး၊ စာအုပ်ဖိုး၊ နေ့စဉ်သုံး၊ အဝတ်အစားဝယ်သည်မှအစ လိုအပ်သလို ထုတ်ယူသုံး။ ငွေအင်အားနည်းသွားလျှင် ထပ်ဖြည့်ပေးမည်ဟု အားပေးသွားသေးသည်။



သူက ဟော့ဟော့ရမ်းရမ်းကျောင်းသား မဟုတ်သောကြောင့် သူ ဖိုင်နယ်ဖြေပြီးသည့်နှစ်အထိ ဘဏ်စာအုပ်တွင် လက်ကျန်ငွေရှိနေပါသေး၏။ ထိုဘဏ်စာအုပ်ကိုမြို့ကို ပြန်ရောက်မှ အန်တီဦးကို ပြန်အပ်ရန် သူ စိတ်ကူးထားသည်။

အန်တီဦးသည် အရောင်းအဝယ်လုပ်ငန်းနှင့် ရန်ကုန်သို့ မကြာခဏလာတတ်သည်။

သူ ရန်ကုန်တက္ကသိုလ်တွင် (၄)နှစ်တက်နေသည့်အတွင်း အန်တီဦး ရန်ကုန်သို့ဆင်းလာပြီဆိုလျှင် အိမ်မှလုပ်ဆောင်လာသော ငါးပိကြော်၊ သရက်သီးသနပ်၊ အသားကြော်၊ ဟောလစ်ဘူး၊ နက်(စ်)ကော်ဖီဘူး၊ မိုင်လိုဘူး၊ နို့ဆီ စသည်များယူလာပြီး အဆောင်သို့ လာပေးတတ်သေးသည်။

မိခင်အရင်း ဒေါ်ရီရီလတ်သည် မွေးမေမေဖြစ်ပြီး အန်တီဦးသည် "သူ့"၏ ကျွေးမေမေ ဖြစ်သဖြင့် သူသည် အန်တီဦးအား မေမေအရင်းကဲ့သို့ပင် ခင်မင်တွယ်တာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ အန်တီဦးအား အမေရင်းကဲ့သို့ သိပ်ချစ်ပါ၏။

မြို့တွင် "သူ" သိပ်ချစ်ရသူတစ်ဦး ရှိပါသေး၏။

ထိုတစ်ဦးမှာ "နွေး" ဖြစ်ပါ၏။

နွေး၏အမည်အပြည့်အစုံမှာ "နွေးနွေးအောင်" ဖြစ်သည်။

သူ၏မြို့အကြောင်း၊ ဆွေမျိုးအကြောင်းတွေးပြီဆိုလျှင် "နွေး"ကို မတွေးဘဲ မနေနိုင်။ သတိမရဘဲ မနေနိုင်။

နွေးသည် မြို့တွင် ခရိုင်ရဲဝန်ထမ်းရာထူးမှ အငြိမ်းစားယူလာပြီး လာရောက်နေထိုင်သည့် ဦးမင်းအောင်၏တစ်ဦးတည်းသောသမီး ဖြစ်ပါ၏။

နွေးတွင်ငယ်စဉ်ကပင် မိခင်ကွယ်လွန်သွားခဲ့သည့် မိတဆိုးလေးဖြစ်ပါ၏။

ခရိုင်ရဲဝန်ထမ်းဟောင်း ဦးမင်းအောင်ကလည်း တစ်ဦးတည်းသော သမီးလေးနွေးကို မိထွေးနှင့် မနေစေလိုသောကြောင့် အထိုက်အလျောက် အရွယ်ရော၊ အခြေအနေရော ပေးခဲ့စေကာမူ ဦးမင်းအောင်သည် နောက်ထပ် အိမ်ထောင်မထူထောင်ပေ။

ဦးမင်းအောင် အငြိမ်းစားယူလိုက်သည်မှာ... အသက်အားဖြင့် ပင်စင်ယူအသက်မပြည့်သေး။ သို့သော် လုပ်သက်အရ ပင်စင်ယူနိုင်ပြီမို့ ပင်စင်ယူလိုက်ခြင်း ဖြစ်သည်။ နွေးက အမျိုပေါက်မလေး (၁၅)နှစ်အရွယ်မို့ ဟိုပြောင်း ဒီပြောင်း အလုပ်က ပြောင်းသည်ကို မလိုလားတော့သဖြင့် ပင်စင်ယူလိုက်ခြင်း ဖြစ်ပေသည်။ သမီးလေးအတွက် တည်တည်ငြိမ်ငြိမ်ရှိစေရန် ပင်စင်ယူပြီး မြို့သို့လာရောက်နေထိုင်ခြင်း ဖြစ်သည်။ ဦးမင်းအောင်တွင် ဇနီးဘက်မှ အမွေရသည်ရော၊ မိမိဘက်မှ အမွေရသည်ရောနှင့် အလုပ်လုပ်စဉ်က စုဆောင်းမိသော ငွေကြေးတို့ဖြင့် သားအဖနှစ်ယောက် ချမ်းချမ်းသာသာနေနိုင်သူ ဖြစ်ပေသည်။

မြို့သို့ နွေးနွေးအောင်တို့ ပြောင်းလာပြီး နွေးနွေးအောင်သည် (၉)တန်းတွင် တက်ရသည်။

ထိုစဉ် "သူ"က (၁၀)တန်း ဖြစ်ပါ၏။

သူ၏မြို့သည် နွေးနွေးအောင်အတွက် နေရာသစ်၊ ဒေသသစ်၊ လူသစ်တွေ ဖြစ်နေသည်။

တကယ်တမ်းမူ အန်ကယ်ဦးမင်းအောင်သည် ဒီမြို့ဇာတိဖြစ်သည်။ အလုပ်ဖြင့် တာဝန်ကျရာနေရာ အသီးသီးတွင် ထမ်းဆောင်ခဲ့ပြီး ပင်စင်ယူမှ ဤဇာတိမြို့သို့ ပြန်လာပြီး အခြေချခြင်းဖြစ်သဖြင့် အန်ကယ်ဦးမင်းအောင်အတွက် ဤမြို့သည် နေရာသစ်၊ လူသစ် မဟုတ်ပါလေ။

အန်တီဦး၊ မေမေ၊ အန်တီထွေးတို့နှင့် အန်ကယ်ဦးမင်းအောင်သည် ငယ်စဉ်က သိကျွမ်းပြီးသားတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပင်...

အထက်တန်းကျောင်းတစ်ကျောင်းသို့ ကျောင်းသူအသစ်ရောက်လာပြီဆိုလျှင် ရှိရင်းစွဲ အတန်းတူ၊ နီးစပ်သူ၊ ကျောင်းသူကျောင်းသားတွေက ကျောင်းသူအသစ်ပေါ်တွင် စိတ်ဝင်စားစွာ အကဲခတ်ကြသည်။ လေ့လာကြသည်။

ချောချောလှလှကျောင်းသူသစ်ဆိုပါက ပို၍ပင် စိတ်ဝင်စားတတ်ကြသည်။

နွေးနွေးအောင်မှာ ချောချောလှလှလေးဆိုတာ ထက်ပင် ပိုနေသေးသည်။

နွေးနွေးအောင် သိပ်လှသည်။ သိပ်ချောသည်ဆိုသော အသံမှာ နွေးနွေးအောင် ကျောင်းစတင်တက်သောနေ့မှာပင် စီစီညံ့ညံ့လေး သတင်းထွက်လာတော့သည်။

ကဲချင်သော ကျောင်းသားတွေက ရက်ပိုင်းအတွင်းမှာပင် နွေးနွေးအောင်ကို နည်းအမျိုးမျိုးနှင့် ချဉ်းကပ်ကြတော့သည်။

သူကတော့ နွေးနွေးအောင်အား စိတ်မဝင်စားဘူးလားဟု မေးလျှင် သူသည်လည်း ဘာသားနှင့်ထုထားတာမို့လဲ။ နွေးနွေးအောင်ကို သူ စိတ်ဝင်စားပါ၏။

ဒါပေမဲ့ သူ့ဒီဂရီက တစ်မျိုး။

သူ့ကျောင်းမှာ အစဉ်တစိုက်နေလာပုံကိုက ကောက်



ညှင်းကမစေးရဘဲ ဆန်ကြမ်းကစေးသော ပုံသွင်မျိုးဖြင့် နေခဲ့သည်။

ကျောင်းသူလေးတွေက သူ့ကို စတင်ပြီးစကားပြောမှ သူက ပြောသည်။ ကျောင်းသူလေးတွေကလည်း သူ့ကို စတင်စကားပြောကြပါ၏။

အတန်းထဲတွင် သူက စာတော်သည်။

ဆရာ၊ ဆရာမတွေ သင်ပြသွားခြင်းကို မလိုက်နိုင်သူတွေ၊ နားမလည်လိုက်သူတွေ၊ ကျောင်းသားကျောင်းသူတွေက သူ့အား လာရောက်ဆရာတင်ပြီး ထပ်ဆင့်ရှင်းပြနိုင်းရသည်။

သူက ဘာသာရပ်သင်ပြခြင်းကို မကျေညက်လိုက်သော ကျောင်းသားဖြစ်ဖြစ်၊ ကျောင်းသူဖြစ်ဖြစ်၊ သူ့အား လာမေးလျှင် သေချာရှင်းပြသည်။

နောက်တစ်ချက်မှာ သူ (၈)တန်းကျောင်းသားဘဝကတည်းက ကျောင်းတွင် ဘောလုံးကန်၊ ဘော်လီဘောပုတ်၊ ဘတ်(စ်)ကက်ဘောကစားနှင့် ပြေးခုန်ပစ်ပွဲများတွင် ထိပ်ဆုံးရှေ့တန်းက ပါဝင်ခဲ့သူမို့ ကျောင်းသူလေးများ၏ လက်ခုတ်တီးသြဘာပေး အမြဲခံရသူ ဖြစ်သည်။

အသက်(၁၆)နှစ်တွင် သူ၏ခန္ဓာကိုယ်ဖွံ့ဖြိုးအစားပြေပြစ်သည်။ ကျစ်လစ်မာကျောသည်။ အရပ်ကလည်း အတော်အသင့်ရှည်ပြီး အရပ်နှင့်အညီ လိုက်ဖက်ညီတွဲသော ခြေတံလက်

www.burmeseclassic.com

www.burmeseclassic.com



တံတွေဖြင့် သိပ်ကြည့်ကောင်းသည်။ သူ ဘောင်းဘီဝတ်လည်း ကြည့်ကောင်းသည်။ ဇုဆိုးဝတ်လည်း ကြည့်ကောင်းသည်။

သူ၏မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့မှာလည်း သူ၏ မေမေဒေါ်ရီရီလတ်၏ အမွေအနှစ်တွေပင်ဖြစ်ပြီး သူတို့ သားအမိကို ယှဉ်တွဲမြင်ရသည်နှင့် သူသည် ဒေါ်ရီရီလတ်၏သမီးဟု သိသာစေသည်။

မေမေ ဒေါ်ရီရီလတ်နှင့် မျက်နှာချင်းတူသဖြင့် အန်တီဦးနှင့်လည်း သူ ရုပ်ချင်းသွားတူနေပြန်သည်။

အကြောင်းမှု အန်တီဦးနှင့် မေမေသည် အထက်အောက် ညီမအရင်း ရုပ်ချင်းသိပ်တူသောကြောင့် ဖြစ်ပါ၏။

အန်တီထွေး (ဒေါ်စီစီထွေး)ကတော့ ညီအစ်မအငယ်ဆုံးဖြစ်သော်လည်း အန်တီဦးနှင့် မေမေဒေါ်ရီရီလတ်နှင့် ရုပ်ချင်းမတူပေ။

အန်တီထွေးသည် သူ့ဟာသူ အထိုင်အလျောက်ကြည့်ပျော်ရှုပျော်ရှိစေကာမူ အန်တီဦးနှင့် မေမေ့ရုပ်ကို မမီပေ။ အန်တီထွေးက အန်တီဦး၊ မေမေတို့ရုပ်နှင့် နှိုင်းယှဉ်လျှင် မတူရုံမက အနည်းငယ် ရုပ်ကြမ်းသည်ဟု ဆိုရမည်။

ကျောင်းတွင် ခပ်ဆော့ဆော့ နှုတ်ရဲလျှာရဲကျောင်းသူတချို့ဆိုလျှင် သူ့ကို သဘောကျကြောင်း သူကသာတိမ်းလျှင် သူမလေးတို့က သူ့အပေါ် ယိမ်းဖို့အသင့်ရှိကြောင်း ရေလာမြောင်း



ပေးစကားတွေ ပြောကြသည်အထိ ဖြစ်ပါ၏။

သူက ခပ်တည်တည်ပင်။

အဲ... နွေးနွေးကျတော့ သူ့စိတ်တွေ တစ်မျိုးဖြစ်သည်။ ကျောင်းနာမည်အရှည်တွင် သူမ၏ဖခင် ဦးမင်းအောင်၏နာမည်နောက်ဆုံးအလုံး "အောင်"ထည့်ပြီး နွေးနွေးအောင်ဟုဆိုသော်လည်း ကျောင်းသူ ကျောင်းသားအချင်းချင်းက ရင်းနှီးသောအခါ သူမအား နွေးနွေးဟုသာ ခေါ်ကြပေသည်။

နွေးနွေး ကျောင်းသူအသစ်ဖြင့် ကျောင်းကို စတင်ရောက်လာကတည်းက သူသည် နွေးနွေးအပေါ်တွင် စိတ်တစ်မျိုးဖြစ်ခဲ့သည်။

သို့သော် သူက နွေးနွေးကို သွားရောက်မိတ်ဖွဲ့ခြင်း မပြုပါလေ။

မိန်းကလေးတစ်ဦးအား ကိုယ်ကသွားရောက်ချဉ်းကပ် မိတ်ဆွေဖွဲ့ရသည်မှာ သေးနုတ်သည်ဟု သူ ယူဆသည်။

ဤလိုနှင့်ပင် ကျောင်းတွင် သူနှင့်နွေးနွေးတို့ နေ့စဉ်မြင်တွေ့နေသော်လည်း သူ့ဟာသူနေ ကိုယ်ဟာကိုယ်နေပုံစံဖြင့်ပင် နှစ်ကုန်ပြီး စာမေးပွဲတွေ အသီးသီးဖြေကြသည်အထိ ဖြစ်ပါ၏။

သူ ဆယ်တန်းအောင်စာရင်း ထွက်ပြီးနောက် ခကြာမီမှာပင် မေမေသည် တောက်ခါင်ကာ သေဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

မေမေကွယ်လွန်သည်မှာ ရက်လည်သည်အထိ နွေးနွေး၏ဖေဖေ အန်ကယ်ဦးမင်းအောင်သည် အန်တီဦး၊ မေမေတို့နှင့် နဂိုကတည်းက ခင်မင်ကြသူတွေမို့ ရက်တိုင်းလိုလို ဦးမင်းအောင်သည် အသုဘအိမ်သို့ လာပေသည်။

သားအဖနှစ်ယောက်တည်းသာ ရှိသည်မို့ အိမ်တွင် တစ်ယောက်တည်းကျန်ပြီး မနေရဲကြဘဲ။ နွေးနွေးသည် အန်ကယ်ဦးမင်းအောင်နှင့်အတူ အသုဘအိမ်သို့လိုက်လာသည်ချည်း ဖြစ်ပါ၏။

သူသည် မေမေဆုံးသည့်အတွက် တကယ်ပင် လှိုက်လှိုက်လှဲလှဲကြီး ပူဆွေးသောက ရောက်ရပါ၏။ သူ့အတွက် မေမေဒေါ်ရီရီလတ် ကွယ်လွန်သွားခြင်းမှာ မြင်းမိုရ်တောင်ကြီး ပြိုကွဲပြီး မဟာပထဝီမြေကြီး ချာချာလည်သည်အထိ ခံစားပူဆွေးရပါ၏။

ငြိမ်း... အမြဲတစေ နှစ်သယ့်လေးနာရီ အရက်မူးနေသော ဖေဖေဦးတေဇအား ကျန်ရှိသော သူ့ဘဝအတွက် အဘယ်ဝန်းကျင်အားကိုးအားထား ပြုနိုင်ပါမည်နည်း။

သူ့အား အားမာန်တွေရှိလာအောင် နှုတ်အားဖြင့်ရော၊ မေတ္တာစစ်အားဖြင့်ရော၊ ငွေကြေးအားဖြင့်ရော အားပေးလာသူမှာ အန်တီဦးပင် ဖြစ်ပေတော့သည်။



အန်တီဦးသည် မေမေကွယ်လွန်သွားသည်နှင့် မေမေ့ကိုယ်စား သူ့အပေါ်တွင် မိခင်ကဲ့သို့ မွေးခဲ့သော ဒုတိယမေမေပင် ဖြစ်လာပေတော့သည်။

သူ့မိခင်ဆုံးပါးပြီး ပူဆွေးသောကရောက်လွန်းလှသည်ကို တွေ့မြင်ရာကစပြီး နွေးနွေးက သူ့အပေါ် ဂရုဏာစိတ်၊ အကြင်နာစိတ်လေး စတင်သက်ရောက်လာခဲ့ခြင်း ဖြစ်တော့သည်။

ကျောင်းတွင် တစ်နှစ်ပတ်လုံး မေးတစ်ခွန်း၊ ပြောတစ်ခွန်း နေခဲ့သော်လည်း ယခုမူ နွေးနွေးကပင် သူ့အနီးသို့လာရောက်ပြီး အားပေးစကားလေးတွေ ပြောသည်။ သူက မေမေ့သောကကြောင့် မျက်ရည်ဖြိုင်ဖြိုင်ကျသောအခါ နွေးသည်လည်း ချက်ရည်လေးတွေ ဝဲရှာပေသည်။

မေမေ့ကို သင်္ဂြိုဟ်ပြီးနောက် ရက်လည်ဆွမ်းကျွေးပြီးနောက် အိမ်တွင် ဖေဖေဦးတေဇနှင့် သူ နှစ်ယောက်တည်းရှိတော့သည်။

အိမ်မှာနေလျှင် မေမေ့ကို လွမ်းဆွတ်တမ်းတခြင်းတွေ သဲမဲလာသည်မို့ စိတ်သက်သာစေရန် သူသည် အန်တီဦး၏အိမ်သို့သာ သွားသည်။

အန်တီဦး အိမ်တွင်လည်း အရောင်းအဝယ်လုပ်ငန်းဖြင့် ဧည့်သည်ပြတ်သည်မရှိ။

ဒီတော့လည်း အန်တီဦး၏လုပ်ငန်းကိစ္စတွင်

www.burmeseclassic.com



အနှောင့်အယှက်ဖြစ်မည်စိုးပြီး သူသည် နွေးနွေးအိမ်သို့ သွားရောက်ခြင်းဖြင့် စိတ်ကိုဖြေသည်။

အန်တီဦးက သူ့အိမ်တွင် ဧည့်ရှင်းချိန် သူရောက်လာလျှင်တော့ သားလေး... သားငယ် ဟု တယုတယရှိစေကာမူ အန်တီဦးအိမ်တွင် ဧည့်သည်မပြတ်သည်က များပါ၏။

နွေရာသီကျောင်းပိတ်ရက်ဖြစ်သောကြောင့်ကျောင်းသူကျောင်းသားတွေ အားလပ်ခွင့်ရနေချိန် ဖြစ်ပါ၏။

အထူးသဖြင့်(၁၀)တန်းအောင်ထားသော ကျောင်းသူကျောင်းသားတွေအတွက် ပထမနှစ် တက္ကသိုလ်အဖွင့်ကို စောင့်ရသည်မှာ ဝို၍ပင် ကြာလေသည်။

အန်တီထွေး အိမ်ကိုတော့ သူမသွား။

အန်တီထွေးက အဒေါ်ရင်း အငယ်ဆုံးဆိုစေကာမူ သူ့အပေါ်တွင် ထားရှိသော သဘောထားနှင့် မေတ္တာနည်းမေးလွန်းသောကြောင့် ဖြစ်ပါ၏။

ဒီတော့လည်း... သူသည် နွေးနွေးအိမ်သို့သာ အရောက်များပေတော့သည်။

ထိုစဉ်က သူ၏အသက်မှာ ဆယ်တန်းအောင်ပြီးနောက် (၁၇)နှစ်သာသာရှိနေပေပြီ။

နွေးနွေးက သူ့ထက် (၂)နှစ်ပို၍ ငယ်ပါ၏။

မိန်းကလေးများဖြင့် ခပ်ကင်းကင်း ခပ်စိမ်းစိမ်း



နေလေ့ရှိသော သူသည် နွေးနွေးကိုကျတော့ စိတ်ထဲမှ ခင်မင်မင်လေး ရှိနေပါ၏။

နွေးနွေးကိုယ်တိုင်ကလည်း သူစိမ်းယောကျ်ားလေးတွေနှင့် ဆက်ဆံရာတွင် အနေကျဲကျဲ အပြောကျဲကျဲရှိစေကာမူ "သူ့"ကျတော့ ခင်မင်သော အသွင်လေးပေါ်လွင်နေပါ၏။

သူနှင့် နွေးနွေးတို့ ခင်မင်မှုအတိုင်းအတာ အတန်ငယ်ရှိလာသောအခါ သူက နွေးနွေးအောင်ကို သူ့မိဘနှင့် ရင်းနှီးသူများ ခေါ်သလို "နွေး"ဟု တစ်လုံးတည်း ခေါ်သည်။

နွေးကလည်း သူ့ကို အန်တီဦးတို့ ခေါ်သလိုပင် "ကိုဦး"ဟု ခေါ်ပေသည်။

ဦးမင်းအောင်သည် သမီးနွေးနွေးနှင့် သူ ခင်မင်သည်ကို ဟန့်တားမှုမရှိပေ။

သို့သော် အလစ်တော့ မပေး။

သူ အိမ်လာလျှင် ဧည့်ခန်းထဲ၌ သမီးနွေးနှင့် ထိုင်စကားပြောခြင်း၊ ခြံထဲ ခုံတန်းလျားတွင်ထိုင်ပြီး ရိုးရိုးသားသားပြောဆိုဆက်ဆံသည်ကို အန်ကယ်ဦးမင်းအောင်က ခွင့်ပြုပေသည်။

သူ၏အနေအထိုင်၊ အကျင့်စာရိတ္တ၊ စိတ်နေသဘောထားနှင့် သူ၏ပြောဆိုလှုပ်ရှားမှုလေးတွေကို ဦးမင်းအောင်ကိုယ်တိုင်က အရှည်အသွေး အကဲခတ်ကောင်းသူပီပီ သူ့

www.burmeseclassic.com

www.burmeseclassic.com



ကို သဘောကျပုံရပေသည်။

ပြီး… အန်ကယ်ဦးမင်းအောင်သည် သူ၏အဒေါ် အန်တီဦးအား ရှိးကျူးလေးစားသူ ဖြစ်ပါ၏။

နွေးတို့ ဟိုက်စကူးကျောင်းတွေက သူ့ထက်စော ပြီး ပြန်ဖွင့်သည်။

နွေးသည် ဒီနှစ် (၁၀)တန်း တက်ရောက်ပေပြီ။

နွေးကျောင်းပြန်တက်ပြီး သိပ်မကြာမီမှာပင် တက္ကသိုလ် ပထမနှစ်ကစာတွေလက်ခံဖွင့်ပေးပြီမို့ အန်တီဦးကိုယ်တိုင် သူ့ကို ဘော်ဒါကျောင်းဆောင်အထိ လိုက်ပို့ကျောင်းအပ်ပေးလေသည်။

သူ့အတွက် အသေးစိတ်၊ အစစအရာရာ စီစဉ်ပေးခဲ့ပြီးမှ အန်တီဦး မြို့သို့ပြန်သွားသည်။

သူ ရန်ကုန်တက္ကသိုလ်ရောက်ခဲ့ပြီးနောက် ကျောင်းတက်သည့်ကိစ္စရော၊ အဆောင်နေကိစ္စရော၊ အသားကျသွားပြီးသည်နှင့် နွေးထံသို့ သူ စာရေးသည်။

စာထဲတွင် အဆန်းအပြား မပါပေ။

တောသား မြို့ရောက်ပြီး တက္ကသိုလ်တွင် အတောမကျ၊ မကျွမ်းကျင်သော မီး၊ အူကြောင်ကြောင်ဖြစ်ရပုံလေးတွေကို ဟာသသဘော ရေးထည့်သည်။

တက္ကသိုလ်တွင် မြို့ပေါင်းစုံ နယ်ပေါင်းစုံမှ ကျောင်း



သားကျောင်းသူတွေ မိဘနှင့် ခွဲခွာပြီး ကိုယ့်ဟာကိုယ် ထိန်းသိမ်းနေထိုင်ရပုံလေးတွေ ရေးပြသည်။

တက္ကသိုလ်၏ကြီးကျယ်ခမ်းနားပုံ ပညာရေးအဆင့်အတန်းမြင့်မားပုံ၊ တက္ကသိုလ်ပုရဝဏ်ကြီး သာယာပုံတွေကို ရေးပြသည်။

အံ့ဖွယ်ကောင်းသည်မှာ သူက နွေးထံ စာတစ်စောင်ရေးတိုင်း နွေးထံမှ သူ့ဆီသို့ စာတစ်စောင်ပြန်ရေးခြင်းပင် ဖြစ်ပါ၏။

ဒီတော့လည်း သူက တစ်စောင်ရေး၊ နွေးက တစ်စောင်ပြန်ရေးဖြင့် စာဆက်သွယ်မှုမှာ မပြတ်တော့ပေ။

တကယ်ဆိုလျှင်…

သူက နွေးထံရေးသည်ကို နွေးက မိန်းမသားအနေနှင့် တစ်စောင်တလေ ပြန်ရေးလျှင် လုံလောက်ပြီ။ သူ ရေးသော စာအစောင်တိုင်း နွေးက ပြန်ရေးစရာမလိုပေ။

သို့သော် ဤသို့မဟုတ်တော့ပြီ။

ကိုယ်ရေးပြီးနောက် သူ့ဆီက စာအပြန်ကို မျှော်သည့်အဆင့်သို့ ရောက်နေပြီ။

ဒီလိုနှင့်ပင် သူသည် တက္ကသိုလ်တက်ရောက်ပြီး ဒုတိယနှစ်အရောက်မှာပင် ဘာပဲဖြစ်ဖြစ် မမျှိသိနိုင်တော့သည်မို့ နွေးကို သူ မေတ္တာရှိနေကြောင်း ဖွင့်ဟရေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေးထံမှ တုံ့ပြန်မေတ္တာကို သူ မျှော်လင့်ကြောင်းလည်း ထည့်ရေးသည်။

နွေးထံမှ စာတော့ ပြန်လာပါ၏။

ငယ်သေး၍ ဒါတွေ စိတ်မကူးသေးကြောင်း၊ စာကိုသာ ကြိုးစားသင့်ကြောင်း၊ သွယ်သွယ်ဝိုက်ဝိုက်ငြင်းဆိုသယောင် စာပြန်လာသည်။

သူက စိတ်ကောက်ပြလိုက်ပါ၏။

နွေးယံသို့ စာမရေးဘဲ အတန်ကြာအောင်နေပြသည့်နောက်ဆုံး သူရေးသောစာထဲတွင်လည်း ကျောင်းကြီးပိတ်လျှင် မြို့ဘို့ သူပြန်မလာဘဲ မော်လမြိုင်က သူငယ်ချင်းနှင့် မော်လမြိုင် လိုက်သွားမည်။ မြို့ကို ပြန်လာသည်မှာ နွေး၏သယောဇဉ်ကြောင့်သာ ပြန်လာခြင်းဖြစ်သည်။ ယခု နွေးက သူ့အား ရှောင်ဖယ်ဖယ်မို့ မြို့ကို ပြန်မလာတော့ဟု ရေးလိုက်သည်။

ဒီတော့လည်း နွေးထံမှ မြို့ကို ပြန်လာခဲ့ပါ။ တခြားကို မသွားပါနှင့်ဟု သူ့မေတ္တာကို လက်ခံသောအဖြေစကားလေး ရလိုက်ပါ၏။

နှစ်စဉ် ကျောင်းပိတ်တိုင်း ခေတ္တမြို့သို့ပြန်ရာတွင် ဖေဖေဦးတေဇအား စိတ်ပျက်သော်လည်း နွေးကိုတွေ့ရသည်မှာ ကြည်နူးရခြင်းတို့ကြောင့် သူ နှစ်စဉ် ကျောင်းကြီးပိတ် မြို့သို့ပြန်ခဲ့ပါ၏။



ယခုမူ ဗိုင်နယ်ဖြေပြီးပြီမို့ အပြီးအပိုင် မြို့သို့ပြန်ရတော့မည်။ ဖေဖေ ဦးတေဇနှင့် အတူဆက်ပြီး နေရဦးတော့မည်။ ဒါကိုပင် သူ စိတ်ပျက်နေခြင်း ဖြစ်ပါ၏။

www.burmeseclassic.com



## အခန်း (၂)

ဗိုင်နယ်စာမေးပွဲကြီးပြီး၍ အပြီးအပိုင်ပြန်ကြရတော့မည်မို့ နှုတ်ဆက်ပွဲ၊ ပျော်ပွဲစားကြီးကို ပျော်ပျော်ပါးပါးကြီးကျင်းပခြင်းဖြစ်သော်လည်း သူသည် မပျော်ပေ။

အိမ်ပြန်ရမည်ကို သူ ကြောက်နေသည်။

သူသည် အများနှင့်ဝေးရာ ပင်စည်ကြီးစား တုတ်ခိုင်ပြီး သစ်မြစ်ကြီးများ အပြိုင်းပြိုင်းထနေသော သစ်ပင်ကြီးတစ်ပင်အောက်သို့ လျှောက်လာခဲ့သည်။

မိကျောင်းကျောကုန်းသဖွယ် ဖုတွေ၊ ထစ်တွေထပြီး ပြန့်ရှည်နေသော သစ်မြစ်ကြီးတစ်ခုပေါ်တွင် သူ ထိုင်လိုက်သည်။



သူနှင့် မနီးမဝေး ချုံနွယ်တွေ၊ သစ်ပင်တွေကွယ်နေသော နေရာ၊ ကွက်လပ်၊ မြေပြန့်တွင် မြက်ဖျာတွေခင်းပြီး ဂီတာတွေ တီး၊ သီချင်းတွေဆို၊ ကက်ဆက်တွေဖွင့်၊ ကာသူက၊ လက်ခုပ်တီးသူတီး၊ သီချင်းကို သံပြိုင်လိုက်ဆိုနေကြသည့် အပေါင်းအသင်းတွေကို ဖဲကျန်ကာ သူတစ်ယောက်တည်း သစ်ပင်ကြီးအောက် သစ်မြစ်ကြီးပေါ်တွင် ရည်ရွယ်ချက်မရှိ လာထိုင်နေခြင်းဖြစ်ပါ၏။

သူ ဗိုင်နယ်ကျောင်းသူကျောင်းသား အပေါင်းအသင်းတွေ နှုတ်ဆက်ပွဲကြီးတွင် ပျော်ရွှင်နေကြသော်လည်း သူ မပျော်ပါ။

သူ မြို့သို့ပြန်၊ အိမ်ကိုပြန်ရမည်ကိုပင် ကြောက်နေသည်။

"ဟော… ကိုဇေယျာဦးက ဒီမှာတစ်ယောက်တည်း လာထိုင်ပြီး… ဘာတွေစဉ်းစားနေလဲ… "

"ဩော်… နှင်းဆီ… "

နှင်းဆီသည် သူ့လိုပင် ဗိုင်နယ်ဖြေပြီးသောသူဖြစ်ပါ၏။ အထိုက်အလျောက် ချောမောလှပသော အမျိုးသမီးပင်။

နှင်းဆီက ဇေယျာဦးနှင့် နီးကပ်စွာပင် သစ်မြစ်ပေါ် ထိုင်လိုက်သည်။

ချုံတွေ၊ သစ်ပင်တွေကွယ်နေ၍ မမြင်ရသော်လည်း ဆိုသံ၊ တီးသံ၊ စကားပြောသံ၊ ရယ်မောသံတွေကို ကြားနေရ

www.burmeseclassic.com

www.burmeseclassic.com



ပါ၏။

"နှင်းဆီ... စိတ်ပျက်လို့ ဒီဘက်ကိုထွက်လာတာပဲ ကိုဇေယျာဦး... ကိုခင်မောင်ဝင်းတို့အုပ်စုက အရက်ပုလင်းတွေ ဝှက်ယူလာတယ်လေ... အခု အရက်ပုလင်းတွေဖွင့် သောက်ပြီး ပူညံပူညံနဲ့ လွတ်လာကြပြီ... ဒါကြောင့် သူတို့နဲ့လွတ်ရာ ဒီဘက်ကိုထွက်လာတာ... ဒီလိုမှန်းသိရင် အစတည်းက ဒီပျော်ပွဲစားကို နှင်းဆီလိုက်မလာဘူး..."

"ကျောင်းပြီးသွားပြီမို့ စိတ်လွတ် ကိုယ်လွတ် ပျော်ကြမယ်ဆိုပြီး... သောက်ကြတာ ထင်ပါတယ်... အရင်တုန်းက ကိုခင်မောင်ဝင်း အရက်သောက်တာ မတွေ့ပါဘူး နှင်းဆီ..."

"အို... အရက်သောက်မှ ပျော်ရမတဲ့လား... တခြားပျော်စရာတွေ အများကြီးရှိတယ်... ကိုခင်မောင်ဝင်းဟာ တကယ်စိတ်ပျက်စရာ ကောင်းတယ်..."

ဇေယျာဦးက ထပ်မံမဝေဖန်ပေ။

အကြောင်းမှာ...နှင်းဆီနှင့်ခင်မောင်ဝင်းအကြောင်းကို ကျောင်းသားအချင်းချင်း သူပြောကိုယ်ပြောဖြင့် ကြားထားသည်မှာ ခင်မောင်ဝင်းက နှင်းဆီကိုလိုက်နေသည်။ နှင်းဆီက လက်မခံ။ ငြင်းထားသည်ဟူ၏။

ဇေယျာဦး ထိုင်ရာမှ ထသည်။

"ကျွန်တော် ပြန်ပြီး အဖွဲ့နဲ့ရောလိုက်ဦးမယ်... နှင်းဆီ



ကော လိုက်တော့မလား..."

နှင်းဆီလည်း ထရပ်ပြီး အတူယှဉ်ပြီး လျှောက်လာခဲ့ကြသည်။

အလွန်ချုံထူနေသော တစ်နေရာတွင် နှင်းဆီက ရပ်လိုက်သည်။

"ကိုဇေယျာဦး သွားနှင့်တော့... နှင်းဆီ ချုံဝင်တိုးလိုက်ဦးမယ်..."

ရယ်မောရင်း နှင်းဆီက အပေါ့အပါး ချုံထဲကွယ်ရာတွင် သွားမည်ဖြစ်ကြောင်း ပြောသည့် အဓိပ္ပာယ်မို့ နှင်းဆီကို ထားခဲ့ကာ ဇေယျာဦး ထွက်လာခဲ့သည်။

အဖွဲ့တွင် ဇေယျာဦး ဝင်ရောလိုက်သည်။ ဆိုသူဆို၊ တီးသူတီး၊ ကသူကတွေ ရှိကြသည်။

ခင်မောင်ဝင်းနှင့်ဝါသနာတူတွေက ပုလင်းထောင်နေကြသည်။

ကျန်ငါးယောက်တစ်ဝိုင်းက ဗိုကာဆွဲနေကြသည်။

ပျော်ချင်သူနှင့် ပျော်တတ်သူအဖို့ကတော့ ပျော်စရာကြီးပါပေ။

ဒီလိုနှင့်ပင် ညနေ (၄)နာရီတွင် အော်ဒါမှာထားသော ဟီးနိုးကားငယ်လေးက ပြန်ကြဖို့အတွက် ပြန်ရောက်လာသည်။

ပစ္စည်းတွေအားလုံး သိမ်းကြသည်။ ကားပေါ်တင်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ကားပေါ်သို့လာစဉ်ကအတိုင်း ကိုယ့်နေရာကိုယ် ကားပေါ်ထိုင်ခုံတွင် ထိုင်ကြသည်။

"ဟေ့… နှင်းဆီတစ်ယောက်ကောဟေ့… လာတုန်းက တို့ ဘေးမှာ နှင်းဆီထိုင်တာ… အခု နှင်းဆီက မထိုင်ပါ လား… တခြားထိုင်ခုံတွေမှာလည်း နှင်းဆီ မရှိဘူး… နှင်း ဆီ ဘယ်မှာလဲ… "

ကားပေါ်တွင် လာတုန်းက လူစာရင်းအတိုင်း စစ် ဆေးကြည့်သည်။

နှင်းဆီတစ်ယောက် ပျောက်နေပါ၏။

"ဟေး… ဒါဆို အားလုံးပြန်ဆင်းပြီး နှင်းဆီကို ရှာကြမယ် ဟေ့… "

အားလုံး ဆင်းပြီး လူခွဲကာ နှင်းဆီကို ရှာကြသည်။ နှင်းဆီရေ… ဝေး… နှင်းဆီ ဟုလည်း အော်ခေါ် ရင်း ရှာကြသည်။

"အမယ်လေး လုပ်ကြပါဦး… ဒီမှာ နှင်းဆီ… နှင်းဆီ ဘာဖြစ်တာလဲ မသိဘူး… "

ကျောင်းသူနှစ်ဦးက ချုံတွေကြား မြေကွက်လပ် တစ်နေရာတွင် ပိုးလိုးပက်လက်လဲကျသေဆုံးနေသော နှင်းဆီကို တွေ့ပြီး အထိတ်တလန့်အော်သဖြင့် အားလုံး ထိုနေရာသို့ ပြေး သွားကြည့်ကြသည်။



နှင်းဆီ၏အနေအထားမှာ ပက်လက်အနေအထား ဖြစ်နေသည်။ ထဘီအောက်နားစလန်တက်နေပြီး ခြေသလုံးနှစ် ဖက်ကို တွေ့မြင်ရသည်။ ခါးတွင် ဝတ်ထားသော ထဘီမှာလည်း ခါးစီးပြုတ်ထွက်နေသည်။

"ဟေး… ကိုဖေယျာဦး… စောစောပိုင်းက ခင်ဗျားနဲ့ နှင်း ဆီ သစ်မြစ်ပေါ်မှာ အတူထိုင်နေကြတယ် မဟုတ်လား… ဝိုင်းထဲက နှင်းဆီထထွက်သွားတော့… ကျွန်တော် နောက် က လိုက်ကြည့်သေးတယ်… ခင်ဗျားနဲ့အတူတူ သစ်မြစ် ပေါ်မှာ ထိုင်နေတာတွေ့လို့ ကျွန်တော် ပြန်သွားတာ"

ကိုခင်မောင်ဝင်းက သံသယနှင့် စူပ်စွဲသည့်လေသံ ဖြင့် ကျောင်းသူကျောင်းသား အများရှေ့မှာပင် ပြောလိုက်သည်။

"ဟုတ်တယ်… ကျွန်မတို့လည်း ကိုဖေယျာဦးနဲ့ နှင်းဆီ တွဲထိုင်နေတာကို တွေ့လိုက်တယ်… ကျွန်မတို့ ချုံတွေ ကြားမှာ အပေါ့သွားဖို့ထွက်လာရင်း တွေ့တာ… ဒီနောက် ကိုဖေယျာဦးတစ်ယောက်တည်း ပြန်လာပြီး… နှင်းဆီ ပြန်လာတာကို မတွေ့ရဘူး… "

"ကျွန်တော် နှင်းဆီနဲ့အတူတူ ဝိုင်းကို ပြန်လာတာပဲဗျ… နှင်းဆီက ချုံထဲဝင်ချင်တယ်ဆိုပြီး ကျန်ခဲ့လို့… ကျွန်တော် တစ်ယောက်တည်း ဝိုင်းကိုပြန်လာတာ… "

ဖေယျာဦး ရှင်းပြသော်လည်း အားလုံးသော ကျောင်းသားကျောင်းသူတွေက မသင်္ကာသော အကြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ဖေယျာဦး၏ ရှင်းပြချက်ကို မယုံကြည်ပါလေ။

နှင်းဆီ၏ ပုံသဏ္ဍာန်မှာ အကျင့်ခံရပြီး အသတ်ခံရမည့်ပုံစံမျိုးဟု ယူဆနိုင်စရာရှိနေသည်။

အားလုံးသည် ဖေယျာဦးအား မယုံသင်္ကာအကြည့်မျိုးဖြင့် ကြည့်ကြသည်။

နောက်ဆုံး... အနီးဆုံးရဲစခန်းကို အကြောင်းကြားရပေတော့သည်။

သက်ဆိုင်ရာရဲတွေ ရောက်လာပြီး အားလုံး၏ထွက်ဆိုချက်ကြောင့် ရဲအဖွဲ့က ဖေယျာဦးအား ယာယီထိန်းသိမ်းလိုက်သည်။

ပြီး... ရဲက နှင်းဆီ၏အလောင်းကို ဆေးရုံပို့ကာ စစ်ဆေးစေသည်။ စစ်ဆေးသော ဆရာဝန်၏စစ်ဆေးတွေ့ရှိချက်ကို ရဲက စောင့်ရပါ၏။

ဆရာဝန်၏ စစ်ဆေးချက်မရသေးသောကြောင့် ဖေယျာဦးအား ရဲက အဖမ်းအဆီး မပြုသေး။ ယာယီထိန်းသိမ်းသည့် သဘောသာရှိသည်။

ဖေယျာဦးက တယ်လီဖုန်းဆက်ပြီး အန်တီဦးကို ခေါ်လိုက်သည်။

အန်တီဦး ချက်ချင်းလိုက်လာပါ၏။

နောက်ဆုံး ဆရာဝန်၏စစ်ဆေးတွေ့ရှိချက် ထွက်လာသည်။



နှင်းဆီ အမျိုးသမီးအား တစ်စုံတစ်ယောက်သော ယောကျ်ားက ဆက်ဆံသွားသည့်လက္ခဏာ လုံးဝမရှိ၊ မတွေ့ရှိမကာ၊ နှင်းဆီသည် အပျိုစင်တစ်ဦးသာဖြစ်ပြီး၊ အပျိုရည် လုံးဝမပျက်ကြောင်း တွေ့ရသည်။

နှင်းဆီ သေဆုံးရခြင်းမှာ အဆိပ်ပြင်းသော သတ္တဝါတစ်ကောင်က နှင်းဆီ၏တင်ပါးကို ကိုက်သောကြောင့် အဆိပ်တက်ပြီး နှင်းဆီသေဆုံးခြင်းဖြစ်သည်။

နှင်းဆီ ကိုယ်တွင်းပြန့်နှံ့နေသော အဆိပ်ကို စစ်ဆေးကြည့်ရာ မြွေပွေး၏အဆိပ်ဟု ယူဆရကြောင်း ဆေးမှတ်ချက်ပြုပေသည်။

ရဲက နောက်ဆုံးယူဆသည်မှာ နှင်းဆီသည် အပေါ့သွားရန် အောက်ခံဘောင်းဘီချွတ်ပြီး ထိုင်ချရာ... သူမထိုင်ချနေသောနေရာတွင် မြွေပွေးကရှိနေပြီး နှင်းဆီ၏ တင်ပါးကို လှမ်းပေါက်ကိုက်ခဲ့ခြင်းသာ ဖြစ်ရမည်ဟု အမှုကို လူသေမှု သက်မှတ်ကာ ပိတ်လိုက်သည်။

ဖေယျာဦးတွင် ဘာအပြစ်မှမရှိသဖြင့် ယာယီထိန်းသိမ်းထားရာမှ လုံးဝပြန်လွှတ်လိုက်သည်။

ဖေယျာဦးတွင် ဘာအပြစ်မှ မရှိဘဲ လွတ်မြောက်ခဲ့ပါ၏။

သို့သော်...

ထိုနေ့က ပျော်ပွဲစား ထွက်ခဲ့သော ကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအားလုံးမှာ အမှုကို အဆုံးအဖြတ်မပြုရသေးမီမှာပင် ကိုယ့်မြို့ကိုယ့်ဒေသ ကိုယ့်အိမ်သို့ ပြန်သွားကြပြီဖြစ်ရာ သူတို့နှင့်အတူ...

ဗေယျာဦးသည် နှင်းဆီအား အဓမ္မအနိုင်ကျင့်ပြီး အသေသတ်သည်ဟု လူ့လောကတွင် အယုတ်မာဆုံး လုပ်ရပ်ကို ဗေယျာဦး လုပ်ဆောင်သည်ဟု ထင်မြင်ယူဆချက်များ ပါရှိသွားသည်ကို ဗေယျာဦးသည် ကျောင်းသူကျောင်းသားတစ်ဦးချင်းအား အဘယ်သို့ ရှင်းပြနိုင်တော့အံ့နည်း။

အန်တီဦးက ဗေယျာဦးကို မြို့သို့ပြန်ခေါ်ခဲ့သည်။

မြို့သို့ပြန်ရောက်သည်နှင့် ဗေယျာဦးသည် သူ၏ချစ်လှစွာသော နွေးအား သူဖြစ်ပျက်ခဲ့ပုံအားလုံးကို အမှန်အတိုင်း ရှင်းပြသည်။

ထိုနေ့က ပျော်ပွဲစားထွက်ခဲ့သည့် ဖိုင်နယ် ကျောင်းသူကျောင်းသားတွေကတော့ ဆရာဝန်၏စစ်ဆေးတွေ့ရှိချက်နှင့် ရဲ၏စုံစမ်းတွေ့ရှိချက်တွေကို မသိရ၊ မကြားရတော့ဘဲ သူ့အား မုဒိမ်းလူသတ်ကောင်ဟု ထင်မြင်သွားကြမည်ဖြစ်ကြောင်းကိုပါ ပြောပြပေးသည်။

အန်ကယ်ဦးမင်းအောင်ကိုယ်တိုင် ခရိုင်ရဲဝင်း ရဲ အရာရှိဟောင်းတစ်ဦးအနေနှင့် ဤအမှုမျိုး အမှန်တကယ် ကျူးလွန်သောတရားခံမျိုးအား ငွေအင်အား ဘယ်လောက်ကုန်အောင် လိုက်လိုက်၊ အမှုမှမလွတ်နိုင်ဘဲ တရားရုံး၏အပစ်ပေးခံရမည်



သာ ဖြစ်သည်ဟု နားလည်ထားသောကြောင့် ဗေယျာဦး ခများ မပြေးသော်ကန်ရာရှိ ဖြစ်သွားရပြီး ကံမကောင်းသောကလေး တစ်ယောက်ဟုသာ ယူဆပေသည်။

နွေးကိုယ်တိုင်ကလည်း ဘာသံသယမှမရှိသောကြောင့် သူတို့နှစ်ဦး ချစ်လမ်းခရီးမှာ ချောမွေ့မြဲ ချောမွေ့လျက်ရှိနေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မြို့ပြန်ရောက်ရာတွင် ဧယျာဦးအဖို့ စိတ်ဓာတ်
ကျစရာထက်ဝက်၊ ပျော်စရာထက်ဝက်နှင့် နေထိုင်ရပေသည်။

ဧယျာဦး ဆန္ဒအရဆိုလျှင် ရန်ကုန်သို့ ပြန်ဆင်း
ပြီး ဌာနအသီးသီး၊ သို့မဟုတ် မြင်ပကုမ္ပဏီကြီးတစ်ခုခုတွင် သ
တော်သော လစာငွေနှင့် ဘွဲ့ရပြီး လူငယ်တစ်ယောက်အဖြစ် လု
ကိုင်လိုပေသည်။

ဒါကို အန်တီဦးက လုံးဝခွင့်မပြုပေ။

လခစား အလုပ်ဖြင့် မကြီးပွားနိုင်။ အညွန့်
သွားမည်။ အန်တီဦးကပင် ဧယျာဦးအတွက် အလုပ်စီစဉ်ပေး
မည်ဟု ကန့်ကွက်ကာ ရန်ကုန်ဆင်း အလုပ်လုပ်ခြင်းကို တား
ထားသည်။



အန်တီဦးသည် ဧယျာဦး ပြန်လာပြီးသည့်နောက်
ဟိုင်းလက်ကားတစ်စီး ထပ်ဝယ်သည်။ အိမ်စီးအနေနှင့်ရော၊ လုပ်
ငန်းသုံးအနေနှင့်ရော အသုံးပြုရန် ဝယ်ပြီး နဂိုရှိရင်းစွဲ ပါပလစ်
ကာကားကို ဧယျာဦး သုံးရန်စီစဉ်ပေးထားလိုက်သည်။

ဧယျာဦးသည် ထိုပါပလစ်ကာ ကားလေးဖြင့်ပင်
ပျင်းလျှင် ဟိုသွား ဒီသွားပြုပါ၏။

မြို့ပြန်ရောက်သည်မှ ဖေဖေဦးတေဇနှင့်အတူ
တစ်အိမ်တည်းနေရပေသည်။

ယခုအချိန်ထိ ဦးတေဇ လာတောင်းတိုင်း အန်တီ
ဦးက သုံးစွဲရန် ငွေထုတ်ပေးနေဆဲ ဖြစ်ပါ၏။

ဒါကို အငယ်ဆုံးညီမ အန်တီထွေးက အန်တီဦး
အား ကန့်ကွက်စကားဆိုသည်။

"ဘာလို့ မမဦးက ဒီလူကြီးကို ပိုက်ဆံလာတောင်းတိုင်း
ပေးနေတာလဲ… အရက်သောက်ပစ်မှာပဲဟာ… အဆိပ်
ပင် ရေလောင်းဖြစ်မှာပေါ့… "

ပြောသံ ဧယျာဦး ကြားရပါ၏။

"ဟဲ့… ကိုတေဇဟာ ဘာပဲဖြစ်ဖြစ် သေသွားတဲ့ ငါ့ညီမ
ရီရီလတ်ရဲ့ ခင်ပွန်းပဲ… သူဟာ ရီရီလတ်နဲ့လက်ထပ်ခဲ့ကြ
ပန်းတိမ်အလုပ်နဲ့ ထည်ထည်ဝါဝါလူတစ်ယောက်ပဲ… ရီရီ
လတ်ကို သားမှတ်မှတ် မယားမှတ်မှတ်နဲ့ ရသမျှဝင်ငွေ
အပ်ခဲ့တာပဲ… ဒီနောက်မှ အရက်ကြောင့်ပျက်စီးသွား

www.burmeseclassic.com

www.burmeseclassic.com



တာ… ဒီတော့ သေသွားတဲ့ ငါ့ညီမရဲ့ မျက်နှာကိုထော
ပြီး ကိုတေဇကို ပေးကမ်းထောက်ပံ့ရမှာပေါ့… ညည်း
တောင် လင်ယောက်ျားကိုသက်ဇင် ငုတ်တုတ်ရှိနေ
တောင် လိုအပ်ရင် ငါက ထောက်ပံ့နေတာပဲဟာ…"

ဟု အန်တီဦးက ပြန်ပြောပါ၏။

အန်တီဦးသည် ဆွေမျိုးစုတွင် ငှက်တစ်သော
နားနိုင်သော သစ်တစ်ပင်ကောင်းကြီး ဖြစ်ပါ၏။

သူ့စေတနာ သူ့ကို ပြန်အကျိုးပေးသည်ဟုပဲ
မလား မသိ။ အန်တီဦးသည် လုပ်ငန်းတွင် ကြီးစွာသော အကျိုး
အမြတ်ရပြီး ပို၍ပို၍ စီးပွားတက်ချမ်းသာပေသည်။

ဇေယျာဦးဆိုလျှင် အမိမဲ့သားလေး။ ဖခင်ရှိ
ကာမူ အားမကိုးရသော ဖခင်ဆိုပြီး တက္ကသိုလ်တွဲ့ရသည်အ
လိုလေသေးမရှိ ထောက်ပံ့ခဲ့သည်။

အန်တီထွေးက အိမ်ထောင်သက်ကြာလာ
မှု သားသမီးမထွန်းကားပေ။ အကယ်၍ အန်တီထွေးတွင် သာ
သမီးထွန်းကားပါက အန်တီဦးသည် တူလေးဇေယျာဦးကို ထော
ရှောက်ထောက်ပံ့ကူညီသလိုပဲ၊ အန်တီထွေး၏သားသမီးကိုလည်း
ကူညီမည်ပဲ ထင်ပါ၏။

ဇေယျာဦးအခန်း – ယခုအချိန်တွင် ချစ်သူနွေး
အိမ်သို့ တစ်နေ့လျှင် တစ်ခေါက်ထက်ပို၍ မသွားရဲပေ။ ဘေး
ကျင်က နွေးကို အထင်သေးသွားမည် စိုးရိမ်သောကြောင့်



ပါ၏။

နွေးသည်လည်း (၁၀)တန်းကို နှစ်ချင်းပေါက်
အောင်ပါ၏။ သို့သော် ဖအေတစ်ခု၊ သမီးတစ်ခု နှစ်ယောက်
တည်းသာ သားအဖရှိသည်မို့ ဖခင်ကို တစ်ယောက်တည်းမထား
ကျော်ခဲ့သောကြောင့် တက္ကသိုလ်သို့ ဆက်မသွားတော့ပေ။

အန်ကယ်ဦးမင်းအောင်ကလည်း သမီးလေးကို ခွဲ
ပြီး မသွားစေလို။ သူတို့တွင် ထိုက်သင့်သလောက် ငွေကြေးပြည့်
စုံပြီးသား ဖြစ်ပါ၏။ ဖအေတစ်သက်၊ သမီးတစ်သက် စားမကုန်
အောင် ပြည့်စုံပြီးသား ဖြစ်ပါ၏။

ဒီကြားထဲမှာပင် နွေးသည် ဆယ်တန်းအောင်ပြီး
အိမ်တွင်အလကားမနေလိုသဖြင့် အိမ်တွင် ရွှေပေါင်ခံ၊ စိန်ပေါင်
ခံ အလုပ်လေး အိမ်နေရင်း လုပ်ကိုင်ပြီး အပိုဝင်ငွေလေး ရှာသေး
သည်။ ဤသည်ကပင်လျှင် နေ့စဉ် သားအဖအိမ်စရိတ်ကာမိ
သော အပိုဝင်ငွေလေး ရပါသေး၏။

နွေးနှင့် ဇေယျာဦးတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှ
နေသည်ကို အန်ကယ်ဦးမင်းအောင် ရိပ်မိထားသည်။

ဒါကို အန်တီဦးကလည်း သိရှိထားသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နှစ်ဖက်လူကြီးများ
စီစဉ်ပေးမည်ဆိုသည့်သဘောမျိုးလည်း ရှိနေပါ၏။

ထို့ကြောင့်လည်း ဇေယျာဦးသည် နွေးထံသို့ မိ
ကောင်းဖခင်သားပီသအသွင်ဖြင့် တစ်နေ့လျှင် တစ်ခေါက်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ခေါက်လျှင် တစ်နာရီ နှစ်နာရီခန့် အန်ကယ်ဦးမင်းအောင် အိမ်မှာ ရှိနေချိန်တွင် သွားရောက်သည်။

သို့သော်...

လူငယ်ဘာဝ ချစ်သူချင်း လွတ်လပ်စွာ တွေ့ချင်သောအခါ ကျိတ်ပြီး တောထဲတစ်နေရာတွင် အချိန်းအချက်ပြုလုပ်ပြီး ချစ်သူချင်း တွေ့ဆုံပါသေး၏။

သို့တစေ လက်မထပ်သေးမီတွင် ဓေယျာဦးက လည်း ထိန်းသိမ်းသည်။ နွေးကလည်း ထိန်းသိမ်းသည်။ ချိန်းတွေ့ရာတွင် လူငယ်ချစ်သူဘာဝ ပွေ့ဖိုက်ကြသည်။ ပါးကို နမ်းသည်။ နဖူးကို နမ်းသည်။ ထိုထက် မပိုကြပေ။ နှစ်ယောက်လုံး ထိန်းသိမ်းနိုင်စွမ်း ရှိကြပါ၏။

ဓေယျာဦးသည် ညနေပိုင်းဆိုလျှင် မြို့၏တင်းနစ်(စ်)ကွင်းသို့သွားပြီး တင်းနစ်(စ်)ရိုက်သည်။

အန်ကယ်ဦးမင်းအောင်၊ အန်ကယ်ဦးသက်ဇင်နှင့် အန်ကယ်ဦးဖေညွန့်တို့ကလည်း နေ့စဉ် တင်းနစ်(စ်)ကစားသူများ ဖြစ်ပေသည်။

ဦးဖေညွန့်ဆိုသူသည် မြို့၏မျက်နှာဖုံးပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပြီး၊ အန်ကယ်ဦးမင်းအောင်နှင့် စစ်တုရင်ထိုးဖက် ခင်မင်ကြသူများ ဖြစ်သည်။

ဓေယျာဦးသည် ဒီမြို့သားမို့ အန်ကယ်ဦးဖေညွန့်အား လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးတစ်ဦးအနေနှင့် သိကျွမ်း



ပြီးသား ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် (၄)နှစ်ကျော်နေခဲ့သော ဓေယျာဦးသည် ယခု မြို့၏တင်းနစ်ကွင်း မင်ဘာသစ်လေးတစ်ဦးအနေနှင့် ပထမဆုံး အန်တီထွေး၏ယောကျ်ား ဦးသက်ဇင်နှင့် တင်းနစ်(စ်)ရိုက်သည်။ ဦးသက်ဇင်က စိန်ခေါ်ပြီး ရိုက်သော ပွဲဖြစ်ပါ၏။

ဓေယျာဦး နိုင်ပြီး ဦးသက်ဇင် ရှုံးသွားလေသည်။

ဒုတိယနေ့တွင် အန်ကယ်ဦးဖေညွန့်နှင့် ဓေယျာဦး ရိုက်ရပြန်သည်။ အန်ကယ်ဦးဖေညွန့် ရှုံးသွားပြီး ဓေယျာဦးပင် နိုင်ပါ၏။

ဦးသက်ဇင်က မှတ်ချက်စကားဆိုလေသည်။

"အေးပေါ့ကွာ... မောင်ဦးက အခုမှ အသက်နှစ်ဆယ့်သုံးလေးနှစ်သာရှိတော့ မင်းနဲ့ပြိုင်ပြီး တို့ခန္ဓာကိုယ်တွေက မသွက်လက်နိုင်တော့ဘူး... ဒီတော့လည်း တို့ရှုံးတာပေါ့"

ဓေယျာဦးက ဘာမှပြန်မပြောဘဲ ပြုံးရုံမျှသာ ပြုံးနေလိုက်ပါ၏။

အန်ကယ်ဦးမင်းအောင်က ဦးသက်ဇင်၏ အသက်အရွယ်ကွာခြားမှုကြောင့် လူကြီးနှစ်ဦး ဓေယျာဦးကို ရှုံးသွားရပါသည်ဆိုခြင်းကို သိပ်လက်မခံချင်ပေ။

"အဲဒီလို ကိုသက်ဇင် ကောက်ချက်ချတာကို... ကျုပ်ကတော့ သိပ်လက်မခံချင်ဘူးဗျ... ခင်ဗျားနဲ့ မောင်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရိုက်တာကိုရော… ကိုဖေညွန့်နဲ့မောင်ဦး ရိုက်တာကိုရော… ကျုပ်က ဘေးကထိုင်ပြီး ပွဲကြည့်ပရိသတ်တစ်ယောက် အနေနဲ့ကြည့်နေတာပဲ… ”

“ကိုမင်းအောင်က ဘယ်လိုကောက်ချက်ချချင်လို့လဲဗျ… ”

“ခင်ဗျားတို့နှစ်ယောက်လုံးရဲ့ လက်ရည်နဲ့ မောင်ဦးရဲ့လက်ရည် ကွာလို့ ခင်ဗျားတို့ ရှုံးရတာလို့ ကျုပ် ကောက်ချက်ချတယ်… ”

“ဟုတ်ပါ့မလား ကိုမင်းအောင်… ကျုပ်တို့ တင်းနစ်(စ်) ကစားလာတာ နှစ်ပေါင်းကြာပဲ ကြာလှပြီဗျာ… မောင်ဦး ကစားတာက တက္ကသိုလ်ရောက်မှ ကစားတာ… တင်းနစ်(စ်)ဝါအားဖြင့် မောင်ဦးမှာ လေးနှစ်ပဲရှိသေးတာ… ကျုပ်တို့က အသက်လေးတွေ ထောက်လာပြီ…သူလောက် လှုပ်ရှားမှုမသွက်တာရယ်… ဆေးလိပ်သောက် ကွမ်းစားနဲ့ အမောမလုံတာရယ်ကြောင့် ရှုံးရတာပါ… ဒါဆို ခင်ဗျားနဲ့ မောင်ဦး တစ်ပွဲရိုက်ကြည့်လေဗျာ… ကျုပ်တို့လူကြီးပိုင်းထဲမှာ ကိုမင်းအောင်က တင်းနစ်(စ်)လက်ရည်လည်း အသာဆုံး… ကြံ့ခိုင်တောင့်တင်းမှုလည်း အကောင်းဆုံးပဲဟာ… ”

အမောပြေ လူကြီးပုဂ္ဂိုလ် (၃)ဦးက သံဘူးဘီယာအေးသောက်ကြသည်။ ဇေယျာဦးက လိမ္မော်ရည် သောက်သည်။

လူကြီးစကားပိုင်းတွင် ဇေယျာဦး ဝင်ရောက်ပြော



ခြင်း မရှိပေ။

နောက်ဆုံး အန်ကယ်ဦးသက်ဇင်က ဇေယျာဦးကို မ်းပြောသည်။

“ကဲဟေ့… မောင်ဦး… ”

ဇေယျာဦးအား အန်တီဦးမှစပြီး သူ့တူလေးကို ချစ် း “မောင်ဦး”ဟု ဟိုစဉ်ကတည်းက ခေါ်ခဲ့သည်။ မိခင်ဒေါ်ရီရီ က် ရှိစဉ်ကလည်း ဇေယျာဦးကို သားလေး ကိုဦး ဟုခေါ်သော ကြောင့် ဆွေမျိုးစုအားလုံးက ဇေယျာဦးအား “မောင်ဦး” “ကိုဦး” ခေါ်ကြတော့သည်။ ဒီတော့လည်း အန်တီဦးနှင့် နီးစပ်သော တ်ဝန်းကျင်အားလုံးက ဇေယျာဦးကို လူကြီးပိုင်းက မောင်ဦး ခေါ်ပြီး လူငယ်ပိုင်းက “ကိုဦး”ဟု ခေါ်ကြခြင်း ဖြစ်သည်။

“မင်း… အန်ကယ်ဦးမင်းအောင်နဲ့ တစ်ပွဲရိုက်ကွာ… တို့ ကွင်းမှာတော့ ကိုမင်းအောင်က လက်ရည်အကောင်းဆုံး ချန်ပီယံပဲကွာ… ကိုမင်းအောင်ရဲ့ တင်းနစ်(စ်)ဝါကလည်း မသေးဘူး… ရဲအရာရှိဘဝတည်းက ရောက်လေရာ မြို့မှာ ရိုက်လာတာ… ”

ဇေယျာဦးသည် ခေါင်းမညိတ်၊ ခေါင်းမခါဘဲ ပြုံး လိုက်သည်။

“ဘယ်လိုလဲ မောင်ဦး… ”

“အန်ကယ်ဦးမင်းအောင်က ကျွန်တော်နဲ့ရိုက်ချင်တဲ့ဆန္ဒ ရှိရင် ကျွန်တော် ရိုက်ပါ့မယ် အန်ကယ်ဇင်… ”

www.burmeseclassic.com

www.burmeseclassic.com



ကွင်းထဲသို့ ဦးမင်းအောင်နှင့် ဇေယျာဦး ရက်ကက်ကိုယ်စီကိုင်ကာ ဆင်းခဲ့သည်။

စတင်၍ ရိုက်ပြီ။

ဦးမင်းအောင်သည် ဘီယာမှလွဲပြီး အရက်ပင်ဘယ်တုန်းကမှ မသောက်။ ဆေးလိပ်လည်း မသောက်သဖြင့် ဟိုပုဂ္ဂိုလ်ကြီးနှစ်ဦးထက် ပို၍သွက်သည်။ လက်ရည်ကလည်း ဟိုနှစ်ယောက်ထက် ပိုသာသည်။

အကယ်၍သာ...

ဇေယျာဦးက ယခုထက်ပိုပြီး အားသွန်ခွန်စိုက်လေး ရိုက်ကစားမည်ဆိုပါက ထိုပွဲတွင် အနံကယ်ဦးမင်းအောင် ရှုံးသွားနိုင်ပါ၏။

သို့သော် နောက်ဆုံးဂိန်းမှတ်တွင် ဇေယျာဦးက ဦးမင်းအောင်အား အမှတ်(၂) မှတ်ဖြင့်ကပ်ပြီး ရှုံးသွားပေသည်။

ဇေယျာဦးသည် အနားယူချင်ပြီဟုဆိုကာ ရှိသေစွာ ပုဂ္ဂိုလ်ကြီး (၃)ဦးကို နှုတ်ဆက်ပြီး ပစ်ကပ်ကားလေးနှင့် ပြန်လာခဲ့သည်။

"ဘယ်လိုလဲ ကိုမင်းအောင်... မောင်ဦး နှစ်မှတ်နဲ့ကပ်ရှုံးသွားတာ... ဟာ... တကယ်ပဲ... ရှုံးသွားတာလားဗျာ"

"အင်း... ဒီချာတိတ်ပြုရုပ်ကတော့ ကြိုးစားပြီး လက်ကုန်ရိုက်သွားတဲ့ပြုရုပ်ပဲ... ဒါပေမဲ့ ကျုပ် ထင်တယ်လေ... မောင်ဦးဟာ ကျုပ်သိက္ခာကိုငဲ့ပြီး နောက်ဆုံး အရှုံးပေးရိုက်သွားတာလို့... "



"အေးဗျ... ဖြစ်နိုင်တယ်... မောင်ဦးဟာ တင်းနစ်(စ်)ဝါနုသေးတယ်ဆိုပေမဲ့... ရန်ကုန်တက္ကသိုလ်မှာ တကယ့်ချန်ပီယံပုဂ္ဂိုလ်ကြီးတွေဆီမှာ စနစ်တကျ သင်ကြားထားတာလည်း ဖြစ်မယ်... ကျုပ်တို့ ရိုက်နေကြတာက စနစ်တကျသင်ကြားပေးတဲ့ ဆရာရယ်လို့လည်း မရှိဘဲ... ဝါသနာနဲ့ရိုက်ပါများပြီး...ဝါရင့်လာတဲ့ သဘောမျိုးပဲရှိတာ... ဟဲ... ဟဲ... ဒါပေမဲ့ ဒီချာတိတ်က ကိုသက်ဇင့်နဲ့ ကျုပ်ကိုတော့ အနိုင်ရိုက်သွားပြီး... ခင်ဗျားကျမှ နွေးနွေးမျက်နှာနဲ့ပဲ ယောက္ခမတော်ချင်လို့ အရှုံးပေးရိုက်သွားဟာမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်တယ်ဗျ... "

ပြောပြီး ရယ်ကြပါ၏။

ပြောမနာ၊ ဆိုမနာ ရင်းနှီးခင်မင်ကြသူ အချင်းချင်းမို့ ဦးမင်းအောင်သည် ရောယောင်ပြုံးရယ်ခြင်းပြုလိုက်ရပေတော့သည်။

"အင်း...မောင်ဦးဟာ ကျုပ်မိန်းမရဲ့တူအရင်းခေါက်ခေါက်ဆိုပေမဲ့ ကျုပ်ကပဲ ညံ့လို့လား မသိဘူး... သူ ဒီအရွယ်ရောက်ကတည်းအထိ ကျုပ် သူ့ကို အကဲခတ်လို့မရဘူး... ကျုပ်ဇနီး စီစီဆွေး ကိုယ်တိုင်တောင် သူ့တူအရင်းကို သူ အကဲမခတ်နိုင်ဘူးဗျာ... "

"ဘာကို အကဲခတ်လို့မရတာလဲ ကိုသက်ဇင်... "

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့စိတ်နေသဘောထား... အကျင့်စာရိတ္တ... သူ့ ရည်ရွယ်ချက်တို့ စသဖြင့်ပေါ့ဗျာ... မောင်ဦးက ဘယ်တော့ ကြည့်ကြည့် မထုံတတ်သေးနဲ့... သွေးအေးလွန်းတယ်... စကားထဲက ဇာတိပြဆိုတဲ့ စကားရှိပေမဲ့... သူက စကားနည်းလွန်းတော့ သူ့ဇာတိကို ကျုပ် အကဲခတ်လို့ မရဘူး"

"ဟုတ်တယ်ဗျ... သူ့အဖေ ကိုတေဇနဲ့တော့ တခြားစီပဲ... ကိုတေဇက ဖွာလောင်ဖွာလောင်နဲ့ တကယ်တမ်း ဘာမှ သတ္တိရှိတဲ့လူ မဟုတ်ဘူး... မောင်ဦးကတော့ စကားနည်းသလောက် သူလုပ်ချင်တာဆိုရင် ပြတ်ပြတ်သားသားရဲ့ ဝံ့ဝံ့လုပ်မဲ့ သတ္တိမျိုးရှိပုံပဲ... "

ဦးဖေညွှန့်က ဆက်၍ ပြောသည်။

"ကျုပ်အမြင်တော့ မောင်ဦးဟာ လူတော်လူကောင်းလေး တစ်ယောက်ပါ... ဒါပေမဲ့ သူဖြစ်စဉ်ဘဝကိုက နည်းနည်းကြမ်းတယ်လေ... တစ်လောကလုံးမှာ သူအချစ်ဆုံး သူ အားအကိုးဆုံး... သူ့မေမေ ဒေါ်ရီရီလတ်က သူလူလား မမြောက်ခင် ဆုံးသွားတယ်... ကျန်ခဲ့တဲ့ ဖအေကိုတေဇ ကလည်း စိတ်ပျက်စရာကောင်းလောက်တဲ့ အရက်သမား... ကိုယ့်သား မိတဆိုးလေးပါလားလို့ အကြင်နာလည်း မရှိ... အဲဒါတွေကို စိတ်ထိခိုက်ပြီး သူ့ဘဝသူ ကျိတ်ခံရင်း... သူ့မှာ စိတ်ဝေဒနာတစ်ခုခုဖြစ်သွားသလားမှ မသိတာ... "



ဧယျာဦး ခေါ် မောင်ဦးတွင် စိတ်ဝေဒနာရှိသလား၊ မရှိသလားကိုတော့ ဦးမင်းအောင်က ဘာမျှမဝေဖန်ပေ။

သမီးလေးနွေးက သူ့ကိုမှ ချစ်ခင်နေမိသည်မို့ ဦးမင်းအောင်သည် မောင်ဦးနှင့်ပတ်သက်ပြီး သမီးလေးနွေးအတွက် ကျကျနနစုံးစမ်းရတော့မည်ဟု ရင်ထဲက မှတ်ချက်ပြုလိုက်ပေတော့သည်။

www.burmeseclassic.com



## အခန်း (၄)

နွေး၏ ဖေဖေဦးမင်းအောင်အား ဒေါ်သီသီဦး
ဖုန်းဆက်၍ ကျေးဇူးပြုပြီး အားလပ်ပါက သူမ၏အိမ်သို့
ရောက်ပါရန် ဖုန်းဆက်ပါ၏။

ဒေါ်သီသီဦးက ဘာကြောင့် မိမိကို ဖုန်းဆက်
သူမ၏အိမ်သို့လာရောက်ပါရန် ဖိတ်ခေါ်လေသနည်းဟု ဦးမ
အောင် စဉ်းစားကြည့်သည်။

စဉ်းစားမိသည်မှာ သမီးနွေးနှင့်ပတ်သက်
သားရေးသမီးရေး ဆွေးနွေးရန်ပင် ဖြစ်မည်။

ဖေယျာဦးတွင် ဖခင်ရင်း ဦးတေဇရှိစေကာမူ
ယျာဦး၏ကိစ္စမှန်သမျှ ဒေါ်သီသီဦးကသာလျှင် မိခင်နေရာမှ



ဆောင်နေသည်ကို ဦးမင်းအောင် သိပြီးသား ဖြစ်ပါ၏။

ဒေါ်သီသီဦး၏ခြံနှင့်တိုက်အိမ်က မြို့၏မြောက်ဘက်ယွန်းယွန်း တောင်ကုန်းမြင့်ပေါ်တွင် သီးသီးသန့်သန့်လှလှပပတည်ရှိနေပေသည်။

ဦးမင်းအောင်သည် သူ၏လင်းရိုဗာကားဖြင့် ဒေါ်သီသီဦး အိမ်သို့ရောက်ရှိလာသည်။ ခြံတံခါးဖွင့်ထားသဖြင့် ခြံထဲသို့ မောင်းဝင်လာခဲ့ကာ တိုက်ရှေ့တွင် ရပ်သည်။

အိမ်တံခါးမှာလည်း ပွင့်လျက်သားရှိသည်နှင့် ကားပေါ်မှဆင်းကာ ဧည့်ခန်းသို့ ဦးမင်းအောင် ဝင်ရောက်လိုက်သည်။

ခန်းလုံးပြည့်မွေးပွကော်ဇောခင်းထားသည်။ ဆိုဖာများမှာ နို့နှစ်ရောင်ဖြစ်သည်။ ပတ်လည်ပြတင်းပေါက်များတွင် ဓာခန်းစည်း အစိမ်းနုရောင် တပ်ဆင်ထားသည်။

ကြေးရေတက်များ အိမ်တွင်ရှိတတ်သော ပရိဘောဂအားလုံး ဧည့်ခန်းတွင် ရှိနေသည်။

ဧည့်ခန်းတွင် ဒေါ်သီသီဦးကို မတွေ့ပေ။

ဧည့်ခန်းထောင့်ရှိ စန္ဒရားကို တီးနေသည်လည်း မဟုတ်ဘဲ မတ်တတ်ရပ်လျက်သား ဟိုခေါက် ဒီခေါက် ဟိုတို့ဒီတို့ လုပ်နေသော စီစီထွေးကို ဦးမင်းအောင် တွေ့ရသည်။ မိမိကို ဒေါ်သီသီဦးက ခေါ်ထားသဖြင့် စီစီထွေးက စပ်စုချင်၍ ရောက်နေသလား မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းဝင်ပေါက်တွင်ရပ်နေသော ဦးမင်းအော[...]ကို စီစီထွေး တွေ့မြင်သွားသည်နှင့် စန္ဒရားအဖုံးကို ပြန်မပိတ်[...] ဦးမင်းအောင်ရှိရာသို့ စီစီထွေး လျှောက်လာသည်။

"သြော်... ဦးမင်းအောင် ရောက်လာပြီလား... မမဦး[...] ဦးမင်းအောင်ကို မျှော်နေတာပဲ... အခုပဲ တယ်လီဖုန်း[...] လို့ မမဦး သူ့အိပ်ခန်းထဲ ဝင်သွားပြီး ဖုန်းပြောနေတာ[...] မမဦးက စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ရင် သူ့အ[...] အိပ်ခန်းထဲက ဖုန်းနဲ့ပဲ ပြောတယ်...ထိုင်ပါ ဦးမင်းအော[...]

ဆင်စွယ်နှစ်ရောင် ဆိုဖာတစ်လုံးတွင် ဦး[...]အောင် ဝင်ထိုင်ရင်း စီစီထွေးကိုကြည့်ကာ ရင်ထဲမှကျိတ်၍ [...]ပါ၏။

စီစီထွေးပြောပုံဆိုပုံနှင့် မျက်နှာပေးအမူအရာ[...] သူမကိုယ်တိုင် ကြွယ်ဝချမ်းသာခြင်းမရှိစေကာမူ အလွန်ချမ်း[...]သော ဒေါ်သီသီဦး၏ညီမရင်းဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွား[...]သည့် ဟန်ပန်အမူအရာတွေ သက်ဝင်နေသောကြောင့် ဖြစ်ပ[...]

ဦးမင်းအောင် ထိုင်သော ဆိုဖာနှင့် အနီးဆုံး[...]တွင် စီစီထွေး ဝင်ထိုင်သည်။

"ကိုသက်ဇင်က ကျွန်မကို ပြောပြတယ်... ဦးမင်းအော[...] နဲ့ ကိုဦးတို့ တင်းနစ်(စ်)ရိုက်တာ ဦးမင်းအောင်က နိုင်[...] တယ်တဲ့... ကိုသက်ဇင်နဲ့ ဦးဖေညွန့်ကတော့ ကိုဦးနဲ့[...]



တာ ရှုံးတယ်တဲ့..."

"ကံကောင်းလို့ ကျုပ်နိုင်တာပါ ဒေါ်စီစီထွေး..."

စီစီထွေးက ဆက်၍မပြောခင် တခစ်ခစ်ရယ်လိုက်သေးသည်။ ပြီးမှ ပြောပါ၏။

"ကိုသက်ဇင်က ပြောတယ်... ကိုဦးက နွေးနွေးရဲ့မျက်နှာကြောင့် ဦးမင်းအောင်ကို အရှုံးပေးလိုက်တာတဲ့..."

"အဲဒီလိုဖြစ်ကောင်း ဖြစ်နိုင်ပါတယ်... တကယ်တော့ မောင်ဇေယျာဦးဟာ တင်းနစ်(စ်)ရိုက် တော်တော်ကျွမ်းကျင်တာပဲ..."

"ဟုတ်တယ်... ကိုဦးဟာ ထက်မြက်တဲ့နေရာမှာ လွန်လွန်ကဲကဲ ထက်မြက်နေတတ်တယ်... သူက အက်(ဗ်)နော်မယ်(လ်)မဟုတ်လား..."

အက်(ဗ်)နော်မယ်(လ်)ဆိုသည့် အင်္ဂလိပ်စကားလုံးကို မြန်မာလိုပြန်ဆိုရလျှင် ဦးနှောက်ကျပ်မပြည့်သူဟု ဘာသာပြန်နိုင်ပေသည်။

စီစီထွေးကပင် ဆက်ပြောသည်။

"အက်(ဗ်)နော်မယ်(လ်)လူစားမျိုးဟာ ထက်မြက်တဲ့နေရာမှာ ထက်မြက်ပြီဆိုရင်... သာမန်လူတွေထက် ပိုပြီး ထက်မြက်တယ်... ဒါပေမဲ့ အဲဒီလူမျိုးဟာ မကောင်းမှုအကြံအစည်... မကောင်းမှုစိတ်မှာ ပိုပြီးထက်မြက်တတ်

www.burmeseclassic.com



တယ်လို့ ကျွန်မ ကြားဖူးတာပဲ ဦးမင်းအောင်... ”

ဦးမင်းအောင်က စီစီထွေးကို လွန်စွာ အံ့သြသော အကြည့်မျိုးဖြင့် ကြည့်မိတော့သည်။

အကယ်၍ဖေယျာဦးသည် အက်(ဗ်)နော်မယ်(လ်) ဖြစ်နေသည်ပဲထားဦး။ သူသည် ဒေါ်စီစီထွေး၏တူအရင်း ခေါက် ခေါက် ဖြစ်နေသည်။ တကယ်ဆို ကိုယ့်တူလေးဘက်က ဖေးဖေး မမပြောသင့်ပါလျက် ကိုယ့်တူအရင်းကို ကိုယ်ကပြန်နှိမ်သည့် စကားမျိုး ဒေါ်စီစီထွေး ပြောသည်ကို လွန်စွာ အံ့သြမိခြင်း ဖြစ် ပါ၏။

“အင်း... ကျုပ်လည်း စာအုပ်တချို့မှာ အဲဒက်အက်(ဗ်) နော်မယ်(လ်)နဲ့ပတ်သက်ပြီး ဖတ်ဖူးခဲ့တာလေးတွေ ရှိ တယ် ဒေါ်စီစီထွေး... အဲဒီ အက်(ဗ်)နော်မယ်(လ်)ဟာ သွေးဆက်မျိုးရိုးလိုက်တတ်တယ်တဲ့... ဒါကြောင့် မောင် ဖေယျာဦးရဲ့ဆွေမျိုးဆက်ကို ကျုပ်လေ့လာကြည့်တယ်... သူ့အမေ ဒေါ်ရီရီလတ်ဟာ တင်ပြည့်ကျပ်ပြည့်ဦးနှောက် မှန်ကန်သူဖြစ်တယ်... သူ့အဖေ ဦးတေဇဟာလည်း အရက်သောက်ပေမဲ့ သူ့ဦးနှောက်က ကျပ်ပြည့်အမှန် အကန်ပဲ... အဲ... ဒေါ်သီသီဦးတော့ ထည့်မပြောနဲ့... ဦး နှောက်ကောင်းလွန်းလို့ အခုလိုချမ်းသာလာတာ... ဒီ တော့ မောင်ဖေယျာဦး အက်(ဗ်)နော်မယ်(လ်)ဖြစ်တယ်



ဆိုရင် သူ့အရင်းအချာ သွေးရင်းသားရင်းထဲက တစ် ယောက်ယောက်နဲ့ သွေးဆက်သူတူနေသလား မသိဘူး”

“ဘာရယ်... ဒါဆို... ကျွန်မကပဲ အက်(ဗ်)နော်မယ်(လ်) ဖြစ်နေတယ်လို့ ဦးမင်းအောင် ဆိုလိုချင်တာလားဟင်...”

“ကျုပ် အဲဒီလို မစွပ်စွဲမိဘူး ထင်ပါတယ်... ”

“တိုက်ရိုက်ကြီး မဟုတ်ပေမဲ့... သွယ်ဝိုက်ပြီး... အဲဒီ သဘောသက်ရောက်နေတာပေါ့... ဘယ့်နှယ့် မမဦး... မမလတ်နဲ့ ဦးတေဇက ဦးနှောက်ကျပ်ပြည့်တယ်ဆိုရင်... ကျွန်မတစ်ယောက်ပဲ ကျန်ခဲ့တော့... ကျွန်မက ကျပ် မပြည့်တဲ့ အက်(ဗ်)နော်မယ်(လ်)သဘောသက်ရောက် သွားတာပေါ့... ကျွန်မက ကိုဦးရဲ့အဒေါ်ရင်းပဲဟာ... ”

“အေးဗျာ... ဆောရီးပဲ... ကျုပ်စကားပြောရင်း ဝေ့သွား ပြီ... အဲဒီသဘောသက်ရောက်သွားရင် ကျုပ် တောင်းပန် ပါတယ်... ဒါပေမဲ့ အခု ကျုပ်ပြောသမျှတွေဟာ ကျုပ် အမြင်... ကျုပ်အသိနဲ့ပြောတာတွေပါ... ”

ဒေါ်စီစီထွေး ထိုင်ရာမှ ဆတ်ခနဲ မတ်တတ်ရပ် လိုက်သည်။

“ဦးမင်းအောင် ပြောလေ... ကျွန်မကို ထိခိုက်လေပါလား... ကျွန်မက စေတနာနဲ့ ပြောမိတာပါ... ကိုဦးနဲ့ရွှေးနွေး မေတ္တာရှိနေကြောင်း တစ်မြို့လုံးက သိနေတယ်... အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးအတွက် လူရွေးမမှားသင့်တာ မမှားအောင် စဉ်းစားနိုင်ဖို့ ကျွန်မက ပြောတာ... "

"ကိုယ့်တူအရင်းခေါက်ခေါက် မောင်ဇေယျာဦးကိုတော့ ဒေါ်စီစီထွေးက မသနားဘူးလား... "

"အို... သွားမယ်... "

စီစီထွေးအဖို့ ဝါရင့်ခရိုင်ရဲဝန်အငြိမ်းစားတစ်ဦးနှင့် ယှဉ်ပြိုင်ပြောရာ၌ ပြောလေကဲလေဖြစ်လာသည့်ဒဏ်ကို မခံနိုင်တော့ဘဲ ခြေဆောင့်ကာ တံခါးပေါက်ဆီသို့ ထွက်သွားသည်။ တံခါးဝရောက်မှ ပြန်လှည့်လာပြန်ကာ စန္ဒရားပေါ်တွင် မေ့ထားခဲ့သော သူမ၏ပိုက်ဆံအိတ်ကိုပြန်ယူရင်း...

"မမဦးက သိပ်ချမ်းသာတော့ မမဦးရဲ့စကားကိုသာ အလေးအနက်ထားမှာပေါ့လေ... ကျွန်မက စေတနာထားပြီးပြောတာကျတော့... ဦးမင်းအောင်အဖို့ ပျက်ရယ်ပြုစရာဖြစ်နေတာပေါ့... "

"အဲဒီလို မဟုတ်ရပါလား ဒေါ်စီစီထွေး... "

"အင်းပေါ့လေ... အခု မမဦး ရှင့်ကို ဖိတ်ခေါ်တာ... ကိုဦးအကြောင်း ပြောမလို့ဘဲ... ကိုဦးဟာ ရန်ကုန်မှာ စာမေးပွဲအပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာကော ရှင်သိရဲ့လား ဦးမင်းအောင်... "

"မောင်ဇေယျာဦး ဘာတွေဖြစ်ခဲ့လို့လဲဗျာ... "



စီစီထွေး ပြောမည်အပြုမှာပင် ဒေါ်သီသီဦး အိပ်ခန်းတံခါးပွင့်လာပြီး ထွက်လာသောကြောင့် စီစီထွေးသည် ချာခနဲလှည့်ကာ ထွက်သွားပေတော့သည်။

"သိပ်ကို အားနာသွားပြီ ဦးမင်းအောင်... ကျွန်မက ဖိတ်ခေါ်ပြီး... ကျွန်မကိုပဲ ပြန်ထိုင်စောင့်နေရတာကို ခွင့်လွှတ်ပါ... လုပ်ငန်းလေးတစ်ခုက အပြတ်မပြောရင် မဖြစ်လို့ ဝင်ပြောနေရလို့ပါ... "

"ရပါတယ်... ဒီလိုတိုက်ဆိုင်မှုမျိုးဖြစ်တတ်ပါတယ် ဒေါ်သီသီဦး... "

ဒေါ်သီသီဦး ဆိုဖာတွင် ဝင်ထိုင်သည်။ ပြောဆိုလှုပ်ရှားမှုသိမ်မွေ့ညင်သာလှပါ၏။

သူ့အရွယ်သူ ဒေါ်သီသီဦးသည် လှပနေဆဲဖြစ်ပါ၏။ အချိုးအဆစ်ပြေပြစ်နေဆဲ ဖြစ်ပါ၏။

"ခုန စီစီထွေး ပြန်ထွက်သွားတာတွေ့လိုက်ပါတယ်... ဒီကောင်မလေး ပြန်သွားတာလားပဲ... အင်းလေ... ပြန်ရောပေါ့... လာကတည်းက ငွေသုံးဘောင်းလိုချင်လို့လာတာပဲ... ရသွားတော့ ပြန်ပြီပေါ့... "

"ဒေါ်သီသီဦးကို ကျုပ် သိပ်ချီးကျူးတယ်... မောင်ဇေယျာဦးကိုလည်း ဘွဲ့ရတဲ့အထိ ထားပေးတယ်... ကိုတေဇလာတောင်းလည်း ပေးလိုက်တာပဲ... မစီစီထွေးတို့

www.burmeseclassic.com



ချောင်ချောင်လည်လည်ရှိတာတောင် လာတောင်းရင် ပေးတယ်... ”

“ကိုဦးအတွက် ကျွန်မ ထောက်ပံ့ရတာကို သိပ်ကျေနပ်ပါတယ် ဦးမင်းအောင်... ကိုဦးက လိမ္မာတယ်... ထောက်ပံ့ငွေကို အလွဲသုံးစား မလုပ်ဘူး... ဖြုန်းတီးပစ်တာမျိုး မရှိဘူး... သူ့ကျောင်းစရိတ်အတွက် ဘဏ်မှာအပ်ပေးထားတဲ့ငွေတွေ... ကျောင်းပြီးသွားတော့ လက်ကျန်တွေရှိနေသေးတယ်... ကိုဦးက အပျော်အပါး ကင်းတယ်... ရုပ်ရှင်ကြည့်တာလောက်နဲ့ အားကစားပစ္စည်းတွေဝယ်တာလောက်ပဲ အပိုသုံးရှိတယ်... အရက်မသောက်ဘူး... ဆေးလိပ်တောင် မသောက်ဘူး... အရက်ဆိုတာ ဝေလာဝေး... အဲ... ” ဒါပေမဲ့ ကျောင်းဖိုင်နယ်ဖြေပြီးမှ ကိုဦးခမျာ ကံဇာတာနိမ့်ပြီး မဟုတ်မဟတ်လေးတွေဖြစ်ရသေးတယ်... ဒီလောက် ကိုယ်ကျင့်တရားကောင်းတဲ့ကလေးမှာ အမည်းစက်လေးစွန်းသွားတယ်... ”

“ဘာလဲ... တင်ပါးကိုမြွေကိုက်လို့ သေသွားတဲ့ နှင်းဆီဆိုတဲ့ မိန်းကလေးနဲ့ပတ်သက်ပြီး... သူ့မှာ အမည်းစက်ဖြစ်သွားတာကို ပြောတာလား ဒေါ်သီသီဦး... ”

“အယ်... ကြည့်စမ်း... ဒါတွေကို ဦးမင်းအောင် သိထားပြီးပြီကိုး... ဘယ်လိုလုပ်ပြီး ဦးမင်းအောင် သိတာလဲဟင်”



“မောင်ဦးကိုယ်တိုင် မြို့ကိုပြန်ရောက်ရောက်ချင်း သူ့ဖြစ်ရပ်တွေကို ပြောပြတာလေ... ကျွန်တော်က ရဲအရာရှိဟောင်းဆိုတော့... တယ်လီဖုန်းဆက်ပြီး သက်ဆိုင်ရာရဲစခန်းကို သေချာအောင်ထပ်မေးကြည့်တယ်... ဟိုက တာဝန်ခံရဲအရာရှိက အမှုအကြောင်း အားလုံးပြောပြတယ်... ဖေယျာဦးဟာ ရဲကဖမ်းချုပ်တဲ့အထိတောင် မဖြစ်ပါဘူးတဲ့... စွဲချက်တင်နိုင်ဖို့ဆိုတာ ဝေးရောတဲ့... ဒါကြောင့် မောင်ဦးမှာ လုံးဝအပြစ်မရှိတဲ့အကြောင်း ကျုပ်သိပြီးသားပဲ... မောင်ဦး ပြောပြတာနဲ့ ဟိုကတာဝန်ခံရဲအရာရှိ ပြောပြတာဟာ တစ်ထပ်တည်းပဲလေ... ”

ထမင်းစားခန်းမှ အိမ်ဖော်အဒေါ်ကြီး လင်ပန်းတင်ချပ်ထဲ စားသောက်ဖွယ်များထည့်ကာ ယူလာသည်။ လိမ္မော်ရည်၊ သီဟိုဠ်စေ့လျော်၊ ဒိန်ခဲ စသည်များ ဦးမင်းအောင် ရှေ့တွင် ချပေးပါ၏။

“ကဲ... ဒေါ်ကြာဖြူ ပြန်နိုင်ပြီ... နံနက်ခြောက်နာရီသာ မှန်မှန်လာ... မီးဖိုချောင်အတွက် ပေးထားတဲ့ငွေရော ကျန်သေးလား... ”

“ကျန်ပါသေးတယ် မဦး... ”

“ဒါဆို ပြန်တော့... ”

ဒေါ်ကြာဖြူ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သီသီဦးက အိမ်ဖော်ကို အိမ်မှာညသိပ်ခေါ်မထား
ဘူးလား..."

"ဘာလုပ်မလဲ ဦးမင်းအောင်... လူစိမ်းကို အိမ်မှာညအိ
ခေါ်ထားတာဟာ အဖော်အလျော်ရတာထက်...အန္တရာယ်
က ပိုများတယ်လို့ ကျွန်မ ယူဆတယ်..."

ဖေယျာဦး အကြောင်း ဆက်ပြောသည်။

"ကိုဦးကို ကျွန်မအိမ်မှာ ခေါ်ထားပြီး ကျွန်မလုပ်ငန်း
မှာ ကျွန်မနဲ့တွဲပြီးလုပ်ဖို့ စိတ်ကူးထားတယ်... ဒါပေ
သူ့အဖေကိုတေဇနဲ့ အပြတ်မဆွေးနွေးရသေးလို့ မခေ
ထားသေးတာ... အခု ဦးမင်းအောင်ကို ကျွန်မ ဖိတ်ခေ
တာလည်း ကိုဦး ကိစ္စပြောချင်လို့ပါ... ဒါပေမဲ့ ကိုဦး
နောက်ဆုံး ရန်ကုန်မှာဖြစ်ခဲ့တဲ့အမည်းစက်လေးကြော
အပြောရခက်နေတယ်... အခုတော့ ဦးမင်းအောင်က သိ
ထားရုံမကဘူး... ရန်ကုန်သက်ဆိုင်ရာရဲစခန်းက အရာ
ကိုတောင် မေးမြန်းလို့ အားလုံးအဖြစ်မှန် သိထားပြီးတ
တော့ ဟုတ်ပါပြီ... သမီးလေး နွေးနွေးကော သိပြီးပြီလာ
ဟင်..."

"သိပါတယ်... ကိုဦးကိုယ်တိုင်ကပဲ သူဖြစ်ပျက်ခဲ့တာတွေ
သမီးနွေးကို ပြောပြတယ်... ကျုပ်တောင် သမီးပြော
လို့ သိရပြီး... ရန်ကုန်ရဲကို လှမ်းဖုန်းဆက်မေးတာ..."



"ဒါဆို နွေးနွေးက ကိုဦးအပေါ်မှာ သံသယစိတ်နဲ့အပစ်
ကင်းချက် မရှိဘူးပေါ့နော်..."

ဦးမင်းအောင်က သံသယမရှိကြောင်း ခေါင်းညိတ်
ပြလိုက်သည်။

"ကဲ... ဒါဆို ကျွန်မကပဲ ကိုဦးရဲ့မိခင်နေရာကနေပြီး...
ဦးမင်းအောင် နားနဲ့မနာဖဝါးနဲ့နာပါလို့ ပြောချင်တယ်...
ကိုဦးနဲ့ နွေး မေတ္တာရှိနေကြတာကို ဦးမင်းအောင် သိနေ
ပြီးသားပါနော်..."

"အင်း... ရိပ်မိတယ်... အကဲခတ်မိတယ်ဆိုပါတော့...သမီး
ကတော့ ကျုပ်ဟာ ဖအေဖြစ်နေလို့လား မသိဘူး... ဖွင့်
မပြောဘူး..."

"ဒါတော့ နွေးနွေးမှာ မအေမှမရှိတာကိုး... သမီးမိန်း
ကလေးဆိုတာ ဒါမျိုးဆို မိခင်ကိုသာ ဖွင့်ပြောရဲမယ်လေ...
ဖအေကို ပြောဖို့တော့ ဝန်လေးစမြဲပေါ့..."

"အဲဒီသဘောပဲ ထင်ပါရဲ့ဗျာ..."

"ကဲ... ဒါဆို ကိုဦးနဲ့နွေးနွေးတို့ မေတ္တာရှိနေတယ်ဆိုတာ
ကျွန်မတို့ ယုံကြည်လိုက်ကြပါစို့ ဦးမင်းအောင်..."

"ဆက်ပြောပါ ဒေါ်သီသီဦး..."

"ကျွန်မကပဲ ဒီကိစ္စကို သားရှင်အနေနဲ့ နားဖောက်ပါတယ်
ဦးမင်းအောင်... ဒါကို သဘောတူတယ်ဆိုရင် လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲပြီးသည်အထိ ကျွန်မက ကိုဦးရဲ့မိခင်အနေနဲ့ တာဝန်ယူပါရစေလား… အဲဒါ တိုင်ပင်ဖွင့်ပြောချင်လို့ ဦးမင်းအောင်ကို ဖိတ်ခေါ်တာပါ… ”

“အင်း.. ဒေါ်သီသီဦး နားဖောက်တာရော… မင်္ဂလာကိစ္စ တိုင်ပင်တာရော… ကျုပ် အလေးအနက်ထားပါတယ်… ဒါပေမဲ့ ဖြည်းဖြည်းပေါ့ ဒေါ်သီသီဦး… ”

“ဘာဖြစ်လို့ ဖြည်းဖြည်းပေါ့တာလဲ ဦးမင်းအောင်… လုပ်သင့်တဲ့ကိစ္စကို လုပ်လိုက်ကြရုံပဲ မဟုတ်လား… ”

ဦးမင်းအောင်က ဖျော့ညှိကြည်ခန့်ငြားစွာ တစ်ခွန်းချင်း ပြန်ဖြေပါ၏။

“အခု… အဲဒီလို မင်္ဂလာကိစ္စစီမံချင်တာက မောင်ဦးရဲ့ အဒေါ်ရင်း ဒေါ်သီသီဦးက စီမံချင်တာပဲ… ဒီကိစ္စမှာ မောင်ဦးရဲ့ ဖခင်ရင်းဦးတေဇနဲ့ အဒေါ်အငယ်ဆုံး ဒေါ်စီစီ ထွေးတို့ရဲ့ သဘောထားတွေ ဘယ်လိုရှိကြမယ်ဆိုတာ သိနေသေးတယ်လို့ ကျုပ် ထင်လို့ပါ… ”

“အို… ကိုတေဇ ဖြစ်ဖြစ်… စီစီထွေးဖြစ်ဖြစ်… ကျွန်မ စီစဉ်တာကို သူတို့ ဘာလွှန်ဆန်ရဲမှာလဲ… နောက်ပြီး ကိုတေဇ က ဖအေသာပြောတယ်… ကိုဦးနှင့်ပတ်သက်လို့ ဘာ တာဝန်တစ်ခုယူခဲ့လို့လဲ… စီစီထွေးကိုတော့ ထည့်စဉ်းစား မှုတောင် မလိုဘူး… ကျွန်မက အစ်မအကြီးဆုံးပဲဟာ”



“ဒါတော့ ဒါပေါ့ ဒေါ်သီသီဦး… ဒါပေမဲ့… ”

ဦးမင်းအောင် စကားကိုရပ်ထားလိုက်သည်။

အကယ်၍သာ ယခု ဤအိမ်သို့ ဦးမင်းအောင် ရောက်လာပြီး စီစီထွေးနှင့် မတွေ့ မဆက်မဆံ စကားမပြော မဆိုရပါက ယခု ဒေါ်သီသီဦး ပြောပြချက်၊ စီမံချက်ကို လက်ခံ မိမည် ထင်ပါ၏။

သို့သော် ခုနကပင် ဒေါ်စီစီထွေး ကိုယ်တိုင် ဇေယျာဦးနှင့်ပတ်သက်ပြီး ပြောဆိုသွားချက်များသည် ဦးမင်းအောင် စိတ်တွင် ကသိကအောက်ဖြစ်စေသည်။ စီစီထွေးပြောသွားချက် များကို ယခု ဒေါ်သီသီဦးအား ဦးမင်းအောင်က ဖွင့်မပြောလိုပေ။ ဖွင့်ပြောပါက ဒေါ်သီသီဦးက မုချ စီစီထွေးကို စိတ်ဆိုးပြီး ဆူပူ ကြိမ်းမောင်းမှုများ ဖြစ်လျှင် မိမိက ယောက်ျားကြီးတန်မဲ့ ညီ အစ်မကြားတွင် ဂုံးချောရာရောက်သွားမည်။

ထို့ကြောင့် ဖြည်းဖြည်းပေါ့ဟု ပြန်အဖြေပေးထား ခြင်း ဖြစ်ပေသည်။

“ပြောပါ ဦးမင်းအောင်… ဒါပေမဲ့ ဘာဖြစ်လို့ဆိုတာ ပြောပြပါလား… ”

“ကိုဦးဘက်က အဖေကရော အဒေါ်အငယ်ကရော မိုလို လားလားနဲ့ နွေးနွေးလက်ထပ်တာကို ကျေနပ်ကြပါတယ်ဆို ရင် နှစ်ဖက်လူကြီးတွေအတွက်လည်း ကောင်းမယ်…

www.burmeseclassic.com



ကလေးနှစ်ယောက်အတွက်လည်း ကောင်းမှာမို့ပါ ဒေါ်သီ
သီဦး... ”

ဒေါ်သီသီဦးက ဦးခေါင်းညိတ်လိုက်ပါ၏။

“ကောင်းပါပြီ ဦးမင်းအောင်... တကယ်တော့ မလိုအ
ပေမဲ့ ဦးမင်းအောင် ဆန္ဒရှိတဲ့အတိုင်း ကိုတေဇနဲ့ မိ
ထွေးကို ကျွန်မ ပြောပြပါ့မယ်... သူတို့နှစ်ယောက်ကိုယ်
တိုင်က သဘောတူတယ်လို့ ပြောလာပြီးမှ မင်္ဂလာကိစ္စ
ဆက်စီစဉ်ကြတာပေါ့... ဒါဟာ ဦးမင်းအောင်ရဲ့ဆန္ဒအတိုင်း
မို့ပါ... ”



အခန်း (၅)

ဘယ်တုန်းကမှ မလာစဖူးနှင့် မလာရဲသော ဦးတေဇသည် ဦးမင်းအောင်၏အိမ်သို့ ရဲရဲတင်းတင်းပင် ဝင်ရောက်လာပေသည်။

ဦးမင်းအောင်နှင့် ဦးတေဇသည် မြို့တွင် အတူနေကြပေမဲ့ စရိုက်ချင်းဆန့်ကျင်ဘက်မို့ မေးထူးခေါ်ပြောခြင်းပင် မရှိခဲ့ပေ။

ဦးတေဇ ရောက်လာချိန်တွင် နွေးက လင်းရိုဗာကားဖြင့် မြို့ဈေးသို့ သွားနေခိုက် ဖြစ်ပါ၏။

ဦးမင်းအောင်က ခြံထဲတွင် ပက်လက်ကုလားထိုင်တွင်ထိုင်ကာ ဥပဒေရေးရာ စာအုပ်ထူကြီးကို ဖတ်နေစဉ် ဦးတေဇ ရောက်လာခြင်း ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးတေဇကို ကြည့်ပါ။ ထုံးစံအတိုင်း အရက်နံ့ တထောင်းထောင်းထနေသည်။ မျက်နှာတွင် မရိတ်သောမုတ်ဆိတ်ပါးမြိုင်းမွေးတွေ ထိုးထိုးထောင်ထောင်နှင့် မျက်နှာတစ်ပြင်လုံး အရက်ဆီပြန်နေသည်။ ရှပ်အင်္ကျီကို အပေါ်ကြယ်သီးမတပ်ဘဲ ရင်ဘတ်ဟာပြဲဖြစ်နေသည်။ လုံချည်ကလည်း ခြေသလုံးထက် ဝက်တက်ပြီး တိုနံ့နံ့ရှိနေသည်။ အရက်မူးမူးနှင့် ထိုးအိပ်ချင်ရာ နေရာ မရွေးအိပ်သောကြောင့် သူ့အင်္ကျီ လုံချည်တို့မှာ တွန့်ကြေနေသည်။ ပေပေကျံကျံရှိနေသည်။

မြင်ရသည်မှာ ညှင်းသိုးသိုး ဖိုသီဖတ်သီကြီး ဖြစ်ပါ၏။

"ဩော်... ကိုတေဇ... ဘယ်လိုစိတ်ကူးပေါက်ပြီး ကျုပ်ဆီကို မလာစဖူးရောက်လာတာလဲ..."

ဦးမင်းအောင်က ဖတ်လက်စ ဥပဒေစာအုပ်ကြီးကိုခြေတင်သောခွေးခြေပေါ်တွင် တင်ထားရင်း ဦးတေဇ ရောက်လာသည်ကို အံ့ဩစွာ မေးလိုက်သည်။

"ဟဲ... ဟဲ... ဟဲ... ဒီကိုလာရမယ်လေ... လာကိုလာရမယ်... ကျုပ်က ဖေယျာဦးရဲ့အဖေ ဖြစ်နေတာကိုး..."

ထိုင်ပါဟု မခေါ်ရသေးဘဲ ဦးတေဇသည် ခွေးခြေပေါ်မှ ဥပဒေစာအုပ်ကြီးကို ခြေပြင်မြက်ခင်းပေါ်သို့ကိုင်ချပြီး ခွေးခြေကို ယူထိုင်ရင်း...

"အားပါး... စာအုပ်ကြီးက ထူလိုက်တာ... တစ်ပိဿာ



ကျော်မယ်... ဒီစာအုပ်ကြီးကို ကိုမင်းအောင် တကယ်ပဲ ဖတ်လို့ကုန်ရဲ့လား..."

"အင်း... အချိန်ယူပြီး ဖတ်ရတာပေါ့ဗျာ..."

"ဟဲ... ဟဲ... ခုခေတ် စက္ကူဈေးသိပ်ကောင်းတဲ့အချိန်မျိုးမှာ ဒီစာအုပ်ထူကြီးသာ စွက်ပယားဆီမှာ ရောင်းလိုက်ရင် အရက်တစ်ပုလင်းဖိုးတော့ ရမှာသေချာတယ်..."

ဦးမင်းအောင် ရင်ထဲ ထောင်းခနဲ ဒေါသစိတ်ဖြစ်သွားပါ၏။ စွက်ပယားဆိုသည့် ကုလားမှာ ဤမြို့တွင် သတင်းစာစက္ကူ ဗလာစာအုပ်ဟောင်းနှင့် ပုလင်းလွတ်များ ဝယ်နေသော ကုလားဖြစ်သောကြောင့်ပင်။

ဤဥပဒေစာအုပ်ကြီးမျိုးသည် ဝယ်လျှင်ပင် ရှာကြံပြီး ခက်ခက်ခဲခဲ ဝယ်ရသော စာအုပ်မျိုးဖြစ်ပြီး စာအုပ်၏ တန်ဖိုးသည် တစ်ထောင်ကျော်တန် ရှိပါ၏။

ရှိစေတော့။

အရိုင်းကောင် လက်ထဲသို့ ပြည်တန်ပတ္တမြား ရောက်သော်လည်း ကျောက်ခဲတစ်လုံးသာဟု အရိုင်းကောင်က မှတ်ယူမည်သာ။

"အင်း... ဦးမင်းအောင်ရဲ့ခြံနဲ့တိုက်အိမ်ကြီးက တန်ဖိုးတော်တော်ကြီးမှာပဲ... ဦးမင်းအောင် ပင်စင်ယူပြီး မြို့ကို ပြန်လာတယ်လို့ ကြားတော့ ကြားတယ်... ဒါပေမဲ့ လူချင်းမအပ်စပ်တော့ ဦးမင်းအောင် ဒီမြို့ထဲ ဘယ်နေရာမှာနေ

www.burmeseclassic.com

www.burmeseclassic.com



မှန်းတောင် ကျုပ် မသိဘူး... အခုတောင် ဦးမင်းအောင် အိမ် ဘယ်မှာလဲလို့ ဟိုမေး ဒီမေး မေးပြီးလာခဲ့ရတာ"

"ဒါဆို... ကိုတေဇ ကျုပ်ဆီကို အခုတမင်လာတယ်ပေါ့... ဆိုပါဦး... တမင်လာရတဲ့ကိစ္စကို... "

"အင်း... ၁နေ့ကပေါ့ဗျာ... သူဌေးမကြီး သီသီဦးက ကျုပ်ကို လာခဲ့စမ်းလို့ ခေါ်တယ်... ကျုပ်က အမိန့်တော်အတိုင်း သွားဆီသွားရတာပေါ့... အဲဒီမှာ သူဌေးမကြီးက ကျုပ်သား ဧယျာဦးနဲ့ ဦးမင်းအောင်ရဲ့သမီး နွေးနွေး အောင်တို့ လူငယ်ဘာဝမေတ္တာရှိနေကြတယ်... သူဌေးမကြီးကိုယ်တိုင်က သဘောတူတယ်ဆိုတဲ့အကြောင်း ပြောတယ်... "

"ဒါဆို... ကိုတေဇရဲ့ဆန္ဒကကော... "

"ဗျာ... ကျုပ်ရဲ့ဆန္ဒ ဟုတ်လား... ဟဲ... ဟဲ... ကျုပ်ရဲ့ ဆန္ဒဆိုတာက ရယ်စရာကြီးပါ...ပြောရရင်တော့ သူဌေးမကြီးရဲ့ဆန္ဒဟာ ကျုပ်ဆန္ဒဖြစ်စေပေါ့ဗျာ... "

"ဒီလိုလည်း ဘယ်ဟုတ်မလဲ...ကိုတေဇက မောင်ဧယျာဦးရဲ့ ဖအေ မဟုတ်လား... "

"ဖအေ ဟုတ်လား... ဟဲ... ဟဲ... ဟဲ... ဟုတ်ပါတယ် ကျုပ်ဟာ ဧယျာဦးရဲ့ဖအေဆိုတာတော့ ဟုတ်ပါတယ် ဒါပေမဲ့ အဲဒါကို ကျုပ် သတိမေ့နေတယ်... အခု ဦးမင်းအောင်က ကျုပ်ဟာ ဧယျာဦးရဲ့ဖအေလို့ပြောမှ ဟုတ်



ပါလား... ကျုပ်ဟာ ဧယျာဦးရဲ့ဖအေပါလားလို့ သတိရတယ်... "

ဦးတေဇ ပြောသည်မှာ ခနီးခနဲ့ဖြစ်သော်လည်း သူ့ခံစားချက်အရ ဒီလိုပြောသည်ဟုသာ မှတ်ချက်ပြုလိုက်ရပါ၏။

"တကယ်တော့ ကျုပ်ဟာ ဧယျာဦးရဲ့ဖအေဆိုပေမဲ့ တစ်နေ့လုံးနေလို့ ကျုပ်သားနဲ့စကားတစ်ခွန်း မပြောမိဘူး... ကျုပ်သားကလည်း ကျုပ်ကို မျက်နှာချင်းမဆိုင်မိအောင် နေတယ်ထင်ပါရဲ့... ကျုပ်အိမ်မှာရှိနေရင် သူက အပြင်ထွက်သွားတယ်... ကျုပ်အပြင်ထွက်မှ သူက အိမ်ပြန်လာတယ်... အဲဒါ... ကျုပ်တို့သားအဖရဲ့ဆက်ဆံရေးလေ... ဟဲ... ဟဲ... ဘယ်လောက်ချောမွေ့သလဲ... ဧယျာဦးရဲ့ကောင်းကျိုးကိစ္စ... သာရေးနာရေးကိစ္စနဲ့ ကိုယ်ရေးကိုယ်တာကိစ္စအားလုံး ဆောင်ရွက်ပေးနေတာက သူဌေးမကြီးလေဗျာ... "

"ဒေါ်သီသီဦးက စေတနာမေတ္တာအရင်းခံနဲ့ကူညီနေတာ မဟုတ်လား ကိုတေဇ... "

"မှန်လိုက်လေဗျာ... ဒီလိုပဲဖြစ်တော့တာပေါ့... လောကကြီးမှာ အကူအညီပေးတဲ့နေရာမှာ အထိရောက်ဆုံးက ငွေအားနဲ့ ကူညီမှုပဲ မဟုတ်လား... ကျုပ်က ဧယျာဦးရဲ့ဖအေဆိုပေမဲ့ သူ့ဝေယျာဝစ္စတွေမှာ ငွေအားနဲ့ဘာတစ်ခု ဘယ်နေရာမှာမှ မကူညီနိုင်ဘူးလေ... ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း သူဌေးမကြီးက ကူညီနေတာကို လက်ပိုက်ကြည့်
နေလိုက်ရုံပေါ့။ ကျုပ်ရဲ့အရက်ကိုတောင် သူဌေးမကြီးက
စွန့်ကြဲပေးကမ်းနေတဲ့အခြေအနေပဲဟာ… ဒီတော့လည်း
သူဌေးမကြီးက ဆန္ဒပြုလာသမျှကို ကျုပ် ဗျာဒိတ်တော်
မြတ်အတိုင်းပါပဲလို့ပဲ… ဆန္ဒပေးရတာပေါ့ဗျာ… ကျု
အနေနဲ့ ကိုယ်ပိုင်ဆန္ဒရယ်လို့ ဘာတစ်ခွန်းပြောနိုင်တာ
မှတ်လို့… ”

ဦးမင်းအောင်သည် ဦးတေဇ၏ပြောစကားများကို
အလေးအနက်တွေးပါ၏။

“နေဦး ကိုတေဇ… အခု ခင်ဗျား ပြောပုံက မောင်ဦး
နွေးကိစ္စမှာ ဒေါ်သီသီဦးကို ခင်ဗျား မလွန်ဆန်နိုင်လို့
ဒေါ်သီသီဦးရဲ့ဆန္ဒအတိုင်း လုပ်ပါဆိုတဲ့သဘောသက်ဝ
နေတယ်… အဲဒါမျိုးကျတော့ ကျုပ်က သိပ်လက်မခံချင်
ဘူး… ကျုပ်သဘောထားက သားသမီးကိစ္စဆိုရင်… မိဘ
သာ အဓိကလို့ သဘောထားတယ်… ဒေါ်သီသီဦးက
ကျုပ်ကိုဖိတ်ခေါ်ပြီး မင်္ဂလာကိစ္စခွင့်တောင်းပေမဲ့… ကျု
က ခေါင်းညိတ်ခဲ့သေးတာ မဟုတ်ဘူး… ကိုတေဇ အနေနဲ့
ဆန္ဒမပါဘဲ ဒေါ်သီသီဦးကို မလွန်ဆန်နိုင်လို့ သဘောတူ
တာမျိုး ကျုပ်မလိုလားဘူး… ”

“မှားနေပြီ… ခင်ဗျား မှားနေပြီ ဦးမင်းအောင်… ကျုပ်
ရင်ထဲမှာ ဓေယျာဦးနဲ့ပတ်သက်ပြီး ဘယ်လိုဆန္ဒမျိုးမှ မ



ဘူး… နောက်ပြီး ဓေယျာဦးအနေနဲ့ ဦးမင်းအောင်ရဲ့သမီး
ကို ရယူနိုင်တာကိုပဲ… ကျုပ်က စမ်းမြောက်ဝမ်းသာနဲ့
သဘောတူသလိုပဲ… ကဲ… ကျုပ်ပြန်မယ်… အဲဒါကို
တမင်သက်သက်လာပြောတာပါ ဦးမင်းအောင်… ”

ပြောပြောဆိုဆို ကိုတေဇ ပြန်ထွက်သွားပါ၏။

ဦးမင်းအောင် စဉ်းစားရင်း ကျန်ခဲ့သည်။ တကယ်
ဆို ဦးတေဇသည် ဖအေ။ စီစီထွေးသည် အဒေါ်အရင်းခေါက်
ခေါက်။

သို့စဉ်ပါလျက် ကိုတေဇကရော အဒေါ်အရင်း
စီစီထွေးကရော ဓေယျာဦးအပေါ်တွင် အကောင်းမပြောရုံမက
အပုပ်ချစကားတွေပင် ပြောချင်ကြသည်။

ဘယ်ကြောင့်များပါလိမ့်။

ဒေါ်သီသီဦးက ဓေယျာဦးအပေါ် ထားရှိသော
စေတနာမေတ္တာနှင့် သူတို့နှစ်ဦး၏သဘောထားတို့သည် ကွာခြား
လွန်းလှပါတိတောင်း။

ဦးမင်းအောင် အစဉ်းစားလွန်နေစဉ်မှာပင် လင်း
ဦးကားကိုမောင်းပြီး သမီးနွေး ဈေးမှပြန်ရောက်လာသည်။

ကားကို ဂိုဒေါင်သွင်းပြီး နွေးသည် သူ့မ၏ဖေဖေ
ရှိရာသို့ အပြေးကလေးရောက်လာပါ၏။

“ဖေဖေ တစ်ယောက်တည်း ပျင်းနေပြီလားဟင်… နွေး
နည်းနည်းကြာသွားတယ်… ”

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနွေးသည် သူမ၏ဖခင်ကို ကယုကယ
ကိုင်ပြီး မေးလိုက်ပါ၏။

"ဟင်... ကြည့်စမ်း... ဖေဖေ အဖိုးတန်ဥပဒေစာအုပ်ကြီး
မြေကြီးပေါ်ချထားတယ်... "

ပြောပြောဆိုဆို နွေးသည် ဥပဒေစာအုပ်ကြီးကို
ကောက်ယူပြီး ခွေးခြေလေးတွင်ထိုင်ကာ စာအုပ်ကို သူမ၏ပေါင်
ပေါ်သို့ တင်ထားသည်။

"ခုန ကိုတေဇဆိုတဲ့ လူလာသွားတယ် သမီး... သူထိုင်
ဆိုပြီး စာအုပ်ကို အောက်ချပြီး ခုံပေါ်မှာ သူထိုင်လို့..."

နွေး မျက်မှောင်လေးကြုတ်လိုက်သည်။

"ဦးတေဇဆိုတာ... ကိုဦးရဲ့အဖေကို ပြောတာလား
ဖေဖေ... ဒီလူကြီးက အမြဲအရက်မူးနေတယ်ဆို..."

"အင်း... နားထောင် သမီး... ဖေဖေ သမီးကိုပြောစရာ
ရှိတယ်... သမီးက ခုန "ကိုဦး"အခေါ်အဝေါ်လေးခေါ်
လိုက်တော့ ဖေဖေက သမီးကို မေးစရာရှိလာတယ်...
မေးသင့်မေးထိုက်တဲ့အချိန်ရောက်လာပြီ...သမီးနဲ့ကိုတေဇ
ရဲ့သား မောင်ဇေယျာဦးတို့ မေတ္တာရှိနေကြတယ် မဟုတ်
လား... "

နွေးက မျက်လွှာအောက်ချပြီး ဖြေပါ၏။

"ကြာပါပြီ ဖေဖေ... ကိုဦး ရန်ကုန်တက္ကသိုလ်သွားတက်
နေတဲ့ ဒုတိယနှစ်လောက်ကတည်းက သမီးနဲ့ကိုဦးတို့



မေတ္တာမျှခဲ့ကြပါတယ်... ဖေဖေ့ကို ဖွင့်ပြောပြဖို့ သမီး
နှုတ်မရဲလို့ ဖေဖေ... နောက်ပြီး ကိုဦး ဘွဲ့ရပြီးတဲ့အထိ
စောင့်ကြမှာမို့လည်း ဖေဖေ့ကို မပြောသေးတာပါ... ဒါ
ပေမဲ့ ခုချိန်ထိ ကိုဦးနဲ့သမီး အနေအထိုင် အမှားအယွင်း
မရှိပါဘူး ဖေဖေ... ကိုဦးကိုယ်တိုင်ကလည်း အင်မတန်
သိက္ခာစောင့်ထိန်းပါတယ်... "

"ဖေဖေ အကဲခတ်မိကတည်းက မောင်ဦးကို ဖေဖေ အကဲ
ခတ်နေတာပါ... ကောင်လေးက မဆိုးပါဘူး... လူတော်
လူကောင်းတစ်ယောက်ကို ဖေဖေ အကဲခတ်မိပါတယ်...
နောက်ပြီး သူ့အဒေါ် ဒေါ်သီသီဦးဟာ အလွန်ပြည့်ဝတဲ့
အမျိုးသမီးတစ်ယောက်ပဲ... ဒေါ်သီသီဦးက မောင်ဦးရဲ့
တာဝန်အားလုံးယူထားတယ်... ဒါပေမဲ့ ဖေဖေ့စိတ်ထဲမှာ
နည်းနည်းပါးပါး ကသိကအောက်ဖြစ်တာလေးတွေ
ရှိသွားတယ်... "

မျက်လွှာပင့်ပြီး နွေးက ပြန်၍မေးသည်။

"ဘာကို ကသိကအောက်ဖြစ်တာလဲ ဖေဖေ... "

"အင်း... သမီးနဲ့ မောင်ဦး ကိစ္စမှာ ဒေါ်သီသီဦးသဘောလျှင်
အမိကဆိုတာတော့ မှန်တယ်... ဒေါ်သီသီဦးကလည်း
သမီးနဲ့ မောင်ဦးကိစ္စမှာ သိပ်လိုလိုလားလားရှိမှန်း ဖေဖေ
အတတ်သိတယ်... ဒါပေမဲ့ မောင်ဦးရဲ့အဖေ ကိုတေဇ
နဲ့ အဒေါ်အငယ် မစီစီတွေးတို့နှစ်ယောက်က သမီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မောင်ဦးကိုစွမှာ တစ်မျိုးကြီးပဲလို့ ဖေဖေ ထင်တယ်… သူတို့နှစ်ယောက်ပုံစံက မောင်ဦးနဲ့သမီး ဖြစ်မြောက်သွားမှာကို မလိုလားတဲ့ပုံစံမျိုး ဖြစ်နေသလားလို့… သူတို့ပြောပုံက ကိုဇော်ဇကတော့ သူ့သားကိုစွမှာ သူလုံးဝစိတ်မဝင်စားတဲ့သဘောမျိုး ပြောတယ်… အဲ… မစီစီတွေကတော့ မောင်ဦးလိုလူနဲ့ သမီးဖြစ်တာကို သမီးကိုပဲ နှမြောသလိုလိုမျိုး ပြောတယ်… မောင်ဦးဟာ စိတ်ပိုင်နိုင်ဦးနှောင်ပိုင်းချို့ယွင်းနေသလိုလိုပြောတယ်… အဓိကကတော့ နွေးကိုဖေယျာဦးလို လူနဲ့လက်ထပ်မပေးသင့်ဘူးလို့ ပြောချင်ကြတာလေ… နွေး နာသွားမယ်ဆိုတဲ့သဘောမျိုးပေါ့"

"အဲဒီတော့… ဖေဖေ့ဆန္ဒကကော ဖေဖေ…"

"ခက်တော့ ခက်သားပဲ သမီး… ဖေဖေက သမီးရှင်ဖြစ်နေတယ်လေ… ပတ်ဝန်းကျင်က သွားပုပ်လေလွင့်ပြောကြမှာကို တင်ကြိုစဉ်းစားသင့်တယ်… အဲ… သမီးနဲ့မောင်ဦးကိုစွမှာ ဖေယျာဦးရဲ့အဖေနဲ့ အဒေါ်အငယ်က သဘောမတူပါဘူး… ဦးမင်းအောင်ကြီးက ဒေါ်သိသိဦးကို စွတ်ကပ်ပြီး သူ့သမီးနဲ့ပေးစားလိုက်တာပါဆိုတာမျိုး အပြောခံရမှာ ဖေဖေ သိပ်ရှက်တယ်…"

နွေးနွေး တွေဝေငေးငိုင်သွားတော့သည်။

"ဖေဖေ ဆိုလိုချင်တာက ဖေဖေ့ရဲ့တကယ့်ဆန္ဒကတော့ မောင်ဦးလို လူချော်လူကောင်းလေးကို ဖေဖေ ငြင်းမှ



မရှိပါဘူး… ဒါပေမဲ့ ဘာမဟုတ်တဲ့ ကိုဇော်ဇလိုလူမျိုး… မစီစီတွေးလို လူမျိုးရဲ့စာံထွေးခွက်မှာတော့ ဖေဖေ မမျောချင်ဘူး သမီး…"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဧည့်ခန်းမှ တယ်လီဖုန်းသံထွက်ပေါ်နေသည်ကို

စာကြည့်ခန်းထဲရောက်နေသော ဦးမင်းအောင် ကြားနေရပါ၏

ခါတိုင်း တယ်လီဖုန်းလာလျှင် နွေးက ကိုင်ယူနား

ထောင်ပြီး ဦးမင်းအောင်ထံလာသော ဖုန်းဆိုလျှင် "ဖေဖေ

ဖုန်း"ဟု အော်သံလေးပြုကာ ခေါ်လေ့ရှိသည်။

တယ်လီဖုန်းသံ ဆက်ထွက်နေသည်။

ဒီကောင်မလေး ဘယ်သွားနေပါလိမ့်ဟု ရှေ့

ရင်း စာကြည့်ခန်းထဲမှ ဦးမင်းအောင် ထွက်လာခဲ့သည်။

"နွေးရေ.. သမီး... "



ဟု ခေါ်သော်လည်း နွေးပြန်ထူးသံ၊ ပြန်၍ အသံ ပြုသံမကြားရပေ။ တယ်လီဖုန်းကို ဦးမင်းအောင်ပင် ကောက်ယူ နားထောင်လိုက်ပြီး ဟဲလိုသံပြန်ပေးလိုက်သည်။

"ဦးမင်းအောင် လားဟင်... ကျွန်မ သီသီဦးပါ... အိမ်က ဆက်နေတာပါ... "

တစ်ဖက်မှပြောသော ဒေါ်သီသီဦး၏အသံကို ဦးမင်းအောင် မကျက်မိဖြစ်ရပါ၏။ ငိုသံကြီးနှင့် ပြောနေသော အသံ။ ကတုန်ကရင်သံကြီးနှင့် ပြောနေသောအသံမို့ ထိုအသံ သည် ဒေါ်သီသီဦး၏အသံဟု ဦးမင်းအောင် မကျက်မိခြင်းဖြစ် ပေလိမ့်မည်။

"ဟုတ်ပါတယ်... ကျုပ် မင်းအောင်ပါ... ဒေါ်သီသီဦး ဘာဖြစ်နေလဲဟင်... ပြောပုံကလည်း တစ်မျိုးကြီး...အသံ ကလည်း ငိုသံပါကြီးနဲ့မို့ ဒေါ်သီသီဦးရဲ့အသံကို ကျွန်တော် မကျက်မိဘူး... "

"ဦးမင်းအောင် အခုချက်ချင်း ကျွန်မအိမ်ကိုလာခဲ့ပါ... သိပ်ကို အရေးကြီးနေလို့ပါ... "

ပြောရင်း ငိုရှိုက်သံထွက်လာပါ၏။

"ဘာဖြစ်လဲ ဒေါ်သီသီဦး... ခင်ဗျား ငိုနေတာပဲ... "

"အို... ဘာဖြစ်နေတယ်ဆိုတာ ဖုန်းနဲ့ပြောလို့မဖြစ်လို့ပါ... ဦးမင်းအောင်သာ အမြန်ဆုံး ကျွန်မအိမ်ကို လာခဲ့ပါ... "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ… အခုချက်ချင်းလာခဲ့မယ်… "

အဝတ်အစားပင် မလဲတော့ဘဲ ဖိနပ်စီးပြီး ဦးမင်းအောင် သူ့ကားဂိုဒေါင်သို့ လာခဲ့သည်။

ကားဂိုဒေါင်ထဲတွင် လင်းရိုဗာကားရှိနေပါ၏။ ဦးမင်းအောင်သည် ကားဘောနက်ဖုံးကို လက်ဝါးအုပ်စမ်းကြည့်သည်။ အေးစက်နေပေသည်။

ဒါဆိုလျှင် ဒီကားကို နွေးသည် ဒီနေ့အဖို့ အသုံးမပြုသေး၊ စက်မနှိုးသေးဟု သိနိုင်သည်။

"ကားယူမသွားဘဲ ဒီကောင်မလေး ဘယ်သွားနေပါလိမ့်"ဟု ဦးမင်းအောင် တွေးရပြန်သည်။ ခါတိုင်းအပြင်သွားလျှင် နွေး ကားယူသွားလေ့ရှိသည်။

ယခု ကားလည်းရှိနေပါလျက် သမီးနွေး ဘယ်သွားနေသနည်း။

ဦးမင်းအောင်အဖို့ လောလောဆယ် ဒေါ်သီသီဦး အိမ်သွားရန် အရေးကြီးနေသဖြင့် သမီးနွေးကို ဆက်မစဉ်းစားတော့ဘဲ လင်းရိုဗာကားပေါ်တက်ကာ စက်နှိုးမောင်းထွက်လာခဲ့သည်။

တကယ်ပင် သမီးနွေး ဘယ်ထွက်သွားမှန်း မသိ အိမ်တွင် အမြဲအတူနေသော ဗာဟီရအတွက် ခေါ်ထားသည့် ဒေါ်ကြွေပင် မသိလိုက်။



အကြောင်းမှု နွေး ထွက်သွားသောနေရာမှာ ကိုဦးနှင့် နွေးသာသိသောနေရာဝှက်တစ်ခု ဖြစ်သောကြောင့်ပါပေ။

ပြီးခဲ့သော အပတ်၏နေ့တစ်နေ့က ဖေဖေဦးမင်းအောင်က နွေးအား ပြောခဲ့သည်။

ကိုဦး၏အဖေဦးတေဇနှင့် အဒေါ်ငယ်ဆုံး ဒေါ်စိစိထွေးက ကိုဦးနှင့် မိမိလက်ထပ်ပါက ဒေါ်သီသီဦးအား ဖေဖေဦးမင်းအောင်က ချဉ်းကပ်ပြီး တောင်းခံသောကြောင့် ဒေါ်သီသီဦးက လက်ထပ်ခွင့်ကို သဘောတူခဲ့သည်။

ဦးတေဇနှင့် ဒေါ်စိစိထွေးတို့အနေနှင့် ဒေါ်သီသီဦးကို မလွန်ဆန်နိုင်သောကြောင့်သာ လက်ပိုက်ကြည့်နေရသည်ဟု ပတ်ဝန်းကျင်ကို ဦးတေဇနှင့် စိစိထွေးက သွားပုပ်လေလွင့် ပြောပေမည်။

ထိုသို့ဆိုပါက ရှက်ဖွယ်လိလိဖြစ်သောကြောင့် အဖေဦးမင်းအောင်သည် သမီးနွေးနှင့် ကိုဦး လက်ထပ်ရေးကို အချိန်ယူစဉ်းစားမည်ဟု ဖေဖေက နွေးကို ပြောခဲ့သည်။

ဤသို့သော ဖေဖေ၏စကားကြောင့် နွေးသည် ကိုဦးအား ချိန်းဆိုနေကျ မြိုင်ကုန်းသစ်တောထဲသို့ လာရောက်တွေ့ဆုံရန် ချိန်းဆိုလိုက်သည်။

မြိုင်ကုန်းဆိုသည်မှာ မြို့၏တောင်ဘက်ပွန်းယွန်းအပ်မိုင်ခန့်အကွာ သစ်တောထူထပ်သောနေရာ ဖြစ်ပါ၏။

www.burmeseclassic.com



ထိုသစ်တောနေရာကို မြို့ကလူတွေက မြိုင်ကုန်း ဟု ခေါ်ကြသည်။

တစ်ချိန်က မြိုင်ကုန်းသစ်တောမှ သစ်များကို သက်ဆိုင်ရာသစ်တောဌာနက သစ်ခုတ်၊ သစ်လှဲ၊ သယ်ယူလုပ်ကိုင်ခဲ့သည်။ သစ်ခုတ်သမားများ အားလပ်ချိန်နားခိုရန် သစ်တဲတစ်ခုဆောက်လုပ်ထားသည်။ သက်ဆိုင်ရာမှလုပ်ငန်းပြီးစီးပြီး လုပ်ငန်းသိမ်းပြန်သွားကြသောအခါ ၎င်းသစ်တဲလေး ဒီအတိုင်း ကျန်နေခဲ့သည်။

၎င်းမြိုင်ကုန်းသစ်တဲလေးကို ဖေယျာဦးက တွေ့ထားပြီး နွေးနှင့်ချိန်းတွေ့ရန် ထိုသစ်တဲလေးကို သတ်မှတ်လိုက်ပြီး ရံဖန်ရံခါ နွေးနှင့်ကိုဦး ထိုသစ်တဲလေးတွင် ချိန်းတွေ့ကြပါ၏။

မြို့ကလူတွေသည် ထိုမြိုင်ကုန်းသစ်တောထဲသို့ အသွားအလာမရှိသလောက် ဖြစ်ပါ၏။

ဖေဖေဦးမင်းအောင်က သမီးနွေးကို ပြောပြီးနောက် နွေးနှင့် ကိုဦးသည် မြိုင်ကုန်းသစ်တဲတွင် ချိန်းဆိုတွေ့ပြီး ချစ်သူနှစ်ဦး တိုင်ပင်ကြသည်။

နှစ်ဦးတိုင်ပင်ကြရာတွင်...

အကယ်၍ ဒေါ်သီသီဦးနှင့် ဖေဖေဦးမင်းအောင်တို့ကသဘောတူပြီး လူငယ်နှစ်ဦးကို လက်ထပ်ပေးပါက ဦးတေဇနှင့် ဒေါ်စီစီထွေး နှစ်ဦး၏အပုပ်ချစကား၊ လူအများကို ပြော



မည်။

ဖေဖေဦးမင်းအောင်မှာ သမီးရှင်အနေနှင့်ဦးတေဇနှင့် ဒေါ်စီစီထွေး၏ ပြောစကား တံထွေးခွက်တွင် ပက်လက်မျောမည်။

ထို့ကြောင့်...

လူကြီးချင်း သဘောတူပေးစားသည်မျိုး မဟုတ်ဘဲ နွေးက ကိုဦးနောက်သို့ ခိုးရာလိုက်ပြေးလျှင် ဖေဖေနှင့် အန်တီဦး သဘောတူပေးစားခြင်း မဟုတ်သောကြောင့် ဖေဖေဦးမင်းအောင်တို့ ဦးတေဇနှင့်ဒေါ်စီစီထွေးက ဘာမျှအပုပ်ချစကားဆိုနိုင်မည် မဟုတ်။

လူကြီးတွေ သဘောတူပေးစားမှုတွင် လူကြီးတွေမှာ တာဝန်ရှိသည်။

သူတို့ဘာသာ ခိုးရာလိုက်ပြေးခြင်းသည် လူကြီးတွေတွင် တာဝန်မရှိ။ ဖေဖေ့အား မည်သူကမျှ အပုပ်ချစကားတွေ ဆိုစရာမရှိတော့ဟု နှစ်ဦးသား ဆုံးဖြတ်ချက်ချကြသည်။

ဒါကြောင့်လည်း ဤနေ့၊ ဤရက်၊ ဤအချိန်တွင် နွေးနှင့် ကိုဦး ဤမြိုင်ကုန်းသစ်တဲတွင် ပြန်ဆုံပြီး ခိုးရာလိုက်ရန် ချိန်းဆိုထားပြီး ဖြစ်သည့်အတိုင်း ဦးမင်းအောင်အလစ်တွင် နွေးသည် အိမ်မှထွက်ပြေးလာခဲ့ခြင်း ဖြစ်တော့သည်။

သူတို့ချစ်သူနှစ်ဦးသည် ဘေးပယောဂဝင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အကွဲမခံနိုင်အောင် ချစ်နေကြပေပြီကိုး...

ထို့ကြောင့်လည်း ဦးမင်းအောင်မှာ ဒီကောင်မလေး ဘယ်သွားပါလိမ့်ဟု ခေါင်းမရခြင်း ဖြစ်တော့သည်။

ထိုအချိန်မှာပင်...

ဒိုသပါကြီးနှင့် ဒေါ်သီသီဦးက တယ်လီဖုန်း ဆက်ခေါ်ခြင်းကြောင့် ဦးမင်းအောင်သည် သူ၏လင်ရိုဗာကားဖြင့် ဒေါ်သီသီဦး၏ကုန်းမြင့်သာယာခြံနှင့် တိုက်အိမ်သို့ ရောက်ရှိလာပေပြီ။



## အခန်း (၇)

ခြံတံခါးလည်း ပွင့်နေသည်။

တိုက်အိမ်ရှေ့တွင်လည်း... ဦးမင်းအောင်ထက် ...ရင်စောပြီး မော်တော်ကား (၂)စီး ရောက်နေသည်ကို ဦးမင်းအောင် တွေ့ရသည်။

ပါပလစ်ကာကားအဖြူလေးမှာ ဓေယျာဦး စီးနေ...ကားလေး ဖြစ်ပြီ၏။ ဒေါ်သီသီဦးက သူ့တူတော်မောင်ကို စီး...ပေးထားသော ကားပေ။

နောက်တစ်စီးမှာ "ဇ"အက္ခရာဖြင့် မာဇဒါဖမ်မလီ... ...တံခါးနှစ်ပေါက်ပင်ကား ဖြစ်ပါ၏။ ထိုဖင်မလီယာကားမှာ ...ကံဇင်နှင့် ဒေါ်စီစီထွေး၏ ကားဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဖင်မလီယာကားဘေးတွင် ကိုသက်ဇင်သည် မတ်တတ်ရပ်ရင်း ခြံထဲဝင်လာသော ဦးမင်းအောင်၏လင်ရိဗာကားကို လှမ်းကြည့်နေသည်။

ပုံသဏ္ဌာန်မှာ ဦးသက်ဇင်လည်း ယခုမှရောက်လာပြီး အိမ်ထဲသို့ ဦးသက်ဇင် မဝင်ရသေးမီ ဦးမင်းအောင်၏ လင်ရိဗာလာနေမှန်း မြင်သဖြင့် ရပ်စောင့်နေသည့်သဘောရှိပါ၏။

ဒေယျာဦး၏ပါပလစ်ကာကားဘေးမှာပင် ဦးသက်ဇင်က သူ့ဖင်မလီယာကားကို ရပ်ထားသဖြင့် ဦးမင်းအောင်ကလည်း ဦးသက်ဇင်၏ကားပြာဘေးမှာပင် လင်ရိဗာကို ရပ်လိုက်သည်။

ဒေယျာဦးကိုတော့ မတွေ့ရပေ။ ဒေယျာဦးက ပိုမိုစောစီးစွာရောက်လာပြီး အိမ်ထဲသို့ ဝင်သွားသည် ဖြစ်မည်။

"ကျုပ်ကို ဒေါ်သီသီဦးက ဖုန်းဆက်ပြီး အရေးတကြီးလာခဲ့ပါလို့ ခေါ်လို့… ကျုပ် အပြေးရောက်လာတာပဲ ကိုသက်ဇင်… "

"ကျွန်တော့်ကိုလည်း ဖုန်းဆက်ခေါ်လို့ လာခဲ့တာပဲ ဦးမင်းအောင်… စီစီထွေးတောင် ပါမလာဘူး… ဘာလို့ အဲဒီလို ဖုန်းနဲ့လိုက်ခေါ်တာလဲ ဦးမင်းအောင်… "

"ပြောတတ်ဖူးလေဗျာ… ဒေါ်သီသီဦးကို ကျုပ်က ဘာဖြစ်လို့လဲလို့ မေးပါသေးတယ်… ဒေါ်သီသီဦးက ဖုန်းနဲ့ ပြောလို့ မကောင်းဘူး… ခုချက်ချင်း အမြန်သူ့အိမ်လာပါလို့ ပြောတာပဲ… "



"ဒါဆို အပေါ်တက်ကြည့်ကြဆို့ ဦးမင်းအောင်… ကျွန်တော်လည်း ဦးမင်းအောင်နဲ့ ရှေ့ဆင့်နောက်ဆင့်ရောက်တာ… အပေါ်မတက်ရသေးဘူး… "

ဦးသက်ဇင်နှင့် ဦးမင်းအောင် တိုက်အိမ်ဘက်သို့ လာခဲ့ကြသည်။

အိမ်ထဲဝင်သောတံခါးပေါက်မှာ အားလုံးပွင့်လျက်သားပင် ရှိနေပါ၏။

ပွင့်နေသော တံခါးမှဝင်လိုက်ကြသည်။

"ဟိုက်… "

ဧည့်ခန်းထဲဝယ် လုံးဝမျှော်လင့်မထားသော အနီရောင်မြင်ကွင်းကို မြင်လိုက်ရသဖြင့် ဟိုက်ခနဲ အံ့သြကြီးစွာ အာမေဋိတ်သ ပြုမိတော့သည်။

ဒေါ်သီသီဦးသည် ဧည့်ခန်းထဲဝယ် ပက်လက်ကြီးလဲကျနေသည်။ သူမ လဲကျရာဦးခေါင်းဘက်တွင် မွေးပွကော်ဇောကြီးပေါ်၌ အနီရောင်သွေးကွက်ကြီးစွန်းထင်းနေသည်ကိုလည်း တွေ့ရသည်။

ဧည့်ခန်းစားပွဲကြီး၏ ထောင့်တစ်ဖက်တွင်လည်း အနီရောင်သွေးပေကျံနေသည်ကိုပါ တွေ့ရသည်။

ဤမှာတွင် အတွေ့အကြုံနည်းသော ဦးသက်ဇင်

www.burmeseclassic.com

www.burmeseclassic.com



မှာ ငေးကြည့်ပြီး ကြောင်အမ်းအမ်းကြီးနေရာမှာပင် မတ်တတ်ရပ်နေသည်။

ယင်းသို့သော အတွေ့အကြုံများစွာ ရှိခဲ့သော ခိုင်ရဲဝန့်ဟောင်း ဦးမင်းအောင်ကတော့ ကြောင်အမ်းအမ်းမဖြစ်တော့ဘဲ ဒေါ်သီသီဦး လဲကျနေရာသို့ လွှားခနဲရောက်သွားသည်။ ဒေါ်သီးသီးဦး ဘေးတွင် ဒူးထောက်ထိုင်ချကာ ဒေါ်သီသီဦး၏ လက်တစ်ဖက်မှ လက်ကောက်ဝတ်သွေးကြောမှာ တုတ်တုတ်မှ မလှုပ်တော့ပြီ။

ဒေါ်သီသီဦး၏ လက်ဝဲရင်အုံ နှလုံးသားရှိရာသို့ ဦးမင်းအောင် နားကပ်ပြီး ထောင်ကြည့်သည်။

နှလုံးခုန်သံ လုံးဝဆိတ်သုန်းသွားပြီကိုလည်း တွေ့ရှိရသည်။

ဒေါ်သီသီဦး အသက်မရှိတော့ပြီ။

ဒေါ်သီသီဦး သေသွားလေပြီ။

အကြောင်းတစ်ခုခုကြောင့် ဒေါ်သီသီဦးသည် ထိုင်နေရာ၌ အရှိန်နှင့်လဲကျပြီး ဧည့်ခန်းရှိ စားပွဲကြီး၏ တစ်ဖက်ထောင့်စွန်းဖြင့် နောက်စေ့အုပ်ဆက်ရိုက်မိပြီး အုပ်ဆက်ကွဲသည့်ဒဏ်ရာဖြင့် သေဆုံးရခြင်းဟု အကြမ်းဖျဉ်းအားဖြင့် ဦးမင်းအောင် ကောက်ချက်ချလိုက်တော့သည်။

"အသက်မရှိတော့ဘူး ကိုသက်ဇင်... ဒေါ်သီသီဦး သေရှာပြီဗျာ..."



ဦးမင်းအောင် ထိုင်ရာမှထရင်း ဦးသက်ဇင်အား ပြောလိုက်သည်။

ဦးသက်ဇင်သည် ပြောစကားကိုကြားရပြီး ဆိုဖာပေါ်သို့ ပစ်ထိုင်ချလိုက်ပေသည်။

"သွေးထွက်သံယို ဒဏ်ရာနဲ့ သေဆုံးတာဆိုတော့... ပထမဆုံး ရဲကိုအကြောင်းကြားရမှာပဲ ကိုသက်ဇင်..."

ပြောပြောဆိုဆို ဦးမင်းအောင်သည် တယ်လီဖုန်းရှိရာသို့ လျှောက်သွားစဉ် ကြိုးကွေ့(စ်)နောက်၌ အလှတံဆိပ်ဆင်ထားသော ခန်းဆီးစ လှုပ်ခါသွားသည်ကို သတိထားမြင်တွေ့လိုက်သဖြင့် ခန်းဆီးစကို သွက်လက်စွာ ဆွဲဖယ် ဆွဲမလိုက်သည်။

"ဟင်... ဖေယျာဦး..."

ခန်းဆီးနောက်ကွယ်တွင် ဖေယျာဦးကို တွေ့ရသည်။ ခန်းဆီးကွယ်က ပုန်းကွယ်နေခြင်း ဖြစ်ပါ၏။

ခန်းဆီးစဖယ်လိုက်သဖြင့် ဘွားခနဲ မြင်ရသော ဖေယျာဦးသည် တစ်မဟုတ်ချင်း ပြေးထွက်ခါ ဧည့်ခန်းထွက်ပေါက်မှ ပြေးထွက်ရန် ခြေလှမ်းလိုက်သည်။

"ဟေ့... ဖေယျာဦး... အဲဒါ ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲဟင်..."

ဦးမင်းအောင် မေးသည်ကို မဖြေဘဲ ဦးမင်းအောင်အားမှကပ်ပြီး အပေါက်ဝသို့ ထွက်ပြေးသွားတော့သည်။

ဖေယျာဦး၏လှုပ်ရှားမှုမှာ သွက်လက်လှန်းပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ လှည်းခံနဲ့ရောက်သွားကာ သူ့ပါပလစ်ကာကားပေါ်တက်ပြီး စက်နှိုးမောင်းထွက်သွားပေတော့သည်။

ဦးသက်ဇင်က နောက်မှပြေးလိုက်သည်။ သူ့ ဖင်မလီယာကားပေါ်တက်ပြီး စက်နှိုးကာ ဖြေးဖြေးနောက်သို့ လိုက်ပေတော့သည်။

ဧည့်ခန်းထဲဝယ် ဒေါ်သီသီဦးအလောင်းနှင့် ဦးမင်းအောင်သာ ကျန်ခဲ့သည်။

ဦးမင်းအောင် တယ်လီဖုန်းကောက်ကိုင်ကာ ရဲစခန်းသို့ဆက်လိုက်လေတော့သည်။

ရဲစခန်းသို့ အကြောင်းကြားပြီးနောက် ဦးမင်းအောင်သည် ဒေါ်သီသီဦး၏အလောင်းကို မကြည့်ရက်သဖြင့် တံခါးပေါက်ဆီထွက်လာပြီး အပေါ်ဆုံးလှေကားထစ်တွင်ထိုင်ရင်း ရဲအလာကို စောင့်ပေတော့သည်။

ထိုစဉ်မှာပင် စီစီထွေး ခြံထဲသို့ဝင်ရောက်လာသည်ကို တွေ့ရသည်။

ဦးမင်းအောင် ငုတ်တုတ်ထိုင်နေရာသို့ စီစီထွေး ရောက်လာပါ၏။

"ဘာဖြစ်လို့လဲ ဦးမင်းအောင်... မမဦး ကိုသက်ဇင်ကို ဖုန်းဆက်ပြီး ချက်ချင်းလာခဲ့ပါဆိုလို့ ကျွန်မပြန်လာတဲ့အခါ တောင် ကိုသက်ဇင်က မစောင့်ဘဲ... အိမ်ကကားနဲ့မော ထွက်သွားတယ်လို့ အိမ်ကခိုင်းတဲ့ကောင်မလေး မီစမ်း



ပြောတယ်... ဒါကြောင့် ကျွန်မ အငှားကားနဲ့လိုက်လာတာ... မမဦး ဘာဖြစ်လို့လဲဟင်... "

ပြောပြောဆိုဆို စီစီထွေးက အိမ်ထဲဝင်ရန် လှေကားတက်သည်။

"မဝင်နဲ့... မဝင်နဲ့... အိမ်ထဲဝင်ရင် မစီစီထွေး ထိတ်လန့်သွားမယ်... "

တားမရချေ။ ခွတ်ဝင်သွားပါ၏။ ထိုစဉ်မှာပင် ရဲကားအပြာကြီး ခြံထဲသို့ မောင်းဝင်လာသည်ကို ဦးမင်းအောင် တွေ့ရပါ၏။

"အမယ်လေး... မမဦးရဲ့... အဖြစ်ဆိုးလှချည်လား... "

ဒေါ်စီစီထွေး၏ အော်ဟစ်ငိုသံထွက်ပေါ်လာစဉ်မှာပင် ရဲကားလည်း အိမ်ရှေ့ပေါ်တီကိုအောက်၌ ရပ်လိုက်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

စခန်းမှူးရဲအုပ် ကိုသူရသည် ခရိုင်းရဲဝန်ဟောင်း ဦးမင်းအောင်အား အငြိမ်းစားဖြစ်နေစေကာမူ အသက်ဝါအရရော ရာထူးဝါအရရော လေးလေးစားစားဆက်ဆံပါ၏။

ထုံးစံအတိုင်း ရဲအဖွဲ့သည် ဒေါ်သီသီဦး၏အလောင်း ပုံစံကို မြေဖြူဆွဲပြီးနောက် အလောင်းကို ဆေးရုံသို့ပို့ပါ၏။

စီစီထွေးမှာ ငိုရလွန်းသဖြင့် မောပန်းပြီး ဆိုဖာပေါ်တွင် ခွေခွေလေးဖြစ်နေသည်။

ထိုစဉ်မှာပင် ဦးသက်ဇင် ပြန်ရောက်လာပေသည်။

"မသိဘူးဗျာ… သူ့ကားက ပါပလစ်ကာကားလည်း ဖြစ်တယ်… မောင်ဦးက ကားမောင်းလည်း သိပ်တော်တယ်… ကျုပ်ကားက… ဝမ်တီးဝမ်တီးက ဖင်မလီယာကား ဟောင်း… ကျုပ်ကလည်း သက်ကြီးရွယ်ကြီးဆိုတော့ မောင်ဦးရဲ့ကားကို ဖင်ဖျားတောင်လိုက်မမီတော့ဘူး…"



ရဲအုပ်ကိုသူရက တစ်ဦးချင်း စစ်ချက်နှင့်ထွက်ဆို …က်များ ယူသည်။

ဦးမင်းအောင်နှင့် ဦးသက်ဇင်၏ထွက်ဆိုချက်တို့ …ည် ကိုက်ညီနေပါ၏။

ဘဏ္ဍာစိုး ဒေါ်ကြာဖံနှင့် အိမ်ဖော်မလေး မအေး …အား ရဲကြပ်ကြီးက တခြားနေရာတွင် ခေါ်ယူပြီး စစ်ဆေး … ထွက်ဆိုချင် ယူသည်။

ဒေါ်ကြာဖံ၏ထွက်ဆိုချက်မှာ ဒေါ်သီသီဦးသည် …နေပိုင်း ဒေါ်ကြာဖံ အလုပ်သိမ်းပြီး အိမ်ပြန်ချိန်တွင် သူမ၏ …ခန်းထဲ၌သာ နေပြီး အပြင်ထွက်မလာဟု ထွက်ဆိုသည်။

အိမ်ဖော်မအေးပိုကတော့ ဘာမှ မယ်မယ်ရရ …က်ဆိုနိုင်ပေ။ သူမက မီးဖိုထဲ၌သာ နေသူမို့ ဘာမှမသိပါဟု …ဆိုသည်။

ဒေါ်စီစီထွေးကို စစ်ဆေးပြန်သည်။

ဒေါ်စီစီထွေးအနေနှင့်လည်း ဘာမျှမပြောနိုင်ခြင်း … သူမရောက်လာချိန်တွင် ဒေါ်သီသီဦး သေဆုံးနေသည့် …ာင်းကိုသာ တွေ့ရကြောင်း ထွက်ဆိုသည်။

အားလုံးအား စစ်ဆေးချက်နှင့် ထွက်ဆိုချက်ရယူ

www.burmeseclassic.com



ပြီးစီးသွားသည်။

အားလုံးရှေ့မှာပင် အမှုလိုက်ရဲအုပ် ကိုသူရက ပြောပါ၏။

"အဒေါ်အရင်း ဒေါ်သီသီဦးက သေကျန်ခဲ့ပြီး… တူအရင်း ဇေယျာဦးက ထွက်ပြေးသွားတာကို ဆရာဦးမင်းအောင်နဲ့ ဦးသက်ဇင်က မျက်မြင်ကိုယ်တွေ့ဖြစ်တယ်ဆိုတော့… ဒေါ်သီသီဦး သေဆုံးရတာဟာ ဇေယျာဦးရဲ့ ပယောဂလို့ မှတ်ယူမယ်ဆိုပါတော့… ဒါဆိုရင် တူအရင်း ဇေယျာဦးဟာ အဒေါ်အရင်း ဒေါ်သီသီဦးကို ဘာဖြစ်လို့သတ်တယ်ဆိုတာ… "

ကိုသူရ၏စကားမဆုံးမီ ခရိုင်ရဲဝန်အငြိမ်စားက ကြားဖြတ်ပြီး သတိပေးစကား ပြောလိုက်သည်။

"တစ်ဆိတ်ကွယ်… ကြားဖြတ်ပြီးပြောတယ်တော့ မောင်သူရ မထင်ပါနဲ့… အခုလက်ငင်းအခြေအနေအရ ဒေါ်သီသီဦးကို မောင်ဇေယျာဦးက သတ်တယ်ဆိုတဲ့စကားပြောဖို့ အချိန်စောလွန်းနေသေးတယ်လို့… အန်ကယ် ထင်လို့ပါ… "

ရဲအုပ်ကိုသူရက လေးစားစွာ နားစွင့်ထားပါ၏ ဦးမင်းအောင်က ဆက်၍ပြောသည်။

"ဒေါ်သီသီဦး သေဆုံးပုံဟာ ညှော်ခန်းစားပွဲရဲ့ထောင့်အစွန်းနဲ့ ဦးခေါင်းနောက်ပိုင်းအုပ်ဆက်ရိုက်မိပြီး သေဆုံးတယ်



ဆိုတဲ့… အထောက်အထား တွေ့နေရတယ်… ရိုက်မိတဲ့ စားပွဲထောင့်စွန်း သွေးတွေပေကျံနေရုံမကဘူး… ဆံပင် တချို့တောင် သွေးနဲ့အတူ တွေ့ရတယ်… သက်ဆိုင်ရာ ဆရာဝန်နဲ့ ဓာတုဗေဒက ကော်ဇောပေါ်ကသွေးနဲ့ စားပွဲ စွန်းကသွေးနှစ်ခုကို စစ်ဆေးကြည့်ရဦးမှာပါ… ပြီး… ဒေါ် သီသီဦး အုပ်ဆက်ကွဲတဲ့ဒဏ်ရာကိုလည်း စစ်ဆေးရဦး မှာ… အဲဒါတွေ စစ်ဆေးပြီးလို့ ဆေးစာမှတ်ချက်ကျလာ ပြီးမှ ဒါဟာ လူသတ်မှုလား… လူသေမှုလား… ပုဒ်မတပ် ရမဲ့အဘောရှိနေသလားလို့ပါ မောင်သူရ… "

"အား… ဟုတ်ပါတယ်… အန်ကယ်ပြောတဲ့အတိုင်း လုပ်ဆောင်ချက်တွေ လုပ်ဆောင်ရဦးမှာပါ… အခုလို ကျွန်တော့်ကို သတိပေးတာ သိပ်ကျေးဇူးတင်ပါတယ် ဆရာ… ကျွန်တော် ရှေ့လောကြီးပြီးပြောမိတာကို သင်ခန်းစာယူပါတယ်… ဒီလိုလောကြီးပြီးပြောမိတာဟာ သေဆုံးသူ ဒေါ်သီသီဦးနဲ့ ထွက်ပြေးသူ ဇေယျာဦးကြားမှာ ဘယ်လို မိုးတစ်(ဗ်)ရှိသလဲဆိုတာ စုံစမ်းချင်တဲ့ဆန္ဒနဲ့ ဆန္ဒစောပြီး ပြောလိုက်မိတာပါ ဆရာ… "

မိုးတစ်(ဗ်)ဆိုသည့်စကားသည် သေသူနှင့်သတ်သူတွင် ရှေးသူအပေါ်၌ သတ်သူက သေအောင်သတ်ချင်သော အကြောင်းချင်းရာကို မိုးတစ်(ဗ်)ဟု ယေဘုယျအားဖြင့် နားလည်ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စီစီထွေးသည် (၁၀)တန်းအထိ သင်ခဲ့ဖူးသော ကြောင့် ကိုသူရက မိုးတိစ်(မ်)ဟု ပြောသောစကားကို နားလည် သင့်သလောက်နားလည်ပေသည်။

"ကျွန်မ အကြံပေးချင်တာကတော့ မမဦးရဲ့ အိပ်ခန်းမှာဝင်ပြီး စစ်ဆေးသင့်တယ် ထင်တယ်... မမဦးက ငွေတွေကို ဘဏ်မှာထားပေမဲ့... ထသွားထလာနဲ့ ပွဲနေပွဲထိုင်တွေမှာ ဝတ်ဆင်တဲ့အဖိုးတန်လက်ဝတ်လက်စားတွေကို သူ့ အဝတ်ဗီရိုထဲမှာ ထားလေ့ရှိတယ်... စိန်ရော... တခြား ရတနာတွေရော... တစ်ဆင်စာတွေမှ အများကြီးပဲ... အခု ကာလပေါက်ဈေးနဲ့ဆိုရင် သိန်းတစ်ရာဖိုးလောက်တောင် ရှိမလားပဲ..."

"အဲဒါ ဒေါ်သီသီဦးရဲ့ လက်ဝတ်ရတနာတွေနဲ့ ဖေယျာဦး ဟာ ပတ်သက်စရာရှိတယ် ထင်လို့လား ဒေါ်စီစီထွေး"

ဟု ရဲအုပ်ကိုသူရက ပြန်မေးလိုက်ပေသည်။

စီစီထွေး၏ယောက်ျား ဦးသက်ဇင်ကလည်း သူ့ ဇနီး စီစီထွေးကို ဝင်ပြောလိုက်သည်။

"မင်း အရမ်းစွတ်ပြောမနေနဲ့ စီစီ... စကားနောက် တရား ပါသွားမယ်... မင်း အခုပြောနေတာ သက်ဆိုင်ရာရဲ့အရာရှိရှေ့မှာ ပြောနေတာ... စကားကို စွတ်ခနဲ အရမ်းမပြောနဲ့ စီစီ..."

"အို... ဘယ်သူ့ရှေ့မှာပဲဖြစ်ဖြစ်... မမဦး ပိုးစိုးပက်စက် ဖြစ်သွားတော့ ပြောမှာပဲ... မမဦးဟာ ကျွန်မရဲ့ အစ်မရင်း ခေါက်ခေါက်ပါ... တစ်မအေရဲ့ဗိုက်ထဲက ရှေ့ဆင့်နောက် ဆင့် ထွက်လာတဲ့ညီအစ်မအရင်းပါ... ဖေယျာဦးဆိုတာ က မမလက်ရဲ့သား... ညီမက မွေးလို့ မမဦးနဲ့တူတော် တာပါ... ရက်စက်စရာရှိရင် ဖေယျာဦးက ရက်စက်မှာ ပေါ့... ဖေယျာဦးရဲ့စိတ်ဓာတ်ကလည်း မူမှန်စိတ်ဓာတ်မျိုး မှ မဟုတ်တာ... ပြီးတော့... ဖေယျာဦးက မိန်းမလိုချင် နေတယ်လေ...မမဦးကို သူ့မှာချစ်သူရှိနေပြီဆိုတဲ့အကြောင်း ဖွင့်ပြောနေသံ ကျွန်မ ကြားတယ်... ဖေယျာဦးရဲ့ ချစ်သူ ဟာ တခြားသူမဟုတ်ဘူး... ဟောဒီ ဦးမင်းအောင်ရဲ့သမီး ချော နွေးနွေးအောင်ပဲ... ဖေယျာဦးက သိပ်လက်ထပ်ချင် နေပြီလေ..."

ကိုသူရက အားနာသောအကြည့်ဖြင့် ဦးမင်းအောင် လှမ်းကြည့်သည်။

"စီစီ... မင်း စကားတွေက ဦးမင်းအောင်ကို သိပ်အားနာ စရာကောင်းနေပြီနော်..."

"ဘယ်သူ့ကိုမှ အားနာမနေနိုင်ဘူးတော်ရေ... ဒီမှာက အစ်မ တစ်ယောက်လုံး ပိုးစိုးပက်စက်ဖြစ်သွားတာ... မမဦးဟာ မနေ့ခင်က ဦးမင်းအောင်ကို အိမ်မှာဖိတ်ခေါ် ပြီး သူတို့ရဲ့ ဆန္ဒအတိုင်း လူငယ်နှစ်ယောက်ကို လက်ထပ် ပေးဖို့ ပြောတယ်... ဦးမင်းအောင်က အင်တင်တင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ထပ်ပေးဖို့ အချိန်ဆွဲစကားပြောတယ်... ဒါကို ဇေယျာဦး သိမှာပေါ့... ဒီတော့ တခြားနည်းနဲ့ ငွေငွေ အောင်ကို ရယူဖို့ ဇေယျာဦး ကြိုးစားရမှာပဲ... မိန်းမယူ ဆိုတာက အိမ်တစ်ဆောင် မီးတပြောင်နေနိုင်ဖို့ ငွေရေ စမြဲမဟုတ်လား... မမဦးက ဇေယျာဦးကို ကြည့်ရှုထောက် ပံ့တယ်ဆိုပေမဲ့... လိုအပ်တဲ့နေရာမှာ လိုအပ်သလို ငွေ အကုန်ခံပြီး လုပ်ပေးတာ... ငွေတွေ သိန်းနဲ့ချီပြီး အလုံး လိုက် အရင်းလိုက် ပေးတာမျိုးမဟုတ်ဘူး... ဒီတော့ မိန်းမယူချင်တဲ့ ဇေယျာဦးဟာ... မမဦးဆီက ငွေတွေ တောင်းမယ်... မမဦးက သူတောင်းသလောက်ငွေတွေ မပေးလို့ မချေမငံဖြစ်မယ်... ဒီမှာတင် ဇေယျာဦး အော ကပ်ပြီး မမဦးကိုခြေလွန်လက်လွန်လုပ်သွားတာဖြစ်မှာ— ဒီကောင်လေး စိတ်ကိုက မှုမှန်တာမှ မဟုတ်တာ— နောက်ဆုံးကြည့်ပါလား... ကျောင်းပြီးသွားလို့ ဒီအခု မှာ... "

"ဟာ... ဒီမိန်းမတော့ ခက်နေပြီ... "

ဟု ပြောရင်း ဦးသက်ဇင်က စီစီထွေး၏ပါးစပ်ကို လက်ဝါးနှင့်ပိတ်ပြီး ငေါက်ငန်းလိုက်ပါ၏။

"ဒီမယ် စီစီထွေး... အခုဖြစ်နေတဲ့ကိစ္စကိုပဲ မင်း ရှင်ထဲ ရှိတာတွေ ပြောချင်ပြော... တခြား ဘာဘာညာညာအပ တွေထည့်မပြောနဲ့... မင်း ထပ်ပြောရင်တော့ အိမ်ကို ပါ



ဖွတ်ခေါ်သွားပြီး အိမ်ကျမှ မင်းကို တီးပစ်မယ် သိလား"

ဦးသက်ဇင် တကယ်ဒေါသနှင့် မျက်နှာထားနှင့် ပြောလာသည့်အခါမှာတော့ ဒေါ်စီစီထွေး ကြောက်ပုံရပါ၏။ နောက်ထပ် ဆက်၍မပြောတော့။

မည်သို့ဖြစ်စေ စီစီထွေးပြောသောစကားတွေမှာ ဒေါ်သီသီဦး သေဆုံးရာ၌ ဇေယျာဦးအပေါ်တွင် မိုးတစ်(ဗ်)ဖြစ် နိုင်နေသည်ကိုတော့ ရဲအရာရှိ ကိုသူရက လက်ခံရပေပြီ။

ဒါကို ဦးမင်းအောင် ရိပ်မိပေသည်။

"မောင်သူရ... တာဝန်အရ ဆက်လုပ်စရာရှိတာတွေ ဆက်လုပ်ပါ... တာဝန်ထမ်းဆောင်တဲ့နေရာမှာ ဘယ်သူ့ မျက်နှာကိုမှ ငဲ့ကွက်ထောက်ထားစရာ မလိုဘူး... အေး... အမှုဟာ အမှန်ဖြစ်လာဖို့တော့ သိပ်အရေးကြီးတယ်... "

"ဒါဆိုရင် ဒေါ်သီသီဦးရဲ့အိပ်ခန်းကို ကျွန်တော် တာဝန် အရ စစ်ဆေးမယ် ဆရာ... "

ဒေါ်သီသီဦး အိပ်ခန်းထဲသို့ အားလုံးဝင်ရောက်ခဲ့ ကြသည်။

သိပ်ချမ်းသာကြွယ်ဝသော အပျိုကြီး၏အိပ်ခန်းမို့ ထည်ဝါလှသည်မှာ မဆန်းပေ။

စီစီထွေးကပင် ဒေါ်သီသီဦး သိန်းတစ်ရာကျော်တန် လက်ဝတ်လက်စားများ ထည့်သော ပန္နည်းသေတ္တာလေးထားရှိ သည့် အဝတ်ဗီရိုကို ညွှန်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အများရှေ့မှာပင် ညွှန်ပြသော အဝတ်ဗီရိုကိုဖွင့်ကြည့်ကြသည်။ ရှာဖွေစစ်ဆေးသည်။

အဖိုးတန်အဝတ်အစားများကို စီစီရီရီတွေ့သော်လည်း စီစီထွေး ပြောသည့် လက်ဝတ်ရတနာပစ္စည်းသေတ္တာမှု ရှာမတွေ့ပါလေ။

ဗီရိုတွင် အနံ့အပြားရှာသည်။ မတွေ့။

မှန်တင်ခုံအံဆွဲတွေ ဖွင့်ကြည့်သည်။ မတွေ့။

စာရေးစားပွဲ အံဆွဲတွေ ဖွင့်ရှာသည်။ မတွေ့။

"ကဲ... မြင်ကြပြီ မဟုတ်လား... ကျွန်မ ပြောရင် လွဲခဲ့တယ်... ဖေယျာဦး ယွန်းသေတ္တာယူသွားပြီပေါ့..."

ဦးမင်းအောင် သေချာပြန်စဉ်းစားကြည့်သည်။ ဖေယျာဦး ထွက်ပြေးစဉ်က သူ့လက်ထဲတွင် ဘာပစ္စည်းတစ်ခုမှ ကိုင်တွယ်ထားခြင်း မရှိသည်ကို ဦးမင်းအောင် ကောင်းကောင်းကြီးသတိထားမိသည်။

အဲ... ဘောင်းဘီအိတ်ထဲ။ အကျီအိတ်ထဲ ထည့်သွားလျှင်တော့ မပြောတတ်ပေ။

"ယွန်းသေတ္တာအရွယ်အစားက ဘယ်လောက်ကြီးသလဲ... အလျား၊ အနံ၊ အမြင့် ဘယ်လောက်ရှိမလဲ မစီစီထွေး"

"အဲဒီလို အလျား၊ အနံ၊ အမြင့်တွေတော့ ကျွန်မ မပြောတတ်ဘူး... တချို့အိမ်တွေမှာ ဆေးပေါ့လိပ်ထည့်ပြီး ဧည့်ခန်းမှာထားတတ်တဲ့ ယွန်းသေတ္တာမျိုးပဲ..."



ဒီလောက်ဆိုလျှင် ယွန်းသေတ္တာ၏အရွယ်ကို ခန့်မှန်းမြင်နိုင်ကြလောက်သည်။

ဦးမင်းအောင်က ဦးသက်ဇင်ကို လှမ်းပြောပေသည်။

"ဖေယျာဦး ထွက်ပြေးတုန်းက သူ့လက်နှစ်ဖက်နဲ့ ကျုပ်ကို ဘောတွန်းပစ်ခဲ့တာ ဦးသက်ဇင် အမြင်ပဲနော်... ဖေယျာဦးလက်ထဲမှာ ဘာပစ္စည်းမှပါတာ မတွေ့ရဘူး... နောက်တစ်ချက်က ဆေးပေါ့လိပ်ထည့်တဲ့ ယွန်းသေတ္တာမျိုးကို အများမြင်တွေ့ဖူးကြသားပဲ... ဘောင်းဘီအိတ်ထဲ အကျီအိတ်ထဲ ထည့်လို့ရတဲ့ အရွယ်အစားမှ မဟုတ်တာ... ကျုပ်တို့ ဖေယျာဦးထွက်ပြေးတုန်းက မြင်တွေ့လိုက်တာက သူဝတ်ထားတာ စပို့ရှပ်အကျီပါ... နောက်ပြီး ဘောင်းဘီဝတ်ထားတာ မဟုတ်ပါဘူး... ပုဆိုးဝတ်ထားတာပါ..."

ဦးမင်းအောင် ပြောပြချက်ကို ဦးသက်ဇင်က ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်... ဖေယျာဦး ထွက်ပြေးတာကို ကျုပ်လည်း တွေ့လိုက်တာပဲ... သူဝတ်စားထားတာတွေဟာ ဦးမင်းအောင်ပြောတဲ့အတိုင်း စပို့ရှပ်နဲ့ ချည်လုံချည်ပဲ..."

စီစီထွေးက ရှုံ့မဲ့ပြောသည်။

"ဒါတော့ မသိဘူးလေ... ဦးသူရက မိုးတစ်(မ်)အကြောင်းပြောလို့ ကျွန်မက မိုးတ်(မ်)ဖြစ်နိုင်တာကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



တာ... ဇေယျာဦး ထွက်ပြေးတာတော့ ကျွန်မမှ မမြင်လိုက်ရတာ... ကျွန်မ ရောက်လာတော့ ဟောဒီ ဦးမင်းအောင် ဇစ်ယောက်တည်း အပေါက်ဝမှာ ငုတ်တုတ်ထိုင်နေတာကို တွေ့တာ... ”

ကိုသူရက သူ့ဟာသူပြောသလိုလို ဒေါ်စီစီတွေးကိုပဲ ပြောသလိုလိုနှင့် ပြောလိုက်သည်။

“ဒါဆို ယွန်းသေတ္တာ ဘယ်ရောက်သွားလဲ... ”

မည်သူမျှ အဖြေမပေးနိုင်ပါပေ။

“ကိစ္စမရှိဘူး... ဒီကိစ္စတွေအားလုံး ဇေယျာဦးကို ပြန်တွေ့ရင် ဖြစ်ရပ်မှန်တွေ ပေါ်လာမှာပဲ... မြို့က ထွက်ပေါက်လမ်းမှန်သရွေ့ ပိတ်ပြီး ဇေယျာဦးကို ရှာဖို့ စခန်းကို ဖုန်းဆက်မယ်... ဇေယျာဦးကို တွေ့မှာပါ... ပြေးမလွတ်ပါဘူး... ကဲ... ကျွန်တော် ပြန်မယ် ဆရာ... ဆရာ... ဘာပြောစရာရှိသေးလဲ... ”

“မောင်သူရ စဉ်းစားကြည့်ဖို့ တစ်ချက်တော့ တင်ပြချင်တယ်... ”

“ပြောပါ ဆရာ... ”

“ဒီအိမ်က စားဖိုမှူးဒေါ်ကြာဖူရဲ့ ထွက်ဆိုချက်ထဲမှာ ဒေါ်သီသီဦးဟာ ဒေါ်ကြာဖူ အိမ်ပြန်တဲ့အချိန်အထိ သူ့အခန်းက ထွက်မလာဘူးလို့ ထွက်ဆိုတယ်... ”

“အဲဒါ မှန်ပါတယ် ဆရာ... ”



“ဒါပေမဲ့ ဒေါ်သီသီဦး ဦးခေါင်းဒဏ်ရာရ သေဆုံးတာဟာ ဧည့်ခန်းထဲမှာဖြစ်နေတယ်... စဉ်းစားစရာက ဒေါ်သီသီဦးဟာ ဒေါ်ကြာဖူပြန်သွားပြီးမှ ဧည့်ခန်းထဲကို ဘာကိစ္စကြောင့် ထွက်လာသလဲ... ဧည့်သည်လာလို့ ထွက်တယ်ဆိုရင် အဲဒီဧည့်သည်ဟာ ဘယ်သူလဲဆိုတာ စုံစမ်းသင့်တယ်... ”

“ဟုတ်ကဲ့ဆရာ... အဲဒီအချက်ကို ကျွန်တော် စဉ်းစားမိပါတယ်... ဆရာ အကြံပေးတဲ့အတိုင်း ကျွန်တော် စုံစမ်းပါ့မယ်... ”

တကယ်တော့ ရဲအုပ်ကိုသူရ ခေါင်းထဲတွင် စဉ်းစားစရာချက်များ ရှိပါ၏။

ရန်ကုန်ကျောင်းအပြီးတွင် ဇေယျာဦးဖြစ်ခဲ့သည့်သည့် အမှုကိစ္စကို ရန်ကုန်သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် ဖုန်းဆက်ပြီး ထိုအမှုကိစ္စနှင့် ဇေယျာဦးအကြောင်း စုံစမ်းသည်။

မိုးတစ်(မ်)အနေနှင့် တွေးကြည့်လျှင် ဒေါ်စီစီတွေးပြောသလို နွေးနွေးအောင်ကို ယူဖို့ ငွေအလုံးအရင်း ဇေယျာဦးတွင် လိုနေသည်။ ဒေါ်သီသီဦးအိမ်တွင် အလုပ်သမားတွေ အားလုံးပြန်သွားမှ ဇေယျာဦး ရောက်လာမည်။ ဒေါ်သီသီဦးက ဇေယျာဦးကို ဧည့်ခန်းတွင် ထွက်တွေ့မည်။ လိုငွေကို ဇေယျာဦး တောင်းမည်။ ဒေါ်သီသီဦးက မပေးနိုင်ဟု ငြင်းသဖြင့် ဟူဝရီးအားများကာ ဇေယျာဦးက လက်လွန်ခြေလွန်လုပ်မိသွားခြင်း

www.burmeseclassic.com

www.burmeseclassic.com



လား။

သို့မဟုတ် ဒေါ်သီသီဦး၏မီရိုထဲမှ ယွန်းသေတ္တာ

ကို ဗေယျာဦးက ဖွင့်ယူမည်။

ဒေါ်သီသီဦးက ပြန်လုရင်း ဧည့်ခန်းထဲရောက်

ဗေယျာဦးက ဒေါ်သီသီဦးအား တွန်းပစ်ရင်း ဒေါ်သီသီဦး လဲ

ဒဏ်ရာရ သေဆုံးသွားခြင်းလား။

ဒါဆိုလျှင်...

ထွက်ပြေးသွားသော ဗေယျာဦး လက်ထဲတွင်

ယွန်းသေတ္တာကိုင်ယူသွားသည်ကို ဦးမင်းအောင်နှင့် ဦးသက်

တွေ့ရမည်သာ။

ဒေါ်သီသီဦးက မသေမီ ဦးမင်းအောင်ထံသို့

ဦးသက်ဇင်သို့ရော ငိုသံပါကြီးနှင့် ဖုန်းဆက်ခေါ်ယူခြင်းမှာ

ယျာဦး လာရောက်သောင်းကျန်းမှုအတွက် အကူအညီတောင်း

ဖို့ ဦးမင်းအောင်နှင့် ဦးသက်ဇင်အား ဖုန်းဆက်ခေါ်ယူခြင်း

လား။

ဒါဆိုလျှင် ပျောက်ဆုံးနေသော အဖိုးတန်ယွ

သေတ္တာကိစ္စကို မိုးတစ်(ဗ်)ကွက်လပ်တစ်နေရာတွင် အံဝင်ခွင်

ထည့်နိုင်ရမည်။

ဆိုကြပါစို့။

ဗေယျာဦး လိုချင်သည်မှာ ယွန်းသေတ္တာကို

ယွန်းသေတ္တာထဲမှ လက်ဝတ်ရတနာများကိုသာ လိုချင်သည်



ကြောင့် ယွန်းသေတ္တာထဲမှ လက်ဝတ်ရတနာတွေကို ထုတ်ယူပြီး အင်္ကျီရင်ဘတ်ထဲ ထည့်၍ယူသွားခြင်း ဖြစ်သည်ဆိုပါက...

ဒါဆို ယွန်းသေတ္တာအခွံပစ်ထားခဲ့ရမည်။

ယခု... ယွန်းသေတ္တာအခွံကိုလည်း ဘယ်မှာမှ မတွေ့ရ။

ကိုသူရ ခေါင်းကုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိစိထွေးနှင့် ခင်ပွန်းဦးသက်ဇင်တို့ ဒေါ်သီသီဦး ပို့လိုက်ရာ ဆေးရုံသို့ လိုက်သွားသည်။

ဦးမင်းအောင်သည် သူလင်ရိုဗာကားဖြင့် သူ့အိမ်သို့ပြန်လာစဉ် ဦးဖေညွန့်ကို တွေ့သဖြင့် ကားရပ်ပေးသည်။

ဦးဖေညွန့်သည် ကားပေါ်ထိုင်မိသည်နှင့် အမောတကော မေးမြန်းသည်။

"ဒေါ်သီသီဦး ဆုံးသွားပြီဆို... "

"ဟုတ်တယ်... အလောင်းကို ဆေးရုံပို့လိုက်ပြီ... "

"မြို့ထဲမှာတော့ သတင်းထွက်နေတယ်... ဖေယျာဦးက ဒေါ်သီသီဦးကို သတ်လိုက်တာတဲ့... ဟုတ်နိုင်မလားဗျာ... ဖေယျာဦး ဒီလောက်မိုက်မဲပါ့မလား... သူ့အန်တီ



ဦးဟာ သူ့အတွက် မြင့်မိုရ်တောင်ကျေးဇူးရှင်ပဲ... "

ဦးမင်းအောင်က ဖြည်းဖြည်းပင် ဒေါ်သီသီဦးက သူ့ကိုဖုန်းဆက်ခေါ်သည်ကအစ တွေ့ရှိဖြစ်ပျက်သမျှအားလုံးကို ပြောပြလိုက်သည်။

ဦးဖေညွန့်သည် ဦးမင်းအောင်နှင့် ခင်မင်သလို ဒေါ်သီသီဦးနှင့်လည်း ခင်မင်သူဖြစ်ပါ၏။

"အေးဗျာ... ကြားရတာတွေကတော့ စိတ်မကောင်းစရာနဲ့... စိတ်မချမ်းသာစရာချည်းပဲ... ကျုပ်စိတ်ထဲမှာ ဖေယျာဦးက သူ့အန်တီဦးကို သတ်တယ်ဆိုတာ လုံးဝမယုံကြည်နိုင်အောင်ပဲ...ဦးမင်းအောင် ဘယ်လိုထင်သလဲဗျာ"

"အင်း... ဖြစ်ပုံကတော့ ခပ်ရှုပ်ရှုပ်ပဲ... ဘာကိုမှ တိတိကျကျမပြောနိုင်အောင် ရှိနေသေးတယ်... အမှုတစ်ခုဖြစ်လာရင် ရှုထောင့်အမျိုးမျိုးက ကြည့်ရတယ်... သဲလွန်စနဲ့ သက်သေအထောက်အထားတွေ ရှာရတယ်...ကျိုးကြောင်းဆက်နွယ်မှုတစ်ခုနဲ့ တစ်ခုကို ကွင်းဆက်ကြည့်ရတယ်... အဲဒါတွေ အစစအရာရာ စူးစမ်းလေ့လာပြီးမှ ဒီလိုဖြစ်တန်ကောင်းရဲ့လို့ ထင်မြင်ယူဆရမှာကိုး... အခုတော့ ကျုပ်ဘယ်လိုမှ မထင်တတ်... မယူဆတတ်တော့ဘူးဗျာ... အခုကိစ္စထဲမှာ မြုပ်ကွက်တို့... လျှိုကွက်တို့ရှိနေတယ်လို့ ကျုပ် ထင်တာပဲ... "

"အေးဗျာ... ဖေယျာဦးခမျာ တကယ်မဟုတ်ဘဲခံရရင်

www.burmeseclassic.com



တော့ ရင်နာစရာပဲ… နာလည်း နာသေး… နံလည်း နံသေးဖြစ်ရှာတော့မယ်… အခု ရဲက ဇေယျာဦးကို မိသွားပြီလား… ”

“မမိသေးဘူး… ဇေယျာဦး ဒီကိုထွက်ပြေးနေတာလည်း မကောင်းဘူး… ရဲက မသင်္ကာမှု ပိုပြီးကြီးထွားလာစေနိုင်တယ်… အင်းပေါ့လေ… တကယ်ပဲ ကျူးလွန်မိတယ်ဆိုရင်တော့ ထွက်ပြေးတာ အဆိုးမဆိုသာဘူးပေါ့… သူ တကယ်မကျူးလွန်ရိုးမှန်ရင်တော့ ရဲနဲ့မျက်နှာချင်းဆိုင်ဖြေရှင်းသင့်တယ်… အင်း… ငယ်သေးတယ်… အတွေ့အကြုံမရှိဘူးဆိုတော့… ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစားဘဲ သွေးရူးသွေးတန်းထွက်ပြေးတာ ဖြစ်မှာပေါ့လေ… ”

“ဒါဆို… ဇေယျာဦး ထွက်ပြေးတာ တကယ်ပဲ အမှုကျူးလွန်တာမို့ ထွက်ပြေးတာလို့ ဦးမင်းအောင် ယူဆသလား”

“ပြောပြီကော… ကျုပ် ဘာကိုမှမယူဆသေးဘူးလို့… ဒေါ်သီသီဦး ဒဏ်ရာရသေဆုံးတာဟာ တုတ်… ဓား… သေနတ်စတဲ့ လက်နက်မျိုးနဲ့ သတ်တာမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ချက်မရှိဘဲ ရုတ်တရက် မတော်တဆလက်လွန်သွားတာမျိုးဆိုလည်း အမှုမှာ တရားရုံးက ပေါ့ပေါ့ စဉ်းစားပေးလို့ ရတယ်ပေါ့ဗျာ… ”

ဦးဖေညွှန့်အား သူ့အိမ်ရှေ့အထိ မောင်းပို့ခဲ့ပြီး ဦးမင်းအောင် အိမ်ကို ပြန်မောင်းခဲ့သည်။



အိမ်ရောက်သည်နှင့် သမီးနွေးကို မတွေ့သဖြင့် တစ်အိမ်လုံးတွင် လိုက်ရှာကြည့်သည်။

အိမ်တွင် နွေးရှိမနေပေ။

ဦးမင်းအောင်သည် သမီးနွေးအတွက် စိတ်လေသွားသည်။

သမီးနွေးသည် တစ်ခါတစ်ရံတွင် မပြောမဆို အပြင်သွားတတ်သည့်မျိုး ရှိခဲ့ပါ၏။ သို့သော် စိတ်မပူရလောက်သော အချိန်အတွင်းမှာပင် ပြန်ရောက်လာလေ့ရှိပေသည်။

“ဒေါ်ကြွေရေ… လာစမ်းပါဦးဗျာ… ”

မီးဖိုထဲမှ ဒေါ်ကြွေ ဦးမင်းအောင်ရှေ့သို့ရောက်လာသည်။

“ကျုပ်အပြင်မသွားခင်ကတည်းက သမီးနွေးကို အိမ်မှာ မတွေ့ဘူး… ကျုပ် အပြင်သွားတာ တော်တော်ကြာသွားတယ်… အဲဒီအတွင်း သမီးအိမ်ကို ပြန်လာသေးလား”

“မလာပါဘူး ဆရာကြီး… ကျွန်မတောင် နွေးက ထမင်းစောစောစားတတ်လို့ ခူးကျွေးဖို့ လိုက်ရှာပါသေးတယ်… ဒါပေမဲ့ နွေးကို အိမ်မှာမတွေ့ဘူး… အပြင်သွားတာ ပြန်မလာသေးတာဘဲ ဖြစ်မှာပါ… ”

“သမီးက တစ်နေရာရာနေပြီး အိမ်ကို ဖုန်းဆက်သေးလား… ”

“မဆက်ပါဘူး ဆရာကြီး… ”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြွေအား သူနေရာ သူပြန်စေသည်။

ဦးမင်းအောင် ခြံထဲဆင်းကာ ကြိမ်ကုလားထိုင်တွင်ထိုင်ရင်း သမီးနွေးကို စောင့်နေမိသည်။



## အခန်း (၉)

ဇေယျာဦးသည် ပါပလစ်ကာကားဖြင့် မောင်းထွက်ပြေးလာခဲ့ရာ နောက်မှ ဦးသက်ဇင်၏ ဖင်မလီယာကားပြာလေးလိုက်လာသည်ကို ကားနောက်ကြည့်မှန်မှ မြင်ရသည်။

ဟိုက်စကူးကျောင်းသားဘဝတည်းက ဇာတိမြို့ဖြစ်သော ပထဝီအနေအထားလမ်းအနေအထား အားလုံး ဇေယျာ ဦးက အထာကျွမ်းပြီးသား ဖြစ်သည်။

မည်သည့်လမ်းကကျယ်ပြီး မည်သည့်လမ်းက ကျဉ်းသည်။ မည်သည့်လမ်းက ချောမွေ့ပြီး မည်သည့်လမ်းက ကြမ်းတော်သည်။ မည်သည့်လမ်းက ကတ္တရာလမ်း။ မည်သည့်လမ်းတွေက မြေကြီးလမ်း အားလုံး ဇေယျာဦး သိပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



ပြီး… ဧယျာဦး၏ကားက ပါပလစ်ကာကားသစ်၊ ဦးသက်ဇင်၏ကားက ကားအိုကားဟောင်း ဖင်မလီယာ။

ဧယျာဦး ဟိုလမ်းဝင် ဒီလမ်းထွက်နှင့် အသွက်လက်ဆုံး မောင်းခဲ့ရာ ဦးသက်ဇင်၏ကားမှာ အရိပ်အရောင်ပင် မမြင်ရလေတော့ဘဲ အပြတ်အသတ်ကျန်ခဲ့သည်။

ဦးသက်ဇင်နှင့်သူ့ကားကို မျက်ခြေပြတ်ထားခဲ့ပြီးနောက် ဧယျာဦးသည် မြိုင်ကုန်းသစ်တဲရှိရာသို့ မောင်းလာခဲ့တော့သည်။

ဒီနေ့ ညနေတွင် နွေးနှင့် မြိုင်ကုန်းသစ်တဲတွင် တွေ့ဆုံရန် ချိန်းဆိုထားသည်။

သူသည် မြိုင်ကုန်းသစ်တဲဆီသို့မောင်းရင်း ဖြစ်ပျက်ခဲ့သမျှကို စဉ်းစားသည်။

ယနေ့ညနေဦးပိုင်းစောစောက ချာတိတ်တစ်ယောက် အိမ်ရှေ့လာပြီး…

"ဗျို့… အစ်ကိုဧယျာဦး… ခင်ဗျားကို အဒေါ် ဒေါ်သီ ဦးက အခုချက်ချင်းလာခဲ့ပါလို့ အပြောခိုင်းလိုက်လို့လာ ပြောတာဗျ… "

ဟု ပြောပြီး ချာတိတ်ပြန်ထွက်သွားသည်။ ဧယျာဦးက ချာတိတ်ကို အိမ်ထဲမှထွက်ကြည့်သော်လည်း ချာတိတ်ကပြောပြီး ပြေးသွားသလား မသိ။ အဝေးကြီးသို့ ရောက်နေပြီ



ဦးတေဇနှင့်အတူနေသော ဧယျာဦးအိမ်တွင် တယ်လီဖုန်း မရှိပေ။

အန်တီဦးသည် သူ့ကိုတွေ့ချင်လျှင် ယခုကဲ့သို့ပင် ချာတိတ်တစ်ယောက်ယောက်ကို မုန့်ဖိုးပေးပြီး ပြောခိုင်းတတ်သည်။

အန်တီဦး ခေါ်လျှင် ဧယျာဦး မသွား၍မဖြစ်။ ထို့ကြောင့် အန်တီဦး၏ကုန်းမြင့်သာယာအိမ်သို့ ဧယျာဦး ပါပလစ်ကာကားဖြင့် လာခဲ့သည်။ အန်တီဦးနှင့်တွေ့ပြီး အန်တီဦးပြောသမျှ ခိုင်းသမျှ နားထောင်ပြီး အရေးကြီးသောကိစ္စရှိသည်ဟု အန်တီဦးကိုပြောပြီး ချက်ချင်းပြန်လစ်ပြီး နွေးနှင့်ချိန်းထားရာသို့ သွားမည်ဟု စိတ်ကူးပြီးသား ဖြစ်ပါ၏။

အန်တီဦး၏ကုန်းမြင့်သာယာအိမ်သို့ ရောက်လာပြီ။

ဧယျာဦး စိတ်ထဲတွင် ယခုတစ်ခေါက် အန်တီဦး အိမ်သို့လာရသည်မှာ တစ်မျိုးကြီးဟု ထင်မိသည်။

ခြံတံခါး အသင့်ပွင့်နေသည်။

အန်တီဦး အိမ်ထဲသို့ဝင်သော သံဘာဂျာတံခါးသည်း ပွင့်လျက်သားရှိနေသည်ကို တွေ့ရသည်။

အန်တီဦးသည် နံနက်ပိုင်း နေ့ပိုင်းဖြစ်စေကာမူ ထက်ပြီး အိမ်တွင် ဒေါ်ကြာဇံတို့ မအေးတို့ရှိနေသည့်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



သံဘာဂျာတံခါးကို အမြဲဆွဲပိတ်ထားသည်။ သံဘာဂျာပိတ်တံခါးကို သော့မခတ်သည်ဘဲထား တံခါးသံကွင်းနှစ်ခုကို သော့ချိတ်ထားသည်လောက်တော့ အမြဲပြုမူလေ့ရှိသည်။ ဘယ်တော့မှ သံဘာဂျာတံခါး ပွင့်လျက်သားဟောင်းလောင်း မရှိစေရ။

ပြီး... အိမ်ထဲတွင် ဘာသံမှမကြားရအောင် တိတ်ဆိတ်လွန်းနေသည်။ အန်တီဦးသည် တစ်ယောက်တည်းသမား အပျိုကြီးမို့... ပျင်းသည့်အခါ တီဗီဖြစ်စေ၊ ဗီဒီယိုဖြစ်စေ ကြည့်တတ်သည်။ ဒါမှမဟုတ် တရားခွေကို ကက်ဆက်ဖွင့်ပြီး နားထောင်တတ်သည်။

ယခု... သံဘာဂျာတံခါးကြီး ဟာလာဟင်းလင်းပွင့်နေရုံမက အိမ်ထဲတွင် ဘာသံမှမကြားရအောင် တိတ်ဆိတ်လွန်းနေသည်။

ဖေယျာဦးသည် အိမ်ရှေ့တွင် ကားရပ်ပြီး ပွင့်နေသော တံခါးမှ အိမ်ထဲသို့ ဝင်လိုက်သည်။

"ဟိုက်... "

ဖေယျာဦး အသည်းထိတ်အောင် မြင်ကွင်းက ဆိုးဝါးလှပါ၏။

အန်တီဦးသည် ဧည့်ခန်းအလယ်မွေးပွကော်ဇောကြီးပေါ်တွင် ပက်လက်ကြီးလဲကျနေသည်။ အန်တီဦး လဲကျခေါင်းဘက်တွင် ကော်ဇောပေါ်၌ သွေးနီကွက်ကြီး ရှိနေသည်ကို



တွေ့ရသည်။

ဖေယျာဦး အပြေးပင် အန်တီဦးလဲကျရာဆီသို့ ရောက်သွားကာ ပွေ့ချီသည်။ လှုပ်ခေါ်သည်။

ဘယ်လိုမှပြန်လည်မထူး။ မလှုပ်မရှားကြီးဖြစ်နေသည်မို့ အန်တီဦး၏ နှာခေါင်းပေါက်တွင် သူ့ပါးကပ်ကြည့်သည်။

ထွက်သက်ဝင်သက် လုံးဝမရှိတော့ပြီ။

အန်တီဦး အသက်မရှိ သေနေပြီကို ဖေယျာဦး သိလိုက်ပါ၏။

ဖေယျာဦး ဘာလုပ်ရမည် မသိ။

ထိုစဉ်မှာပင် ခြံထဲသို့မောင်းဝင်လာသော ကားတစ်စီး၏စက်သံ ကြားရသည်။

အန်တီဦးအား ပွေ့ထားရာမှပြန်ချပြီး ထက်ကာ ခြံထဲသို့ လှမ်းကြည့်လိုက်သည်။

အန်တီထွေး၏ ဖင်မလီယာကားပြာလေးမှန်း သိလိုက်မြင်လိုက်ရသည်။ ကားပြာထဲတွင် ဘယ်သူတွေပါမှန်း မမြင်ရပေ။

အန်တီထွေးကို နဂိုကတည်းက ဖေယျာဦး မတွေ့ဖူးပေ။မိမိကို အန်တီထွေးက စိတ်မမှန်သူ၊ တဖွတ်ထိုး တဖောက်ခန်းလုပ်သူဟု ပြောထားသူ ဖြစ်ပါ၏။

ယခု အန်တီဦးအလောင်းနှင့် မိမိကိုသာ တွေ့သွား

www.burmeseclassic.com

www.burmeseclassic.com



ပါက အန်တီထွေး တွေ့ကရာ ပေါက်ကရတွေ ပြောတော့မည်

ဧယျာဦးမှာ ဘာလုပ်ရမှန်း မသိ။

ဖင်မလီယာကားထဲမှ ဦးသက်ဇင် ဆင်းလာ

မှာပင် ခြံထဲသို့ နောက်ထပ်လင်းရိုဗာတစ်စီး ထပ်ဝင်လာသည်

ကို ဧယျာဦး တွေ့ရပြန်သည်။

အန်ကယ် ဦးမင်းအောင်၏ လင်းရိုဗာကားမှန်း

သည်။ အန်ကယ်ဦးမင်းအောင်သည် ခရိုင်ရဲဝန်ဟောင်းတစ်ဦး

သည်။ ဒီအိမ်တွင် အန်တီဦး ဒဏ်ရာနှင့် သေဆုံးနေသည်ကို

သည်နှင့် ရဲအရာရှိကြီးဟောင်းပီပီ ရဲစခန်းအကြောင်း ကြား

မှာ သေချာသည်။

ရဲတွေရောက်လာပြီး မိမိကိုမေးမြန်းလျှင် မိမိ

ဖြေတတ်ပါမည်နည်း။

မိမိရောက်လာချိန်တွင် အန်တီဦး ဒီပုံစံအ

သေဆုံးနေပါသည်ဟု ပြောလျှင် ရဲက မိမိပြောပြသည်ကို

ကြည်မည်တဲ့လား။

ဘယ်လိုမှ ယုံကြည်မည် မဟုတ်။

ရဲနှင့်ပတ်သက်လာလျှင် ဧယျာဦး ကြောက်

ရန်ကုန်တွင် လက်တွေ့ကြုံခဲ့ဖူးသည်။

မိမိ ဘာလုပ်ရပါ့။

ဦးမင်းအောင်နှင့် ဦးသက်ဇင် အတူအိမ်ဘ



လျှောက်လာကြပြီ။

ကြံရာလည်း မရ။ ထွက်ပေါက်လည်း မရပြီမို့ ဧယျာဦးသည် ရှိုးကေ့(စ်)နောက်တွင်ရှိသော ခန်းဆီးကွယ်နောက်တွင် ဝင်ပုန်းနေလိုက်သည်။

အန်ကယ် ဦးမင်းအောင်နှင့် အန်ကယ်ဦးသက်ဇင်တို့ အိမ်ထဲရောက်သည်နှင့် အန်တီဦး၏အလောင်းကို အံ့ဩထိတ်လန့်ဖွယ် တွေ့ကြသည်။

အန်ကယ်ဦးမင်းအောင်က အန်တီဦးအလောင်းကို အနီးကပ်ထိုင်လေ့လာပြီးနောက် ရဲသို့အကြောင်းကြားရန် တယ်လီဖုန်းဆီသွားရင်း ခန်းဆီးနောက်ကွယ်တွင်ပုန်းနေသော မိမိကို အန်ကယ်ဦးမင်းအောင် တွေ့သွားသည်။

ဧယျာဦး ဘာမှမစဉ်းစားတော့ဘဲ အန်ကယ် ဦးမင်းအောင် ရှေ့မှပိတ်ကာဆီးထားသည်ကို အတင်းတွန်းဖယ်ပြီး ဧည့်ခန်းထွက်ပေါက်ဆီသို့ ပြေးထွက်ခဲ့ကာ ပါပလစ်ကာကားကို မောင်းထွက်လာခဲ့သည်။

မဟုတ်ဘဲနဲ့ ရဲအဖမ်းမခံလိုပေ။ မြိုင်ကုန်းသစ်တဲဆီသို့ မောင်းလာခဲ့သည်။

ပါပလစ်ကာကားကို မြိုင်ကုန်းတောထဲ၏ ရှုပ်အုပ်အုံးသစ်ပင်တွေအောက်တွင် ဝှက်ထားခဲ့ပြီ သစ်တဲဆီသို့ လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဦးရယ်… ကြာလိုက်တာ… သိပ်ကို ကြာတာပဲ… နွေး တစ်ယောက်တည်း တောထဲမှာ ကြောက်လိုက်တာ… အိမ်ကိုလည်း မပြန်ရဲတော့ဘူးလေ… ခုလောက်ဆို ဖေဖေက နွေးကို လိုက်ရှာနေလောက်ပြီ… နွေးအနေနဲ့ နိုးရာလိုက်ပြေးပြီးမှ တစ်ယောက်တည်း အိမ်ပြန်ရမယ်ဆို ဘယ်လောက် အရှက်ဆိုးသလဲ…"

ဖေယျာဦးက နွေး၏ပခုံးလေးကို ယုယစွာဖက်ရင်း ဟူးခနဲ သက်ပြင်းကြီး မှုတ်ထုတ်လိုက်ပေသည်။

သစ်ပင်ကြီး၏ခြေရင်းတွင် နှစ်ယောက်သား ပင်စည်ကိုမှီပြီး ထိုင်လိုက်ကြသည်။

"ကိုဦး ဘာဖြစ်နေတာလဲဟင်… နိုးရာလိုက်ဖို့ အစီအစဉ်အတိုင်း နွေး ထွက်လာပြီလေ ကိုဦး…"

"ဘာတွေဟာ ဘယ်လိုဖြစ်ကုန်မှန်းကို မသိတော့ပါဘူး နွေးရယ်… ကိုယ်တော့ လုံးဝနားမလည်တာတွေ ကြုံတွေ့ခဲ့ရတယ်…ဘာပဲဖြစ်ဖြစ်…ကိုယ်တော့ ဒုက္ခအကြီးအကျယ်ဖြစ်ပြီဆိုတာ သေချာတယ် နွေး…"

"ဟင်… ကိုဦးမှာ ဘယ်လိုဒုက္ခတွေ တွေ့ခဲ့တာလဲ… နွေးကို ပြောပြလေ…"

"ကိုယ့်ကို ရဲတွေလိုက်ရှာနေလောက်ပြီ နွေး… တွေ့တာနဲ့ ဖမ်းမှာ… အန်တီဦးကို ကိုယ်သတ်တယ်လို့ပဲ သူတို့ ဆကြမှာ…"



"ဘာလို့ ကိုဦးကို ရဲတွေက ဖမ်းမှာလဲ… အန်တီဦးကို ကိုဦးက ဘာလို့သတ်ရမှာတဲ့လဲ… အန်တီဦးဟာ ကိုဦးရဲ့အဓိက ကျေးဇူးရှင်ဆိုတာ တစ်မြို့လုံးက သိနေတာပဲ…"

"ဘယ်လိုပဲဖြစ်ဖြစ်… ကိုယ့်အပေါ် ထင်စရာတွေဖြစ်သွားတယ် နွေး… ရန်ကုန်မှာ နှင်းဆီနဲ့ကိစ္စတုန်းကလည်း ကိုယ့်ကို ထင်စရာတွေဖြစ်သွားပြီး ကိုယ့်ကို ရဲက မေးဟယ်… မြန်းဟယ်… စစ်ဟယ်… ဆေးဟယ်နဲ့ သိပ်ပြီးစိတ်ပျက်ဖို့ကောင်းတယ်… ရူးတောင်ရူးချင်လောက်တယ်… အဲဒီတုန်းက နာမည်ဆိုးကြီးကလည်း ရှိနေတော့… အခု အန်တီဦးကို ကိုယ်သတ်တယ်လို့ပဲ ယူဆကြမှာ သေချာတယ်"

ဖေယျာဦးသည် သူဖြစ်ခဲ့သမျှနှင့် ကြုံခဲ့သမျှအား နွေးအား ပြောပြလိုက်ပေသည်။

နွေး… ငိုရလေပြီ။

ချစ်သူနှင့် နိုးရာလိုက်လာခဲ့ခြင်းတွင် ဒီလိုပြဿနာသာ မရှိပါက ချစ်သူနှစ်ဦးအဖို့ ရင်ခုန်စရာတွေ ကြည်နူးစရာ သည်းဖို့စရာတွေ ခံစားရကြမည်မှာ မလွဲ။

ယခုတော့ ကိုဦး၏ဒုက္ခကြောင့် နွေးမျက်ရည်ဖြိုင်ကျရတော့သည်။

"ကဲ… နွေး… ကိုယ်တော့ ပြေးနိုင်သမျှ ပြေးအောင် ပြေး

www.burmeseclassic.com



ရတော့မယ်… အခု နွေးနဲ့ချိန်းထားတာမို့ မရောက်ရောက် အောင် ဒီသစ်တဲကို လာခဲ့တာ… ဒီတော့ မိုးလုံးလုံးမချုပ် ခင် နွေးအိမ်ကို နွေးပြန်ပေတော့… ကိုယ်ကတော့ ခြေဦး တည့်ရာနဲ့ လွတ်မြောက်ရာကို စိတ်ကူးပြီး ပြေးတော့ မယ်… ကိုယ်မဟုတ်ဘဲနဲ့တော့ ရဲအဖမ်းမခံနိုင်ဘူး…”

နွေးသည် မျက်ရည်တွေကို သူမ၏လက်ဖဝါး နှင့် ဖက်ဖြင့် ဟိုဘက်သည်ဘက် သုတ်လိုက်ပြီး ရင်လေးကော့ကာ ပြောလိုက်လေသည်။

“ကိုဦးဟာ ဘယ်တော့မှ လိမ်ညာမပြောတတ်မှန်း နွေး ယုံကြည်ပြီးသား… အန်တီဦးကို ဘယ်နည်းနဲ့မှ ကိုဦး မသတ်ဘူးဆိုတာ နွေး ယုံကြည်တယ်…”

“ကိုယ်… အန်တီဦးကို သတ်ဖို့မပြောနဲ့ အန်တီဦးမှာ ခြ ကိုက်တာတောင် ကိုယ်က မကြည့်ရဘူး နွေး… အန် ဦးဟာ ကိုယ့်အမေဆို မမှားဘူး မဟုတ်လား…”

နွေးတစ်သက်တွင် ကိုဦး တစ်ယောက်ကိုသာ ချစ် ဖူးသည်။ အသည်းနှင့်အောင် ချစ်သည်။

ယခု ကိုဦး စိတ်ဓာတ်ပျက်နေသည်။ စိတ်ဓာ ပျက်သူအဖို့ အမှားအမှန်မဝေဖန်နိုင်တော့ဘဲ ထင်ရာတွေ တော့မည်။ ကိုဦးဘဝ အမှန်အကန်ပြန်တည့်ရန် မိမိအတတ် ဆုံး လုပ်ဆောင်ပေးရမည်ဟု နွေး ဆုံးဖြတ်လိုက်သည်။



“ကိုဦး…”

“ပြောပါ နွေး…”

“နွေး တစ်ခုပြောမယ်နော်… အန်တီဦးကို ကိုဦးသတ်တာ မှ မဟုတ်တာ… ရဲရဲတင်းတင်းကြီး ရဲကို ရင်ဆိုင်တွေ့ ဖြေရှင်းပါလား ကိုဦး…”

“တော်တော့ နွေး… ကိုယ့်ကို တွေ့တာနဲ့ ရဲကဖမ်းပြီး… အချုပ်ထဲထည့်မယ်… နောက်ပြီး ဝိုင်းပြီး မေးခွန်းတွေ ထောင်သောင်း မေးမယ်… သူတို့မေးသမျှ မေးခွန်းတွေ ဟာ ကိုယ်မဖြေနိုင်တဲ့ မေးခွန်းတွေဖြစ်မှာ သေချာတယ်… တရားခံအစစ်ကို သူတို့ရှာမတွေ့ရင် နောက်ဆုံး ကိုယ့်ကို ပဲ လူသတ်တရားခံဆိုပြီး ရုံးတင်မှာပဲ… မဖြစ်ဘူး နွေး… ဖြစ်ကိုမဖြစ်ဘူး… ကိုယ့်အတွက် လွတ်ရာကိုပြေးတာ အကောင်းဆုံးပဲ…”

“ဒါဆိုလည်း အတူတူပြေးကြမယ် ကိုဦး…”

“ဘာရယ်… အတူတူ ဟုတ်လား…”

“အင်းပေါ့… ကိုဦး…”

“မဟုတ်လိုက်တာကြီးဘဲ နွေးရယ်… ဓားခုတ်ရာ လက်ဝင် လျှိုတာမျိုး ဖြစ်သွားမယ်… ကိုယ့်အတွက် နွေးရဲ့ဘဝ မနာစေနဲ့… မပျက်စေနဲ့… နွေး အခု အိမ်ကိုပြန်ပါ… နွေး အခုနေအိမ်ပြန်ရောက်သွားပြီး မိုးချုပ် ကျားနေပြ

www.burmeseclassic.com



နေလိုက်ရင်… နွေးရဲ့ဘဝ ဘာမှမထိခိုက်မနစ်နာတော့ဘူး… ကိုယ်က ဘဝမှာ မျှော်လင့်ချက် ဘာမှမရှိတော့ဘူး… ကိုယ့်ဘဝပျက်သွားပြီ… ကိုယ့်ကြောင့် နွေးဘဝ ဘာလို့လိုက်အပျက်ခံရမှာလဲ… ပြန်ပါ နွေး… နွေး အိမ်ပြန်ပါ… ဒီကနေ မြို့လမ်းပေါ်ရောက်တဲ့အထိ ကိုယ်လိုက်ပို့ပေးမယ်… နွေးဘဝဟာ ကိုယ်နဲ့လည်း ဘာမှမဖြစ်ခဲ့သေးတော့ သန့်စင်မြဲ သန့်စင်နေတာပဲ… နွေး ပြန်ပါ… အိမ်ကို ပြန်ပါ နွေး… ”

“ထပ်မပြောနဲ့ ကိုဦး… နွေးဟာ အိမ်ကထွက်ကတည်းက ကိုဦးနဲ့ ဘယ်လိုဖြစ်ဖြစ် လိုက်ဖို့ ဆုံးဖြတ်ပြီး ထွက်လာတာ… ကိုဦး ဘယ်အခြေအနေမျိုးရောက်ရောက် နွေး ကိုဦးကို လက်တွဲမဖြုတ်ဘူး… ကိုဦးနဲ့ နွေး အတူလိုက်ရင် ကိုဦးအတွက် ရှေ့ဆက်လုပ်မှာတွေမှာ တိုင်ပင်ဖော်တိုင်ပင်ဘက် ရမယ်… နောက်တစ်ချက်က နွေး ကိုဦးနဲ့လိုက်ပါသွားတာမို့ ဖေဖေဟာ အန်တီဦးကို သတ်တဲ့လူသတ်တရားခံအစစ်ကို မရရအောင် ရှာဖွေဖော်ထုတ်မှာ သေချာတယ်… ဖေဖေဟာ ရဲအရာရှိဘဝနဲ့ ဒီလိုအတွေ့အကြုံတွေ အများကြီးရှိခဲ့ဖူးတာပါ ကိုဦး… လူသတ်တရားခံအစစ်ပေါ်လာတာနဲ့ ကိုဦး လွတ်သွားမှာ… ဒီတော့ နွေး ကိုဦးနဲ့ပဲ အတူလိုက်မယ်… အေးအတူ ပူအမျှ ကိုဦးနဲ့



အတူနေမယ်… ”

နွေးအား ဘယ်လိုမှ ဇေယျာဦး ပြောမရတော့ပေ။ နောက်ဆုံး ဇေယျာဦး လက်လျှော့ရတော့သည်။

“ကဲ… ဒါဆိုလည်း သွားကြစို့… ”

“သွားလေ… ဘယ်ကိုသွားမလဲ… ဘာနဲ့သွားကြမလဲ”

နွေးက မေးမှ ဇေယျာဦးသည် ဘယ်ကို ဘာနဲ့သွားမလဲဟု စဉ်းစားရတော့သည်။

ဤမြိုင်ကုန်းသစ်တဲတွင် ညအိပ်၍ မဖြစ်ပါလေ။ ဤတောထဲဝယ် တောကောင်အကြီးစားတွေ မရှိသော်လည်း တောကြောင်တောဝက်နှင့် အဆိပ်ပြင်းသောမြွေဆိုးတွေ ရှိသည်။ ညဘက်ဆိုလျှင် ဒီအကောင်တွေ အပြင်ထွက်တတ်သည်။

ပြီး… မြိုင်ကုန်းသစ်တဲသည် မြို့နှင့် ဝေးလှသည်မဟုတ်။ မကောင်းသော ညလူဒုစရိုက်သမားတွေ ဒီမြိုင်ကုန်းဘာထဲသို့ မလာဟု မပြောနိုင်။

မိမိတစ်ယောက်တည်းဆို အရေးမကြီး။ သိပ်ချောသိပ်လှသိပ်နုပျိုသော အပျိုမလေး နွေး ပါရှိနေသည်။ တခြားတစ်နေရာကို သွားဖို့ စဉ်းစားရမည်။

“ကိုဦး ဘာစဉ်းစားနေလဲဟင်… ”

“ဒီမြိုင်ကုန်းသစ်တဲမှာ ကိုယ်တို့နှစ်ယောက်အတွက် ည္ဌနက်ပိုင်းမှာ မလုံခြုံတာ အမှန်ဘဲ… ကားလမ်းနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



နီးတယ်... နောက်ပြီး ဒီမှာ သစ်တဲရှိမှန်းလည်း မြို့က သိတဲ့လူတွေ သိကြတယ်... ဒီတော့ အခု သရက်တော ဘက်ကို သွားမလားလို့... ”

သရက်တောရွာသည် မြို့နှင့် (၆)မိုင်ခန့် ကွာဝေး သည်။ ဤတောထဲမှပင် ကားကို ကြံကြံဖန်ဖန် မောင်းသွားနိုင် လျှင် သရက်တောရွာနှင့် အနီးဆုံးတောထဲအထိရောက်နိုင်သည်။

သရက်တောရွာသည် ရွာဟု ကင်ပွန်းတပ်ခေါ် ခေါ်စေကာမူ အိမ်ခြေ(၅၀)ခန့်သာ ရှိသော ဇနပုဒ်ရွာလေးဖြစ် သည်။ ရွာသူရွာသားအားလုံး သရက်ဥယျာဉ် လုပ်ငန်းတို့ လုပ် ကြသည်။ သရက်ဥယျာဉ်ခြံကြီးတွေမှာ တစ်ခြံနှင့် တစ်ခြံ ခေါ် မကြား အော်မကြားအောင် ဝေးလံကြပေသည်။

“သရက်တောရွာမှာ ကိုဦး မိတ်ဆွေရှိလို့လား... ”

“ဟင့်အင်း... မိတ်ဆွေတော့ မရှိဘူး... ဒါပေမဲ့ အန်တီ ဦးပိုင်တဲ့ ဥယျာဉ်တစ်ခု ရှိတယ်... အဲဒီဥယျာဉ်ထဲမှာ ပျဉ် ထောင်အိမ်သေးသေးလေးတစ်လုံးလည်း ရှိတယ်... အ ကတော့ အဲဒီဥယျာဉ်ခြံဟာ “ဦးဘအောင်”ဆိုတဲ့ လူပိုင် တာ... ဦးဘအောင်နဲ့ အန်တီဦးက ခင်ကြတယ်... ဦး အောင်က သူ့ဇနီးဆုံးသွားတော့... ဒီဥယျာဉ်မှာ ဆက် မနေ ဆက်မလုပ်ချင်လို့... အန်တီဦးကို အတင်းထိုးရော သွားတာ... အန်တီဦးက မလိုချင်ပေမဲ့ ဦးဘအောင်



ကူညီတဲ့အနေနှင့် ငွေပေးဝယ်လိုက်တာ... တစ်ခါတလေ အန်တီဦး ဦးနောက်ရှုပ်... အပန်းဖြေသဘောနဲ့ အဲဒီ သရက်တောဥယျာဉ်က အိမ်လေးမှာ လာနားတဲ့အခါ ကိုယ်ကားမောင်းပြီး အန်တီဦးကို အဖော်လိုက်ပေးရလို့... ကိုယ် သိနေတာ နွေး... ”

“ဒါဆို... အဲဒီသွားရင် ကောင်းသားပဲ... ”

“ကောင်းတာတော့ ဟုတ်ပြီ နွေး... ဒါပေမဲ့ ကားလမ်း ကိုထွက်ပြီး ကားလမ်းအတိုင်းသွားရင် ရဲတွေနဲ့သွားတိုး နိုင်တယ်... ဒီတော့ ဒီတောထဲကပဲ သရက်တောဘက်ကို ရောက်သလောက်မောင်းသွားမယ်... ဆက်မောင်းလို့မရ တဲ့နေရာရောက်ရင် ခြေကျင်ဆင်းသွားရမှာ... အဲဒါ နွေး လိုက်နိုင်မလား... ”

“ရတယ် ကိုဦး... ရသလောက်အထိသာ မောင်း... မသကာ ဆင်းလျှောက်ရလည်း တစ်မိုင်နှစ်မိုင်ပေါ့... ”

ဖယ်ပင်းဆုံးဖြတ်ချက်နှင့်ပင် ပါပလစ်ကာကားပေါ် မြန်တက်ကာ မောင်းထွက်လာခဲ့တော့သည်။

နွေးတျင် နဂိုတည်းက နိုးရာလိုက်ဖို့အစီအစဉ်မှ ဆွဲအိတ်တစ်လုံးပါရှိပါ၏။

“သော်... နွေး... ”

“ပြော... ကိုဦး... ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ အိတ်ဆောင်ပိုက်ဆံ လေးငါးရာလောက်ပဲ ပါ
တယ်... နွေးမှာကော ပိုက်ဆံပါသေးလား..."

"ပါတယ် ကိုဦး... နွေးစုထားတာ တစ်သောင်းကျော်
လောက် ယူလာခဲ့တယ်..."

"ဒါလောက်ဆို လတ်တလောသုံးစွဲဖို့လောက် ဖြစ်ပါ
တယ်... ပါပလစ်ကာကားကိုတော့ ဆက်မောင်းလို့မ
တော့တဲ့ နေရာမှာထားပစ်ခဲ့ရမှာပဲ..."

"တွေ့တဲ့လူက ကားကို ခိုးသွားမှာပေါ့..."

"မော်တော်ကားခိုးဖို့ဆိုတာ ဒီလိုတောပိုင်းတွေမှာ မလွယ်
ပါဘူး... ဒီကားက အန်တီဦး နာမည်နဲ့လိုင်စင်ဝင်ထား
တဲ့ကားပဲ... နောက်ဆုံး... ဒီကလူတွေ တွေ့လို့ ရဲကို
အကြောင်းကြားရင် ရဲကလာသိမ်းယူသွားမှာပါ..."

ချစ်သူနှစ်ဦး သရက်တောရွာဘက်သို့ ဦးတည်
မောင်းထွက်လာခဲ့တော့သည်။



## အခန်း (၁၀)

အချိန်ကာန်ပါလျက် အိမ်ပြန်မရောက်သော သမီး
နွေးအား ဦးမင်းအောင်သည် သူ၏လင်းရိုဗာကားမောင်းပြီး မသိ
သောလိုက်ရှာကြည့်လေသည်။

နွေးသွားတတ်သော နေရာများတွင် နွေး မလာ
ရောက်ပါဟု အဖြေရသည်။ အခြား ဘယ်မှာမှလည်း ရှာမတွေ့။
ဒါဆိုလျှင်...

ဇေယျာဦးက နွေးကိုခေါ်သွားသည်ဟု ယူဆစရာ
ဖြစ်လာသည်။ ဤယူဆချက်သည် ဦးမင်းအောင် ရင်ထဲတွင် ဝမ်း
နည်းမှုတစ်မျိုး ခံစားရပါ၏။

အပြန်တွင် ဦးမင်းအောင်သည် မြို့ရဲစခန်းသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အမှုဖွင့်သည်မျိုး မဟုတ်။

သမီးနွေး ဇေယျာဦးနောက်သို့ လိုက်သွားသည် ထင်ကြောင်း ရဲအား အသိပေးရန်သာ ဖြစ်သည်။

ရဲအုပ်ကိုသူရနှင့် တွေ့ပါ၏။

ကိုသူရက ဦးမင်းအောင်အား ဆရာဟောင်း တပည့်ဟောင်းအနေနှင့် ခရီးဦးကြိုပြုပါ၏။

"ဇေယျာဦးကိုတော့ မမိသေးဘူး ဆရာ...မြို့အဝင်အထွက် အပေါက်တွေ မှန်သမျှမှာတော့ ရဲအစောင့်တွေ ချထားပါတယ်... သူ မြို့အပြင်ကို ထွက်ပေါက်မရလို့ မြို့ထဲတစ်နေရာရာမှာ ခိုပုန်းနေတယ်လို့ ထင်ရပဲ... "

"ဖြစ်နိုင်ပါတယ်... သူနဲ့အတူ အန်ကယ့်ရဲ့သမီး နွေးလည်း ပါသွားပုံရတယ်... မိန်းကလေးပါနေတော့ ပိုပြီးခက်တာပေါ့..."

"ဗျာ... ဆရာ့သမီး နွေးနွေးအောင် ပါသွားတယ်... ဟုတ်လား... ဘာလဲ ဆရာ... ဇေယျာဦးက ဓားစာခံခေါ်သွားတဲ့ သဘောလား... ဒါဆို အမှုဖွင့်ပါ ဆရာ... ကျွန်တော် ပိုက်စိတ်တိုက်ရှာမယ်... "

ဦးမင်းအောင်က ညင်သာစွာ ခေါင်းခါပြသည်။

"ဓားစာခံခေါ်သွားတာ မဟုတ်ပါဘူး... ပြန်ပေးဆွဲတာ



လည်း မဟုတ်ဘူး... ဇေယျာဦးနဲ့ နွေးဟာ မေတ္တာရှိနေကြတာ သုံးနှစ်နီးပါးရှိပြီ... အန်ကယ့်အထင်ကတော့ သမီးနွေး ကိုယ်တိုင် ဇေယျာဦးနောက်ကို စိတ်တူသဘောတူ လိုက်သွားတာလို့ပဲ ထင်တယ်... ဒါကတော့ လူငယ်သဘာဝပေါ့လေ...အန်ကယ် အမှုမဖွင့်ပါဘူး...မောင်သူရ သိထားရင် လုံလောက်ပါပြီ... နောက်တစ်ချက်ရှိသေးတာက ခုချိန်ထိ အန်ကယ့်စိတ်ထဲမှာ ဒေါ်သီသီဦးကို ဇေယျာဦး သတ်တာ... ဒါမှမဟုတ် ဒေါ်သီသီဦး ဒဏ်ရာနဲ့သေဆုံးတာဟာ ဇေယျာဦးရဲ့လက်ချက်လို့ မယုံကြည်သေးလို့ပဲ မောင်သူရ... "

"ဗျာ... ဆရာ... "

"ဆက်ပြီး နားထောင်ပါ မောင်သူရ... အခု လက်ရှိအမှုရဲ့ အမှုလိုက်ရဲအရာရှိအိုင်အိုဟာ မောင်သူရပါ... အမှုလိုက်အိုင်အိုတစ်ယောက်မှ ပုဂ္ဂိုလ်ရေးငဲ့ညှာမှုမရှိစေရဘူး... သက်သေအထောက်အထားပြည့်စုံအောင် ရှာရမယ်... သေဆုံးသူနဲ့ သတ်သူရဲ့ခိုင်မာတဲ့ မိုးတစ်(မ်)ကို သေသေချာချာစူးစမ်းရမယ်... အခုအမှုမှာ သေဆုံးသူ ဒေါ်သီသီဦးနဲ့အတူ ဇေယျာဦးဟာ ရှိနေတယ်... အိမ်ထဲ လူဝင်လာတော့ ဇေယျာဦးက ပုန်းနေတယ်... ပုန်းနေတာကိုတွေ့ပြန်တော့ တွန်းတွန်းထိုးထိုးနဲ့အလွတ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးတယ်... ဒါဟာ အခု အချိန်ထိ ရရှိထားတဲ့ စစ်ဆေး တွေ့ရှိချက်နဲ့ ရရှိချက်တွေပါ... ဒီအချက်အလက်တွေ လောက်နဲ့ပဲ ဖေယျာဦးဟာ တရားခံလို့ဆိုနိုင်လောက် တယ်... ထင်မယ်ဆို ထင်စရာဖြစ်နေတယ်... ဒီတော့ နောက်ထပ် နံပတ်နှစ်၊ နံပတ်သုံးတရားခံတွေ မတွေ့မီ ဖေယျာဦးဟာ နံပတ်တစ် တရားခံဖြစ်နေတဲ့ သဘောပဲ"

"နှစ် တရားခံ... သုံးတရားခံ ဟုတ်လား ဆရာ... "

"တဖြည်းဖြည်း အမှုလိုက်ရင်း တွေ့ရှိလာနိုင်တဲ့သဘော ကို ပြောတာပါ မောင်သူရ... "

"ကျွန်တော် ဆရာ့ကို လေးစားပါတယ်... ရဲအဖွဲ့ကြီးမှာ ခရိုင်ရဲဝန်အထိ အမှုထမ်းသွားပြီး ဆရာဦးမင်းအောင် တော်တဲ့အကြောင်းတွေ... ဆရာ ဘက်မလိုက်ဘဲ အမှု တွေ အများကြီးဖော်ထုတ်နိုင်ခဲ့တာတွေဟာ ကျွန်တော်တို့ မျိုးဆက်သစ် နောက်ပေါက်... ရဲအရာရှိတွေမှာ ဆရာ့ နာမည် ထင်ရှားစေပါတယ်... ကျွန်တော်တို့တက်ခဲ့ရတဲ့ သင်တန်းတချို့တွေမှာ ရဲအရာရှိကောင်းတစ်ယောက်ဖြစ် ဖို့ ပို့ချတဲ့အခါ ဆရာ့နာမည်ကို ဥပမာတင်စားပြီး ပို့ချ တတ်ပါတယ်... ဆရာ အငြိမ်းစားယူသွားပေမဲ့... ဆရာ့ ရဲ့နာမည်နဲ့ ရာဇဝင်ဟာ ရဲအဖွဲ့မှာ မှတ်တမ်းတင် ကျန် နေခဲ့အောင် ဆရာစွမ်းဆောင်ခဲ့တာကို ကျွန်တော်တို့ လေး



စားစွာ သိထားပြီးသားပါ... "

"အခု ဒေါ်သီသီဦး ဒဏ်ရာနဲ့သေဆုံးမှုမှာ တကယ်လို့ လူ သတ်မှုဖြစ်ခဲ့တယ်ဆိုတောင် ဖေယျာဦးကို လူသတ်တရား ခံလို့ ဆရာ လက်မခံသေးတာရယ်... နံပါတ်နှစ် တရားခံ၊ နံပါတ်သုံး တရားခံကို ဆက်စုံစမ်းဖို့ ဆရာ ပြောပါတယ်... ဆရာ့အယူအဆကို သိပါရစေလား ဆရာ... ကျွန်တော် ဆရာ့ရဲ့ပညာကို ဆည်းပူးချင်တဲ့သဘောနဲ့ ပြောတာပါ"

"မောင်သူရရဲ့ ပထမဆုံးလက်ခံထားဖို့က အန်ကယ်ဟာ လက်ရှိ ရာထူးရှိသူမဟုတ်ဘူး... ဒါကြောင့် အန်ကယ် ရဲ အရာရှိမဟုတ်တော့ဘူး... အခု အန်ကယ်ပြောပြတာတွေ ဟာ ရိုးရိုးသာမန်အရပ်သားတစ်ယောက်... လက်ဖက်ရည် ဆိုင်မှာ ပြောတာလို့ မောင်သူရ မှတ်ယူပြီး နားထောင် ပါ... အန်ကယ်ဟာ ဖေယျာဦးအပေါ်မှာ သံသယဇဉ်ရှိ သင့်သလောက် ရှိတယ်... သံသယဇဉ်မရှိပါဘူးဆိုတောင် ဖေယျာဦးဟာ အန်ကယ့်ရဲ့သမီးနွေးရဲ့ချစ်သူ ဖြစ်နေ တယ်... အန်ကယ့်ရဲ့အယူအဆတွေဟာ ဘက်လိုက်တဲ့ အယူအဆမျိုး ဖြစ်နိုင်တယ်... ဒီတော့ အခု မောင်သူရ အန်ကယ်ပြောတာတွေ ကြားရတာဟာ လက်ဖက်ရည် ဆိုင်မှာ သတင်းစုရင်း ကြားရတဲ့သဘောမျိုးနဲ့သာ နား ထောင်ပါ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ... "

"ပထမဆုံးအချက်က ဇေယျာဦးလိုလူဟာ လူသတ် မလားဆိုတဲ့အချက်ပဲ... သူ့ရဲ့ပင်ကိုယ်စိတ်နေသဘော ထား... သူ့ရဲ့အနေအထိုင် အပြောအဆို အပြုအမူ... ရဲ့အကျင့်စာရိတ္တ... သူ့ရဲ့ရောက်ရှိနေတဲ့ အခြေအနေ သူ့ရဲ့ နောက်ကြောင်းရာဇဝင်ကို လေ့လာကြည့်ရမယ်"

"ရန်ကုန်မှာ နှင်းဆီဆိုတဲ့ တက္ကသိုလ်ကျောင်းသူလေး သေ ဆုံးမှုမှာ ဇေယျာဦးကို မသင်္ကာဖြစ်တယ်လို့ ကျွန်တော် ကြားထားတယ် ဆရာ... ဆရာက နောက်ကြောင်းရာ ဝင်ကို လေ့လာကြည့်ပါဆိုလို့ ကျွန်တော်က တင်ပြတာ ပါ... "

"အဲဒီလူ မောင်သူရပြန်မေးတာကိုက မပြည့်စုံနေဘူး အမှုတစ်ခုဖြစ်လာလို့ အမှုလိုက်ရဲအရာရှိက မသင်္ကာသူ ရှိလာရင် အဲဒီမသင်္ကာသူရဲ့ နောက်ကြောင်းရာဇဝင် လေ့လာရတာမို့... ရန်ကုန်က နှင်းဆီ သေဆုံးမှု မောင်သူရက သတင်းကြားနဲ့ ပြောတယ်... အဲဒါ မနိုင် ဘူး... နိုင်မာသွားအောင် အဲဒီတုန်းက နှင်းဆီရဲ့ကေ့(စ်) ကိုကိုင်တဲ့ ရဲစခန်းမှာ လှမ်းပြီး ရဲအဖွဲ့ချင်းပဲ စုံစမ်းမေး သင့်တယ်... သတင်းယူသင့်တယ်... "

"ကျွန်တော် အဲဒီလို သက်ဆိုင်ရာနယ်မြေစခန်းက အ



ကိုင်အမှုလိုက်အရာရှိကို မေးမြန်းဖို့ စဉ်းစားထားပြီးသား ပါ ဆရာ... "

"ဒါဆို မေးကြည့်ပါ မောင်သူရ... အဲ... အန်ကယ်က အဲဒီ ကိစ္စကို အကြမ်းဖျဉ်းသဘော ပြောပြမယ်... ရန်ကုန်က နှင်းဆီရဲ့ကိစ္စဟာ စပြီးဖြစ်တုန်းက အမှုကြီးနော်... မုဒိမ်း ကျင့်လူသတ်မှုတဲ့ ကြီးတဲ့အမှုမျိုး မရှိတော့ဘူး... ဒီအမှု မျိုးအတွက် တရားခံလွတ်မြောက်အောင် ငွေတွေဘယ် လောက်သြချပြီး ကုန်အောင်လိုက်လိုက် မရနိုင်ဘူး... ဘယ်သြဇာဘိက္ကမရှိတဲ့ ပုဂ္ဂိုလ်မျိုးကြီးကလည်း ဝင် မကာယ်နိုင်ဘူးဆိုတာ မောင်သူရ ကိုယ်တိုင် ရဲအရာရှိတစ် ယောက်အနေနဲ့ နားလည်ပြီးသား ဖြစ်မှာပါ... "

"ဟုတ်ကဲ့... နားလည်ပြီးသားပါ ဆရာ... "

"အဲ... အဲဒီအမှုမှာ သက်ဆိုင်ရာနယ်မြေ ရဲစခန်းက မောင်ဇေယျာဦးကို အဖမ်းတောင်မပြဘဲ ကွင်းလုံးကျွတ် လွှတ်လိုက်တယ်တဲ့... အဲဒီအချက်ကိုလည်း စဉ်းစားကြည့် ပေါ့ မောင်သူရ... "

"ဟုတ်ကဲ့ပါ ဆရာ... ကျွန်တော် သဘောပေါက်ပါတယ်... နိုင်မာသွားအောင် ရန်ကုန်က သက်ဆိုင်ရာနယ်မြေရဲစခန်း ကိုလည်း ကျွန်တော် လှမ်းမေးပါ့မယ်... "

"အေး... ဒါပေမဲ့ အန်ကယ် ထပ်ပြီးသတိပေးပါရစေ...

www.burmeseclassic.com

www.burmeseclassic.com



အခု ဒေါ်သီသီဦးအမှုနဲ့ပတ်သက်ပြီး ပြောပြနေတဲ့ ဦးမင်းအောင်ဟာ ဖေယျာဦးဘက်ကနေပြီး လိုက်ပြောတာမျိုး ဖြစ်ချင်ဖြစ်နိုင်တယ်နော်... အဲဒါလည်း မောင်သူရ မမေ့နဲ့... "

"ဟုတ်ကဲ့ပါ ဆရာ... ဆက်ပြောပါ... "

"ဖေယျာဦးရဲ့ဘဝပိုင်းကို လေ့လာကြည့်... ဒေါ်သီသီဦးက ကျောင်းမှာ ဖေယျာဦးကို ထောက်ပံ့ခဲ့တာဟာ သူ့မျှနည်းတူတောင် မဟုတ်ဘူး... သူများထက်တောင် သာလွန်သေးတယ်... ဘဏ်မှာ ငွေတွေအပ်ထားပြီး... လိုသလောက်ထုတ်ယူ... နည်းသွားရင် ထပ်ဖြည့်ပေးဆိုတဲ့အထိ ထောက်ပံ့ခဲ့တယ်... အခု ကျောင်းပြီးလို့ မြို့ကိုပြန်ရောက်တော့လည်း ဖေယျာဦး ဆန္ဒက လခစားတစ်နေရာရာမှာ ဝင်လုပ်ချင်တယ်... အဲဒါ သူ့အန်တီဦးကိုဆက်ပြီး အပူမကပ်ချင်တဲ့ သဘောပဲ... အန်တီဦးကို ငဲ့ညှာတဲ့သဘောပဲ... ဒါပေမဲ့ သူ့အန်တီဦးက လခစားဝင်မလုပ်နဲ့... အညွန့်ကျိုးသွားမယ်... သူ့လုပ်ငန်းတွေမှာပဲ ဖေယျာဦး ဝင်လုပ်စေဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုပြီး တခြားမှာလခစားလုပ်ခွင့်မပေးဘူး... ဒါတင် မကသေးဘူး... ဒေါ်သီသီဦး ကိုယ်တိုင် သားရှင်အနေနဲ့ လူငယ်ချင်းမေတ္တာမျှနေတဲ့ နွေးရဲ့ဖခင် အန်ကယ်ကို ဖိတ်ခေါ်ပြီး... လက်ထပ်ပေးဖို့



နားဖောက်တယ်... အဲဒါ ဖေယျာဦးရဲ့ဘဝကို လေ့လာချက်ပဲ... ဒီလောက်တောင် တက္ကသိုလ်ကဘွဲ့ရတဲ့အထိရော... ဘွဲ့ရပြီးနောက် အရာရာအဆင်သင့်ပြည့်စုံအောင် သူ့အန်တီဦး ဒေါ်သီသီဦးက လိုက်လျောထားတာ... ဒီလိုအဒေါ်ကို ဖေယျာဦးက သတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလားလို့ စဉ်းစားစရာဖြစ်လာတယ်... "

"အေး... ဖေယျာဦးရဲ့စိတ်နေသဘောထားပိုင်းကို လေ့လာရင်လည်း ဖေယျာဦးဟာ သူ့ဟာသူ အေးအေးနေတတ်တယ်... လူကြီးသူမတွေကို ရိုသေလေးစားဂါရဝထားတတ်တယ်... နောက်ဆုံး ကုန်ကုန်ပြောရရင်... သူ့အဖေကိုတောင် သူနဲ့အတူ တစ်အိမ်တည်းအတူနေပြီး သူမကြိုက်တာတွေ လုပ်နေပေမဲ့... ဖအေကို ရိုင်းရိုင်းစိုင်းစိုင်း ဘာမှမပြောဘူး... သူ့ဟာသူ ရှောင်နေတယ်... ဒီပြင်မှာလည်း စကားများရန်ဖြစ်တာတို့ မရှိဘူး... ဒါဟာ စိတ်နေသဘောထား မဆိုးဘူးဆိုတာ သိသာထင်ရှားစေတယ်... "

"အကျင့်စာရိတ္တပိုင်းကိုကြည့်ဦး... အရက်မသောက်ဘူး... လောင်းကစား မလုပ်ဘူး... ကျန်းမာရေးလိုက်စားတယ်... တခြားမိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ပွေပွေရှိတယ်လို့ တစ်ခါမှ မကြားရဘူး... "

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ် အမှုလိုက်အိုင်အိုကိုသူရသည် ဦးမင်းအော
ပြောပြသမျှကို နားစွင့်ထောင်ပါ၏။ သို့သော်... ဟုတ်ပါပေတယ
မှန်ပါပေတယ်ဟု ခေါင်းညိတ်မပြပေ။ မဟုတ်ပါဟုလည်း မငြ
ဆိုပေ။ ပြောသမျှကို သတင်းစုဆောင်းသည့်သဘောဖြင့် န
ထောင်ခြင်းသာ ဖြစ်ပါ၏။

ဦးမင်းအောင်က ဆက်ပြောသည်။

"နောက်တစ်ချက် ထပ်ပြောမယ်... အဲဒီအချက်ကတေ
မိုးတစ်(မ်)ဘက်ကို ဆွဲယူရင် ရတယ်... ဒေါ်သီသီဦး
ဆုံးခြင်းအတွက် ဒေါ်သီသီဦးရဲ့ ချမ်းသာသမျှငွေ
ဥစ္စာပစ္စည်းတွေကို ဇေယျာဦးက အမွေခံစားခွင့်ရှိသလ
ဆိုတဲ့ အချက်ပဲ... မရှိဘူး... ဘာလို့လဲဆိုတော့ ညီ
မွေးတဲ့ တူဖြစ်နေပြီး... ဒေါ်သီသီဦးက တရားဥပဒေ
သူ့ကို စာချုပ်စာတမ်းနဲ့ မွေးစားခဲ့တာ မဟုတ်လို့
ဒေါ်သီသီဦးရဲ့အမွေတွေကို ညီမအငယ်ဆုံးဖြစ်တဲ့
ထွေးကသာ ခံစားခွင့်ရှိတယ်... ဒါကြောင့် ဒေါ်သီ
သေဆုံးရမှုမှာ ဇေယျာဦးဟာ သတ်သူလို့ အန်ကယ်
မယုံကြည်ဘူး... "

"ကျွန်တော် ပြောမယ်နော် ဆရာ... "

"ပြောပါ မောင်သူရ... "

"ဒါဆိုရင်... သိန်းတစ်ရာဖိုးလောက်ရှိနေတယ်ဆိုတဲ့ လ



ဝတ်ရတနာတွေထည့်ထားတဲ့ ယွန်းသေတ္တာကိစ္စကကော
အန်ကယ်... "

"မှန်တယ် မောင်သူရ... အဲဒီရတနာ ယွန်းသေတ္တာကိစ္စ
က အမှုမှာ လာရှုပ်ထွေးစေတယ်... တကယ်လို့သာ ဇေ
ယျာဦး လက်ထဲမှာ လက်ဝတ်ရတနာယွန်းသေတ္တာနဲ့အတူ
ရှိနေတာကို တွေ့မြင်တဲ့ခိုင်မာတဲ့ သက်သေရှိတယ်ဆိုရင်
တော့... ဇဗေဒင်မမေးနဲ့ ဆန်ကုန်တယ်... ဇေယျာဦးဟာ
အဲဒီယွန်းသေတ္တာကို ဒေါ်သီသီဦးဆီက အရယူသွားတာ
လို့ ပြောနိုင်တယ်... "

"အဲဒါကို ကျွန်တော် စဉ်းစားနေတယ် ဆရာ... ဇေယျာ
ဦးဟာ သူ့အန်တီဦးဆီက အမွေမရနိုင်မှန်းသိလို့ မရရင်
ရတာဆိုတဲ့သဘောနဲ့ အဲဒီရတနာယွန်းသေတ္တာကို အယူ
မှာ ဒေါ်သီသီဦးနဲ့ပက်ပင်းတိုးပြီး ဒေါ်သီသီဦးက ပြန်
အလုမှာ ဇေယျာဦးက ဒေါ်သီသီဦးရဲ့ ဦးခေါင်းကို ရိုက်ချ
မယ်... ဒါမှမဟုတ် ဒေါ်သီသီဦးကို ဇေယျာဦးက ဆောင့်
တွန်းပစ်လို့ ညှော်ခန်းစားပွဲထောင့်စွန်းနဲ့ရိုက်မိပြီး... သေဆုံး
သွားတာ ဖြစ်နိုင်တယ်... ဒါဆို ဒေါ်သီသီဦး သေဆုံးရတာ
ဟာ ရိုက်သတ်လို့ပဲ သေသေ... စားပွဲစွန်းထောင့်နဲ့ဆောင့်မိပြီး
ပြီး သေသေ... ဇေယျာဦးရဲ့ ပယောဂချည်းပဲ ဖြစ်မနေ
ဘူးလား ဆရာ... "

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်… ဖြစ်နေပါတယ်လို့ပဲ အန်ကယ်ပြောရမှာပဲ… အခုအမှုမှာ အခုပြောတဲ့ မိုးတစ်(မ်)ကို မဖြစ်မနေထည့်တွက်ရမှာဘဲ… ဒါပေမဲ့ သိန်းတစ်ရာဖိုးလောက် လက်ဝတ်ရတနာတွေကို ယွန်းသေတ္တာနဲ့ထည့်ထားပါတယ်လို့ ပြောတဲ့သူဟာ မစီစီထွေးတစ်ယောက်ပဲ ရှိတယ်…တခြား အဲဒီလိုရတနာတွေထည့်ထားတဲ့ ယွန်းသေတ္တာကို မြင်ဖူး … တခြားသူတစ်ယောက်မှ ရှိမနေပြန်ဘူး… ဒေါ်ကြာဖံကလည်း မထွက်ဆိုဘူး… နောက်ပြီး အန်ကယ်ရော ကိုသက်ဇင်ရော ဗေယျာဦး ထွက်ပြေးတာကို မြင်ကြတာပဲ… သူ့လက်ထဲမှာ ဘာယွန်းသေတ္တာမှ ကိုင်ပြေးတာ မတွေ့ဘူး… ပြီး… ယွန်းသေတ္တာအခွံကိုတော့ မတွေ့ဘူးဆိုတော့ စဉ်းစားစရာဖြစ်လာတယ်… အေး… အခု အန်ကယ်ပြောနေတာတွေဟာ ဗေယျာဦးဘက်က လိုက်ပြီး တစ်ဖက်စောင်းပြောနေတာလို့ ထင်ချင်ထင်နေမယ် တယ်နော်… "

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ… ယွန်းသေတ္တာကိစ္စ ပြောသူဟာ ဒေါ်စီစီထွေးတစ်ယောက်တည်းပါ… "

"ယွန်းသေတ္တာဟာ အမှုမှာရှုပ်ထွေးလာတယ် မောင်သူရ… ယွန်းသေတ္တာကိစ္စအပြင် တခြားရှုပ်ရှုပ်ထွေးထွေးလေး တွေ ဒီအမှုထဲမှာ ရှိနေသေးတယ်… ဘယ်လိုရှုပ်ရှုပ်ထွေးထွေးလေးတွေဆိုတာတော့ အန်ကယ် အခုပြောမပြသေးဘူး… အန်ကယ်ကိုယ်တိုင် အဲဒီရှုပ်ထွေးကိစ္စလေးတွေကို လိုက်စုံစမ်းမယ်… ရှင်းကြည့်မယ်… စုံစမ်းလို့ ရှင်းလို့ ရမယ် မရဘူးဆိုတာလည်း မသေချာဘူး…ကဲ…အန်ကယ် ပြောချင်တာ ဒါပါပဲ မောင်သူရ… "

"ဆရာ စုံစမ်းသိရှိသမျှ… ကျွန်တော်လည်း သိပါရစေ ဆရာ… ဒီအမှုမှာ ဆရာ့သမီးနွေးဟာ ဗေယျာဦးနဲ့ပတ်သက်နေပြီမို့ မရမက ဆရာစုံစမ်းတော့မယ်မှန်း ကျွန်တော် ရိပ်မိပါတယ်… ဆရာသိသမျှ ကျွန်တော် သိပါရစေ ဆရာ… "



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဦးမင်းအောင် အိမ်ပြန်ရောက်သောအခါ ဦးဖေ ညွန့် ထိုင်စောင့်နေသည်ကို တွေ့ရသည်။

"ဘာထူးသေးလဲ ဦးမင်းအောင်... "

"မထူးသေးပါဘူး ဦးဖေညွန့်ရာ... ဒီတစ်ချီတော့ သမီးနွေး ရော မောင်ဦးရော မိုက်မဲကြပြီ့ထင်ပါရဲ့... တကယ်တော့ မောင်ဦးဟာ သူ့မှာ ရာဇဝတ်မှုတန်းလန်းကြီးနဲ့ နွေးကို ခေါ်မသွားသင့်ဘူး... "

ဦးဖေညွန့်က ကရုဏာအကြည့်နှင့်သာ ကြည့်နေ ပြီး ဝေဖန်စကားမဆိုပေ။ ဦးမင်းအောင်ကပင် ညည်းတွားသော လေသံဖြင့် ဆက်ပြောသည်။

"အင်းလေ... တကယ်တော့ မောင်ဦးဟာ ဉာဏ်ရှိ



လူငယ်တစ်ယောက်ပဲ...သူ့အနေနဲ့ ဒုက္ခတွေကြားမှာ သမီး နွေးကို ခေါ်မသွားသင့်ဘူးဆိုတာ သိမှာပါ... သမီးနွေး ကလည်း အတင်း မောင်ဦးနဲ့အတူ ဇွတ်လိုက်သွားတာဖြစ် မှာပါ... "

စည့်ခန်းတွင် ထိုင်ကြသည်။

"အေးဗျာ... ခင်ဗျားကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်း ပါဘူး ဦးမင်းအောင်... "

"ဟဲ... ဟဲ...သမီးအတွက် ကျွန်တော် စိတ်ထိခိုက်နေတယ် ထင်သလား ဦးဖေညွန့်... တကယ်တော့ အခုလို သမီးနွေး က မောင်ဦးနောက်ကို လိုက်သွားတဲ့အတွက် မောင်ဦး အတွက် ပိုပြီးတောင် ကောင်းသေးတယ်... "

"ဗျာ... ဘယ်လိုပိုပြီး မောင်ဦး အတွက် ကောင်းတာလဲ"

"ဒီလိုလေဗျာ... ဒေါ်သီသီဦး သေဆုံးမှုဟာ မောင်ဦးရဲ့ ပယောဂလုံးဝမပါဘူးလို့ ကျုပ် ယုံကြည်ထားတယ်... "

"ဗျာ... "

"ခင်ဗျား နားရှုပ်သွားတယ် ထင်တယ် ဦးဖေညွန့်... သမီး နွေး လိုက်မသွားဘဲ အိမ်ကိုပြန်လာရင်... ကျုပ်ဟာ မောင်ဦးအပေါ် သံသယကင်းတာကလွဲပြီး... မောင်ဦး အတွက် ဘာမှဆောင်ရွက်ပေးမိမယ် မဟုတ်ဘူး... အခု ကျုပ်သမီးနွေး သူနဲ့အတူပါသွားတော့ ဒေါ်သီသီဦး သေ

www.burmeseclassic.com



ဆုံးတာဟာ မောင်ဦးတရားခံမဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ တရားခံအစစ်ကို ဖော်ထုတ်ဖို့... ကျုပ်ဉာဏ်စွမ်းရှိသလောက်နဲ့ ကိုယ်စွမ်းရှိသလောက်ဆက်ပြီး... စုံစမ်းတော့မယ်လေ... နွေးက မောင်ဦးနဲ့ပတ်သက်နေမှတော့ ကျုပ် ဘယ်မှာငုတ်တုတ်ထိုင်နေတော့မှာမလဲ... မောင်ဦးမှာ အပြစ်မရှိတဲ့အကြောင်း ဖော်ထုတ်ရမှာပေါ့... "

ဦးဖေညွှန့်က သဘောပေါက်စွာ ခေါင်းညိတ်ပြ၏။

BURMESE CLASSIC

"အဲဒီဖော်ထုတ်ဖို့ လမ်းအစအနကော တွေ့လို့လား..."

"ရှာရမှာပေါ့ဗျာ... ကဲ... အဆင်သင့်ပဲ... ဦးဖေညွှန့်ကိုမေးရဦးမယ်... ဦးဖေညွှန့်က ဒီမြို့ဇာတိဖြစ်ပြီး ဒီမြို့မှာနေတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ဒေါ်သီသီဦးတို့ရဲ့ မိသားစုအခြေအနေတွေကို ပြန်ပြောပြပေးနိုင်မလား"

"ခင်ဗျားကပဲ မေးလေ... ကျုပ်မှတ်မိသရွေ့ ကိုတော့ပြောပြနိုင်မှာပေါ့... "

"ဒေါ်သီသီဦးရဲ့အကြောင်းကို သိချင်တာပါ... ဒေါ်သီသီဦးဟာ အပျိုကြီးနော်... "

"ဟုတ်ပါတယ်... အပျိုကြီးပါ... "

"ဒေါ်ရီရီလတ်နဲ့ အရက်သမားကြီးဦးတေဇတို့ လက်ထပ်ကြတာကော နှစ်ပေါင်းဘယ်လောက်ကြာသွားပြီလဲ..."



တိတိကျကျလေးပေါ့ဗျာ... "

"အား... ဒါဆိုရင် နည်းနည်းပြန်စဉ်းစားကြည့်ရမယ်... "

ဦးဖေညွှန့်က မော့ပြီး မျက်နှာကြက်ကိုကြည့်ရင်း ခဉ်းစားသည်။ နှုတ်မှလည်း တစ်တွတ်တွတ်ရွတ်ဆိုသည်။

"ကျုပ်မှတ်မိသလောက်ဆိုရင် မရီရီလတ်နဲ့ ကိုတေဇ လက်ထပ်မင်္ဂလာပွဲကို ကျုပ်ကိုယ်တိုင်သွားခဲ့တယ်... အဲဒီအချိန်တုန်းက ကျုပ်အမေဟာ တော်တော်နေမကောင်းဖြစ်နေတယ်... ကိုတေဇနှင့် ရီရီလတ် လက်ထပ်မင်္ဂလာပွဲပြီးသွားလို့ မကြာခင်မှာဘဲ ကျုပ်အမေ ဆုံးသွားတယ်... အမေ့ရဲ့အသုဘကို ရီရီလတ်လာတယ်... အဲဒီတုန်းက ရီရီလတ်ကတောင် ကျုပ်ကိုပြောသေးတယ်...

"ကိုဖေညွှန့်တစ်ယောက် မကြာခင်ကဘဲ ကျွန်မတို့မင်္ဂလာပွဲ လာသေးတယ်... အခု အမေ့ရဲ့အသုဘချနေရပြီနော်လို့ စိတ်မကောင်းတဲ့စကား ပြောသွားတာ... ကျုပ် မှတ်မိနေသေးတယ်... ဒါဆိုရင်... "

ဦးဖေညွှန့် သူ့လက်ချောင်းများကို ချိုးကာ ပြန်တွက်ကြည့်ပြီးနောက်...

"အင်း... ဟုတ်တယ် ဦးမင်းအောင်... ကျုပ်အမေဆုံးတာနှစ်ဆယ့်ခြောက်နှစ်ရှိသွားပြီ... ဒါဆို ရီရီလတ်နဲ့ကိုတေဇလက်ထပ်တာ... လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ်ကပဲ...

www.burmeseclassic.com

www.burmeseclassic.com



ကိုတေဇနဲ့ ရိရိလတ်တို့ လက်ထပ်ပြီး သုံးနှစ်လောက်ကြာ
မှ သားဦးလေး ဇေယျာဦးကို မွေးတာလို့တွက်လို့ရတယ်"

ဦးမင်းအောင် ခေါင်းညိတ်ပြသည်။ နောက်ထပ်
မေးခွန်းတစ်ခု ထပ်မေးပြန်သည်။

"ဒေါ်သီသီဦး... ရိရိလတ်နဲ့ စီစီထွေး ညီအစ်မသုံးယောက်
တည်းနော်... "

"အဲဒါ ဟုတ်သားပဲ... "

"ညီအစ်မသုံးယောက်မှာ အကြီးဆုံးဖြစ်တဲ့ ဒေါ်သီသီ
က အနုသိပ်ချမ်းသာနေပြီး... သေဆုံးသွားတဲ့ ဒေါ်
လတ်ပဲဖြစ်ဖြစ်... အငယ်ဆုံး စီစီထွေးဖြစ်ဖြစ်... ဘာ
မချမ်းသာတာလဲ... တကယ်လို့ ညီအစ်မသုံးယောက်
မိဘတွေသေဆုံးလို့ အမွေရကြမယ်ဆိုရင် ရိရိလတ်ရော
စီစီထွေးရော ချမ်းသာကြရမှာပေါ့... "

"သူတို့ညီအစ်မသုံးယောက်စလုံး မိဘအမွေ ဘာမှမ
ဘူး ဦးမင်းအောင်... အမွေမရတဲ့အပြင် သူ့မိဘယူထား
ကြွေးတွေကိုတောင်... ဒေါ်သီသီဦးက ဆပ်ပေးရ
တယ်လို့ ကြားရတာပဲ... အဲဒီအချိန်မှာပဲ ပထမဆုံး
လတ်က ထွက်ပေါက်ရှာတဲ့အနေနဲ့ ကိုတေဇနဲ့ လက်
လိုက်တယ်... "

"ဒါဆို... ဒေါ်သီသီဦး ချမ်းသာတာကကောဗျာ...



"ဒေါ်သီသီဦး ချမ်းသာတာ ကိုယ့်ဒူးကိုယ်ချွန် စီးပွားရေး
မှာ သတ္တိရှိတယ်... စွန့်စားတယ်... အတွေးအခေါ်
ကောင်းတယ်... လာဘ်မြင်တယ်... လုပ်ရဲကိုင်ရဲရှိတယ်...
တစ်ကိုယ်ရေ တစ်ကာယ အပျိုဆိုတော့ စီးပွားထွက်ရှာ
တဲ့နေရာမှာ နောက်ဆံတင်းစရာမရှိဘူး... အားစိုက်ခွန်
စိုက်လုပ်ရင်း ကံလည်းလိုက်လာတယ်ဆိုပါတော့... အဲဒီ
လိုနဲ့ ချမ်းသာလာတာပဲ... "

"အင်း... လုပ်ငန်းလုပ်တဲ့နေရာမှာ သတ္တိရှိတာ၊ စွန့်စား
တာ၊ လာဘ်မြင်တာဆိုတာတွေကတော့... ဒေါ်သီသီဦး
ရဲ့အရည်အချင်းတွေလို့ သတ်မှတ်ရမှာပေါ့ ဦးဖေညွန့်...
ဒါပေမဲ့ မိဘဆီကလည်း ဘာအမွေမှမရဘူးဆိုတော့...
ဘယ်လောက်အရည်အချင်းရှိရှိ... လုပ်ငန်းအတွက် ငွေပင်
ငွေရင်းကတော့ အနည်းနဲ့အများ လိုမှာပဲပေါ့ဗျာ... အဲဒီ
ငွေပင်ငွေရင်း ဒေါ်သီသီဦး ဘယ်ကရမလဲ... ငွေတိုးချေး
ပြီး လုပ်တာလား... တစ်ဦးတစ်ယောက်က ထုထောင်
ပေးတာလား... "

"အား... ဟုတ်သားပဲ... ဦးမင်းအောင်က အဲဒီလိုပြောမှ
ကျုပ်သတိရတယ်...ကိုကျော်ဝေဆိုတဲ့လူလေး...ကိုကျော်ဝေ"

"ကိုကျော်ဝေဆိုတဲ့လူက ဘာဖြစ်လဲ... ဦးဖေညွန့်ပြော
တာက အရင်းမရှိ အဖျားမရှိနဲ့... "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကိုကျော်ဝေဆိုတဲ့လူက ဒေါ်သီသီဦးနဲ့မေတ္တာရှိခဲ့ဖူးတဲ့ လူပဲဗျ… "

"သြော်… သြော်… ဒေါ်သီသီဦး အပျိုကြီးမှာ ငယ်စဉ်က မေတ္တာမျှခဲ့ဖူးတဲ့သူတွေ ဘာတွေရှိခဲ့ဖူးသတဲ့လား… "

"ဟာ… သိပ်ရှိခဲ့ဖူးတာပေါ့ဗျာ… ဒေါ်သီသီဦးဟာ အ… အရွယ်အထိတောင် လှပချောမောနေတာ ဦးမင်းအောင် အမြင်ပဲ… အဲဒီ နုစဉ်တုန်းကဆို ဒေါ်သီသီဦးကို ကြိုက်… တွေ ဝိုင်းဝိုင်းလည်ခဲ့တာပေါ့… "

"ဟုတ်နိုင်တာပေါ့… "

"သူတို့ညီအစ်မသုံးယောက်ဟာ မိဘတွေဆုံးသွားပြီး… နောက်… ကိုယ့်ထွက်ပေါက်ကိုယ်ရှာကြတယ်ဆိုပါတော့… အလတ်မရီရီလတ်က ကိုတေဇနဲ့လက်ထပ်လိုက်တယ်… အငယ်မစီစီထွေးက ငယ်သေးလို့ မြို့ထိပ်က သူ့အဒေါ်… အိမ်မှာ သွားနေစေတယ်… အဲဒီမှာ ဒေါ်သီသီဦးဟာ … ပွားရေးကို ခေါက်ချကြိုးစားလုပ်တော့တာပဲ… အဲဒီ… လုပ်ရင်း သွားရင်း လာရင်းနဲ့ ကိုကျော်ဝေနဲ့ဆက်မိ… တယ်… တွဲမိသွားတယ်… ကိုကျော်ဝေက ဒီမြို့သား… မဟုတ်ဘူး… မိုးကုတ်ကဆိုလား… မြစ်ကြီးနားက ဆို… ပဲ… တိတိကျကျတော့ ကျုပ်လည်း မသိဘူး… ကိုကျော်… ဝေကို ကျုပ် အမှတ်တရရှိတာက သီသီဦးဆိုတဲ့ တ…



အပျိုချောကို စွဲသွားတဲ့ လူတစ်ယောက်အနေနဲ့ အမှတ်သညာထားမိတာ… သီသီဦးတို့ ဒီမြို့က ကာလသားတွေကလည်း သိပ်စိတ်ဝင်စားနေချိန်မှာ… ဒီပြင်မြို့သားက အောင်ဘာလေပေါက်စွဲသွားတာမို့ အမှတ်သညာသိသိသာသာ ထားမိတဲ့သဘောပါ… "

"ကိုကျော်ဝေက ဘာလုပ်သလဲ… "

"အရောင်းအဝယ်သမားပေါ့ဗျာ… ဒါကြောင့်လည်း သီသီဦးနဲ့တွဲမိသွားတာပေါ့… ဒါပေမဲ့ ကိုကျော်ဝေက ရိုးရိုးအရောင်းအဝယ်သမား မဟုတ်ဘူး… အဆင့်မြင့်တယ်… ကျောက်စိမ်းတို့… ပတ္တမြားတို့စတဲ့ တွင်းထွက်တွေကိုမှကိုင်တာ… အဲဒီဘက်မှာလည်း တော်တော်ကျွမ်းတယ်ဆိုပဲ… ကိုကျော်ဝေဆီက ခင်ခင်ဦးက အဲဒီတွင်းထွက်တွေနဲ့ပတ်သက်တဲ့ပညာတွေ တော်တော်ရတယ်… "

"ဒေါ်သီသီဦးက ကနေ့ထိ အပျိုကြီးပဲ… ကိုကျော်ဝေနဲ့ လက်မထပ်ဖြစ်ကြဘူးလား… "

"အင်း…ကိုကျော်ဝေက လက်မထပ်လိုက်ရဘဲ ရုတ်ကရက်သေဆုံးသွားတယ်တဲ့… မန္တလေး၊ မြစ်ကြီးနားမီးရထားပေါ်မှာ ကိုကျော်ဝေဟာ သူများသတ်လို့ သေသွားတယ်တဲ့… ဒီတွင်းထွက်ပစ္စည်းမျိုးဆိုတာက အဖိုးသိပ်တန်လေ သိပ်ရန်များလေ မဟုတ်လား… ထားပါလေ… အဲဒါက

www.burmeseclassic.com



တစ်ကဗျာပဲ… ဆိုလိုချင်တာက ကိုကျော်ဝေ သေသွားပြီး တဲ့နောက်ပိုင်းမှာ သီသီဦးဟာ တရှိန်ထိုးစီးပွားအရမ်းတိုး တက်ချမ်းသာလာတာပဲဗျို့… ကောလဟလပြောကြတာ ကတော့ ကိုကျော်ဝေ ကျန်ခဲ့တဲ့တွင်းထွက်ရတနာတွေဟာ သိန်းပေါင်းအများကြီးတန်ဖိုးရှိတယ်လို့ ပြောကြတာပဲ… ဘယ်လောက်အများကြီးလဲဆိုတာတော့ ဘယ်သူမှမပြော နိုင်ဘူး… ဒေါ်သီသီဦး ကိုယ်တိုင်ကလည်း ကိုကျော်ဝေ ဆီက ဒီပညာတွေရပြီး… ကျွမ်းကျင်ထားတော့ အရမ်း စီးပွားတက်တာပေါ့ဗျာ… သူ့မိဘတွေအပေါ်မှာ ကျန် ကြွေးတွေကိုတောင် အကုန်လိုက်ဆပ်တယ်… ”

“သြော်… သြော်… ဒါကြောင့်ကို… ”

“ဘာလို့… ဒါကြောင့်ကိုးလို့ မှတ်ချက်ချတာလဲ… ဦးမင်း အောင်… ”

“သြော်ဗျာ… ဒေါ်ခင်ခင်ဦးဟာ မိဘအမွေရလို့ မဟုတ် ဘဲ… သူ့အစွမ်းအစနဲ့ ချမ်းသာတာမို့ ကျန်တဲ့ညီအစ်မ ယောက်က ငြိမ်နေတာပါ… နို့မို့ရင် သူတို့ရသင့်ရ တာတွေ ပူညံပူညံနဲ့တောင်းမှာကို တွေးမိလို့ “ဒါကြော ကိုး”လို့ ပြောတာပါ ဦးဖေညွှန့်… အဲ… အငယ်ဆုံး ထွေး ယောကျ်ားရပုံကကော ဘယ်လိုပုံစံနဲ့ရတာလဲ ဗျာ… ”



“အစ်မအကြီးဆုံးကလည်း စီးပွားရေးလုံးပန်းနေတယ်… အစ်မအလတ်ကလည်း သူ့အိမ်ထောင်နဲ့သူဖြစ်နေချိန်မှာ စီစီထွေးက သူ့ဟာသူ လွတ်နေတာပေါ့… ဆယ်တန်းစာ မေးပွဲမှာလည်း တဖုတ်ဖုတ်ကျနေတော့… နောက်ဆုံး ကိုသက်ဇင်နဲ့ ချစ်ကြိုက်ပြီး သူ့သဘောနဲ့သူ ကိုသက်ဇင်နဲ့ ခိုးရာလိုက်ပြေးပြီး ယူလိုက်တာပဲ… ”

ဦးဖေညွှန့် ပြောပြသမျှတွေကို နားထောင်ပြီး ဦးမင်းအောင် ရင်ထဲတွင် မှတ်ချက်တွေ ကောက်ချက်တွေ ရှိလာ လေသည်။

သို့သော် သူ၏ရင်းတွင်းချက်ကောက်ချက်နှင့် မှတ် ချက်တွေကို ဦးဖေညွှန့်ကို ပြောမပြပေ။

“တစ်ခုထပ်မေးချင်သေးတယ်ဗျာ… အဲ… ကိုကျော်ဝေ မသေခင်ကတော့ ဒေါ်သီသီဦးဟာ ကိုကျော်ဝေကိုအဖော် ပြုပြီး စီးပွားရေးလုပ်ငန်းတွေ ထွက်လုပ်တယ်ထားပါ တော့… အဲ… ကိုကျော်ဝေ သေသွားပြီးတဲ့နောက် သူ့စီး ပွားရေးလုပ်ငန်းတွေ ထွက်လုပ်တဲ့အခါ အဖော်လိုမှာပဲ… သူက အပျိုမဟုတ်လား… အဲဒီတော့ အဖော်အဖြစ် ဘယ် သူ့ကိုခေါ်သလဲဆိုတာ ဦးဖေညွှန့် မှတ်မိသလောက် ပြော ပြပါဦးဗျာ… ”

“ဒီလောက်အထိတော့ ကျုပ် မသိတော့ဘူး ဦးမင်း

www.burmeseclassic.com



အောင်... အဲဒီအချိန်မှာ ကျုပ်ကလည်း ကိုယ့်လုပ်ငန်းနဲ့ ကိုယ် သွားဟယ်လာဟယ်လုပ်ကိုင်နေတော့ နောက်ပိုင်း သိပ်သတိမထားမိတော့ဘူးဗျ... အဲ... ခင်ဗျားသိချင်ရင် ကိုသက်ဇင်ကိုဖြစ်ဖြစ်... စိစိထွေးကိုဖြစ်ဖြစ် မေးကြည့်ပါ လား... သူတို့ကတော့ သိကြမှာပါ... ”

“ရှိပါစေတော့ဗျာ... သူတို့ကိုတော့ ကျုပ် မမေးပါရစေနဲ့ တော့... ကျုပ်ဟာ ကျုပ်ပဲ တခြားမှာ စုံစမ်းပါတော့ မယ်... သူတို့က တစ်မျိုးကြီးတွေဗျ... ကိုတေဇလည်း အပါ အဝင်ပေါ့လေ... ”

* * *



အခန်း (၁၂)

ထိုစဉ်မှာပင်...

ရဲကားခြံထဲသို့ ဝင်လာသည်ကို လှမ်းမြင်ရသဖြင့် ဦးမင်းအောင်နှင့် ဦးဖေညွန့် ပြောလက်စ စကားစပြတ်သွား သည်။

ရဲအုပ်ကိုသူရ ရဲကားပေါ်မှဆင်းလာပြီး ဦးမင်း အောင်အားပြောလိုက်သည်။

“အကြောင်းထူးတစ်ခုဖြစ်လာလို့ ဆရာ့ကိုလာခေါ်တာပဲ ဆရာ... ”

ရဲကားပေါ်တွင် ရဲသား(၂)ဦးနှင့် အခြားကျေးရွာ သား သူစိမ်းတစ်ဦး ပါလာသည်။

“အဲဒီ ကားပေါ်က လူက ဦးဝိုင်းတဲ့ ဆရာ... သရက်တော

www.burmeseclassic.com



ရွာက ဥယျာဉ်သမားတစ်ယောက်ပဲ…မြို့မှာ ဈေးလာဝယ်ရင်း အပြန်မှာ သရက်တောပြန်ရမယ်… ဘတ်(စ်)ကားမမှီလိုက်လို့ မြိုင်ကုန်းတောထဲက ဖြတ်လမ်းအတိုင်း ခြေကျင်အပြန် တောထဲမှာ မော်တော်ကားတစ်စီး လူမရှိဘဲရပ်ထားတာတွေ့လို့… ရဲစခန်းကိုပြန်လာပြီး အကြောင်းကြားတာပဲ ဆရာ… ဦးမိုင်း တွေ့လာတဲ့ကားအရောင်နဲ့ ပုံပန်းသဏ္ဍာန်ကိုမေးတော့ ဖေယျာဦးစီးတဲ့ ကားဖြစ်နိုင်နေတယ် ဆရာ… အဲဒါ ဆရာပါလိုက်ကြည့်ဖို့ ကျွန်တော်လာခေါ်တာပါ… ”

“လိုက်မယ်လေ… ဟောဒီ ဦးဖေညွန့်ကိုပါ ခေါ်ခဲ့ရင်ရမလား မောင်သူရ… ”

“ပိုကောင်းတာပေါ့ ဆရာ… အန်ကယ်ဦးဖေညွန့်က ဒီမြို့မှာ မြို့မိမြို့ဖတစ်ဦးပဲ… ဆရာနဲ့ ဦးဖေညွန့် ရှေ့မှောက်မှာ ကျွန်တော် မော်တော်ကားကို စစ်ဆေးမှာ… ရဲစခန်းကို သိမ်းယူလာမှာအတွက် ပိုပြီးခိုင်မာတဲ့ အထောက်အထားဖြစ်စေတာပဲ… ”

ရဲကားနှင့်ပင် လိုက်ပါခဲ့ကြသည်။ မြို့သေားပေါက်မှထွက်ပြီး မြိုင်ကုန်းတောထဲသို့ မောင်းဝင်လာခဲ့ကြသည်။ မြိုင်ကုန်းသစ်တဲကိုလွန်ပြီး အတန်ငယ်မောင်းမိသောအခါ တောထဲတွင် ရပ်ထားသော ကားအဖြူကို တွေ့ရတော့သည်။

ကားဖြူမှာ ပါပလစ်ကာဖြစ်ပြီး ကားနံပါတ်မှာ



လည်း ဖေယျာဦး စီးသောကားဖြစ်ကြောင်း သေချာသွားသည်။

“ဒါဆိုရင်တော့ ဖေယျာဦးနဲ့ နွေးဟာ မောင်းရသလောက်အထိ မောင်းခဲ့ပြီး… ဆက်မောင်းလို့မရတော့တဲ့ ဒီနေရာကနေပြီး ဆင်းသွားကြပုံပဲ… ဒီကဆက်ပြီး သရက်တောရွာဘက်ကို ခြေကျင်ဆက်သွားမယ်… သရက်တောရွာရောက်ရင် ကားလမ်းပေါ်ရောက်ပြီမို့… ကြုံရာကားနဲ့အဝေးကိုပြေးကြတာ ဖြစ်မယ် ဆရာ… ”

“အဲဒီလိုဖြစ်နိုင်ပါတယ်… ဒါထက် မောင်သူရက သရက်တောရွာဘက်ရောက်နိုင်တဲ့ မြိုင်ကုန်းသစ်တောထိပ်မှာရဲအစောင့်ချမထားဘူးလား… ”

“စခန်းမှာ အဲဒီလောက်အထိ ချနိုင်တဲ့ အင်အားမရှိဘူးဆရာ… မြို့စပ်ထွက်ပေါက်တွေမှာပဲ ချထားနိုင်တယ်… နောက်ပြီး ဖေယျာဦးဟာ ကားရှိတဲ့လူမို့ ကားလမ်းထွက်ပေါက်တွေကိုသာ အဓိကထားပြီး အစောင့်ချတာ… ဖေယျာဦးက မြိုင်ကုန်းတောထဲက ဝင်ပြီး သရက်တောဘက်မောင်းပြေးတာကို… ”

ကိုသူရ၏လုပ်ဆောင်ချက် မမှားပါချေ။

အကယ်၍သာ မြိုင်ကုန်းသစ်တဲတွင် တွေ့နေကျစ်သူနှစ်ဦး တွေ့ဆုံချိန်းဆိုထားချက် မရှိပါက ဖေယျာဦးသည်အိမ်မှထွက်ပြေးခဲ့ပြီး မြိုင်ကုန်းသစ်တဲသို့ လာမည်မဟုတ်ဘဲ ကားလမ်းအတိုင်း ထွက်ပေါက်မှ သူ့ပါပလစ်ကာ ကားဖြင့် ထွက်ပြေး

www.burmeseclassic.com



မည်သာ ဖြစ်သည်။ ယခုမူ ငွေးနှင့် ချိန်းဆိုထားပြီး ဖြစ်သည်မို့ မြို့ကုန်းသစ်တဲ့သို့ ပြန်လာရင်း သရက်တောဘက် ဖောက်ထွက်ခြင်း ဖြစ်ပေသည်။

သူတို့အားလုံး ရပ်ထားသော ဇေယျာဦး၏ကားကို ဆင်းကြည့်ကြသည်။ ကိုသူရနှင့် ရဲသားနှစ်ဦးက ကားထဲတွင် ရှာဖွေရေးပြုလုပ်သည်။

ကား၏ဒက်(ရှ်)ဘုတ်အတွင်း သေတ္တာခလုတ်လေးကို ဖွင့်လိုက်၍ အဖုံးပွင့်သွားသည်နှင့်…

"ဟာ… ဒီမှာ ဆရာ… "

ဒက်(ရှ်)ဘုတ်အံထဲတွင် ဝါစ်ဗုံတစ်ခုကိုတွေ့သဖြင့် ကိုသူရက လှမ်းအော်ပြောကြားခြင်းမို့ ဦးမင်းအောင်နှင့် ဦးဒေညွန့် အနီးသို့သွားရောက်ကြည့်ရှုသည်။

ယွန်းသေတ္တာလေးတစ်လုံးပါပေ။

ကျွန်တော် ထုတ်တော့မယ် ဆရာဟု ပြောပြီး ယွန်းသေတ္တာကို ထုတ်ယူလိုက်သည်။ ရှေ့ကူရှင်ဖင်ထိုင်ခုံပေါ်တွင် တင်ထားပြီး ယွန်းသေတ္တာအဖုံးကိုဖွင့်ကာ လက်နှိပ်ဓာတ်မီးဖြင့် အတွင်းရှိပစ္စည်းကိုကြည့်လိုက်သည်။

"ဟာ… စိန်တွေ ရွှေတွေ ကျောက်မျက်ရတနာလက်ဝတ်လက်စားမျိုးစုံပဲ ဆရာ… ဒေါ်စီစီထွေးက ဇေယျာဦးလုယူသွားပါတယ်ဆိုတဲ့ ယွန်းသေတ္တာပဲ ဖြစ်ရမယ်…"

"ဒီယွန်းသေတ္တာဟာ ဒေါ်သီသီဦးရဲ့ယွန်းသေတ္တာဆိုတာ



တော့ မှန်တယ်… ဒါပေမဲ့ ဒီယွန်းသေတ္တာကို ဇေယျာဦး ယူသွားတာလို့ပြောဖို့ကတော့ သိပ်မနိုင်မာသေးဘူး ထင်တယ် မောင်သူရ… သက်သေမခိုင်လုံဘဲ စွပ်စွဲလိုက်တာမျိုး ဖြစ်သွားမယ်… ဒါမှမဟုတ်… အဲဒီလို စွပ်စွဲဖို့စောသေးတယ်လို့ ပြောရမှာပဲ… "

ဦးမင်းအောင်၏စကားကြောင့် အားလုံးသည် တွေဝေသွားပြီး ဦးမင်းအောင်ကို ပြန်ကြည့်ကြသည်။

"စဉ်းစားကြည့်ပါ မောင်သူရ… တကယ်လို့ ဇေယျာဦးဟာ ဒီသေတ္တာ ရယူဖို့အတွက် ဖွတ်အမွှေယူခဲ့ရတာမျိုးဆိုရင် ဒီကားဒက်(ရှ်)ဘုတ် အံထဲမှာ ဘာလို့ထားခဲ့မှာလဲ… သူနဲ့တစ်ပါတည်း ယူသွားရမှာပေါ့… "

"မေ့ထားခဲ့တာဆိုရင်ကော ဆရာ… "

"ဘယ်မေ့ထားမလဲ မောင်သူရ… တကယ်တမ်း လိုချင်လို့ရယူခဲ့တာဆိုရင်… အဒေါ်အရင်းခေါက်ခေါက် ကျေးဇူးရှင်းကိုသတ်ပြီးမှ ခဲရာခဲဆစ်ရယူခဲ့ရတဲ့ပစ္စည်းပဲ… ဘယ်မှာ ကားဒက်(ရှ်)ဘုတ်ထဲမှာ မေ့ထားခဲ့ပါ့မလဲ… "

"ကမန်းကတန်း ကားပေါ်ကဆင်းသွားတာမို့ မေ့သွားတာမျိုးကော မဖြစ်နိုင်ဘူးလား ဆရာ… "

"ဘယ်မှာ ကမန်းကတန်းဟုတ်ပါ့မလဲ မောင်သူရ… ဒီမော်တော်ကားရဲ့ ဘောနက်ကိုပဲ လက်ဝါးအုပ်စမ်းကြည့်ပါ… ဘောနက်ဟာ အေးစက်နေတယ်… ဘောနက်အေး

www.burmeseclassic.com

www.burmeseclassic.com



စက်တာဟာ မော်တော်ကားအင်ဂျင်ကို အချိန်အကြာကြီး ရပ်ထားတာ နာရီပေါင်းကြာသွားလို့ အေးနေတာဖြစ်မှာ ပေါ့... ဒီတော့ ဖေယျာဦးမှာ အချိန်တွေ အများကြီးရ တယ်... ကမန်းကတန်းထွက်ပြေးသွားတာ မဟုတ်ဘူးဆို တာ သိသာတယ်... အဲ... ထားပါတော့... ကားပေါ်က ကမန်းကတန်းဆင်းသွားလို့ မေ့ပြီးထားခဲ့တယ် ထားဦး— သူ သတိရပြီးပြန်လာပြီး ယူနိုင်လောက်အောင် အချိန် တွေရခဲ့ကြောင်း ကားဘောနက်အေးစက်နေတာက သက် သေပြနေပြန်တယ်လေ မောင်သူရ... ”

“ဒါဆို... သူ့ပါပလစ်ကာကားထဲမှာ ဒီရတနာသေတ္တာ ရောက်နေတာကိုကော ဆရာ ဘယ်လိုကောက်ချက်ချ မလဲ ဆရာ... ”

“သူ့ကားဒက်(ရှ်)ဘုတ်ထဲ ဒီပစ္စည်းသေတ္တာရောက်ရှိနေ မှန်း ဖေယျာဦးကိုယ်တိုင် မသိလို့ဘဲလို့ ကောက်ချက်ချ တယ် မောင်သူရ... အဲဒါ အန်ကယ့်ရဲ့ တစ်ဦးတည်းကိုယ် ပိုင်ယူဆတဲ့ ကောက်ချက်နော်... အမှုလိုက်အိုင်အိုမောင် သူရအနေနဲ့ အန်ကယ့်ကောက်ချက်ချသလို ချပါလို့ လုံး မဆိုလိုဘူး... ”

“ထားပါတော့ ဆရာ... ဒါဆို ဖေယျာဦးရဲ့ကားဒက်(ရှ်) ဘုတ်ထဲကို ဒီသေတ္တာ ဘယ်ပုံဘယ်နည်းရောက်ရှိလာ တာလဲ... ”



“အဲဒီ ဘယ်ပုံဘယ်နည်းရောက်လာတာလဲ... ဘယ်သူလာ ထည့်သွားတာလဲဆိုတာကို သိတာနဲ့... ဒေါ်သီသီဦးဟာ ဘာ့ကြောင့် သေရတယ်... ဘယ်သူက ဘာဖြစ်လို့ ဒေါ်သီ သီဦးကို သေစေတယ်ဆိုတာ ပေါ်ပြီပေါ့... ဒီတော့ ဒီယွန်း သေတ္တာလေး ဒီဒက်(ရှ်)ဘုတ်ထဲ ဘယ်လိုရောက်နေတာ လဲ... ဘယ်သူထည့်ထားတာလဲဆိုတာကို စုံစမ်းရမှာပဲ”

ကိုသူရသည် ဆရာသမားအား ထပ်မံစောဒက မတက်သော်လည်း သူ့ပခုံးကို တွန့်ပြလိုက်ပါ၏။

ဦးမင်းအောင်၏အယူအဆသည် သူ့အယူအဆနှင့် မတိုက်ဆိုင်သောကြောင့် ပခုံးတွန့်လိုက်ခြင်းပေလား မသိ။

ပါပလစ်ကာကားသည် အမှုတွင် သက်သေပစ္စည်း တစ်ခုဖြစ်နေသဖြင့် ရဲစခန်းတွင် သိမ်းထားရန် ရဲသားကို မောင်း စေသည်။

ဦးမင်းအောင်နှင့် ဦးဖေညွန့်သည် ရဲကားနှင့်ပင် ပြန်လိုက်လာသည်။

“သရက်တောရွာမှာ ဖေယျာဦးရဲ့အပေါင်းအသင်း အဆက် အသွယ်ရှိသလား ဆရာ... ”

“ဒါတော့ အန်ကယ် မသိဘူး... ”

“အန်ကယ်ဦးဖေညွန့်ကော... ”

“စဉ်းစားကြည့်ရင်တော့ ဖေယျာဦးက ရန်ကုန်တက္ကသိုလ် မှာ လေးနှစ်လုံးလုံးနေလာတာဆိုတော့... သရက်တော

www.burmeseclassic.com



ရွာနဲ့ အဆက်အသွယ်မရှိနိုင်ဘူး... သရက်တောရွာက လူတွေက ဥယျာဉ်သမား၊ ခြံသမားတွေပဲ... ဆက်သွယ်မိစရာ မရှိဘူးလို့ ထင်တာပဲ... ”

ရဲစခန်းရောက်သည်နှင့် အခိုင်အမာ ဦးမင်းအောင်၊ ဦးဖေညွန့်အပြင် အခြားမြို့လူကြီးတွေကို သက်သေပြုကာ ရှာဖွေပုံစံတွင် ယွန်းသေတ္တာထဲမှ လက်ဝတ်ရတနာတစ်ခုချင်းပုံစံတွင် ရေးသွင်းပြီး တရားဝင်သက်သေခံပစ္စည်းအဖြစ် ရဲက သိမ်းထားလိုက်သည်။

ဆောင်ရွက်ဖွယ်များ ပြီးသွားသည်။

ကိုသူရက ရဲကားဖြင့် ပြန်ပို့မည်ကို လက်မခံဘဲ ဦးမင်းအောင်နှင့် ဦးဖေညွန့် အညောင်းပြေလမ်းလျှောက်ရင်း ပြန်ခဲ့ကြသည်။

ဦးမင်းအောင်သည် လက်ဝတ်ရတနာ ယွန်းသေတ္တာနှင့်ပတ်သက်ပြီး လမ်းလျှောက်ရင်း စဉ်းစားသည်။

ဇေယျာဦး ထွက်ပြေးစဉ်က ယွန်းသေတ္တာ ဇေယျာဦး လက်ထဲတွင် လုံးဝမရှိသည်ကို စဉ်းစားသည်။

ထပ်မံပြီး စဉ်းစားကြည့်သည်မှာ ဒေါ်သီသီဦးအိမ်သို့ မိမိမရောက်မီ ဇေယျာဦးက ဒေါ်သီသီဦးနှင့် အကျိတ်အနယ် ယွန်းသေတ္တာကိုလုယူရင်း ဒေါ်သီသီဦး လဲကျသေဆုံးမှ ယွန်းသေတ္တာကိုယူပြီး ပါပလစ်ကာကားထဲသို့ အလျင်သွားထားမည် ထိုနောက် တစ်ဖန်အကြောင်းတစ်ခုခုကြောင့် အိမ်ပေါ်သို့ ပြန်



တက်လာမည်။

သေတ္တာရပြီးမှ အိမ်ပေါ်သို့ နောက်ထပ်ပြန်တက်သည်ဆိုခြင်းမှာ အလွန်စဉ်းစားစရာကောင်းနေသည်။ တခြားအဖိုးများစွာတန်ပြီး အိတ်ထဲထည့်ယူသွားစရာပစ္စည်းမျိုး အိမ်ပေါ်တွင် ဘာမှမရှိတော့ပါဘဲလျက် ဘာကြောင့် ယွန်းသေတ္တာရပြီးမှ နောက်တစ်ဖန် ပြန်အိမ်ပေါ်ပြန်တက်သနည်း။

“ဝေး... ဟေးဟေး... ပုဂ္ဂိုလ်ကြီးနှစ်ပါး... ဒီအချိန်လမ်းလျှောက်လေ့ကျင့်ခန်းချိန် မဟုတ်ဘဲ မိုးကြီးချုပ်မှ ဘယ်က ဘာခဲ့ကြတာလဲ... ”

လှမ်းပြီး နှုတ်ဆက်သံကြောင့် နှုတ်ဆက်သူကို နှစ်ယောက်သား ပြန်ကြည့်ကြသည်။

ဦးသက်ဇင် ဖြစ်ပါ၏။ ဦးမင်းအောင်နှင့် ဦးဖေညွန့်သည် အတွေးကိုယ်စီဖြင့် လျှောက်လာရင်း ဦးသက်ဇင်၊ ဒေါ်စီစီထွေးတို့ အိမ်ရှေ့ရောက်နေကြပြီဖြစ်သောကြောင့် ဦးသက်ဇင်က လှမ်းနှုတ်ဆက်ခြင်း ဖြစ်ပေသည်။

“လာကြဗျာ... အိမ်ရှေ့ရောက်မှတော့ အိမ်ထဲဝင်လည်ကြပါဦး... ”

ဦးမင်းအောင်နှင့် ဦးဖေညွန့် ဖိတ်ခေါ်ချက်အတိုင်း ဝင်ရောက်ခဲ့သည်။ ဧည့်ခန်းထဲလာခဲ့ကြသည်။ ဧည့်ခန်းထဲတွင် ဒေါ်စီစီထွေး ထိုင်နေပါ၏။

ဧည့်ခန်းကုလားထိုင်များတွင် ဝင်ထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မိကြသည်နှင့် စီစီထွေး၊ ဦးမင်းအောင်နှင့် ဦးဖေညွန့်ကိုသီး၍ ပြောဆိုသည်။

"ဦးမင်းအောင်ရော... ဦးဖေညွန့်ရော... ရှင်တို့ပဲ စဉ်းစားကြည့်ပေါ့ရှင်... မမဦး သေဆုံးသွားတာကို ကျွန်မ ဘယ်လောက်စိတ်ထိခိုက်ရသလဲ... အရာရာမှာ ဒီအစ်မကိုပဲ မှီခင်လို့ အားကိုးနေရတာ... သေရပုံကလည်း ကိုယ့်တူအရင်းခေါက်ခေါက်ရဲ့လက်ချက်နဲ့ သေရတာဆိုတော့ ကျွန်မ ရင်ကွဲမတတ် ခံစားရတယ်... လက်ဝတ်ရတနာတွေကို လိုချင်တာနဲ့ အမေရင်းနဲ့မခြား စောင့်ရှောက်ထားတဲ့ အဒေါ်ရင်းကို သေစေရတယ်လို့... ရာဇဝင်နိုင်လိုက်တာ... ကမ်းကုန်ရော မဟုတ်လား..."

ဦးမင်းအောင်က စီစီထွေးကို တည်ကြည်အေးဆေးသော အကြည့်ဖြင့်ကြည့်ပြီး ပြန်လည်၍ ပြောကြားလိုက်သည်။

"လောကဓံတရားဆိုတာ ဒီလိုပဲပေါ့ မစီစီထွေး... တစ်ဖက်က စိတ်ထိခိုက်စရာတွေ ရှိသလို... နောက်တစ်ဖက်က ဖြေသိမ့်နိုင်စရာ မစီစီထွေးမှာ ရှိနေတာပဲ... ဒေါ်သီဦး သေဆုံးသွားတဲ့အတွက် ကျန်ခဲ့သမျှ ပစ္စည်းဥစ္စာငွေကြေးတွေအားလုံး ညီမရင်းဖြစ်တဲ့ မစီစီထွေးပဲ ဆက်ခံရမှာ မဟုတ်လား..."

"ဘာရှင့်... ဦးမင်းအောင် စကားက..."



"သြော်... မစီစီထွေး သောကရောက်နေတာကို ဖြေသိမ့်ပြီး စိတ်သက်သာစေဖို့ ကျုပ်က အားပေးနှစ်သိမ့်စကား ပြောတာပါ... နောက်ထပ် ကျုပ်ပြောရဦးမယ်... ဒေါ်သီသီဦးရဲ့ သိပ်တန်ဖိုးကြီးမားတဲ့ ရတနာတွေထည့်ထားတဲ့ ယွန်းသေတ္တာဟာ ဖေယျာဦးလက်ထဲပါမသွားပါဘူး... အခု စောစောလေးကပဲ သရက်တောတောတန်းထဲမှာ ဖေယျာဦးရဲ့ပါပလစ်ကာကားရှိနေတာကို ရဲအုပ်ကိုသူရက သတင်းရပြီး သွားကြည့်ကြသေးတယ်... ဖေယျာဦးရဲ့ ပါပလစ်ကာကားဒက်(ရှ်)ဘုတ် အံ့ထဲမှာ ယွန်းသေတ္တာရော... သိန်းပေါင်းအများကြီးတန်ဖိုးရှိတဲ့ လက်ဝတ်ရတနာတွေရော တွေ့ရလို့ ပုံစံဖေယားနဲ့ ရဲက တရားဝင်သက်သေပစ္စည်းအဖြစ် သိမ်းထားလိုက်ပါတယ်... အဲဒါလည်း အမှုပြီးရင် မစီစီထွေးပဲ အားလုံးရမှာပါ..."

"ဟင်..."

ဦးမင်းအောင်၏စကားကိုကြားသည်နှင့်မစီစီထွေးသည် "ဟင်"ခနဲ ဖြစ်သွားသည်ကို ဦးမင်းအောင် သတိထားလိုက်မိသည်။

ဦးသက်ဇင်လည်း အလားတူအံ့သြသွားကာ ဦးမင်းအောင်အား ကောက်ခါငင်ကာ ကမန်းကတန်း မေးလိုက်သည်။

"ဒါ... ဒါဆို ဖေယျာဦးကို ရဲကဖမ်းမိသွားပြီပေါ့... ဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com



"မမိဘူးဗျ… "

ဟု ဦးဖေညွန့်က ဖြေသည်။ ဦးဖေညွန့်ကပင် ဆက်၍ ကိုသူရက ခေါ်သောကြောင့် လိုက်သွားတွေ့ရှိပုံတွေကို အားလုံး ဦးသက်ဇင်နှင့် စီစီထွေးကို ပြောပြလိုက်သည်။

"ဒါဆို… အမှုလိုက်အိုင်အို ကိုသူရက ဘယ်လိုကောက်ချက်ချသလဲဗျ… "

ဦးသက်ဇင် ပြန်မေးသည်ကို ဦးမင်းအောင်ကပင် ဖြည်းဖြည်းချင်း တည်စွာ ပြန်ပြောပြပါ၏။

"မိုးတစ်(မ်)ပျောက်သွားတာပေါ့ဗျာ… အဖိုးတန်ရတနာ ယွန်းသေတ္တာကို ဧယျာဦးက လိုချင်လို့… ရယူဖို့ ကြိုးစား ရင်း ဒေါ်သီသီဦးဟာ တမင်အသတ်ခံရတာပဲဖြစ်ဖြစ်… ဒါမှမဟုတ်… မတော်တဆဖြစ်ဖြစ်… သေရတာဆိုတဲ့ မိုး တစ်(မ်)ဆွဲထားတာ အခုတော့ ယွန်းသေတ္တာ ဧယျာဦး ယူမသွားဘဲ ကားထဲမှာ လက်ရာမပျက်ရှိနေတာကိုတွေ့ ရတော့… ဒေါ်သီသီဦး သေရတာ ဧယျာဦးရဲ့ ပယော ဆိုတဲ့ မိုးတစ်(မ်)ဆွဲလို့ မဖြစ်နိုင်ပြန်တော့ အခြေအနေ မျိုးပြောင်းသွားတယ်… အင်… ကျုပ်နဲ့ ဦးသက်ဇင် ထွက် ဆိုချက်ပေးထားတာကလည်း ဧယျာဦး ထွက်ပြေးစဉ် သူ့လက်ထဲမှာ ဘာသေတ္တာပါတာကို မတွေ့ပါဘူး… ထွက်ဆိုထားတာက ရှိနေပြန်တော့… မောင်သူရ အခုဆို နောက်ထပ် မိုးတစ်(မ်)အသစ် ရှာရမယ်… စဉ်း



စားရမယ်ပေါ့ဗျာ… တကယ်လို့ ဒီယွန်းသေတ္တာဟာ ဧ ယျာဦး ရယူခဲ့တာ မဟုတ်ရင် ဧယျာဦးရဲ့ပါပလစ်ကာ ကားဒက်(ရ်)ဘုတ်အံထဲကို ဘာလို့ရောက်နေသလဲ… ဘယ်လိုရောက်နေလဲဆိုတာ အိုင်အိုအမှုလိုက်ရဲအရာရှိ အနေနဲ့ဆက်ပြီး စဉ်းစားစူးစမ်းပြီပေါ့ဗျာ… "

စီစီထွေးက ဝင်၍ပြောပြန်သည်။

"တကယ်လို့… ဧယျာဦးကို ဖမ်းမိရင် ဒီကိစ္စတွေအားလုံး ဟာ ဘယ်လိုဖြစ်တယ်ဆိုတာ ဧယျာဦးက ပြောပြနိုင်မှာ ပါ ဦးမင်းအောင်… "

"ကျုပ်ကလည်း ဧယျာဦးကို သိပ်ဖမ်းမိစေချင်တာပေါ့ ဗျာ… ဒါမှ ဧယျာဦးနဲ့ပါသွားတဲ့ ကျုပ်သမီးနွေးကို ကျုပ် ပြန်ရမှာ မဟုတ်လား… "

"အယ်… နွေးကိုပါ ဧယျာဦးက သူနဲ့အတူ ခေါ်သွား သတဲ့လား… အံ့ရော… "

"လူငယ်တွေပေကိုး… ဒီအရွယ်မှာ မေတ္တာစိတ်မှန်စမြဲ လေ… ချစ်သူနှင့်သာဆိုရင် အဝိစိကို ဖောက်ထိုးဆင်းရ ပလေ့စေဆိုတဲ့ သတ္တိမျိုးတွေ ရှိတတ်ကြတာပေါ့… အခု လည်း မောင်ဦးက သမီးနွေးကို ဇွတ်ခေါ်သွားတာမျိုး မဟုတ်နိုင်ပါဘူး… နွေးကိုယ်တိုင်က ဇွတ်လိုက်သွားတာ ဖြစ်မှာပါ… သရက်တောဘက်က ဖောက်ထွက်ပြီး ကား လမ်းအရောက်မှာ ကားကြုံနဲ့ အဝေးကိုပြေးကြပြီ ထင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့... ”

စိစိထွေးကို သူ့ယောကျ်ား ဦးသက်ဇင်အား လှမ်းကြည့်ပြီး ပြောလိုက်ပါ၏။

“ကိုသက်ဇင် သရက်တောဥယျာဉ်အကြောင်း ဦးမင်းအောင်ကို ပြောပြလိုက်ပါလား... ခုပုံအတိုင်းဆိုရင် ဓေယျာဦးဟာ သရက်တောမှာပဲ ရှိနိုင်နေတာပဲ... ”

“ဟုတ်တယ် ဦးမင်းအောင်... ကျုပ်ကလည်း အဲဒါပြော ကောင်းမလားလို့ စဉ်းစားနေတာ... ”

“ပြောဖို့ကောင်းတယ်ဆိုရင် ပြောဗျာ... ”

“ဒါဟာ လျှို့ဝှက်ချက်တော့ မဟုတ်ပါဘူး... လူတွေမသိကြသေးတာပဲ ရှိတာပါ... ဒီလိုဗျ... သရက်တောမှာ ဒေါ်သီသီဦး မကြာသေးခင်က ဝယ်ထားတဲ့ ဥယျာဉ်ကြီး တစ်ခုရှိတယ်... အဲဒီဥယျာဉ်ထဲမှာ အရင်တုန်းက ပိုင်ရှင် ကိုယ်တိုင်နေခဲ့တဲ့ ပျဉ်ထောင်အိမ်လေးတစ်လုံးလည်း ရှိ တယ်... ပျဉ်ထောင်အိမ်လေးထဲမှာ မီးဖိုချောင်ပစ္စည်း တွေရော... ဘာတွေရော အစုံရှိတယ်... နွေး... နွေးလည်း ပါသွားတယ်ဆိုတော့... အခုပုံအတိုင်းဆိုရင် အဲဒီဥယျာဉ် ကပျဉ်ထောင်အိမ်လေးမှာ မောင်ဦးနဲ့နွေးတို့ ခိုအောင်း တယ်... ”

ဦးဇေညွန့်က ဝင်ပြောသည်။

“နေပါဦး ကိုသက်ဇင်... ကျုပ်လည်း ဒီမြို့သားဖြစ်တိုင်



ဒေါ်သီသီဦး လုပ်ငန်းလိုင်း တခြားလိုင်းပါ... ဥယျာဉ်ကို ဒေါ်သီသီဦး စိတ်ဝင်စားရင်... သရက်တောမှာရှိသမျှ ဥယျာဉ်တွေအားလုံးတောင် ဝယ်နိုင်တာပဲ... အခုတော့ ဥယျာဉ်တစ်ခုတည်း ဝယ်ပြီး... ဒေါ်သီသီဦးက အလုပ်ရှုပ် ခံသတဲ့လား... ”

“ဟုတ်ပါတယ်... ဒီဥယျာဉ်ကိုလုပ်ငန်းစီးပွားရေးသဘော နဲ့ ဝယ်တာမဟုတ်ဘူး... သူ့မိတ်ဆွေကို ကူညီတဲ့သဘော နဲ့ ဥယျာဉ်ထိုးအပ်တာကို တန်ဖိုးထက်ပိုပေးပြီး ယူထား လိုက်တာ... အဲဒါ သိပ်တောင် မကြာသေးဘူး... ”

“အဲဒီဥယျာဉ်ဝယ်ထားမှန်း ဓေယျာဦးက သိထားသလား”

ဦးသက်ဇင် မသေချာသဖြင့် စိစိထွေးက ဝင်ပြော သည်။

“သိတယ်... မမဦးက တစ်ခါတလေ အနားယူတဲ့အခါ ဘယ်သူမှမသိသေးတဲ့ အဲဒီဥယျာဉ်မှာ သွားအနားယူရင် သူတို့ ဓေယျာဦးကို ကားမောင်းစေပြီး... လိုက်ပို့နိုင်း တယ်... ”

“အင်း... ဒါဆိုရင်တော့ အဲဒီသရက်တောဥယျာဉ်က ပျဉ် ထောင်အိမ်လေးမှာ ဓေယျာဦးတို့ ခိုနေတာ ဖြစ်နိုင်တယ်”

ဦးသက်ဇင်က ထိုင်ရာမှထလိုက်သည်။

“လာဗျာ... ကျုပ်တို့အားလုံး ရဲအုပ်ကိုအူရကိုခေါ်ပြီး... အဲဒီဥယျာဉ်ကို လိုက်သွားကြည့်ကြစို့လား... ဒါမှ ဓေယျာ

www.burmeseclassic.com

www.burmeseclassic.com



ဦးကိုလည်း ဖမ်းမိနိုင်တာပေါ့... ”

ဦးမင်းအောင်က ခေါင်းခါပြသည်။

“မောင်သူရကိုပါ ခေါ်သွားမည်ဆိုရင်တော့ ကျုပ် မလိုက်တော့ဘူးဗျာ... ”

“ဟာဗျာ... ဘာလို့လဲ... ဟိုမှာ ဦးမင်းအောင်ရဲ့သမီး နွေးကို တွေ့နိုင်တာပဲ... ”

“အဲဒါကြောင့်ကို မလိုက်ချင်တာဘဲ ဦးသက်ဇင်... ရဲ ဖမ်းဆီးတဲ့အခါ ဘာပဲပြောပြော... ဇေယျာဦးနဲ့အတူရှိနေတဲ့ နွေးကိုပါ ဖမ်းရမှာပဲ... ရဲစခန်းပြန်ရောက်မှ စစ်ဆေးပြီး သမီးနွေးကို ပြန်လွှတ်ချင်လွှတ်မယ်... မောင်ဦးရေ... သမီးနွေးကိုရော ရဲကဖမ်းတာ ကျုပ်မကြည့်ရက်ဘူး... မကြည့်ချင်ဘူးဗျာ... ”

“ဦးမင်းအောင် မလိုက်ရင် ကျုပ်လည်း မလိုက်တော့ဘူး ဦးသက်ဇင်... ခင်ဗျား ဘာသာပဲ မောင်သူရကိုခေါ်သွား ပေတော့... ဇေယျာဦးရော... နွေးနွေးရော... ကျုပ်အနေ နဲ့ သံယောဇဉ်ရှိတယ်... ရဲက ဖမ်းတဲ့နေရာမှာ ကျုပ်ပါ သွားရင် ကျုပ်ဟာ ရဲနဲ့ပေါင်းပြီး... သူတို့ဖမ်းတာလို ဖြစ် သွားမှာမျိုး ကျုပ်မခံနိုင်ဘူးဗျာ... ”

ဦးသက်ဇင်ကပင် ဦးမင်းအောင်အား ပြန်မေး တော့သည်။

“ဒါဆို... ဦးမင်းအောင် ဘယ်လိုလုပ်ချင်လဲ... ”



“ကျုပ်တို့ လူကြီးသုံးယောက်ပဲ ကျုပ်ရဲ့ကလင်းရီဗာကား နဲ့သွားမယ်... ကျုပ်ရဲ့လင်းရီဗာကားကို မြင်ရင်... သူတို့ နှစ်ယောက် အတွေ့ခံမယ် ထင်တယ်... ကျုပ်သမီးက တော့ ကျုပ်ကို အတွေ့ခံမှာပဲ... ရဲကားနဲ့သွားတာဆိုရင် သူတို့ကားကို အဝေးကြီးကလှမ်းမြင်တာနဲ့ လစ်ပြေးသွား ကြမှာ... ”

စီစီထွေးက ဝင်မေးသည်။

“သူတို့နှစ်ယောက်နဲ့တွေ့ကြပါပြီတဲ့... ဦးမင်းအောင်တို့ ဘာလုပ်ကြမလဲ... ”

“ချော့ပြီး အကျိုးသင့်အကြောင်းသင့်ပြောပြီး ပြန်ခေါ်ရမှာ ပေါ့... ဇေယျာဦး ပြန်လိုက်လာတာနဲ့ ဖြစ်ပျက်ခဲ့သမျှ အားလုံး ဇေယျာဦးက ပြောပြနိုင်မှာပါ... ”

“တကယ်အဖြစ်မှန်ဟာ... ဇေယျာဦးကပဲ မမဦးကို သတ် ပစ်ခဲ့တာနေမှာပါ... လက်ဝတ်လက်စား ယွန်းသေတ္တာကို ကားထဲမှာထားပစ်ခဲ့တာလည်း ဒီလိုထားခဲ့ရင် ရဲအနေနဲ့ ကရော... ကျွန်မတို့အားလုံးကရော ဇေယျာဦးသတ်တာ မဟုတ်ဘူးလို့ ထင်စေအောင်... မိုးတစ်(ဗ်)ပျောက်သွား အောင် အကွက်ဆင်တဲ့သဘောနဲ့ ထားခဲ့တာဖြစ်မှာပါ”

“တွေးစရာ ထင်စရာတွေကတော့ အများကြီးပေါ့ ဒေါ်စီစီ ထွေး... ဇေယျာဦးအနေနဲ့ သွေးအေးသွားတဲ့အချိန်ကျရင် အဖြစ်အပျက်အားလုံး သူတွေ့ကြုံခဲ့သမျှ ပြောပြလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့… ဒေါ်သီသီဦးကို မတော်တဆ လက်လွှန်သွား လည်း သူ့ကို ကျုပ်က ဖွင့်ပြောအောင် တိုက်တွန်းမှာပါ… ဘာဖြစ်လဲ… ကျုပ်တစ်ယောက်လုံးရှိနေတာပဲ… တရား ရုံးမှာ ကျုပ်ကိုယ်တိုင် ဖေယျာဦးဘက်က အမှုလိုက်ပေး ရင် ထောင်ကျတောင် နည်းနည်းပါးပါး သက်သက်သာ သာဖြစ်အောင်… ကျုပ် တရားရုံးမှာ တင်နိုင်မှာပါ… ကဲ… သွားကြည့်ကြတာ မမှားပါဘူး… သွားကြစို့… ”



## အခန်း (၁၃)

ဖေယျာဦးနှင့် နွေးသည် ကားရှေ့ဆက်မောင်းမရ တော့ပြီမို့ ကားပေါ်မှပင် ဆင်းကြသည်။

ဖေယျာဦးတွင် အဝတ်တစ်ထည်ကိုယ်တစ်ခုသာ ဖြစ်သော်လည်း ခိုးရာလိုက်ရန် အစီအစဉ်ရှိသူ နွေးတွင် ဆွဲအိတ် ပါလာသည်။ အဝတ်အစားလေးငါးခြောက်စုံနှင့် မိန်းမသုံးပစ္စည်း တွေ ထည့်ထားသော ဆွဲအိတ်ဖြစ်ပါ၏။

ဆွဲအိတ်ကို ဖေယျာဦးက နွေးလက်ထဲမှလှမ်းယူ သည်။

“နွေးဘာသာ ယူခဲ့မယ် ကိုဦး… အထဲမှာ ထဘီတွေပါ တယ်… ကိုဦး ဘုန်းနိမ့်လိမ့်မယ်… ”

www.burmeseclassic.com

www.burmeseclassic.com



"နိမ့်စမ်းပါစေ နွေးရာ... နဂိုကတည်းက မရှိတဲ့ဘုန်းတွေ ထပ်နိမ့်စရာလည်း မကျန်တော့ပါဘူး... ဘုန်းမရှိလို့ လောက်ကံဆိုးတဲ့အဖြစ်တွေ ဖြစ်လာတာပေါ့... "

ပြောပြောဆိုဆို နွေးလက်ထဲမှ ဆွဲအိပ်ကို ဖေယျာဦး အတင်းယူပြီး ဆွဲအိတ်ကြိုးကို ပခုံးစလွယ်သိုင်းကာ နွေး၏ လက်ဆွဲပြီး တောလမ်းခရီးအတိုင်း ဆက်လျှောက်ခဲ့ ကြသည်။

နွေးရင်ထဲတွင် ဆွဲအိတ်ကို မရမကဖွတ်ယူပြီး သယ်ပေးသော ကိုဦးအား သူမအပေါ်တွင် သက်ညှာလှန်းသည် ဆိုသည့်အတွေးဖြင့် ပီတိဖြစ်ရပါ၏။

ခရီးက နှစ်မိုင်ခန့်ဆက်လျှောက်ခဲ့ရသည်။

မှောင်ရီပျိုးတောလမ်းခရီးမို့ နွေးကို ညှာရင် ဖြည်း ဖြည်းလျှောက်ခဲ့ရာ တစ်နာရီကျော်ကျော်လျှောက်လာပြီး ဥယျာဉ်ခြံ၏ပျဉ်ထောင်အိမ်လေးသို့ ရောက်လာကြသည်။

ပျဉ်ထောင်အိမ်လေးမှာ သပ်သပ်ရပ်ရပ်အိမ်လေး ဖြစ်ပါ၏။ သော့ခလောက်ဖြင့် တံခါးပိတ်ထားသောကြောင့် ဖေ ယျာဦးက ကျောက်ခဲ့မာမာတစ်လုံး ရှာကာ သော့ခလောက်ကို ထု၍ သုံးချက်ထုသည်နှင့် သော့ခလောက်ပွင့်သွားပြီး အိမ်တံခါး ဖွင့်၍ အထဲသို့နှစ်ယောက်သား ဝင်ခဲ့ကြသည်။

စားပွဲတွေ၊ ကုလားထိုင်တွေတော့ မရှိ။ ဘုရားစင် ညှော်ခန်း၊ အိပ်ခန်းစသည်တို့တော့ ရှိပေသည်။ အလိပ်လိုက် ထောင်ထားသော သင်ဖြူးဖျာလိပ်လည်း ရှိပေသည်။



ဖေယျာဦးက ဤအိမ်လေးသို့ အန်တီဦးနှင့်အတူ ရောက်ဖူးထားသည်မို့ ရေနံဆီမှန်အိမ်လေးကိုသွားယူကာ မီးထွန်း လိုက်သည်။

"ကိုဦးအပြင်မှာ သိပ်မှောင်နေပြီ... မှန်အိမ်မီးရောင်ကို အပြင်ကမြင်နိုင်တယ်နော်... "

"အဲ... ဟုတ်သားပဲ... "

ပြောပြောဆိုဆို မှန်အိမ်ကိုဝိုက်ပြီး အဝတ်တစ်ခု နှင့် ရစ်ပတ်ကာ လိုက်သည်။

သင်ဖြူးဖျာလိပ်ကိုဖြန့်ကာ နံရံနှင့်ကပ်ပြီး ခင်းသည်။ နံရံကို ကျောကပ်မှီပြီး ဖေယျာဦး သင်ဖြူးဖျာပေါ်တွင် ထိုင်လိုက် သည်။

"လာလေ နွေး... ထိုင်လေ... နွေးမှာ အလေ့အကျင့်မရှိ ဘဲ တောလမ်းကို လျှောက်ခဲ့ရတာ သိပ်ပင်ပန်းမှာပေါ့... လာ... ထိုင်... "

နွေးက မထိုင်ဘဲ ရပ်မြဲရပ်နေသည်။

နွေးရင်ထဲတွင် ဒီပျဉ်ထောင်အိမ်လေးတွင် ည ဘက် ကိုဦးနှင့်အတူနေရမည်ကိုပင် အထိတ်တလန့်လေး ဖြစ်နေ သည်။

နိုးရာလိုက်ဖို့ ဆုံးဖြတ်ပြီး ကိုဦးနောက်သို့လိုက်ခဲ့ သည်တော့ မှန်သည်။ ယခု လက်တွေ့ကျတော့ အပျိုဘဝအား ...န်လွှတ်ရမည်ကို ရင်ခုန်သလိုလို ဝမ်းနည်းသလိုလို ခံစားနေရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

အကယ်၍ ဘာပြဿနာတွေမှ မပေါ်ဘဲ နိုးရာ လိုက်ခဲ့ရသည်ဆိုပါက ရင်ခုန်ခြင်းတစ်မျိုးသာ နွေးခံစားရမည်ဖြစ် သည်။ ယခုတော့ နောက်ပိုင်း ဘယ်လိုအဆိုးအဝါးပြဿနာတွေ ကို ရင်ဆိုင်ရဦးမည် မသိသော်ကြောင့် အပျိုဘဝကို စွန့်လွှတ်ရန် မဝံ့မရဲ ဝမ်းနည်းမိသလို ခံစားရသည်။

ဖေယျာဦးက မထိုင်ဘဲ ရပ်နေသော နွေးအား မော့ကြည့်ကာ သက်ပြင်းတစ်လုံးချလိုက်သည်။

"ထိုင်ပါ နွေး…ကိုယ့်ဘဝကို ကိုယ်နားလည်ထားပါတယ်… လက်ရှိရောက်နေတဲ့ အခြေအနေနဲ့… နွေးကို ကိုယ် ဘာ မှလွန်ကဲအောင် မပြုမူရဘူးဆိုတာ ကိုယ် ခံယူနားလည် ပြီးသားပါ… ပထမ အစီအစဉ် တိုင်ပင်ထားတဲ့အတိုင်း အေးအေးဆေးဆေး နိုးပြေးလာရကြတာမှ မဟုတ်တာ… နောက်ပိုင်း ကိုယ်ဟာ ထောင်ကျမလား… ကြိုးကျမလား ဆိုတာကို ကိုယ်မေ့မထားပါဘူး… အခုတော့ လမ်းခရီး ကို နွေးပင်ပင်ပန်းပန်း လျှောက်ခဲ့ရတာမို့ အနားယူစေ ချင်တဲ့သဘောနဲ့ ထိုင်ခိုင်းတာပါ နွေး… "

"အို… ကိုဦးရယ်… "

နွေးမှာ ကိုဦးက ဝမ်းနည်းသံကြီးနှင့်ပြောသည်ကို ခံနိုင်ရည်စွမ်းမရှိတော့ဘဲ ကိုဦး ဘေးမှာပင် ထိုင်ချရင်း ကိုဦး၏ ပခုံးတွင် မျက်နှာလေးတင်ကာ ငိုချလိုက်ပေတော့သည်။



ကိုဦးက ချွေးစို့ပြီး နဖူးပြင်တွင် ရစ်ဝဲကျကာ ချွေး နှင့်ကပ်နေသော နွေး၏ဆံစလေးများကို တယုတယ လက်ကိုင် ပဝါဖြင့် သုတ်ပေးရင်း…

"ကိုယ် အတန်တန်ပြောခဲ့ပါတယ်… နွေး ကိုယ်နဲ့မလိုက် ခဲ့ပါနဲ့လို့… "

"အို… အန်တီဦးကို ကိုဦး သတ်တာမှမဟုတ်တာ… ဘာ လို့ ထောင်တွေ ကြိုးတွေကျရမှာလဲ… အန်တီဦးကို ကိုဦး မသတ်မှန်း နွေး ခွင်းချက်မရှိ လုံးဝယုံတယ်… "

"အန်တီဦးကို ဘယ်သူသတ်တယ်ဆိုတာ မဖော်နိုင်ရင် တော့ ကိုယ်ပဲ လူသတ်တရားခံလို့ ရဲက ယူဆမှာပဲ နွေး"

နွေးသည် သည်းထန်စွာ ငိုရှိုက်ပေတော့သည်။

"ကဲပါ နွေးရာ… တရားကို နှတ်စောင့်ပါလိမ့်မယ်… အနာ ဂတ်မှာ ဘာတွေဖြစ်မယ်ဆိုတာကို တွေးပြီး… ထိတ်လန့် စိုးရိမ်ပူပန်နေတာဟာ လက်ရှိသာယာတဲ့ပစ္စုပ္ပန်လေးကို ဖျက်ဆီးပစ်သလိုဖြစ်သွားမယ်… နက်ဖြန် ဘာဖြစ်မလဲ ဆိုတာ မတွေးကြပါစို့ နွေး… အခုဆို ကိုယ် ဗိုက်ဆာပြီ… နွေးလည်း ဆာရောပေါ့… တောလမ်း နှစ်မိုင်လောက် လျှောက်ခဲ့ရတာပဲဟာ… "

ဟုတ်ပေ၏။ ငယ်ရွယ်သူတွေမို့ ပူပင်သည်က တစ်ကဏ္ဍ၊ ဗိုက်ဆာသည်က တခြားဖြစ်ရပေသည်။

"မီးဖိုထဲက ကြောင်အိမ်ထဲမှာ အန်တီဦး လာပြီးအနား

www.burmeseclassic.com

www.burmeseclassic.com



ယူတဲ့အခါ… အဆင်သင့်ရှိအောင် နို့ဆီ သကြား ကော်ဖီနဲ့ ကိတ်မုန့်ခြောက်တွေ ရှိတယ်… အန့်တီဦးက အလုပ်သိပ်ပင်ပန်းလို့ နားချင်ရင်… ဒီမှာ လာနားတာကို ကိုယ်ပဲ ကားမောင်းပို့ပေးရတာမို့ ဒီအိမ်လေးအကြောင်းကို သိနေတာ… မီးဖိုမှာ ဂက်(စ်)မီးဖိုလည်း ရှိတယ်… ”

ပြောပြောဆိုဆို အဝတ်ကာတား တောမုန်အိမ်ကိုဆွဲကာ ဇေယျာဦးသည် မီးဖိုဆီသို့ လျှောက်သွားသည်။

“နေဦး… နွေးလည်း လိုက်မယ်… အပြင်မှာ နွေးတစ်ယောက်တည်း မနေရဲဘူး… ကြောက်တယ်… ဒီဥယျာဉ်နဂိုကပိုင်ရှင်ရဲ့ မိန်းမဟာ ဒီအိမ်လေးမှာပဲ သေသွားတာဆို… ”

“ဟုတ်တယ်… မူလပထမပိုင်ရှင်က ဦးဘအောင်တဲ့… သူ့မိန်းမက ဒေါ်စိမ်းစိုတဲ့… အဲဒီ ဒေါ်စိမ်းစို သေပြီး… ဒီအိမ်လေးထဲမှာ သရဲဖြစ်နေတယ်… အမွေးတွေတောင်တစ်တောင်လောက်ရှည်နေပြီးဆိုလားပဲ… ”

“ကြည့်… သူများ ကြောက်ပါတယ်ဆိုမှ ကိုဦးနော်… ဒါပဲ”

အငိုတိတ်သွားပြီး သူမ ကိုဦး၏ကျောပြင်ကို သူမလက်သီးဆုပ်လေးဖြင့် ထုလိုက်သည်။

အင်း… ကိုဦးလည်း နွေးကို သိပ်ချစ်။

နွေးကလည်း ကိုဦးကို သိပ်ချစ်။

ဘာပြဿနာမှ မဖြစ်ကြဘဲ စိတ်တူသဘောတူ



ချစ်သူနှစ်ဦး ခိုးပြေးလာခြင်း သက်သက်ဆိုပါက အလွန်တရာကြည်နူးစရာရင်ခုန်စရာလေးတွေ တပြုံ့ပြုံ့ဖြစ်ဖွယ်ရာပင်။

ကိုဦး ပြောသည့်အတိုင်းပင် ကြောင်အိမ်ထဲ၌ နို့ဆီ၊ သကြား၊ ကော်ဖီ၊ ကိတ်ခြောက်များ ရှိပေသည်။

နွေးကပင် ရေနွေးတည်သည်။

ရေနွေးတည်ရင်း ဖေဖေ ဦးမင်းအောင်ကို နွေးသတိရမိသည်။

အိမ်တွင် ထမင်းဟင်းကိစ္စကတော့ ဒေါ်ကြွေ ရှိနေပါ၏။ ကော်ဖီ၊ သံပရာရည် စသည်များကျတော့ သမီး နွေးကိုယ်တိုင် လုပ်ပေးမှ ဖေဖေက သဘောကျသည်။

နွေး မျက်ရည်လေးလည်လာပြန်သည်။

နွေးသည် ကိုဦးနှင့် ခိုးရာလိုက်ပြေးရာတွင် ယခုလို ပြဿနာတွေသာ မရှိပါက ခိုးရာလိုက်ပြီး နောက်မကြာမီ သူမတို့အိမ်တွင် သူမရယ်၊ ကိုဦးရယ်၊ ဖေဖေရယ် သုံးဦးနေကြမည်ဟု ရည်ရွယ်ခဲ့သည်။

ယခုတော့ မှန်းချက်မကိုက်တော့ပြီ။

“ဟေး… နွေး… ဘာတွေစဉ်းစားနေလဲ… မျက်ရည်တွေဝဲလို့… ”

“ဘာမှမဖြစ်ပါဘူး ကိုဦး… ”

ရေနွေးရသည်နှင့် ကော်ဖီဖျော်သည်။ နှစ်ယောက်သား ကော်ဖီသောက်၊ ကိတ်ခြောက်စားပြီး ဝမ်းဖြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်... စဉ်းစားတယ် နွေး..."

"ကိုဦး ဘာစဉ်းစားတာလဲ..."

"ဒီအိမ်လေးမှာ ကြာကြာနေရင် နောက်ပိုင်းမအေးဘူးဆိုတာ စဉ်းစားတာပါ... ဒီဥယျာဉ်နဲ့ ဒီအိမ်လေးအကြောင်း အန်တီတွေးက သိနေတယ်..."

"သိကော ဘာဖြစ်လဲ... ကိုဦးက အန်တီတွေးရဲ့တူအရင်းခေါက်ခေါက်ပဲ... ကိုဦး ဒီမှာနေမယ်လို့ ဘယ်သူ့ကိုမှ ပြောမယ် မထင်ဘူး..."

"မထင်နဲ့ နွေး... အန်တီတွေးဟာ ကိုယ့်ကို သိပ်သဘောတွေ့ပုံမရဘူး..."

"ဟုတ်ပါ့မလား..."

"ဟုတ်မယ် ထင်တာပဲ နွေး... အန်တီဦးက ကိုယ့်ကို သိပ်အရေးပေးတာကို အန်တီတွေးက သိပ်လိုလားပုံမရဘူး... တစ်ခါတုန်းက အန်တီဦးဆီက လေသံထွက်လာဖူး ယ်... သူချမ်းသာသမျှကို ကိုယ်နဲ့အန်တီတွေးကို မျှဝေပေးမယ်ဆိုတဲ့စကားလေ... အဲဒါကို အန်တီတွေးက သဘောမတူဘူး... ပေးချင်ပေးရင် သူသာ ညီမအငယ်ဆုံးမို့ သူ့ကိုသာ အားလုံးပေးသင့်တယ်လို့ ပြောသံထွက်လာတယ်... အခု အန်တီဦး သေသွားတော့ အန်တီဦး ချမ်းသာသမျှ အန်တီတွေး ရနိုင်ပြီလေ... ဒါပေမဲ့ ကိုယ်ရှိနေသေးတော့ ကိုယ်ကပဲ သူ့ရပိုင်ခွင့်ထဲက ဝေစုတောင်းမလား... ဘာလားဆိုတာ စိုးရိမ်လိမ့်မယ် ထင်တယ်... ဒီတော့ ကိုယ့်ကို ရဲကဖမ်းပြီး အပစ်ဒဏ်ခံလိုက်ရရင်... သူ့မှာ ဘေးကင်းတယ်လို့ ယူဆပြီး သရက်တောဥယျာဉ် ဒီအိမ်လေးထဲမှာ ကိုယ်ရှိအောင်းနိုင်တယ်ဆိုတာ ရဲကို ဖွင့်ပြောနိုင်တာပေါ့..."



"အန်တီတွေးက ကိုဦးကို ဘာလို့ ဒီလောက်သဲကြီးမဲကြီး ဖြစ်နေတာလဲ ကိုဦး..."

"အန်တီဦး မသေခင်က အကျိုးတော်ဆောင် ရှေ့နေကြီး ဦးပန်းအေးနဲ့ တိုးတိုးတိတ်တိတ် တိုင်ပင်တာတွေ ရှိတယ်... အဲဒီတိုင်ပင်တာတွေဟာ အန်တီဦးရဲ့ပစ္စည်းတွေ... ကိုယ့်ကိုတစ်ဝက်... အန်တီတွေးကိုတစ်ဝက်ပေးဖို့ တိုင်ပင်တာလို့ ပြောတာပဲ... ဒီတော့ အန်တီဦး သေသွားပြီး... ကိုယ်ပါ ထောင်ဒဏ်ကြီးဒဏ်အပစ်ခံရရင်... အန်တီတွေး တစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရသွားနိုင်တာကိုး..."

"ဒါကိုလည်း ကိုဦး သဘောပဲလေ... ဒီဥယျာဉ်အိမ်လေးကနေပြီး ဘယ်ကိုဆက်သွားကြမလဲ..."

ဇေယျာဦး စဉ်းစားရပြန်သည်။

"အခုအချိန်မှာ ဘတ်(စ်)ကားတွေတော့ မပြေးတော့ဘူး... ဒါပေမဲ့ ကုန်တင်လော်ရီကားကြီးတွေကတော့ ညပိုင်းမှာမောင်းလေ့ရှိတယ်... သရက်တောရွာကားလမ်းကထွက်စောင့်ပြီး လော်ရီကားကြီးတွေနဲ့ လိုက်သွားရင်...

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေပြီး ခြောက်မိုက်လောက်ဝေးတဲ့ "စခန်းသာ"ကို ရောက်သွားနိုင်တယ်... "

"အဲဒီ စခန်းသာရွာကို နွေး မကြားဘူးပါလား... "

"စခန်းသာဟာ ရွာမဟုတ်ဘူး... ကားလမ်းဘေးမှာ ထရံကာ ဖက်မိုးနဲ့ တဲအိမ်ကြီးတွေ ဆောက်ပြီး... အဲဒီမှာ ထမင်း၊ ခေါက်ဆွဲ၊ လက်ဖက်ရည် အမူအအေးအားလုံး ရောင်းတဲ့ဆိုင်တွေ တန်းစီရှိတယ်... "

"ဒါဆို... ဒီစခန်းသာမှာ လူပေါင်းစုံနဲ့ ကြောက်စရာကောင်းတဲ့နေရာတစ်ခုပေါ့နော်... "

ဖေယျာဦးက ခေါင်းညိတ်ပြသည်။

"ကိုယ်ပြောမယ် နွေး... ဒီအမှုနဲ့ပတ်သက်ပြီး ဘယ်နည်းနဲ့မှ အဖမ်းမခံဘူး... ကိုယ့်အသက်သာ အသေခံမယ်... နွေး စဉ်းစားကြည့်... ကိုယ် သိပ်ချစ်ပြီး သိပ်အားကိုးတဲ့ အန်တီဦးက ကိုယ့်ကိုလည်း ပြန်ချစ်ပြီး သိပ်စေတနာထားကိုလည်း လူတွေအားလုံး သိတယ်... လူတွေက ကိုယ့်ကို ကျေးဇူးရှင်ကို ပြန်သတ်တဲ့ကောင်ဆိုပြီး... ရဲအဖမ်းခံရတဲ့ လက်ထဲမှာ ဝိုင်းကြည့်ကြမဲ့ဒဏ်ကို ကိုယ်မခံနိုင်ဘူး... နောက်တစ်ချက်က... ကိုယ်ဟာ ရှောင်ပုန်းရင်းကပဲ အန်တီဦးကို ဘယ်သူသတ်တာလဲဆိုတာ စုံစမ်းမယ်... အဲဒီတော့ စခန်းသာကိုရောက်ရင် ကားကြုံနဲ့နွေး မြို့ကိုပြန်ပါ... ကိုယ့်ရဲ့တကယ့်စစ်မှန်တဲ့အဖြစ်ကို အန်ကယ်ဦးမင်း



အောင်ကို နွေး ပြန်ပြောပြပေးပါ... နွေး ပြန်ပါနော်... "

"ဟင့်အင်း... နွေး... ကိုဦး သွားရာကိုပဲ လိုက်မယ်... ကိုဦးဟာ ကျားနာလိုဖြစ်နေပြီ... တွေ့ရာကိုက်... အမှားတွေ လုပ်မိမှာစိုးရတယ်... နွေးပါတော့ ကိုဦး အမှားတွေမလုပ်နိုင်အောင် သတိပေးဟန့်တားနိုင်တာပေါ့... "

နွေးက စေတနာ၊ မေတ္တာနှင့် ဖွတ်လိုက်မည်ကို ဖေယျာဦး ဘယ်လိုမှတား၍ မရပေ။

ချစ်သူနှစ်ဦး ဥယျာဉ်အိမ်လေးမှ ထွက်ခွာလာခဲ့ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

တွက်ကိန်း မှန်ပါ၏။

သို့သော် နောက်ကျသွားပေပြီ။

ရုတ်တရက်တော့ ဦးမင်းအောင်သည် ဖျာခင်

ထားသည်ကိုတွေ့သဖြင့် သမီးရှင်၏မိဘ စိတ်ပူခြင်းမျိုး ပူမိသေ

သည်။ သို့သော် ဖျာခင်းထားခြင်းမှာ ဘုရားစင်ရှေ့အပြင်ဘ

ကြီးမှာ ဖြစ်နေသည်။

သီးသန့်အိပ်ခန်းလည်း ရှိနေသည်မို့ ထိုအိပ်ခန်း

ဦးမင်းအောင် ဝင်ကြည့်ရာ လုံးဝ လူဝင်လူထွက်ခြင်းမရှိသည

လက္ခဏာကို တွေ့ရသဖြင့် လူငယ်နှစ်ယောက်သည် သူတို့ကို

ကို သူတို့ စောင့်ထိန်းဆဲရှိကြသည်ဟု တွက်ဆနိုင်ပေသည်။



မည်သို့ဆိုစေ... ဤဖူဦထောင်အိမ်လေးတွင် ဖေယျာဦးနှင့် နွေးတို့ ဝင်ရောက်သွားသည်ကတော့ သေချာသည်။ တံခါးခတ်သော့ခလောက်ကို ရိုက်ချိုးဖွင့်ထားသည်။ ကော်ဖီသောက်သွားကြသည်။ အစအနတွေတွေ့ရသည်။ သို့တစေ... လူငယ်နှစ်ယောက်၏အရိပ်အရောင်ကို မတွေ့ရ။ သူတို့ ထက်ဦးပြီး ဤနေရာမှထွက်ခွာသွားပြီမှန်း သေချာသည်။

ဦးသက်ဇင်က မကျေမနပ် တောက်ခေါက်၍ ပြောသည်။

"တောက်... ကျုပ်တို့ အခုထက် တစ်နာရီလောက်စောပြီး ရောက်လာရင် အုပ်မိနိုင်တယ်... "

ဦးဖေညွန့်က...

"မတွေ့တော့လည်း ပြန်ရုံပေါ့ဗျာ... "

သူတို့သုံးယောက်စလုံး လင်ရိုဗာကားနှင့် ပြန်လာခဲ့သည်။

ဦးသက်ဇင်ကို သူ့အိမ်ရှေ့တွင်ချပေးခဲ့ပြီး ဦးမင်းအောင်သည် ဦးဖေညွန့်နှင့်အတူ ဆက်မောင်းလာခဲ့သည်။

"ဦးမင်းအောင်... ခင်ဗျား ဘာဆက်လုပ်မလဲ... "

"အိမ်ပြန်ရေမိုးချိုး အိပ်ရုံပဲရှိတော့တာပေါ့... "

"မဟုတ်ဘူးလေ... ကျုပ် ဆိုလိုတာက ဒေါ်သီသီဦး သေဆုံးရမှုမှာ ဖေယျာဦးရဲ့ပယောဂမပါဘူးလို့ ဦးမင်းအောင် ယုံကြည်ထားတယ်... ဟုတ်လား... အထူးသဖြင့် ပါပလစ်

www.burmeseclassic.com

www.burmeseclassic.com



ကာကားထဲမှာ လက်ဝတ်ရတနာယွန်းသေတ္တာကို တွေ့ရ
လို့ ခင်ဗျား ဖေယျာဦးအပေါ် လုံးဝသံသယကင်းသွား
တယ် မဟုတ်လား… ”
“ဦးဖေညွန့် အမြင်ကကော… ”
“ကျုပ်လည်း ဖေယျာဦးအပေါ် လုံးဝသံသယမရှိတော့
ဘူး… ဒါကြောင့် ဦးမင်းအောင် ဘာဆက်လုပ်မလဲလို့ မေး
တာ… ”
“နက်ဖြန်… ဒေါ်သီသီဦး အိမ်မှာစားဖိုမှူးလုပ်ခဲ့တဲ့
ဒေါ်ကြာဖုံကို ကျုပ်သွားတွေ့မယ်လို့ စိတ်ကူးထားတယ်”
“ဒေါ်ကြာဖုံ ဆီသွားတွေ့ရင် တစ်ခုခုထူးခြားမယ်လို့
ဦးမင်းအောင် တွက်ထားသလား… ”
“အင်းပေါ့ဗျာ… စုံထောက်အလုပ်ဆိုတာ သေနတ်ကိုင်ပြီး
တဒိုင်းဒိုင်းပစ်ခတ်ပြီး… တရားခံကိုလိုက်ဖမ်းရတာမျိုး
လုပ်သင့်တဲ့အခါ လုပ်ရပေမဲ့… ခေါင်းအေးအေးထားပြီး
သဲလွန်စရှာတာတို့ ဆက်နွယ်မှုတွေကို လိုက်ရှာပြီး…ဆက်
စပ်ကြည့်ရတာတို့… အချက်အလက်ရှာဖွေတာတို့… လုပ်
တဲ့အခါလုပ်ရတယ် ဦးဖေညွန့်… ဒေါ်ကြာဖုံဟာ ဒေါ်သီသီ
ဦးအိမ်မှာ မျက်နှာလွှဲဘဏ္ဍာစိုးအဖြစ်နဲ့ တော်တော်ကြာ
အောင်လုပ်ခဲ့တော့… ကျုပ်တို့မသိတဲ့ ဒေါ်သီသီဦးရဲ့
အကြောင်းတချို့ကို ဒေါ်ကြာဖုံက သိနိုင်တယ်ထင်လို့…
ရနိုင်သလောက် မေးမြန်းကြည့်ဖို့ ဒေါ်ကြာဖုံ ဆီသွားရင်



တာပါပဲ ဦးဖေညွန့်… ”
“ကျုပ်ကော လိုက်ခဲ့ရမလား… ”
“ဦးဖေညွန့်က လိုက်ချင်လို့လား… ”
“အင်းပေါ့ဗျာ… ကျုပ်ကိုယ်တိုင် ဒီအမှုမှာ သိပ်စိတ်ဝင်
စားနေလို့ပေါ့… ဖေယျာဦးက သိပ်တန်ဖိုးကြီးမားတဲ့
ရတနာယွန်းသေတ္တာကို သူယူတာမဟုတ်မှန်းသိကတည်း
က ဒေါ်သီသီဦးကို ဖေယျာဦး သတ်တာမဟုတ်ဘူးလို့
ယုံကြည်လိုက်တယ်လေ… ဒါဖြင့် ဘယ်သူသတ်သလဲဆို
တာကို ကျုပ်လည်း သိချင်လာတယ်…ဘယ်သူက ဒီယွန်း
သေတ္တာကို ဖေယျာဦးကားထဲမှာ ထားသွားသလဲဆိုတဲ့
ပဟေဠိဖြစ်နေတာတွေ… လျှို့ဝှက်ပြီး ဆန်းနေတာတွေ…
ကျုပ်သိချင်လာတယ်… နောက်ပြီး စီစီထွေးနဲ့ ကိုသက်
ဇင်တို့ ပုံစံက တစ်မျိုးကြီးပါလားလို့လည်း ကျုပ် ထင်လာ
တယ်… ”
“ကောင်းပြီလေ… နက်ဖြန် ဒေါ်ကြာဖုံဆီသွားရင် ကိုဖေ
ညွန့်ကို ကျုပ် ဝင်ခေါ်ပါမယ်… ”

ဦးဖေညွန့်ကို သူ၏ခြံဝမှာပင် ချထားခဲ့ကာ ဦးမင်း
အောင် ဆက်မောင်းလာခဲ့သည်။ မိမိအိမ်သို့ မပြန်သေးဘဲ
ဦးတေဇ အိမ်ဘက်သို့ မောင်းခဲ့သည်။ အမှုတွင် သတင်းရသည်
မှာ ဤသို့ပင် တစ်နွယ်ငယ် တစ်စင်ပါတွေ့ဆီကပါ သတင်းရိုက်
သူရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတေဇ အိမ်ရှေ့တွင်ကားရပ်ပြီး အိမ်ထဲသို့ ဆင်း လျှောက်လာခဲ့သည်။

ဦးတေဇသည် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် တင်ပလ္လင် ခွေထိုင်ကာ ပုလင်းထောင်နေသည်ကို တွေ့ရသည်။ အရက်နံ့မှာ ချဉ်စုတ်စုတ်အနံ့ထွက်နေသောကြောင့် အရက်ကောင်းမဟုတ်ဘဲ အပဲ့ပေါ်စား-တော်အရက်မှန်း သိသာသည်။

“လာပါ... ဦးမင်းအောင် ကျုပ် တင်းကုတ်လိုအိမ်ကို ဦးမင်းအောင်လို ပုဂ္ဂိုလ်ကြီးလာတာ ကျုပ် ဝမ်းသာပါ တယ်...”

ဦးမင်းအောင်က ဦးတေဇနှင့် ကွပ်ပျစ်ပေါ်မှာပင် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။

“ဟဲ... ဟဲ... သူဌေးမကြီးလည်း ကြွသွားရော... ကျုပ် လည်း အပေါ်စားတောအရက်ကို မှီဝဲရတဲ့ အဆင့်ကျသွား ရောပေါ့ဗျာ...”

ဦးမင်းအောင်က ကရုဏာစိတ်သက်ရောက်မိသဖြင့် အိတ်ထဲမှ ငွေစက္ကူကိုထုတ်ပြီး ဦးတေဇ ရှေ့တွင် ချထားပေး လိုက်သည်။

“ဒါဘာလဲဗျ... ကျုပ်နဲ့ ဦးမင်းအောင် ခမီးခမက်တော်ရှူ... ကျုပ်ကို အရက်ဖိုးလာထောက်ပံ့တာလား...”

ဦးတေဇသည် အံ့ဖွယ်ကောင်းနေပါ၏။ ဘယ် အခါမဆို အရက်ဖိုးငွေလိုနေသူဖြစ်စေကာမူ ဦးမင်းအောင် ပေး



သော ငွေစက္ကူကို လက်ဖျားနှင့်ပင် မထိပေ။ လိုချင်သောအမူ အရာလည်း မရှိသည်ကို အံ့ဖွယ်တွေ့ရသည်။

“ကျုပ် မယူဘူး ဦးမင်းအောင်... ခင်ဗျား ပေးတဲ့ငွေကို ကျုပ် မယူဘူး...”

“ဘာလို့လဲ... ကျုပ်ကို စိတ်ဆိုးနေလို့လား ကိုတေဇ...”

“ဘာလို့ ခင်ဗျားကို စိတ်ဆိုးရမှာလဲ... ကျုပ် စိတ်နဲ့ကျုပ် ဆုံးဖြတ်လိုက်ပြီလေ... နက်ဖြန်မနက်ကစပြီး... ကျုပ် အရက်မသောက်တော့ဘူး...ဖြတ်တယ်... အလုပ်ကောင်း ကောင်းပြန်လုပ်မယ်... ဘယ်သူ့ဆီကမှ ပိုက်ဆံတောင်း တဲ့အလုပ်မလုပ်တော့ဘူး...ကျုပ် ပန်းထိမ်ကောင်းကောင်း လုပ်တတ်ပါတယ်... ကျုပ်ရဲ့ ပန်းထိမ်လက်ရာဟာ ဒီမြို့ မှာ ကျော်ကျော်ကြားကြားဖြစ်ခဲ့တဲ့ လက်ရာပါ... အခု လည်း ကျုပ်အရက်ဖြတ်ပြီး ပန်းထိမ်အလုပ်ကို ပြန်လုပ် တော့မယ်ဆိုတာနဲ့... မြို့လယ်က ပန်းထိမ်ဆရာကြီး ဦးရွှေ သီးက သူ့ဆီမှာလာလုပ်ပါလို့ ပြောတယ်... အမြင့်ဆုံး လက်ခပေးပါ့မယ်တဲ့လေ... ကျုပ်မိဘတွေ လက်ထက်က တော့ ကိုယ်ပိုင်ပန်းထိမ်ဖိုနဲ့ ဦးရွှေသီးနဲ့အပြိုင်လုပ်ခဲ့တာ ပေါ့...”

“ဒါဆို ကိုတေဇ ဘယ်ဆိုးလို့လဲ... ပန်းထိမ်ပညာဆိုတာ တော်တော်အဆင့်မြင့်တဲ့ပညာပဲ...”

“ဒါကြောင့်လည်း ရိုရိုလတ်လတ်မိန်းမက ကျုပ်ကိုလက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပေါ့ ဦးမင်းအောင်… အခု ဦးမင်းအောင်တို့အမြင်မှာတော့ ကျုပ်ဟာ… ကျုပ်ဟာ အရက်သမားတစေ… ကလေကချေကောင်ပေါ့ဗျာ… ဟိုတုန်းက ကျုပ်လည်း ထည်ထည်ဝါဝါလူတစ်ယောက်ပါ… ရီရီလတ်လို မိန်းမချောက ကျုပ်ကိုလက်ထပ်ခဲ့တာကိုပဲ သက်သေထားကြည့်ပါဗျာ… ”

“ဒါဆို အရက်ကြောင့် အခုလိုပျက်စီးသွားရတာပေါ့ ဟုတ်လား… ”

“ထပ်ထရီး… ဘယ်ကလာ အရက်ကြောင့်ပျက်စီးတာ ဟုတ်မလဲ… အေးပေါ့လေ… အခု အများအမြင်မှာတော့ ကျုပ်ဟာ အရက်ကြောင့်ဘဝပျက်တာလို့… ထင်စရာကြီးပေါ့… တကယ်တော့ ကျုပ်ဘဝပျက်တာ အရက်ကြောင့်မဟုတ်ဘူး ဦးမင်းအောင်… ကျုပ် တကယ်တမ်း ဘဝပျက်သွားတာဟာ ဇေယျာဦးကြောင့်ဗျ… ဇေယျာဦးကြောင့်… ”

“ဗျာ… ကြားရတာ အဆန်းကြီးပါလား ကိုတေဇ… ”

“ဟဲ… ဟဲ… ဟဲ… ပြောရမှာ ရှက်တယ် ဦးမင်းအောင်… ကျုပ်ပြောလေ ကျုပ်နွားဖြစ်လေပဲ… ကိုယ်ပေါင်ကိုယ်လှန်ထောင်းဆိုတာမျိုးကြီး ဖြစ်နေတယ်… ရင်ထဲမှာကျိတ်ပြီး မျိုသိပ်ထားရတာ နှစ်ပေါင်းကြာသွားပြီ… မျိုသိပ်ရလွန်းတော့ဖွင့်ပြီး အန်ချပြောပြလိုက်ချင်တယ်…



ဒါပေမဲ့ ကျုပ်ပြောတာကို ဘယ်သူက အလေးအနက်ထားမှာလဲ… အလကား အရက်သမားတေဇ… မူးမူးရူးရူးနဲ့တွေ့ကရာ လျှောက်ပြောတာဆိုပြီး… ဘယ်သူကမှ ကျုပ်စကားကို အလေးအနက်ထားမှာ မဟုတ်ဘူး… အဲ… သီသီဦး မသေခင်တစ်ချိန်က အဲဒီရင်ထဲရှိတဲ့စကားတွေ ကျုပ်ထုတ်ပြောမိလို့… ကျုပ်ကို သီသီဦးကခေါ်ပြီး… ကြိမ်းမောင်းတာခံရဖူးတယ်… ရှင် အေးအေးဆေးဆေး ကျွန်မ ထောက်ပံ့တာကို စားပါ… သောက်ပါ… သေသွားရှာတဲ့ ကျွန်မညီမ ရီရီလတ်ရဲ့ သိက္ခာကျမဲ့စကားတွေ မပြောပါနဲ့လို့ ခေါ်ကြိမ်းတာလေ… အေးပေါ့ဗျာ… သူ့ဆီက အထောက်အပံ့ကို ယူနေရတော့လည်း ကျုပ်ပါးစပ်ပိတ်ပြီး… ပြန်မျိုသိပ်ထားလိုက်ရပြန်တာပေါ့ ဦးမင်းအောင်… အခုတော့ သီသီဦးလည်း သေပြီ… ဇေယျာဦးဆိုတဲ့ကောင်ဆိုးလေးလည်း ခွေးပြေးဝက်ပြေးပြေးရပြီ… ကျုပ် ရင်ထဲမျိုသိပ်ခဲ့ရတာတွေ ဖွင့်ချလိုက်ရပြီပေါ့… ခင်ဗျား နားထောင်မလား ဦးမင်းအောင်… ”

“ပြောပါ ကိုတေဇ… ကျွန်တော် စိတ်ဝင်စားစွာနဲ့ နားထောင်နေပါတယ်… ”

“ပြောရရင်… ကျုပ်မိန်းမရီရီလတ်အကြောင်းကစပြီး ပြောရမှာပဲ…ရီရီလတ်ဟာ သိပ်ကိုချောလှတဲ့မိန်းကလေးတစ်ယောက်လေ…အခု သီသီဦး ချောတာလှတာ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



မြင်သားပဲ... အဲ... ရီရီလတ်ဟာ သူ့အစ်မနဲ့ မျက်နှာပေါက် သိပ်ဆင်သိပ်တူတယ်... ရီရီလတ်က တောင် ပိုချောတယ်လို့ ကျုပ်ပြောချင်တယ်... အခု အငယ်ဆုံး မစီစီထွေးနဲ့ ရီရီလတ်ဟာ ရုပ်ချင်း ဘာမှမဆိုင်ဘူး... ရီရီလတ်က တကယ်ချောတာ... ဒါကြောင့်လည်း ရီရီလတ်ကို ကျုပ် သိပ်ချစ်ပြီး သိပ်စွဲလမ်းခဲ့တာပေါ့ဗျာ..."

ဦးမင်းအောင် ခေါင်းညိတ်ပြပါ၏။ ယခု ကိုတေဇ ပြောနေသည်တို့မှာ အတိတ်နောက်ကြောင်းတွေမို့ ဦးမင်းအောင် စိတ်ဝင်စားစွာ နားထောင်ပါ၏။ ထိုစဉ်က ဦးမင်းအောင်သည် ဤမြို့တွင် မရှိတော့ဘဲ အလုပ်ထဲဝင်ကာ တောနယ်ကျေးရွာမြို့များ၌ နေခဲ့ရသောအချိန်များ ဖြစ်ပါ၏။

"ရီရီလတ်ရဲ့ မိဘတွေ ကွယ်လွန်သွားတော့ သူတို့မှာ ဘာမှမကျန်ခဲ့ဘူး... ချွတ်ချုံကျဖြစ်သွားတယ်... ဒါကြောင့် ရီရီလတ်က ကျုပ်လိုကောင်ကို လက်ထပ်ဖို့ လက်ခံတာပေါ့... အဲဒီတုန်းက ကျုပ်က စီးပွားရေးဟန်ဟန်ပန်ပန်ရှိတဲ့လူကိုး... ဒါပေမဲ့ဗျာ... ရီရီလတ်က ကျုပ်ကို လက်ထပ်ပေမဲ့ သူ့နောက်ကြောင်းက သိပ်မရှင်းဘူး... ရီရီလတ်မှာ ချစ်သူရှိတယ်..."

"သူ့ချစ်သူကို လက်မထပ်ဘဲ ဘာလို့ ကိုတေဇကို လက်ထပ်ခဲ့တာလဲ..."

"ရီရီလတ်က သူ့ချစ်သူ ခိုင်မင်းကို မျှော်လင့်နိုင်တော့တာ



နဲ့... ကျုပ်ကို လက်ထပ်တာ..."

"ကိုတေဇက လက်မထပ်ခင်က ရီရီလတ်မှာ ခိုင်မင်းဆိုတဲ့ ချစ်သူရှိနေမှန်း မသိဘူးလား..."

"သိသားပဲ... ကျုပ်ကိုယ်တိုင်က ရီရီလတ်ကို သိပ်လိုချင်နေတာယ်လေ... နောက်ပြီး ခိုင်မင်းဟာ ပြန်နိုင်လမ်းမရှိတော့ဘူးလို့ ကျုပ် ယုံကြည်တာနဲ့... ရီရီလတ်ကို ကျုပ် လက်ထပ်တာ..."

"အဲဒီနောက်... ဘယ်လိုဖြစ်တာလို့လဲ..."

"နှစ်နှစ်ကျော်ကျော်လောက်အထိတော့ ဘာမှမဖြစ်ပါဘူး... ကျုပ် ပန်းတိမ်လုပ်ငန်းကလည်း ဝင်ငွေကောင်းတော့ အဆင်ကိုပြေနေတာပဲ... အဲ... ဖြစ်ချင်လာတော့ ကျုပ်တို့လက်ထပ်ပြီး နှစ်နှစ်ကျော်ကျော်ကျမှ ခိုင်မင်း ပြန်ရောက်လာတယ်..."

"ဒါဆို... ခိုင်မင်းက ပြန်ရောက်လာပြီး ရီရီလတ်နဲ့ဆက်သွယ်လို့လား..."

ကိုတေဇ ခေါင်းခါပြသည်။ ပုလင်းထဲမှ ကျန်သော အရက်ကို ထပ်ငှဲ့သောက်သည်။ ပြီး ဆက်ပြောသည်။

"ခိုင်မင်းက မြို့ကို ပြန်မလာပါဘူး... ဒီကောင်က တက္ကသိုလ်ထွက် ရခိုင်သား ပညာတတ်တစ်ယောက်မို့... တခြားမြို့မှာ တင့်တင့်တယ်တယ်ရှိနေတာယ်... ဒီအတောအတွင်းမှာပဲ သီသီဦးနဲ့တွဲနေတဲ့ ကိုကျော်ဝေဟာ သေဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်… သီသီဦးက အဲဒီအချိန်မှာ စီးပွားတက်ပြီး ချမ်းသာနေပါပြီ… ဒီတော့ ကိုကျော်ဝေ သေသွားပြီးနောက်… သီသီဦးက လုပ်ငန်းအတွက် ခရီးထွက်ရာမှာ အဖော်လိုလာတာပေါ့… ရီရီလတ်ကို အဖော်အဖြစ် ခေါ်တယ်…ရီရီလတ်ကလည်း သီသီဦးခေါ်တိုင်း လိုက်တယ်… ကျုပ်က မလိုက်ဖို့ ကန့်ကွက်တာကို မနာခံဘူး… လင်မယားရန်ဖြစ်ခဲ့ပြီး ဇွတ်လိုက်တယ်… ဒီလို သူ့အစ်မနဲ့ သီသီဦးနဲ့လိုက်တာ သွေးရိုးသားရိုးလိုက်တာမဟုတ်ဘူး… သူ့အစ်မနဲ့လိုက်တာကို အကြောင်းပြုပြီး ခိုင်မင်းနဲ့တခြားနေရာမှာ ချိန်းတွေ့တာလို့ ဘေးလူတွေက ပြောလာတယ်… ကျုပ် သံသယဖြစ်ပြီပေါ့ဗျာ… ”

“ဒါဆို ကိုတေဇကိုယ်တိုင် ရီရီလတ်ကို လိုက်မချောင်းဘူးလား… ”

“ဘယ်နေမလဲ… နှစ်ခါတောင်လိုက်ချောင်းတယ်… ကျုပ်ချောင်းလို့တွေ့တာကတော့ ရီရီလတ်ဟာ ရိုးရိုးသားသား သူ့အစ်မနဲ့သွားလာတာပဲ တွေ့တာပဲ… ခိုင်မင်းနဲ့ ဆက်သွယ်တာမျိုး တစ်ခါမှမတွေ့ဘူး… ချိန်းတွေ့တာ မမိဘူး… အဲ… တစ်နေ့မှာ ရီရီလတ်က သူ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့… အဲဒါကို ကျုပ် စိတ်မသန့်ဘူး… နှစ်နှစ်ကျော်ကျော်ပေါင်းခဲ့တာ ကိုယ်ဝန်မရဘဲ သီသီဦးနဲ့အဖော်လိုက်မှပဲ ဒီကိုယ်ဝန်ရရသလားလို့ ကျုပ် သံသယဖြစ်တယ်… ကျုပ် စိတ်ထဲမှာ ရီရီလတ် ရတဲ့ကိုယ်ဝန်ဟာ ခိုင်မင်းနဲ့ရတယ်လို့ စွပ်စွဲတော့… လင်မယားအကြီးအကျယ်စကားများပြီး သူ့ကိုမယုံရင် မပေါင်းနဲ့ဆိုပြီး အိမ်ကဆင်းသွားတယ်… ”



“လင်မယား ကွာရှင်းကြရောလား… ”

“မကွာရှင်းပါဘူး… ကျုပ်ကိုယ်တိုင်က ကွာမှမကွာနိုင်တာ… ကျုပ် သိပ်ချစ်တယ်လေဗျာ… ဒါပေမဲ့ ယောကျ်ားမာနနဲ့ ဒင်းကို ပြန်မခေါ်ဘဲ ထားလိုက်တယ်… အဲဒီအချိန်ကစပြီး ကျုပ်တအား စိတ်ညစ်ပြီး အရက်စသောက်တော့တာပဲ… အင်းပေါ့လေဗျာ… ဖေယျာဦး ကိုယ်ဝန်စရှိလာပြီဆိုကတည်းက ကျုပ်စပြီး အရက်သောက်တယ်ဆိုပါတော့… ”

“ဒါဆို… ရီရီလတ်က ဘယ်ဆင်းသွားတာလဲ… သူဟာ ခိုင်မင်းဆီကို သွားတာမဟုတ်ရင်တော့ ဒီကိုယ်ဝန်ဟာ ခိုင်မင်းနဲ့ရတဲ့ကိုယ်ဝန်လို့ မစွပ်စွဲသင့်ဘူးပေါ့ဗျာ… ”

“ရီရီလတ်ဟာ ခိုင်မင်းဆီ မသွားပါဘူး… သူ့အစ်မ သီသီဦး အိမ်ကိုဆင်းသွားတာပါ… အဲဒီအချိန်မှာပဲ သီသီဦးက အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်ရာမှာ သူ့ညီမရီရီလတ်ကိုပဲ ထပ်ပြီး အဖော်ခေါ်သွားတယ်… ရှစ်လကျော်ကျော်ကြာပြီးမှ ညီအစ်မခရီးသွားရာက ပြန်လာကြတယ်… ပြန်လာတဲ့အချိန် ရီရီလတ်မှာ နို့စို့ကလေးတစ်ယောက်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီလေ... ခရီးသွားရင်း မွေးတာလို့ ပြောတယ်... အဲဒီကလေးဟာ ဇေယျာဦးပဲဆိုတာ ပြောစရာမလိုတော့ဘူး... ဒီကောင်လေးက အကုသိုလ်ကောင်လေးလေ... ”

“နေဦး ကိုတေဇ... ဇေယျာဦးကို ရီရီလတ်က မွေးဖွားပြီး ပြန်လာတော့ ကိုတေဇနဲ့ ရီရီလတ် ပြန်ပေါင်းကြသလား”

“ပေါင်းကြတာပေါ့ဗျာ... ကျုပ်ကမှ မပေါင်းဘဲမနေနိုင်တာ... ပေါင်းတာမှ ကျုပ်က တောင်းတောင်းပန်ပန်ပြန်ချော့ခေါ်ပြီး ပေါင်းရတာ... အဲဒီအချိန်ကစပြီး ကျုပ်မှာလည်း စီးပွားပျက်လာတာပဲ... စီးပွားပျက်လေ အရက်အသောက်လေဖြစ်ရာက ရီရီလတ်လည်း ဆုံးရော... ကျုပ်ဘဝကို အရက်ထဲမှာပဲ နှစ်နေလိုက်တာ... ခုချိန်ထိ ဆိုပါတော့ ဦးမင်းအောင်... ”

ဦးမင်းအောင် သဘောပေါက်တော့သည်။

နဂိုလက်ထပ်ကတည်းက ရီရီလတ်သည် ... အား မေတ္တာရှိ၍ မဟုတ်ဘဲ အားကိုးလို၍သာ လက်ထပ်ခဲ့ခြင်းဖြစ်သည်ဟူသောအချက် ကိုတေဇတွင် ဝင်နေသည်။ ၎င်းတာတ်ခံစိတ်ရှိသည့်ကြားကပင် ခိုင်မင်း ပြန်လာသည်။ ရီရီလတ်ကို ခိုင်မင်းနှင့် ကိုတေဇ သံသယဖြစ်ပြန်သည်။

နောက်ဆုံး ရီရီလတ်၏ကိုယ်ဝန်သည် ခိုင်မင်းနှင့်ရသော ကိုယ်ဝန်ဖြစ်ရမည်။ ဇေယျာဦးသည် သူ၏သားမဟုတ်နိုင်ဟု ဦးတေဇ အယူသီးစိတ်ဝင်သည်။ ရီရီလတ်ကိုလည်း ကိုတေဇ



မစွန့်ပစ်နိုင်သဖြင့် သူ့စိတ်ကို အရက်နှင့်နှစ်သိမ့်ခဲ့သည်မှာ ရီရီလတ် သေဆုံးသည်အထိ ဖြစ်ပေမည်။

“နို့... ခင်ဗျား ရီရီလတ်ကို ပြန်ပေါင်းတော့ ရီရီလတ်ဟာ ခိုင်မင်းနဲ့ဆက်သွယ်တဲ့ အရိပ်အရောင်မျိုး တွေ့ခဲ့ဘူးလား”

“အဲဒါကြောင့် ပြောရခက်နေတာပေါ့ဗျာ... ကျုပ်နဲ့ပြန်ပေါင်းပြီး ရီရီလတ် သေဆုံးတဲ့အထိ ခိုင်မင်းနဲ့ဆက်သွယ်တဲ့အရိပ်အရောင် လုံးဝမတွေ့ရဘူး... နောက်ပြီး ကျုပ်ရဲ့ အနှံ့အတာကိုလည်း ရီရီလတ် သေတဲ့အထိ ခံသွားတယ်... တကယ်ဆို ကျုပ်ကိုပစ်ထားခဲ့ပြီး... ခိုင်မင်းနဲ့သွားပေါင်းခဲ့ရမှာပေါ့... ဒီတော့လည်း ဇေယျာဦးဟာ ခိုင်မင်းနဲ့ရတဲ့သား ဟုတ်မှဟုတ်ရဲ့လားလို့ ကျုပ် ပြန်တွေးပြန်ရော... ဟုတ်ရိုးမှန်ရင် ခိုင်မင်းက ရီရီလတ်နဲ့ သူ့သား ဇေယျာဦးကို ပြန်ခေါ်ပြီး တင့်တောင်းတင့်တယ်ထားနိုင်တာပဲ... ”

ဦးမင်းအောင် ပြန်ရန်ထိုင်ရာမှ ထသည်။

“ခင်ဗျား ငွေတစ်သောင်းပြန်ယူသွားပါ ဦးမင်းအောင်... သူများ ပေးကမ်းတာကို အလွယ်ယူပြီး သုံးနေတဲ့သူဟာ ကိုယ့်ရဲ့ကိုယ်ပိုင်အရည်အချင်းတွေ တဖြည်းဖြည်းဆုတ်ယုတ်ကွယ်ပျောက်ရတာကို ကျုပ် သင်ခန်းစာယူပြီးပါပြီ... ကနေ့ကစပြီး ကျုပ်ကို ဘယ်သူပေးတာမှ လက်မခံတော့ဘဲ... ပန်းထိမ်ဆရာ ပြန်လုပ်မယ်လို့ ဆုံးဖြတ်ပြီးသွားပါ... ”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတဲ့ စိတ်ဓာတ်နဲ့ အမြင်ပဲ ကိုတေဇ... ဒီကြား ထဲမှာ အခက်အခဲရှိတယ်... အကူအညီလိုတယ်ဆိုရင် ကျုပ်ကို အကြောင်းကြားပါ... ကိုတေဇကို ဂုဏ်ပြုတဲ့ အနေနဲ့ ကျုပ်ကူညီဖို့ အဆင်သင့်ပဲဗျာ... "



## အခန်း (၁၅)

"စခန်းသာ"တွင် ယနေ့အဖို့ ညအိပ်သော လော်ရီကားတစ်စီးမျှ မရှိပေ။

ဆိုင်တွေလည်း ပိတ်ကုန်ပြီ။

"စခန်းသာ"ကို ဧယျာဉ်းက နေ့ပိုင်း သူ၏ကားဖြင့် ဖြတ်သွားဖြတ်လာရောက်ခဲ့ဖူးခြင်းသာ ဖြစ်သည်။ နေ့ပိုင်းတွင် စည်ကားခြင်းကို မြင်ခဲ့ဖူးသည်။

သို့သော် ယခု ညဘက်မိုးချုပ်အချိန်ကြီးရောက်လာသောအခါ နေ့ပိုင်းတုန်းကလို စည်ကားခြင်းမရှိသည်ကို တွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညကျမှ "စခန်းသာ"တွင် ညအိပ်လောင်းကားကြီးတွေ နားခိုရပ်နားခြင်း မရှိသောကြောင့် ခြောက်ကပ်နေခြင်းလား မပြောတတ်။

ကံအားလျော်စွာ ထောင့်ဆုံးအစွန်ကျသောဆိုင်ကြီးတစ်ဆိုင်ကတော့ မှန်အိမ်ထွန်းမွှင့်ထားသေးသည်ကို လှမ်းမြင်သဖြင့် ဖေယျာဦးသည် နွေးကိုလက်တွဲကာ ထိုဖွင့်ထားသော ဆိုင်ဆီသို့ လာခဲ့ကြသည်။

ဆိုင်ကြီး၏စားပွဲတွင် လူဝကြီးတစ်ဦး ထိုင်နေသည်ကို တွေ့ရသည်။ တခြား ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပေ။

ဆိုင်ထဲရှိ စားသောက်စားပွဲများ ပူးကပ်သိမ်းထားပြီး ပူးကပ်စားပွဲများပေါ်တွင် ကုလားထိုင်များ တင်ထားသည်ဆိုင်သိမ်းသည့်သဘော ဖြစ်ပါ၏။ စားပွဲများ သိမ်းထားသဖြင့်ဆိုင်၏လွတ်နေသော တစ်ခြမ်းဘက်တွင် "ဈ"အက္ခရာဖြင့် ဒတ်ဆန်းကားဟောင်းတစ်စီး သွင်းထားသည်ကို တွေ့ရသည်။

ဖေယျာဦးနှင့် နွေးတို့ ဆိုင်ထဲသို့ ဝင်ခဲ့သည်။

"ဟာ... ဒီအချိန်ကြီးကျမှ မင်းတို့နှစ်ယောက်က ဘယ်ကပေါက်ချလာတာလဲ... ဘက်(စ်)ကားနဲ့လည်းမဟုတ်... ကိုယ်ပိုင်ကားနဲ့လည်း မဟုတ်..."

"ကျွန်တော်တို့ မောင်နှမပါ ဦးလေး... ကျွန်တော်တို့ ဖြ



က ထွက်လာတုန်းက ကိုယ်ပိုင်ပါပလစ်ကားကားပါပါတယ်... သရက်တောနဲ့ ဒီစခန်းသာကြားမှာ ကားထိုးရပ်သွားပြီး ပြန်မောင်းလို့မရဘဲ ကားပျက်သွားပါတယ်... ကိုင်လောင်သွားတာဖြစ်မှာပါ... မနက်ကျမှ ကားကြို့နဲ့မြို့ကိုလိုက်သွားပြီး ကွိုင်အသစ်ပြန်ဝယ်ထည့်ရမှာပါ... ဒါကြောင့် "စခန်းသာ"မှာ ညစာစားပြီး တစ်ညအိပ်တည်းခိုဖို့ ခြေကျင်ဆက်လျှောက်ပြီး လာခဲ့ကြတာပါ ဦးလေး"

"တည်းခိုလို့ရတယ်... ဒီည ဘယ်ကားမှဒီမှာ နားပြီး ဘယ်သူမှ တည်းခိုတဲ့သူမရှိဘူး... ကော်ဖီ၊ လက်ဖက်ရည်ကတော့ မရတော့ဘူး... ရေနွေး မရှိတော့လို့ဘဲ...မီးဖိုလည်းငြိမ်းပြီးပြီ...အေး...ထမင်းနဲ့ဟင်းတော့ ကျန်သေးတယ်...အေးစက်နေပြီ... အလုပ်သမားတွေလည်း အားလုံးရွာပြန်ကုန်ကြပြီ... မင်းတို့ ထမင်းအေး ဟင်းအေးကိုပဲ စားမယ်ဆိုရင်တော့ ကိုယ့်ဟာကိုယ် ခူးခပ်စားရင်ရမယ်..."

ဒီလောက်ရလည်း မဆိုးဟု တွက်ကာ ဖေယျာဦးနှင့် နွေးတို့ ကိုယ့်ဟာကိုယ် ခူးခပ်ပြီး ထမင်းစားကြရတော့သည်။ စားသောက်ပြီး နွေးတပင် ရေစည်ပိုင်းတွင်သွားပြီး ပန်းကန်တွေ ခွက်တွေ ဆေးကြောသည်။

ဖေယျာဦးက ဗိုက်ဆံရှင်းရန် လူဝကြီးဆိုင်ရှင်ထံသွားသည်။ ကျသင့်ငွေကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ကို တစ်ခါစား တစ်ပွဲ တစ်ရာငါးဆယ်... နှစ်ယောက်စားတာဆိုတော့ သုံးရာကျတယ်..."

လူဝကြီးသည် အပြောတိုသလောက် သဘော ထားလည်း တိုသည်။ ထမင်းကျန် ဟင်းကျန်ကို နဂိုနှန်းထား အတိုင်း ယူသည်။ ကိစ္စမရှိ၊ စားရသည်ကိုပင် ကျေးဇူးတင်စွာဖြင့် ဖေယျာဦးက ငွေသုံးရာ ထုတ်ပေးသည်။

"ကျွန်တော်တို့ မောင်နှမ ဒီညဒီမှာ တစ်ညအိပ်တည်းခို ခတော့ ဘယ်လောက်ကျမလဲ ဦးလေး..."

"မင်းတို့က မောင်နှမဆိုတော့ တစ်ယောက်တစ်ခန်း ယူပေါ့... ငါက တစ်ယောက်စီကို စောင်၊ ခြင်ထောင် ခေါင်းအုံး ပေးမယ်... တစ်ခန်းတစ်ယောက် တစ်ရာကျ မယ်..."

ဖေယျာဦးက ကျသင့်ငွေနှစ်ရာကို ထုတ်ပေးပြန် သည်။

"နေဦးကွ... ညအိပ်တည်းခိုသူဆိုရင် တည်းခိုသူရဲ့ မှတ် ပုံတင်ကို စစ်ဆေးပြီးမှ လက်ခံရမယ်လို့... ရပ်ကွက်လူကြီး တွေကရော... ရဲကရော အမိန့်ထုတ်ထားတယ်... မင်းတို့ နှစ်ယောက်ရဲ့ မှတ်ပုံတင်တွေ ငါ့ကိုပြ..."

ဖေယျာဦးက အမှတ်တမဲ့ပင် မိမိမှတ်ပုံတင်ကတ် ပြားရော၊ နွေး၏မှတ်ပုံတင်ကတ်ပြားကိုပါ ထုတ်ယူပြီး လူဝကြီး ကို ပေးပြလိုက်သည်။



လူဝကြီးက မှတ်ပုံတင်ကတ်ပြားနှစ်ခုလုံးကို မှန် အိမ်မီးရောင်တွင်ကြည့်ပြီး ဖေယျာဦးကိုမော့ကာ သေချာကြည့် သည်။

"ဟေ... ဒါနဲ့ မင်းတို့နှစ်ယောက်က မောင်နှမဆို... ကောင်မလေးရဲ့မှတ်ပုံတင်ထဲမှာ အဖအမည် ဦးမင်း အောင်တဲ့...မင်းမှတ်ပုံတင်မှာတော့ အဖအမည် ဦးတေဇ တဲ့... ငါ အရက်သမားတေဇကိုလည်း သိတယ်... ပင်စင် စားရဲအရာရှိကြီး ဦးမင်းအောင်ကိုလည်း ကြားဖူးတယ်... ငါက မြို့ကို နှစ်ရက်တစ်ခါ ရောက်နေတာ... မင်းတို့ မောင် နှမမဟုတ်ဘူး..."

လူဝကြီးသည် သူ့ဗလအားကိုးဖြင့် ပြောပြောဆို ဆို ဖေယျာဦး၏ လက်ကို ဖမ်းချုပ်ကိုင်လိုက်သည်။ ပြီး... စားပွဲ အံဆွဲထဲမှ ဓားမြောင်တစ်လက်ယူကာ ဖေယျာဦးအား တေ့ထား လိုက်သည်။

"ဒီည မိုးချုပ်ကာစကပဲ မြို့က ရဲကြပ်ကြီးအဖွဲ့ ကားနဲ့ စခန်းသာကို ရောက်လာသွားတယ်... မြို့မှာ ဦးတေဇရဲ့ သား ဖေယျာဦးဟာ သူ့အဒေါ်ကိုသတ်ပြီး ထွက်ပြေးသွား တယ်တဲ့... အဲဒါ ဖေယျာဦးကိုတွေ့ရင် ဝိုင်းဖမ်းပြီး မြို့ရဲ စခန်းကို ပို့ပေးလို့ စခန်းသာက ဆိုင်တွေအားလုံးကို မှာသွားတယ်... မင်း မလှုပ်နဲ့... ငါနာမည် မောင်ဖြိုးတဲ့...

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာတစ်ဝိုက်မှာ ငါက လူကြီး... မင်းကို ရဲစခန်းပို့
မယ်... "

နွေးသည် ပန်းကန်ဆေးအပြီး လှမ်းကြည့်ရာ
ကိုဦးနှင့် ဆိုင်ရှင်လူဝကြီး ပြဿနာဖြစ်နေသည်ကို တွေ့ရသဖြင့်
ကြောင်ကြောင်ငေးငေးကြည့်နေမိသည်။

ဖေယျာဦး၏လှုပ်ရှားမှုသည် သွက်လွန်းလှပေ
လူဝဆိုင်ရှင်ဦးလေးကြီး ဘယ်လိုမှမျှော်လင့်မထားသော ဖေယျာ
ဦး၏လက်ဝါးစောင်းသည် ဦးဖြိုး၏လည်ကုပ်ကြီးကို ခုတ်ချလိုက်
သည်။

ဦးဖြိုး တုတ်တုတ်မျှမလှုပ်ရဲတော့ပေ။

ဖေယျာဦး၏မျက်နှာသွင်ပြင်မှာ တကယ်လူ
မည့်ရုပ်ထွက်နေကာ တင်းမာလွန်းနေသည်ကို ဦးဖြိုး ကြည့်ပြီး
ဖြူသွားပုံရသည်။

"ကိုဦး... ကိုဦး ဘာတွေဖြစ်ကုန်တာလဲဟင်... "

"ဒီလူကြီးက ကိုယ့်ကို အန်တီဦးသတ်တဲ့လူဆိုပြီး... ရဲစခန်း
ဖမ်းပို့မလို့တဲ့လေ... ဒါကြောင့် ကိုယ့်မျက်စိမှိတ် ခုတ်ပိုင်း
ခိုက်တာပဲ နွေး... "

"ဒီဦးလေးကြီးက အန်တီဦးကိုဘွ သိနေတာ အံ့သြစရာ
"မအံ့သြနဲ့ နွေး... ညနေမိုးချုပ်စက မြို့ရဲစခန်း ရဲကြီးက
အဖွဲ့ ရဲကားနဲ့လာပြီး အန်တီဦး သတ်မှုနဲ့ ကိုယ့်ကိုလိုက်
နေတယ်... တွေ့ရင် ရဲစခန်းကို ဖမ်းပို့လို့ စခန်းသာတင်



လုံး လာမှာသွားတယ်တဲ့ နွေး... "

ဖေယျာဦးသည် မှတ်ပုံတင်နှစ်ခုကိုပြန်ယူကာ သူ့
အိတ်ထဲပြန်ထည့်ထားလိုက်သည်။

"ဒါဆို နွေးတို့ ဘာဆက်လုပ်မလဲ ကိုဦး... "

"ထပ်ပြီး အဝေးကိုပြေးရမှာပေါ့ နွေး... "

ဟု ပြောကာ ဖေယျာဦးသည် ဦးဖြိုးကို ဆက်ပြီး
အမိန့်တွေပေးတော့သည်။

"ကဲ... ဦးဖြိုး... ခင်ဗျားဆိုင်ထဲက အိုးခွက်ပန်းကန်နဲ့ စား
ပွဲကုလားထိုင်တွေကိုတော့ ဘယ်သူမှန်းမှာ မဟုတ်ဘူး...
ခင်ဗျားမှာ အဖိုးတန်ပစ္စည်းတွေရှိသမျှနဲ့ ပိုက်ဆံရှိသမျှ
တစ်ပါတည်း ယူခဲ့... "

"မင်းက ငါ့ကို ဘယ်ခေါ်သွားမှာလဲ... "

"ဟောဒီ... ခင်ဗျားရဲ့ဒတ်ဆန်းကားထဲမှာ ဓာတ်ဆီရှိ
သလောက် ခရီးကုန်မောင်းမှာပဲ... ခင်ဗျား မောင်းပါ...
ကျုပ်က ခင်ဗျားနဲ့ကြားမှာ ဓားတေ့ပြီး ဘေးကထိုင်လိုက်
မယ်... "

"ငါ့ကားက မောင်းလို့မရဘူး... ပျက်နေတယ်... "

"ဒီလိုပြောလို့ ဘယ်ရမလဲ... ကျုပ်က ကားအကြောင်း
ကောင်းကောင်းနားလည်တာပဲ... ခုနကပဲ ခင်ဗျားပြော
သေးတယ်... ဒီကားနဲ့ မြို့ကို နှစ်ရက်တစ်ခါလောက်သွား
နေတာဆို... "

www.burmeseclassic.com

www.burmeseclassic.com



ဦးဖြိုးက ကလန်ကဆန်ပြန်ပြောသည်။

"ငါ... မင်း ခေါ်ရာလိုက်လည်း မလိုက်ဘူး...မောင်းလည်း မမောင်းဘူးကွာ... မင်း ငါ့ကို ဘာလုပ်မလဲ... "

"ခွပ်... "

ဖေယျာဦးက ဦးဖြိုးမျက်နှာကို ခွပ်ခနဲ လက်သီး တစ်လုံး ပစ်သွင်းလိုက်သည်။

ဦးဖြိုး နောက်ပြန်ပစ်လဲသွားသည်။

"ဟင်... ကိုဦး ဒါဘာလုပ်တာလဲ... "

ဖေယျာဦးက ဦးဖြိုးကို ပြန်ဆွဲထူပြီး နောက်ထပ် လက်သီးရွယ်လိုက်သည်နှင့် ဦးဖြိုးသည် သူ့လက်နှစ်ဖက်ဖြင့် သူ့ မျက်နှာကို ကာကွယ်ထားလိုက်သည်။

"ကိုဦး... အဲဒီလို အကြမ်းလုပ်တာ နွေး မကြိုက်ဘူး... ကိုယ့်အဖေအရွယ်လောက်ကြီးကို... "

"ဒီလိုပဲ လုပ်ရမှာပဲ နွေး... သူက ကိုယ့်ကို ရဲစခန်းပို့ဖို့အထိ ကြိုးစားခဲ့တဲ့သူပဲ... ကိုယ်တို့ ဒီ အတိုင်းထွက်သွားရင် ရဲကို သူသတင်းပေးတာနဲ့ ကိုယ့်ကို ချက်ချင်း ရဲဖမ်းမိသွားမယ် နွေး... "

"ဘာပဲဖြစ်ဖြစ်... ဒီလိုအကြမ်းလုပ်တာကိုတော့ နွေး မကြိုက်ဘူး... "

"မတတ်နိုင်ဘူး နွေး... ဒီအချိန်နဲ့ ဒီအခြေအနေမှာ ဒီလို ပဲ လုပ်ရမှာပဲ... "



ဟု ပြောပြီး ဦးဖြိုးဘက်သို့ ပြန်လှည့်လိုက်သည်။

"ကဲ... ထပ်ပြီး မနာချင်ရင်တော့ ကျုပ်ပြောသလိုလုပ်ပါ ဦးဖြိုး... ကျုပ်က ကျားနာနော်... တကယ်လုပ်မှာ... "

ဦးဖြိုးသည် ဖေယျာဦးကို ဖြဲစပြုလေပြီ။ ခံရချက် များလည်း များသွားပြီ။

ဦးဖြိုးသည် စားပွဲအံဆွဲထဲရှိ ငွေတွေအားလုံး သိမ်း ပြီး သူ့အိတ်ထဲထည့်သည်။

"အခန်းထဲမှာ ငါ့မိန်းမလက်ဝတ်လက်စား အထုပ်ရှိသေး တယ်... အဲဒါ ငါသွားယူရမယ်... "

"သွားယူလေ... "

ဟု ပြောပြီး ဦးဖြိုး အခန်းထဲဝင်ယူသည်ကို နောက် မှစားနှင့်တွေပြီး ဖေယျာဦး လိုက်သွားသည်။ ဦးဖြိုးအတွက် လွယ်ပေါက်မရှိတော့ပြီ။

ဖေယျာဦး၏အပြုအမူကို ရက်စက်သည်ဟု ယူဆ ပြီး နွေးက မနှစ်သက်ဘဲ ရပ်ပြီး မကျေနပ်သောအကြည့်နှင့် ကြည့်နေသည်။

ဦးဖြိုး ပြန်ထွက်လာသည်နှင့် ဒတ်ဆန်းကားပေါ် တက်မောင်းရန် ဖေယျာဦးက အမိန့်ပေးသည်။ ဦးဖြိုး လိုက်နာပါ ၏။

"နွေး... ကားနောက်ခန်းက လိုက်ခဲ့ပါ... ကိုယ် ဒီလူကြီး

www.burmeseclassic.com



နဲ့ ရှေ့ခန်းမှာ ထိုင်မယ်... ဒီလူကြီးကို အလစ်ပေးလို့ မဖြစ်ဘူး... ”

နွေးသည် စိတ်ထဲဘဝင်မကျဘဲနှင့်ပင် ကားနောက်တွင် တက်ထိုင်လိုက်သည်။

ဦးဖြိုး ကားကိုစက်နှိုးလိုက်ပါ၏။

“ကားထဲမှ ခါတ်ဆီတော့ သိပ်ကျန်မယ်မထင်ဘူး... ငါမြို့သွားတုန်းက နှစ်ဂါလံဝယ်ထည့်ထားတာ... ငါကလည်း မောင်းထားသေးတော့ အဲဒီလက်ကျန်လောက်ပဲ ကားထဲမှာ ရှိမယ်... ”

“ကိစ္စမရှိဘူး... မြို့ပေါ်ကိုရောက်ရင် တော်ပြီ... ”

ကားမောင်းထွက်လာခဲ့ကြသည်။

ကားအကြောင်း နားလည်သော ဇေယျာဦးသည် ဦးဖြိုး၏ ဒတ်ဆန်းကားမှာ အင်ဂျင်တော်တော်ကျနေပြီး ဆီနှင့်မီး မမှန်လှကြောင်း သတိထားမိသည်။ စခန်းသာမှ မြို့ပေါ်လမ်းတွင် ကုန်းဆင်းကုန်းတက်တွေ ရှိနေသည်။

ငါးမိုင်လောက်မောင်းလာသောအခါ မြို့ပေါ်မှမီးတွေထွန်းထားသည်ကို မြင်လာရသည်။

မောင်းနေလျက်ကပင် ကားလေးသည် ကုန်းတက်တွင် ထိုးရပ်သွားသည်။

“ရပ်သွားပြီကွ... ဆက်မောင်းလို့ မရတော့ဘူး... မယုံရင် မင်းကိုယ်တိုင် မောင်းကြည့်... ”



ဇေယျာဦး ကိုယ်တိုင် ဤကားစုတ်လေးသည် စက်ပြန်နှိုးရန် မလွယ်တော့မှန်း သိသည်။

နွေးက ကုန်းအတက်တွင် ကားရပ်သွားသဖြင့် ရှေ့ခန်းမှ ဇေယျာဦးနှင့် ဦးဖြိုးရှိရာသို့ လှမ်းကြည့်နေသည်။

ဇေယျာဦးသည် ဘာမပြောညာမပြော ဦးဖြိုး၏ သည်ကုပ်ကို လက်ဝါးပြင်းပြင်းတစ်ချက် ခုတ်ချလိုက်ပြန်ရာ ဦးဖြိုးမှာ ဒီတစ်ချီတော့ ဦးခေါင်းငိုက်စိုက်ကျ သတိမေ့သွားပေတော့သည်။

“ဟယ်... လုပ်ပြန်ပြီ... ကိုဦး အရမ်းကြီးကို ရက်စက်နေပါလား... ”

နွေး၏အပစ်တင်စကားကို အဲရေးမထားနိုင်ဘဲ ကုန်းတက်တွင် ဂီယာထိုးထားသဖြင့်ရပ်နေသောကားကို ဇေယျာဦး မောင်းသူနေရာတွင် ရွှေ့ထိုင်၍ ကလပ်(ရှ်)ကို နင်း၍ ကားစုတ်လေးမှာ နောက်ပြန်ကုန်းဆင်းလိမ့်ဆင်းသွားသည်။ မြေညီသို့ရောက်သည်နှင့် စတီယာရင်ကို ကွေ့ချိုးကာ အရှိန်ဖြင့် ကားလေးကို လမ်းဘေးတောစပ်ထဲသို့ လိမ့်သွားစေသည်။ တောထဲတွင် အရှိန်သေပြီး ကားရပ်သွားသည်။

ဇေယျာဦး ကားထဲတွင် လိုက်ရှာကြည့်ရာ သူလိုချင်သော ကြိုးတချို့ တွေ့ရသည်။ ထိုကြိုးများဖြင့် သတိမေ့နေသော ဦးဖြိုး၏လက်နှစ်ဖက်ကိုပူး၍ ချီသည်။ ခြေနှစ်ဖက်ကိုလည်း ပူး၍ ချီသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး ရက်စက်ပုံကတော့ ကမ်းကုန်နေပြီ"ဟု နွေး စိတ်ထဲက ညည်းညူရင်း တခြားသို့ မျက်နှာလွှဲနေလိုက်သည်။

ခြေရော လက်ရော ကြိုးတုတ်ပြီးနောက်၊ ကားမှန်နှစ်ဖက်စလုံးကိုပိတ်ပေးသည်။ ဦးဖြိုးအား ခြင်မကိုက် အခအေးမိစေရန် ဖြစ်ပါ၏။

"ဟဲ... နွေး... ဆင်းပေတော့... ကိုယ်တို့ ခရီးဆက်ရဦးမှာ... "

"ကိုဦးကို နွေး ကြောက်လာပြီ... ကိုဦး အပြုအမူတွေကို နွေး လုံးဝမနှစ်သက်ဘူး... ရက်စက်လွန်းနေပြီ... "

"ဦးဖြိုးမှာ သွေးတစ်စက်တောင် မထွက်ပါဘူး။ နွေး... တဲ့ ပြသွားအောင်လည်း ကိုယ်မလုပ်ပါဘူး... နောက်နာရီဝက်နဲ့ တစ်နာရီကြားမှာ ဦးဖြိုး ပြန်သတိရမှာပါ... ကမ္ဘာမီးလောင်တော့လည်း သားကောင်ချနင်းရတဲ့သဘောပါ နွေး... သူ့ကို သတိမေ့အောင်လုပ်မထားရင် ကိုယ်တို့ ထွက်သွားလို့ မကြာခင် သူသတိရပြီး... လူစုလူဝေးနဲ့ ရဲတွေနဲ့ ကိုယ့်နောက်ကိုလိုက်လာမှာ သေချာတယ်... ဒါ ကြောင့် ကိုယ်တို့ပြေးဖို့အချိန်ရအောင် သူ့ကို ဒီလိုတွေလုပ် ရတာပါ နွေး... ဒီဝန်းကျင်ဟာ ဦးဖြိုးရဲ့နယ်မြေပါ... ဒီလို မလုပ်ရင် ကိုယ်ခံသွားရမှာမို့ပါ နွေး... "

"အို... ဘာပြောပြော ကိုဦးဟာ သူ့ကို စားတော့ပြီးခေါ်



လာတယ်... အခုလည်း သတိမေ့အောင် လုပ်ပစ်တယ်... သတိမေ့နေတာတောင် ခြေတွေ လက်တွေကို ကြိုးတုတ်ထားတယ်... ဒါတွေဟာ လူမဆန်တဲ့ ရက်စက်မှုတွေပဲ..."

"ထားပါ နွေး... ဒီအတွက် ရဲတွေက ကိုယ့်ကိုမိသွားရင် ကိုယ်ခံရဦးမှာပါ... ကိုယ်ကလည်း ကိုယ့်အပစ်ကိုယ်ခံဖို့ အသင့်ပါ... ကိုယ်မခံနိုင်တာက ကိုယ်မကျူးလွန်တဲ့ အန်တီဦးကို ကိုယ်သတ်တယ်ဆိုတဲ့ စွပ်စွဲချက်ကိုသာပါ... ကဲပါ နွေး... ကိုယ်တို့ ဒီနေရာက လစ်ကြပါစို့... "

ကိုဦး ရက်စက်နေသည်။

အကယ်၍ ကိုဦးနှင့် နွေး မလိုက်လိုတော့ပါဟုဆိုလျှင် မလိုက်ချင်လည်း နေခဲ့ဟု ထားပစ်ကောင်း ထားပစ်ခဲ့ပေမည်။ ထို့ကြောင့် ကိုဦးနှင့်အတူ ဆက်သွားဖို့သာ ဆုံးဖြတ်ရသည်။

သို့တစေ... နွေး၏စိတ်ထဲတွင် ကိုဦးအား ယခင်ကလို ဟက်ဟက်ပက်ပက် မဆက်ဆံချင်တော့ပြီ။

"ကိုယ်တို့ သရက်တောဥယျာဉ်က အိမ်လေးကိုပဲ ပြန်သွားကြမယ် နွေး... "

"ဘာပြောတယ်... ဒီကနေပြီး သရက်တောဥယျာဉ်အိမ်ကို ခြေကျင်ပြန်သွားမယ် ဟုတ်လား... ရှင် ရူးနေပြီလား ကိုဦး... ဟိုမှာ မြို့ဟောင်းမြို့က မီးရောင်တွေတောင် လှမ်းမြင်နေရပြီ... မြို့ဟောင်းကိုပဲ သွားရအောင်ပါ..."

"မြို့ဟောင်းကိုသွားလို့ မဖြစ်ဘူး နွေး... ဦးဖြိုးကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



က တွေ့တွေ့… ရဲတွေဆီသတင်းရောက်သွားတာနဲ့ ကိုယ်တို့ဟာ မြို့ဟောင်းကိုသွားတာလို့ပဲ ယူဆမှာပဲ… ဒီတော့ မြို့ဟောင်းရဲ့နှံ့ပူးပေါင်းပြီး ကိုယ်တို့ကို ပိုက်စိတ်တိုက်ရှာပြီး ဖမ်းမှာ… သူတို့ ကိုယ်တို့ကို မြို့ဟောင်းမှာ ရှာမတွေ့တာနဲ့ မြို့ဟောင်းကတစ်ဆင့် အခြားအဝေးတစ်နေရာကို သွားပြီလို့ ယူဆပြီး… ဆက်လိုက်ဖို့ လမ်းစပျောက်သွားစေမယ်… ”

နွေး ဘာမှပြန်မပြောဘဲ မတုန်မလှုပ်ပင် ရပ်နေပေသည်။

“နောက်တစ်ချက်ရှိသေးတာက… ခုလောက်ဆိုရင် တောထဲမှာ ထားခဲ့တဲ့ ကိုယ့်ပါပလစ်ကာကားကို သူတို့တွေ့လောက်ပြီ… သရက်တောဥယျာဉ်လေးကို အန်တီဦး ဝယ်ထားတယ်ဆိုတာလည်း အန်တီတွေးက ပြောပြီးလောက်ပြီ… ဒီတော့ သူတို့အားလုံး ရဲတွေနဲ့ သရက်တောဥယျာဉ်က ပျဉ်ထောင်အိမ်လေးမှာ သွားရှာပြီးလောက်ပြီ… ပျဉ်ထောင်အိမ်လေးကို သော့ဖျက်ထားတာရော… ခြေရာတွေရှာတွေ့ပြီး… ကိုယ်တို့ဟာ သရက်တောဥယျာဉ်အိမ်လေးက လစ်သွားပြီဆိုတဲ့ အထောက်အထားတွေတွေ့ပြီးလောက်ပြီ… အဲဒီကတစ်ဆင့် စခန်းသာက ဦးဖြိုးကိုတွေ့တာနဲ့ ကိုယ်တို့ မြို့ဟောင်းဘက်သွားပြီလို့ ယူဆမှာမို့… သရက်တောဥယျာဉ်အိမ်လေးမှာ ထပ်ရှာစရာမရှိ



တော့ဘူးလို့ ကိုယ်တွက်တယ်… နောက်တစ်ချက်က အန်တီဦးကို တကယ်သေစေတဲ့တရားခံအစစ်ကို ကိုယ်စုံစမ်းဖော်ထုတ်ဖို့ဟာ မြို့နဲ့နီးနီးနားနားနေမှ ပြန်ဖော်ထုတ်ဖို့ အခွင့်အရေးတွေ့ရမှာ… ကိုယ်တို့ သရက်တောဥယျာဉ်ကိုပဲ ပြန်ရမယ် နွေး… ”

နွေးသည် ငိုချလိုက်တော့သည်။

ဇေယျာဦးက ယုယကြင်နာစွာ နွေး၏ပခုံးကိုကိုင်လိုက်ရာ နွေးက မြွေပေါက်ပေါက်သလို ဇေယျာဦး၏လက်ကို ဆတ်ထုတ်ပစ်လိုက်သည်။

ဇေယျာဦးသည် နွေး၏ဆွဲအိတ်ကိုဆွဲကာ အလွှန်လေးကန်သော ခြေလှမ်းတို့ဖြင့် သရက်တောဥယျာဉ်ပြန်လမ်းကို သာ လှမ်းသွားသည်မို့ နွေးမှာ ငိုရင်းရှိုက်ရင်းကပင် ဇေယျာဦးနောက်သို့ လိုက်ခဲ့ရပေတော့သည်။

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

နံနက် (၆)နာရီ ခပ်စောစောမှာပင် ကိုသူရသည် သူ၏ရဲကားနှင့် ဦးမင်းအောင်ထံ ရောက်လာသည်။

"ဖေယျာဦးနဲ့ နွေးနွေးအောင်တို့ သတင်းကြားလို့ ဆရာ့ကို လာခေါ်တာပါ ဆရာ… မြို့ဟောင်းရဲ့စခန်းက စစ် ၊ ၁ း တစ်ယောက်လွှတ်ပြီး ကျွန်တော့်ဆီကို သတင်းပို့တယ်"

"ဘာသတင်းလဲ မောင်သူရ… "

"ကားမောင်းရင်း… ကျွန်တော် ပြောပြသွားမယ် ဆရာ… အချိန်ရအောင်လို့ပါ… "

တကယ်တော့ ယနေ့အစီအစဉ်တွင် ဦးဖေညွန့်ကို ခေါ်ပြီး ဒေါ်ကြာဖီနှင့် သွားတွေ့ရန် ဖြစ်သည်။ ယခု ကိုသူရက



ခေါ်သောကြောင့် ပြန်လာမှပဲ ဒေါ်ကြာဖီထံ သွားမည်ဟု စိတ်ကူးကာ ကိုသူရ၏ရဲကားပေါ်တက်ပြီး လိုက်ခဲ့သည်။ ကိုသူရက ဆက်၍ပြောသည်။

"သရက်တောနဲ့ သိပ်မဝေးတဲ့ 'စခန်းသာ'မှာ စားသောက်ဆိုင်ဖွင့်ထားတဲ့ ဦးဖိုးကို ဆရာ သိသလား… "

"လူချင်းတော့ မသိဘူး… ဘာဖြစ်လို့လဲ… "

"ဒီနေ့မနက် ဝေလီဝေလင်းလောက် မြို့ဟောင်းကို ဈေးသွားရောင်းမဲ့ ကျေးလက်က ဈေးသည်တွေအရှက် ဈေးသည်တွေ လမ်းအတိုင်းဖြတ်သွားကြရင်း… မြို့ဟောင်းနဲ့ နှစ်မိုင်လောက်ဝေးတဲ့ ကုန်းဆင်းလမ်းဘေးတောထဲက… "ကဲကြပါဗျို့… "လို့ အော်သံကြားလို့ ဝင်ကြည့်တာ… ကားဟောင်းတစ်စီး ပုံပျက်ပန်းပျက် ရပ်ထားတာတွေ့ရတယ်… ကားထဲမှာ "စခန်းသာ"က စားသောက်ဆိုင်ပိုင်ရှင် ဦးဖိုးကို ခြေတွေလက်တွေကြိုးတုတ်ထားတာ တွေ့ရလို့ ကြိုးဖြေပေးကြတယ်… အဲဒီ ဦးဖိုးကပဲ မြို့ဟောင်းရဲ့စခန်းသွားပြီး… ဒီမြို့က ဦးတေဇရဲ့သား ဖေယျာဦးက သူ့ကို ဓားနဲ့တေ့ပြီး မြို့ဟောင်းကို သူ့ကားနဲ့လိုက်ပို့ခိုင်းတယ်… မြို့ဟောင်းရောက်ခါနီး နှစ်မိုင်လောက်အလို မှာ ကားကစက်ရပ်ပြီး ပြန်နှိုးလို့မရတဲ့အဆုံး ဖေယျာဦးက ဦးဖိုးကို ကြိုးနဲ့တုတ်ထားခဲ့ပြီး… ကားထဲမှာထားခဲ့ပြီး…

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ် ဆရာ... ”

“ကျွန်တော်လည်း ဆက်သား သတင်းပို့တာလောက်
သိရသေးတယ်... မြို့ဟောင်းရဲစခန်းက ကျွန်တော်တို့မြို့
လက်အောက်ခံ စခန်းခွဲပါ ဆရာ... ဒါကြောင့် ဦးဖြိုးကို
ခေါ်ထားပါ... ကျွန်တော် လာခဲ့မယ်လို့ အကြောင်းပြန်
ထားပြီး... အဲဒီကိုသွားမလို့ ဆရာ့ကို ဝင်ခေါ်တာပါ
ဟိုရောက်မှ အကျိုးအကြောင်း အပြည့်အစုံ သိရမှာ
ဆရာ... ”

“သမီးနွေးကော ဖေယျာဦးနဲ့အတူ ပါသလား... ”

“ဒါလည်း စစ်သားပြောတဲ့အထဲမှာ မပါဘူး ဆရာ... စ
သားက ကျွန်တော့်ကို အမြန်ဆုံးလိုက်လာဖို့သာ အမိ
ထားပြောတာ... ”

သရက်တောကိုလွန်ခဲ့ပြီး မကြာမီပင် စခန်းသာ
သို့ ကိုသူရတို့ ရောက်လာသည်။ လူတွေဝိုင်းအုံနေသော ဦးဖြိုး
ဆိုင်ရှေ့တွင် ကိုသူရက ကားရပ်ပြီး စုံစမ်းရန် ကားပေါ်မှဆင်း
လိုက်သည်။

ရဲကားနှင့် ရဲယူနီဖောင်းနှင့် ကိုသူရကို မြင်သည်
နှင့် လူအုပ်ထဲမှ အသက်(၅၀)ခန့် အမျိုးသမီးကြီးတစ်ဦး အူယား
ဖားယား ပြေးထွက်လာကာ ကိုသူရအား ငိုယိုပြီးပြောပြတော့
သည်။



“လုပ်ပါဦး ရဲအရာရှိရယ်... ငဖြိုး မရှိတော့ဘူး... ဆိုင်ကို
လည်း တံခါးတောင် မပိတ်ဘဲ ဟင်းလင်းပွင့်ကြီးထား
ခဲ့တယ်... ပိုက်ဆံတွေလည်း အားလုံးယူသွားတယ်...
အခန်းထဲမှာသိမ်းထားတဲ့ လက်ဝတ်လက်စားရွှေထုပ်ကို
လည်း ယူသွားတယ်... ဒီကောင်ကြီး ငဖြိုး ကျုပ်အလစ်
မှာ ပစ္စည်းတွေယူ... ငွေတွေယူပြီး မယားငယ်နဲ့ထွက်ပြေး
သွားတာပါ ဆရာရယ်... ”

“အဒေါ်က ဘယ်သူလဲ... ”

“ကျုပ်က ဒေါ်ပြားပါ... ငဖြိုးရဲ့မိန်းမပါ... ”

“ကဲ... ဒေါ်ပြား ပေါက်ကရတွေ စွတ်ပြောမနေနဲ့... ငို
လည်း မငိုနဲ့တော့... ခင်ဗျားယောကျ်ား ဦးဖြိုးဟာ မြို့
ဟောင်းရဲစခန်းမှာ ရောက်နေတယ်... ဘယ်မယားငယ်နဲ့
ထွက်ပြေးတာမှ မဟုတ်ဘူး... ”

“ဟင်... တကယ်လား ဆရာ... ဒါဆို ကျုပ်ရဲ့ရွှေထုပ်
ကောဟင်... ပိုက်ဆံတွေကော... ”

“အဲဒါတော့ မသိဘူး... ဦးဖြိုးနဲ့တွေ့မှ ခင်ဗျား မေးကြည့်...
ကဲ... ကျွန်တော် မေးသမျှ အဒေါ်ဖြေပါ... ညက အဒေါ်
ဒီဆိုင်မှာ မရှိဘူးလား... ”

“မရှိလို့ပေါ့တော်... အေးစေတီရွာမှာ ကျုပ်ယောက်မအကြီး
က နေ့စဉ်လစဉ်ဗိုက်နာနေတယ်ဆိုလို့ ကျုပ်ကမန်းကတန်း

www.burmeseclassic.com

www.burmeseclassic.com



အေးစေတီရွာကိုလိုက်သွားရတယ်... သမီး မီးဖွားနေတာနဲ့ တစ်ညလုံး သမီးအိမ်မှာပဲ နေရတယ်... သမီးဆောနဲ့ ကမန်းကတန်းလိုက်သွားရလို့... ရွှေထုပ်မေ့ကျန်ခဲ့တယ်... ငွေတွေကတော့ ဒီနေ့ရောင်းရငွေလောက်ပဲ ရှိမှာပါ... ”

“အဒေါ်ကြီးက အေးစေတီကို လိုက်သွားတယ်ထားပါဦး... ဆိုင်နီးနားချင်းတွေက ညက ဦးဖြိုးဆိုင်မှာ ဘာတွေဖြစ်နေမှန်း မသိလိုက်ကြဘူးလား... ”

ထိုအမေးကို လည်လည်ဝယ်ဝယ်ရှိပုံရသော လူကြီးတစ်ဦးက ဝင်ဖြေပေသည်။

“စခန်းသာမှာ ဖွင့်တဲ့ဆိုင်တွေက စားသောက်ဆိုင်တွေများတယ်... လာဖွင့်တဲ့ဆိုင်ရှင်တွေရော... ဆိုင်အလုပ်သမားတွေရောဟာ ရွာနီးချုပ်စက လူတွေချည်းပဲ... ဒီတော့ ညရှစ်နာရီလောက်ဆို ဆိုင်ရှင်ရော... အလုပ်သမားတွေရော... ကိုယ့်ရွာကိုယ်ပြန်အိပ်ပြီး မနက်အရုဏ်တက်လောက်မှ ပြန်လာဆိုင်ဖွင့်ကြတယ်... ဆိုင်တွေမှာ ဆိုင်စောင့်လောက်ပဲ ထားတယ်...တစ်ဆိုင်နဲ့တစ်ဆိုင်ကလည်း ခပ်လှမ်းလှမ်းကွာကြတယ်... အဲ... ဖြိုးနှင့် မိပြားဆိုင်ကတော့ ဒီမှာ အကြီးဆုံးဆိုင်လည်း ဖြစ်တယ်... ညအိပ်တည်းခိုခန်းလည်း ထားတယ်... တချို့ လော်ရီကားကြီးတွေက ဒီစခန်းသာမှာပဲ ညအိပ်တတ်ကြတယ်... မနေ့



ညက ဆယ်နာရီဆယ့်တစ်နာရီလောက်မှာ ဖြိုးရဲ့ကားစက်နှိုးသံ ကျုပ် ကြားတယ်... ကျုပ်စိတ်ထဲ ဒီည ဖြိုးဆိုင်မှာ ညအိပ်တည်းခိုမဲ့သူတွေ မရှိလို့ သူ့သမီးမီးဖွားတဲ့ အေးစေတီရွာကို ဖြိုးကားနဲ့လိုက်သွားတယ် ထင်ပါရဲ့လို့ပဲ ထင်ပြီး... ကျုပ် ထမကြည့်မိဘူး... ”

“အော်သံ... ဟစ်သံ... သေနတ်သံမျိုးကိုကော ဦးကြီးမကြားဘူးလား... ”

“ဘာသံမှ မကြားပါဘူး... ကြားရင် ဘယ်နေမလဲ... ကျုပ်ထပြီးကြည့်မှာပေါ့... ”

ဒါဆို ညက ဧယျာဦးသည် လူခြေတိတ် အိပ်မောကျချိန်မှာ စခန်းသာကိုရောက်လာပြီး တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် ဦးဖြိုးကို မော်တော်ကားနှင့် ခေါ်ထုတ်သွားခြင်း ဖြစ်သည်။

ကိုသူရသည် မြို့ဟောင်းကို ဆက်သွားရန် ကားပေါ်ပြန်တက်သည်။

“ရဲအရာရှိရှယ်...အဒေါ်လည်း အဲဒီကားနဲ့လိုက်ခဲ့ပါရစေ... ဖြိုးနဲ့ တွေ့ပြီးမှ အဒေါ် ရင်အေးရမှာမို့ပါ... ”

သဘောကောင်းသော ကိုသူရက ဒေါ်ပြားအားလိုက်ခွင့်ပြုပါ၏။

မြို့ဟောင်းရဲစခန်းခွဲသို့ ကားရပ်သည်နှင့် ကိုသူရနှင့် ဦးမင်းအောင်ပင် ကားပေါ်မှမဆင်းရသေးမီ ဒေါ်ပြားသည်

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းပြီး ဦးဖြိုးထိုင်နေရာ ခုံတန်းလျားဆီသို့ အပြေးရောက်သွားပေတော့သည်။

"ဟဲ့... ဖြိုး... ဘယ်လိုအပေါက်ချိုးတာလဲ... ငါ့ရွှေထုပ်နဲ့ ပိုက်ဆံတွေ နင် ဘာလုပ်ပစ်လဲ ဖြိုး... "

ပြောပြောဆိုဆို ငိုချလိုက်သည်။ ဦးဖြိုးက သူ့အိတ်ထဲမှ ရွှေထုပ်နှင့် ပိုက်ဆံတွေအားလုံး ဒေါ်ပြားအား ထုတ်ပေးလိုက်သည်။

"နင့်မလည်း ဥစ္စာခြောက်လှချည်လား မိပြား... နင့်ရွှေတွေနဲ့ ငွေတွေ တစ်ပြားမရှော့ဘူး... ရော့... ယူ... တကယ်ဆို ညက ငါ ဘာတွေဖြစ်ခဲ့ဆိုတာတောင် နင် စိတ်ပူပြီး မေးမြန်းဖော် မရဘူး... နင်ကတော့ တကယ့်မိန်းမပဲ မိပြား... "

လက်ထဲသို့ ရွှေထုပ်နှင့် ငွေထုပ်ပြန်ရသည်နှင့် ဆေးတောင်ဝေးနှင့် တို့လိုက်သည့်အလား ချက်ချင်း ဒေါ်ပြားအငိုတိတ်ကာ ပြုံးဖြဲဖြဲကြီးဖြစ်သွားပါ၏။

ဦးဖြိုးနှင့် ဒေါ်ပြားအရှိန်သေမှပင် ကိုသူရက ဦးဖြိုးကို မေးခွန်းများ မေးမြန်းစစ်ဆေးတော့သည်။

ဦးဖြိုးက မနေ့ည (၁၁)နာရီလောက် ဖေယျာဦးနှင့် နွေးနွေးတို့ သူ့ဆိုင်သို့ရောက်လာသည်မှအစ နောက်ဆုံး ဝေလီဝေလင်းကျမှ သူလွတ်မြောက်ပြီး မြို့ဟောင်းရဲစခန်းကို လာ



ရောက်တိုင်ကြားသည်အထိ ညက ဖြစ်ပျက်သမျှအားလုံး ပြောပြပေသည်။

"ကဲ... ဒါဆို တရားလိုအနေနဲ့ ဦးဖြိုး တိုင်ချက်ဖွင့်မလား... တိုင်ချက်ဖွင့်မယ်ဆိုရင် မြို့က ရဲစခန်းမှာလိုက်ပြီး ဖွင့်ရမယ်... ဒီမြို့ဟောင်းစခန်းက စခန်းခွဲမို့ ဒီမှာ အမှုဖွင့်လို့မရဘူး... "

"ဟာ... ဘာအမှုမှ မဖွင့်ဘူး... ကောင်လေးက လက်မြန်ခြေမြန်နဲ့ ကျုပ်ကိုလုပ်သွားလိုက်တာကို ခံရတာတော့ ခံရတာပဲ... ဒါပေမဲ့ သူလာကတည်းက ကျုပ်ကို အန္တရာယ်ပြုဖို့လာတာမှ မဟုတ်တာ... ညစာထမင်းစားချင်တာရယ်... တစ်ညအိပ်တည်းခိုဖို့ရယ် လာတာပါ... ဒါကို ကျုပ်က သူ့ကို သေနတ်ချိန်ပြီးဖမ်းပြီး... ရဲစခန်းပို့ဖို့လုပ်လို့ ကျုပ်ကို ပြန်ဆော်ပြီး သေနတ်ကို အရယူလိုက်တာပါ...ကျုပ်ဆီက ရွှေရော ငွေရော တစ်ပြားတစ်ချပ်တောင် မယူဘူး... သူတို့စားတဲ့ထမင်းဖိုးတောင် အတိအကျပေးသွားတာ... နောက်ပြီး ကျုပ်ကို ကားနဲ့လိုက်ပို့နိုင်းရာမှာ ခင်ဗျားပစ္စည်းတွေ လူခိုးမှာစိုးရတယ်... အားလုံးယူခဲ့လို့တောင် ပြောသေးတယ်... နောက်ပြီး ကားထဲမှာ ကျုပ်ကို ကြိုးတုတ်ခဲ့ပေမဲ့... ခြင်ကိုက်မှာ အအေးမိမှာစိုးလို့ ထင်ပါရဲ့ ကားမှန်တံခါးတွေတောင် ပိတ်သွားပေးသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်... ”

“ဒါပေမဲ့... ဦးဖြိုးကို သတိမေ့အောင် လက်ဝါးစောင်းခုတ်သွားတယ်မှတ်လား... ”

“ဒါလောက်တော့ သူလုပ်မှာပဲ ဆရာ... လူဆိုရာ ဒီထက်တောင်ပိုပြီး လုပ်ဦးမှာ... သူလုပ်တာက ကျုပ်အပေါ် ရက်စက်ချင်လို့မှ မဟုတ်တာ... သူ့အန္တရာယ်နဲ့ သူလွတ်ပေါက်အတွက် လုပ်တာပဲ ဆရာ... လူက လူကောင်းလေးပါ... ကျုပ် လုံးဝအမှုမဖွင့်ပါဘူး... ကျေနပ်ပါတယ်... အဲ... ”

တရားလိုကိုယ်တိုင်က အမှုမဖွင့်ရုံမက ကျေနပ်ပါတယ်ဆိုလာသဖြင့် အမှုမှာ အလိုလို ပြီးသွားပါ၏။

ဦးမင်းအောင်အဖို့ ထပ်မံရှင်းရသည်မှာ ဦးဖြိုး၏ပြောပြချက်အရ ဖေယျာဦးသည် သမီးနွေးအား ယခုအချိန်ထိ မောင်နှမရင်းလိုပင် ဆက်ဆံကြောင်း သိရသောကြောင့် ဖြစ်သည်။

ဦးဖြိုး၏ပြောပြချက်အရပင် ဖေယျာဦးသည် ညကပင် မြို့ဟောင်းသို့ဆက်သွားပြီး မြို့ဟောင်းမှတစ်ဆင့် ဝေးရာသို့ ပြေးပြီဟု ယူဆဖွယ်ရာဖြစ်တော့သည်။ မြို့ဟောင်းမှ ဆက်သွားလျှင် မီးရထား၊ မော်တော်ကားလမ်းရှိသည်။ မြို့ကြီးသို့ ရောက်သွားနိုင်ပေမည်။



မြို့သို့အပြန်လမ်းတွင် ကိုသူရက ဦးမင်းအောင်ကို ပြောသည်။

*“ဒေါ်သီသီဦးရဲ့ ရတနာယွန်းသေတ္တာကို လက်ဖွေမှုစ်ရှာဖွေရေးကို ပို့ထားတယ် ဆရာ... ”*

“သိပ်ကောင်းတာပေါ့... ”

“ဆရာ့အနေနဲ့ကော... ဘာတွေများထပ်ပြီး စုံစမ်းလို့ရသလဲ... ကျွန်တော့်ကို ဆရာတွေ့ရှိသလောက် ပြောပြပါလား ဆရာ... ”

“အန်ကယ် ဒေါ်သီသီဦးတို့ရဲ့ အတိတ်အကြောင်းတွေ... ရီရီလတ်ရဲ့အတိတ်ရော... စီစီထွေးရဲ့အတိတ်ရော... ရနိုင်သလောက်အကြောင်းအချက်တွေကို စုံစမ်းနေတယ် မောင်သူရ... ”

“အဲဒီ သူတို့ညီအစ်မသုံးယောက်ရဲ့ အတိတ်ကအကြောင်းတွေဟာ... ဒေါ်သီသီဦး သေဆုံးမှုနဲ့ ဆက်စပ်မှုရှိနိုင်လို့လား ဆရာ... ”

“အင်း... မူလတန်းဖတ်စာအုပ်ထဲက ပေါက်ပင်ဘာလို့ကိုင်းရတယ်... ဆိုတာမျိုးပေါ့ မောင်သူရ... အဲဒီအတိတ်ဖြစ်စဉ်တွေက အခု ဒေါ်သီသီဦး သေဆုံးရမှုနဲ့ ဆက်နွယ်သင့်သလောက် ဆက်နွယ်နေတာတွေကိုတွေ့သင့်သလောက်တွေ့ရတယ်... ဒါပေမဲ့ အခုနေ မောင်သူရကိုပြောပြရင်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီးပြောဖို့ အချိန်စောနေသေးတယ်... စုံစမ်းတာ မပြည့်စုံသေးလို့ဘဲ... အခု ဒီကအပြန် ဒေါ်သီသီဦး အိမ်မှာ ဘဏ္ဍာစိုးလုပ်သွားတဲ့ ဒေါ်ကြာဖံကို သွားတွေ့ဦးမယ်... အဲ... မောင်သူရကို ပြောပြနိုင်အောင် စုံစမ်းမှု ပြည့်ပြည့်စုံစုံရတဲ့အခါ ပြောပြမှာပါ... ”

“ဒေါ်ကြာဖံရဲ့ ထွက်ဆိုချက်နဲ့ စစ်ဆေးချက်တွေ ကျွန်တော် ယူထားပြီးသားပဲ ဆရာ... ”

“တစ်မျိုးစီပေါ့လေ... မောင်သူရ ယူထားတာက ဒေါ်သီသီဦးသေဆုံးမှုနဲ့ ပတ်သက်တာတွေကိုသာ ဒေါ်ကြာဖံဆီက ယူထားတာပဲ... အန်ကယ် ဒေါ်ကြာဖံဆီက သိချင်တာတွေက ဒေါ်သီသီဦး အသက်ရှင်စဉ်က ဆက်သွယ်ခဲ့တဲ့ အဆက်အသွယ်တွေရဲ့အကြောင်းကို သိချင်တာ... ဪ... ဒါထက် မောင်သူရဆီမှာ အန်ကယ်အကူအညီ တစ်ခုတောင်းချင်တယ်...အန်ကယ့်ဟာ အန်ကယ် ဒီအကူအညီကိစ္စကို ဆောင်ရွက်တာထက် လက်ရှိရာထူးရှိပြီး စခန်းမှူးရော... အမှုမှာ အိုင်အိုရောဖြစ်နေတဲ့ မောင်သူရ ကူညီဆောင်ရွက်ပေးတာက ပိုပြီး ထိရောက်မယ်... ပိုပြီး မှန်ကန်နိုင်မှာမို့ပါ... ”

“ပြောပါ ဆရာ... ကျွန်တော် ကူညီဖို့ အသင့်ပါ... ”

“ဒေါ်သီသီဦး သေဆုံးတဲ့နေ့ရဲ့ ညနေပိုင်းလောက်က



ဒေါ်သီသီဦးဟာ ငိုသံပါကြီးနဲ့ အန်ကယ့်ဆီ ဖုန်းဆက်တယ်... ”

“အဲဒါ ဆရာရဲ့ထွက်ဆိုချက်ထဲမှာပါပြီးသားပဲ ဆရာ... ”

“ဟုတ်ပါတယ်... အဲဒါကို အန်ကယ် သွေးအေးအေးနဲ့ပြန်စဉ်းစားကြည့်တယ်... ဒေါ်သီသီဦး ဖုန်းဆက်တာနဲ့ အန်ကယ်ချက်ချင်း ကားနဲ့ဒေါ်သီသီဦး အိမ်ကိုမောင်းပြီး ရောက်သွားတဲ့အချိန်ဟာ မိနစ်နှစ်ဆယ်လောက်ပဲ ကြာတယ်... ဒေါ်သီသီဦး အိမ်ကို အန်ကယ်ရောက်သွားတော့ ဒေါ်သီသီဦးက သေနှင့်နေပြီ... ဒီတော့ အန်ကယ့်ဆီကို ဒေါ်သီသီဦး ဖုန်းဆက်ပြီးနောက်... မိနစ်နှစ်ဆယ်အတွင်းမှာ ဒေါ်သီသီဦး သေသွားတယ်လို့ သဘောသက်ရောက်မနေဘူးလား မောင်သူရ... ”

“ဟုတ်ကဲ့... အဲဒီသဘောသက်ရောက်ပါတယ် ဆရာ...”

“ဆရာဝန်က အလောင်းကိုစစ်ဆေးပြီး ဆေးစာမှတ်ချက်တော့ ထွက်မလာသေးဘူးပေါ့လေ... ဒါပေမဲ့ အန်ကယ့်စိတ်ထဲမှာ အန်ကယ် ရောက်သွားပြီး... ဒေါ်သီသီဦး အလောင်းကို ကြည့်တော့ ကော်ဇောပေါ်မှာ ဒေါ်သီသီဦးရဲ့ ဦးခေါင်းဒဏ်ရာက ထွက်တဲ့သွေးဟာ ရဲရဲတောက်နီမနေတော့ဘဲ ညိုပုပ်ပုပ် ကြက်သွေးရောင်ရှိနေတာကို တဖြည်းဖြည်း မျက်စိထဲ ပြန်မြင်လာတယ်... သွေးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ခုံကိချင်းလတ်လတ်ဆတ်ဆတ်ထွက်ချိန်မှာ နီရဲနေပြီး အချိန်ကြာမြင့်တဲ့အခါ လေသလပ်ပြီး ညိုပုပ်ပုပ်ကြက် သွေးရောင်ပြောင်းသွားလေ့ရှိတာကို အန်ကယ် ပြန်သတိ ထားမိတယ်... ”

“အဲဒီတော့ ကျွန်တော်က ဘာကူညီရမလဲ ဆရာ... ”

“တယ်လီဖုန်းအိတ်(စ်)ချိန်းရုံးမှာ စစ်ဆေးမေးမြန်းပေးဖို့ ပါ... မြို့စခန်းမှူးအနေနဲ့ စစ်ဆေးမေးမြန်းတာဆိုတော့ အလေးအနက်ရှိတယ်...တိကျမှန်ကန်မှုလည်း ရနိုင်တယ်... အဲဒီ ဒေါ်သီသီဦး သေတဲ့ညနေပိုင်းက အန်ကယ် အိမ်ဖုန်း နံပါတ်ကို ဘယ်သူ့ရဲ့ဖုန်းနံပါတ်ကနေ ဆက်တာလဲဆိုတာ လေ... ”

“ရပါတယ် ဆရာ... ကျွန်တော် ဖုန်းရုံးမှာ သွားမေးပေး ပါ့မယ်... မခဲယဉ်းပါဘူး ဆရာ... ”

ဦးမင်းအောင်သည် သူ့အိမ်ရှေ့မှာပင် ဆင်းနေရစ် ခဲ့တော့သည်။

အိမ်တွင် နာရီဝက်ခန့်နားပြီး ဦးမင်းအောင်သည် လင်းရိုဗာကားဖြင့် အိမ်မှပြန်ထွက်ခဲ့ကာ ဦးဖေညွှန့်အိမ်သို့ ဦးဖေညွှန့်အား ဝင်ခေါ်ခဲ့ပြီး ဒေါ်ကြာဖီအိမ်သို့ ထွက်လာခဲ့သည်။

ဒေါ်ကြာဖီ နေသောရပ်ကွက်မှာ ဆင်းရဲသားရပ် ကွက်ဖြစ်ပါ၏။ ဒေါ်ကြာဖီအိမ်ရှေ့အထိ ကားမဝင်နိုင်သဖြင့်



ရောက်သည့်နေရာတွင်ရပ်ကာ ဒေါ်ကြာဖီ အိမ်သို့ လမ်းလျှောက် လာခဲ့ကြသည်။

ဦးမင်းအောင်နှင့် ဦးဖေညွှန့်လို မြို့မျက်နှာဖုံး ပုဂ္ဂိုလ်ကြီးနှစ်ဦး ရောက်လာသဖြင့် ဒေါ်ကြာဖီသည် ငေးကြောင် ကြောင် ကြည့်နေပေသည်။

ဦးမင်းအောင်က ဒေါ်ကြာဖီကို ပြုံး၍နှုတ်ဆက် လိုက်ပါ၏။

“ဘယ်လိုလဲ ဒေါ်ကြာဖီ... ကျုပ်တို့ အလည်လာတာ ထိုင် ပါလို့တောင် မဖိတ်ခေါ်တော့ဘူးလားဗျာ... ”

“သြော်... ဟုတ်ပါ့... ကြွပါ ဆရာကြီးတို့... ဒီလိုပုဂ္ဂိုလ် ကြီးတွေ ဖြုန်းခနဲ ရောက်လာတာကို အံ့သြပြီး... ကျွန်မ ရုတ်တရက် ကြောင်သွားလို့ပါ... ထိုင်ပါ ဆရာကြီး... ထိုင် ကြပါ... ”

သင်ဖြူးဖျာခင်းပေးသဖြင့် ဦးမင်းအောင်နှင့် ဦးဖေညွှန့်တို့ ထိုင်လိုက်ကြသည်။

“ကျွန်မ စိတ်ညစ်နေလို့ပါ... နောက်ပြီး မှန်တာပြောရရင် ဆရာကြီးတို့ ကျွန်မဆီကိုလာတာကို အံ့သြတာရော... ကြောက်တာရော ဖြစ်သွားလို့ပါ... ”

ဦးမင်းအောင်က ရယ်မောပြီး ပြန်မေးသည်။

“ဆိုပါဦး ဒေါ်ကြာဖီ... စိတ်ညစ်တာက ဘာလို့... ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တာက ဘာလို့ဆိုတာ... ”

“စိတ်ညစ်တာက အခုအလုပ်မရှိတော့လို့ပါ ဆရာကြီး”

“ကြောက်တာကတော့ မဦး သေဆုံးရတဲ့ကိစ္စမှာ ကျွန်မက ဘာမှမသိလို့ပါ... ရဲတွေက ကျွန်မကို မဦး ကိစ္စနဲ့ပတ်သက်ပြီး မေးခွန်းတွေအများကြီးမေးတယ်... ကျွန်မက မသိလို့... မသိဘူးလို့ပြောတာကိုဘဲ... ကျွန်မကို မကျေနပ်ကြတော့ ကျွန်မ ကြောက်လာတယ်... အခု ဆရာကြီးတို့လာတော့လည်း ငါ့ကို မဦး သေဆုံးတာနဲ့ပတ်သက်ပြီး ဘာတွေမေးဖို့လာကြပါလိမ့်ဆိုပြီး ကြောက်သွားတာပါ ဆရာကြီး... ”

“ကျုပ်တို့က ရဲတွေမှမဟုတ်တာဘဲဗျာ... ဒေါ်သီသီဦး ဆုံးတုန်းက ကျုပ်တို့ကိုတောင် ရဲကစစ်ဆေးမေးမြန်းတာ ဒေါ်ကြာဖံ မျက်မြင်ပဲဟာ... ”

ဒေါ်ကြာဖံက ခေါင်းညိတ်ပြပါ၏။

“ဒီလိုဗျာ... ဧယျာဦးကိုတော့ ဒေါ်ကြာဖံ သိပြီးသားပါနော်... ”

“ဟာ... သိရင် မကဘူး... ဒီကလေးက မဦးဆီကို ခဏခဏလာတာမို့... ကျွန်မနဲ့တောင် ခင်ခင်မင်မင်ရှိသေးတယ်... ကျွန်မက ဧယျာဦး ရန်ကုန် ကျောင်းသွားမနေခင်ကတည်းက မဦးရဲ့အိမ်မှာ အလုပ်လုပ်နေတာပဲ



ဟာ... ”

“ဒေါ်သီသီဦးနဲ့ ဧယျာဦး တူဝရီးဟာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတယ် ထင်ပါရဲ့နော်... ”

“ဟုတ်ပါတယ် ဆရာကြီး... မဦးကိုယ်တိုင် ဧယျာဦးကို သိပ်ချစ်တယ်... အပျိုကြီးတွေရဲ့သဘာဝက ကြောင်လေးခွေးလေးတွေကိုတောင် အလကားနေရင်း ချစ်တတ်ကြတာ... ဧယျာဦးက မဦးရဲ့တူအရင်းခေါက်ခေါက်ဆိုတော့ မဦးက သိပ်ချစ်ရှာပါတယ်... ဧယျာဦးကလည်း မဦးကို အဒေါ်လိုတောင်မဟုတ်ဘဲ မအေကိုချစ်သလို ချစ်တာ... မဦးဟာ အိမ်မှာ တစ်ခုခုကြောင့် ဘယ်လောက်စိတ်ဆိုးနေနေ... ဧယျာဦးရောက်လာရင် စိတ်ဆိုးတာတွေပျောက်သွားပြီး သူ့တူကို ရယ်လို့ မောလို့ စကားတွေဖောင်ဖောင်ကျဲ ရယ်လို့မောလို့ ပြာဆိုရယ်မောတာ... ကျွန်မ ခဏခဏတွေ့ရတတ်ပါတယ်... မဦးဟာ အိမ်မှာ ကျွန်မတို့ လူငှားတွေကိုဖြစ်ဖြစ်... သူ့လုပ်ငန်းနဲ့ပတ်သက်ဆက်သွယ်သူတွေကိုဖြစ်ဖြစ်... အို... ကုန်ကုန်ပြောရရင် သူ့ညီမအရင်း စီစီထွေးနဲ့ ကိုသက်ဇင်ကိုဖြစ်ဖြစ်... ပြောဆိုဆက်ဆံတဲ့နေရာမှာ တည်တည်တံ့တံ့ပဲ ဆက်ဆံတယ်... အပြုံးအရယ် မရှိလှဘူး... အဲ... သူ့တူဧယျာဦးနဲ့ဆိုရင် မဦးမျက်နှာဟာ ချိုနေတာပဲ... ဧယျာဦးလာရင် မဦး

www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားတဲ့ နိုင်ငံခြားချောကလက်တွေ ဒိန်ခဲတွေ ဧယျာဦးကို ထုတ်ကျွေးတာ... "

"ဧယျာဦးကရော ဒေါ်သီသီဦးကို ပြန်ပြီး... တကယ်ရင်ထဲက ချစ်ကြောင်းပေါ်လွင်ရဲ့လား ဒေါ်ကြာဖံ... "

"ဟာ... ဧယျာဦးကလည်း မဦး သူ့အဒေါ်ကိုသိပ်ချစ်တာပေါ့... ဧယျာဦးပုံစံကိုက မဦးရဲ့ပုံစံမျိုး မဟုတ်လား...အမြဲတမ်းတည်တည်နေပြီး စကားနည်းတဲ့ကလေးပဲ... သူဟာသူဆိုရင် အပြုံးအရယ် သိပ်နည်းတယ်... အဲ... သူ့အန်တီဦးနဲ့တွေ့ရင် ရယ်လို့မောလို့ ပြုံးလို့ရွှင်လို့... တစ်ခါတလေ မဦးက သူ့ကို မခံချင်အောင်စရင်... ဧယျာဦးက မဦးရဲ့ပခုံးကို ဆွဲညှစ်မယ်... မဦးရဲ့လက်မောင်းတွေကို ဖျစ်ညှစ်တယ်... မဦးက... ဟဲ့... အန်တီဦး နာပါတယ် လူလေးရဲ့ဆိုမှ လွှတ်ပေးပြီး... နှစ်ယောက်သား ရယ်မောကြတယ်... ဧယျာဦးခမျာ သူ့မှာ မအေမရှိတော့ ..း မဟုတ်လား...သူ့အဖေကိုတောဇနဲ့လည်း အစေးမကပ်ဘူး... အဒေါ်အငယ် စီစီတွေးကလည်း သူ့ကို ဟက်ဟက်ပက်ပက်မရှိတော့... ဧယျာဦးခမျာ မဦးကိုပဲ မအေလိုရော... ဖအေလိုရော... စုပုံပြီး ချစ်ရှာတယ်ထင်ပါရဲ့ ဆရာကြီးရယ်... "

ဒေါ်ကြာဖံ ပြောပြချက်များမှာ ဒေါ်သီသီဦးနှင့်



ဧယျာဦးတို့ တူဝရီးချစ်ကြပုံကို ပေါ်လွင်စေပါ၏။ တူဝရီး ဘယ်လိုချစ်ကြကြောင်း ဒေါ်ကြာဖံကိုယ်တိုင်က စိတ်ရောကိုယ်ပါ ပြောပြခြင်းမျိုးလည်းဖြစ်နေသည်။

"အဲဒါကိုပဲ ကျုပ် စဉ်းစားနေတာပါ ဒေါ်ကြာဖံ...ဒီလောက်တောင် တူဝရီး အပြန်အလှန်ချစ်ကြတာ... ဒေါ်သီသီဦးကို ဧယျာဦးက သေစေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား လို့... "

"လုံးဝကြီးကို မဖြစ်နိုင်ပါဘူး ဆရာကြီး... ဧယျာဦးက မဦးကို ဘယ်လိုမှ သေအောင် မလုပ်နိုင်ပါဘူး... နောက်ပြီး ဧယျာဦးဟာ တခြားအားကိုး ဘာမှမရှိတာ... မဦးကို ဘယ်သေစေချင်ပါ့မလဲ...မဦး သူ့ဘာသာသူသေသွားမှာကိုတောင် ဧယျာဦးက လုံးဝလိုလားမှာမှ မဟုတ်တာ... "

ဒေါ်ကြာဖံသည် သူ့ရင်ထဲမှာရှိသည့်အတိုင်း အားရပါးရပြောလိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားပါ၏။

ရဲအုပ်ကိုသူရကလည်း ဒေါ်ကြာဖံကို မေးခဲ့သည်။

ဒေါ်သီသီဦးကို ဧယျာဦးက သတ်ပစ်ချင်စရာအကြောင်းတစ်ခုခုရှိသလားဟူသော မေးခွန်း။

ဒေါ်သီသီဦးနှင့် ဧယျာဦး တစ်ခုခုကြောင့် စကားများရန်ဖြစ်တာကိုတွေ့သလားဟူသော မေးခွန်း။

ထိုမေးခွန်းတွေကို ကိုသူရအား ဒေါ်ကြာဖံက

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး" "မမြင်ဘူး" "မကြားဘူး" ကျွန်မက မီးဖိုထဲမှာပဲ အနေများတော့ အပြင်ဘက်ဧည့်ခန်းက ကိစ္စတွေကို မသိမမြင်မကြား ဟုသာ ထွက်ဆိုသည်။

ယူနီဖောင်းနှင့် ရဲအရာရှိက မေးသောကြောင့် ဒေါ်ကြာဇံ ကြောက်လန့်ကာ ဘာမဆို "ဘူး"ဖြေခဲ့ခြင်း ဖြစ်သည်။

ယခု ဦးမင်းအောင်ကျတော့ အရပ်သားရိုးရိုးလည်း ဖြစ်ပြန်၊ လူကြီးလူကောင်းလည်းဖြစ်ပြန်၊ မေးမြန်းပုံကလည်း စစ်ဆေးသည့်သဘောမသက်ဝင်ဘဲ အာလာပသလ္လာပစကားစမြည် ပြောသည့်ပုံစံလည်း ဖြစ်ပြန်၊ တစ်ဖက်သား နှစ်လိုဖွယ်ရာလေသံနှင့် ပြောဆိုမေးမြန်းသည်လည်းဖြစ်ပြန်မို့ ဒေါ်ကြာဇံက သူ့အမြင် သူ့အထင်တွေအားလုံး ရင်ထဲရှိတဲ့အတိုင်း ပြန်လည်ပြောခြင်း ဖြစ်ပါ၏။

ဇေယျာဦးအပေါ်တွင် ဒေါ်ကြာဇံက သံသယကင်းကြောင်း ထင်ရှားစေပါ၏။

"အဲဒီနေ့က ဒေါ်ကြာဇံ ထွက်ဆိုခဲ့တယ်နော်... အဲဒီနေ့က ဒရိုင်ဘာရော မာလီရော ဒေါ်ကြာဇံရောကို ဒေါ်သီသီဦးက ခါတိုင်းထက်ပိုပြီး ညနေပိုင်း ပိုပြီးစောစောပြန်ခိုင်းတယ်... နာရီတော့ တိတိကျကျသတိမထားမိဘူးလို့..."

ဦးမင်းအောင်က စကားကို တစ်ထောက်နားပြီးမှ ဆက်ပြောသည်။

"ဒီလိုရှိတယ်ပေါ့ဗျာ... ဒရိုင်ဘာပြန်တော့မယ်ဆိုရင်ကော



သော့ကို ပြန်အပ်ပြီး ပြန်ရုံပဲ... အလားတူ မာလီပြန်တော့မယ်ဆိုလည်း ကျန်တဲ့အလုပ် နက်ဖြန်ဆက်လုပ်မယ်ဆိုပြီး ပြန်ရုံပဲ... အဲ... ဒေါ်ကြာဇံကျတော့ ပြန်တော့မယ်ဆိုပေမဲ့ ဒီနေ့အဖို့ လက်စသတ်လုပ်ငန်းလေးတွေ ကျန်နေသေးရင်... လက်စသတ်အောင်လုပ်ပေးပြီးမှ ပြန်လို့ရမယ် မဟုတ်လား... ဒီတော့ ဒရိုင်ဘာနဲ့ မာလီပြန်သွားသလို ဒေါ်ကြာဇံကလည်း ချက်ချင်းထပြန်တာပဲလား..."

ဒေါ်ကြာဇံ သေချာပြန်စဉ်းစားသည်။ ပြီးနောက် ခေါင်းခါပြသည်။

"ဟုတ်ပါရဲ့... မဦးက အဲဒီနေ့က ပြန်တော့လို့အမိန့်ပေးတဲ့အချိန်မှာ...မီးဖိုမှာ ဝက်သားဟင်းအိုးတည်ထားလက်စကြီး ရှိနေတယ်... ဝက်သားက အနူးအနပ်နည်းနည်းလိုသေးတယ်... အဲဒါ မဦးကိုပြောပြတော့ မဦးက ဟင်းအိုးကျမှပြန်ဆိုလို့ ဟင်းအိုးကျတဲ့အထိ ကျွန်မ စောင့်ရသေးတယ်... ဒရိုင်ဘာ မာလီတို့ထက် နောက်ကျပြီးမှ ပြန်ရတယ်လေ..."

"ဒါဆို ဒေါ်ကြာဇံ ပြန်တဲ့အထိ ဘယ်ဧည့်သည်မှ မရှိဘူးလား... မလာဘူးလားဗျာ... ဧည့်သည်ဖြစ်ဖြစ်... ဘယ်သူဖြစ်ဖြစ်ပေါ့လေ... ရှိနေသလား... ရောက်လာသလား"

"မရှိပါဘူး ဆရာကြီး..."

"ဇေယျာဦးကော ဒေါ်ကြာဇံ မပြန်ခင် ရောက်မလာဘူး

www.burmeseclassic.com

www.burmeseclassic.com



လား... "

"ဟင့်အင်း... မရောက်သေးဘူး... "

"စီစီထွေးကော... "

စီစီထွေးကောဟု မေးမှ ဒေါ်ကြာဖံသည် ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလိုက်ပြီး မျက်ခုံးနှစ်ဖက်ပင့်ပြီး ပြန်ပြောပါ၏။

"အဲ... ဟုတ်သား... အဲဒီကို သတိမေ့နေတာ... အခု ဆရာကြီးမေးမှ [illegible] သတိရတယ်... ကျွန်မပြန်ဖို့ ခြံထဲ လည်းဆင်းလာရော... စီစီထွေးရဲ့မော်တော်ကားအပြာလေးမောင်းဝင်လာတာ ကျွန်မ လှမ်းမြင်တယ်... ကားရှေ့ခန်းမှာ စီစီထွေးထိုင်နေတာကိုလည်း လှမ်းမြင်တယ်"

"ဘယ်သူမောင်းတာလဲ... ကားထဲမှာ ဒီပြင်ဘယ်သူတွေ ပါသေးလဲ... ဒေါ်ကြာဖံ... "

"အဲဒါတော့ ဘယ်သူပါသေးလဲဆိုတာ ကျွန်မ မမြင်ရဘူး... ကျွန်မ ပြန်တဲ့လမ်းက လျှောက်သွားလမ်းဘက်ကပြန်တာ... မော်တော်ကားတက်လာတဲ့လမ်းနဲ့ တခြားစီလေ...နောက်ပြီး... ကျွန်မ လှမ်းမြင်ရတဲ့ဘက် စီစီထွေး ထိုင်တဲ့ဘက်ကိုသာ မြင်ရတာ... ဒါကြောင့် ရှေ့မှာထိုင်နေတဲ့ စီစီထွေးကိုသာမြင်ပြီး... တခြားဘယ်သူတွေပါတယ်ဆိုတာ မမြင်ရဘူး ဆရာကြီး... "

"စီစီထွေးရဲ့ကားမှန်းတော့ သေချာတယ်နော်... "



"သေချာပါတယ်... တခြားကားတွေကိုသာ ကျွန်မ မမှတ်မိတာ... စီစီထွေးရဲ့ကားအပြာနဲ့ မောင်ဦး စီးနေတဲ့ ကားအဖြူကိုတော့ သေချာမှတ်မိပါတယ်... "

ဦးမင်းအောင် ခေါင်းညိတ်ရင်း ဦးဖေညွန့်ကို လှမ်းကြည့်သည်။

ဦးဖေညွန့်ကလည်း ဒေါ်ကြာဖံပြောသမျှ သူ ကြားပါသည်ဆိုသည့်သဘောဖြင့် ခေါင်းပြန်ညိတ်ပြသည်။

ဦးမင်းအောင်က ဆက်၍ မေးပြန်သည်။

"ဒေါ်ကြာဖံ မှတ်မိသလောက်ပေါ့ဗျာ... သေချာစဉ်းစားပြီးမှ ဖြေနော်... ဒေါ်သီသီဦး မသေမီက သူနဲ့ရင်းရင်းနှီးနှီးမိတ်ဆွေထဲက ဘယ်သူလာဖူးသလဲ... လုပ်ငန်းကိစ္စနဲ့ လာပြီး... ကိစ္စပြီးရင် ထပြန်သွားတဲ့လူမျိုးကို မဆိုလိုဘူး... ဒေါ်သီသီဦးကိုယ်တိုင်က ခင်မင်ရင်းနှီးတဲ့မိတ်ဆွေမျိုးကို ကျွန်တော် မေးတာပါ ဒေါ်ကြာဖံ... "

ဒေါ်ကြာဖံ စဉ်းစားပြီးမှ ဖြေသည်။

"အင်း... အဲဒီလိုဆိုရင် သရက်တောရွာဘက်က ဥယျာဉ်သမားကြီး ကိုဘအောင်လာတာကို ကျွန်မ မှတ်မိတယ်... ပိုပြီးထူးခြားတာက အဲဒီဥယျာဉ်ပိုင်ရှင်ကိုဘအောင်ဟာ သူ့မိန်းမ မစိမ်း သေဆုံးသွားပြီးတဲ့နောက်... မဦးမီကို မကြာခဏလာလို့ ကျွန်မ မှတ်မိတာ... မဦးကလဲ ကိုဘအောင်ကို ဦးလေးအောင်လို့ခေါ်ပြီး ခင်ခင်မင်မင်

www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီး ဆက်ဆံတယ်... ကျွန်မ ကြားသလောက်ကတော့ အဲဒီကိုဘအောင်ဟာ မဦးရဲ့မိဘတွေနဲ့ ခင်မင်ရင်းနှီးခဲ့တဲ့ မိတ်ဆွေဟောင်းလို့ သူတို့ပြောစကားကြားရတာပဲ... ”

သရက်တောဥယျာဉ်အကြောင်းကို ဦးသက်ဇင်နှင့် စီစီထွေး ပြောဖူးထားသဖြင့် ယခု ဒေါ်ကြာဖံပြောပြသည်များနှင့် ဆက်စပ်ကြည့်လေသည်။

ဦးသက်ဇင်နှင့် ဒေါ်စီစီထွေး ပြောစဉ်က သရက်တောမှ မည်သူပိုင်သော ဥယျာဉ်ခြံကို ဒေါ်သီသီဦး ဝယ်လိုက်သည်ဟု ပိုင်ရှင်၏အမည်ကို မပြောခဲ့ပေ။ ယခု ဒေါ်ကြာဖံကတော့ ပိုင်ရှင်အမည် “ဦးဘအောင်”ဟု တိတိကျကျ ပြောနိုင်ပေသည်။

မည်သို့ဆိုစေ... ၎င်း ဦးဘအောင်သည် ဒေါ်သီသီဦးနှင့် ရင်းနှီးခင်မင်သူဖြစ်ကြောင်းကတော့ သေချာသွားသည်။

၎င်းဦးဘအောင်ကို ဦးမင်းအောင် တွေ့ဆုံစကားပြောရလျှင် ဒေါ်သီသီဦး၏အတိတ်ကာလအကြောင်းတွေကိုပါ သိနိုင်မည်ဟု ဦးမင်းအောင် ယူဆပါ၏။

“အဲဒီကိုဘအောင်က သရက်တောက သူပိုင်ဥယျာဉ်ကို ဒေါ်သီသီဦးဆီမှာ ရောင်းသွားတာလား ဒေါ်ကြာဖံ... ”

“အဲဒီလို ရောင်းသလား ဝယ်သလားတော့ ကျွန်မ မသိဘူး...ဒါပေမဲ့ ကိုဘအောင် နောက်ဆုံးလာသွားတဲ့အခေါက်မှာ ကိုဘအောင်က ဘီးလင်းကိုသူသွားတော့မယ်... မဦးကို ဘီလင်းလာလည်ပါ... ဘီလင်း လမ်းမကြီးမှာ ကိုဘအောင်က ကုန်စုံဆိုင်ဖွင့်ထားတယ်လို့ နှုတ်ဆက်စကားပြောတာ ကျွန်မ ကြားတယ်... ”



ဦးမင်းအောင်က အိတ်ထဲမှ ငါးရာတန်တစ်ရွက် ထုတ်ပြီး ဒေါ်ကြာဖံအား မုန့်ဖိုးပဲဖိုး ယူပါဟုပေးပြီး နှုတ်ဆက်ခဲ့ကာ ဒေါ်ကြာဖံ အိမ်မှထွက်လာခဲ့ကြသည်။

“ခင်ဗျား ဘီးလင်းက ကိုဘအောင်ဆီလိုက်မှာပဲ မဟုတ်လား ဦးမင်းအောင်... ”

“အေးဗျ... ဒီနေ့တော့ ဒေါ်သီသီဦးရဲ့အလောင်းကို စစ်ဆေးတဲ့ ဆရာဝန်နဲ့ ဆေးစာမှတ်ချက်ကို သွားကြည့်ဦးမယ်... မနက်ဖြန်မနက်လောက်မှ ဘီးလင်းကိုသွားပြီး ဦးဘအောင်နဲ့ တွေ့ဦးမယ်... ”

‘ဘီးလင်းသွားရင် ကျုပ်ကိုခေါ်ဗျာ... ခင်ဗျားအတွက် အဖော်ပေါ့... ”

ဦးမင်းအောင်က ခေါင်းညိတ်ပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

တစ်ညလုံး နောက်ကြောင်းပြန်ပြီး သရက်တောဥယျာဉ်အိမ်လေးသို့ လမ်းလျှောက်ပြန်ခဲ့ရသည်။ နွေး တစ်သက်နှင့်တစ်ကိုယ် ဤမျှလောက် တစ်ခါမှမပင်ပန်းစဖူးခဲ့။ စိတ်တွေကလည်း မကောင်းသောကြောင့် နွေးမှာ စိတ်ရောလူရော ပင်ပန်းလှသည်။

ကိုဦး၏ရက်စက်မှုများကို နွေး နည်းနည်းမျှသဘောမတွေ့။ ကိုဦးသည် ထမင်းဆိုင်ရှင်လူဝကြီးအပေါ်တွင် ရက်စက်လွန်းသည်။

အကယ်၍ လူပင်ပန်းစေကာမူ ချစ်သူကိုဦးနှင့်စိတ်မပင်ပန်းရဘဲ ယခုလိုသွားလာရသည်ဆိုပါက ပင်ပန်းသည်ကို အမှုမထား ဖြစ်မည်။



ပျဉ်ထောင်အိမ်လေးသို့ပြန်ရောက်သည်နှင့် နွေးသည် ခင်းထားသော သင်ဖြူးဖျာပေါ်တွင် သူမ၏ဆွဲအိတ်ကို ခေါင်းအုံးပြီး လှဲချလိုက်သည်။

ဧယျာဦးက နံရံကိုကျောမှီပြီး ခြေဆင်းကာ ခြေပစ်လက်ပစ် ထိုင်ချသည်။

အရုဏ်ဦးသို့ပင် ရောက်နေပြီ။ ငှက်ကလေးတွေ အိပ်တန်းထအော်မြည်သံများပင် ထွက်နေပြီ။

ဧယျာဦးသည် မငိုက်မိစေရန် ထိုင်ရာမှထပြီး မီးဖိုထဲဝင်ခဲ့သည်။

မျက်နှာသစ်ပြီး ရေနွေးအိုးတည်သည်။ ရေနွေးဆူလျှင် ကော်ဖီဖျော်မည်။ ဤအိမ်လေးတွင် ကော်ဖီ၊ သကြားနို့ဆီအားလုံး ရှိသည်။

ဧယျာဦးအပြင် ထွက်လာသည်။ အိမ်ရှေ့ဖျာပေါ်တွင် နွေးတုံးလုံးလေးအိပ်နေသည်ကို ငေးကြည့်မိသည်။ နွေးသည် တကယ်ပင် သနားစရာ။

မိမိကိုချစ်လွန်းသဖြင့် မိမိနှင့်အတူ လိုက်သောကြောင့် ဤမျှပင်ပန်းရသည်ကို ဧယျာဦး ရင်ထဲတွင် နာနာကျင်ကျင်လေး ခံစားလိုက်ရသည်။

ဧယျာဦးသည် ရင်တွင်းမှ ချစ်ချင်းများစွာကြင်နာခြင်းများစွာဖြင့် အိပ်ပျော်နေသော နွေး၏ပါးပြင်မွှတ်မွှတ်လေးကို ငုံ၍ မွှေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဟင်… ဒါဘာလုပ်တာလဲ… "

နွေး အင်မတန်အအိပ်ဆတ်သည်။ သူမ၏ ပါးပြင်သို့ ဇေယျာဦး နှာသီးထိပ်ထိသည်နှင့် ချက်ချင်းနိုးကာ ချက်ချင်းလူးလဲထထိုင်သည်။

"ချစ်လို့ပေါ့ နွေး… "

"ဖယ်စမ်းပါ… "

နွေးက ဇေယျာဦးကို တွန်းဖယ်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။ သူမ၏ဆွဲအိတ်ကို ကောက်ကိုင်သည်။

ဇေယျာဦး တအားကြီး အံ့သြသွားပါ၏။ နွေးစိတ်ပြောင်းသွားပေပြီ။

"အဲဒါ ဘာဖြစ်သွားတာလဲ နွေး… "

"အို… ဘာမှမဖြစ်ဘူး… "

ပြောပြောဆိုဆို နွေးသည်ဆွဲအိတ်ကိုဆွဲကာ ထွက်ပေါက်တံခါးဝတွင် သွားထိုင်နေသည်။

ဩော်… သူ့ခမျာ ပင်ပန်းလွန်းသောကြောင့်လည်းကောင်း၊ ဤအခြေအနေမျိုးတွင် နှစ်ယောက်တည်း ပူးပူးကပ်ကပ်အနေအထိုင်လွန်ကဲသွားမည်ကို စိုးရိမ်၍လည်းကောင်း၊ ဤပုံစံမျိုး ချိုးသည်ထင်ပါရဲ့ဟု ကြင်နာစိတ်ချစ်စိတ်နှင့်ပင် နွေးထိုင်နေရာ အပေါက်ဝသို့ လိုက်သွားသည်။

"ကိုယ် မီးဖိုထဲမှာ ရေနွေးတည်ထားတယ်… နွေးမျက်နှာသစ်ဖို့ သွားတိုက်ဆေးသွားပွတ်တံ အားလုံးအဆင်သင့်



ပဲ…မျက်နှာသစ်လိုက်ပါလား နွေး…လန်းဆန်းသွားအောင်ပေါ့… ရေနွေးဆူရင် ကော်ဖီဖျော်ပေးပါလား နွေး… "

နွေးက ဘာတစ်ခွန်းမှပြန်မပြောဘဲ မီးဖိုဘက်သို့ သူ့ကို ကျောခိုင်းကာ ထွက်သွားသည်။

ဇေယျာဦးက လိုက်သွားချင်သော်လည်း နွေးပိုပြီး စိတ်လက်မကြည်မသာဖြစ်မည် စိုးရိမ်ပြီး အိမ်ရှေ့ဖျာပေါ်မှာပင် ထိုင်ချလိုက်သည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် နွေး ပြန်ထွက်လာသည်။ သူမလက်ထဲတွင် ကော်ဖီနှစ်ပန်းကန် တစ်ဖက်စီကိုင်ပြီး ဆွဲအိတ်ကို လွယ်ထားပါ၏။

ထိုင်လျက်ကပင် ဇေယျာဦးက ကော်ဖီပန်းကန် လှမ်းယူပါ၏။ နွေးက ထိုင်မချဘဲ မတ်တတ်ပင် ကော်ဖီပူပူကို မှုတ်သောက်နေသည်။

"ထိုင်ပြီးသောက်လည်း ပိုက်ဆံမပေးရပါဘူး နွေး… "

တမင်တကာပင် နွေး စိတ်ပျော်စေရန် ဟာသလုပ်ပြီး ဇေယျာဦးက ပြောလိုက်သည်။

နွေးက ပြုံးခြင်း၊ ရယ်ခြင်း မရှိပေ။ သို့သော် ဖျာပေါ်တွင် ထိုင်တော့ ထိုင်လိုက်သည်။ နွေး၏အမူအရာကြောင့် ဇေယျာဦး အခံရခက်လှ၏။

"ဘာလဲ နွေး… နွေး လုပ်နေပုံက ကိုယ့်ကို တမင်ဂျစ်တိုက်နေတာလား… "

www.burmeseclassic.com

www.burmeseclassic.com



နွေးက ဘာမှပြန်မပြော။

"ပြောပါ နွေး... နွေးရဲ့ဆန္ဒကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ... "

"နွေး အိမ်ပြန်ချင်တယ်... ဖေဖေ့ဆီ ပြန်ချင်တယ်... "

"ဩော်... "

ဖေယျာဦး အာမေဋိတ်သံ ထွက်သွားပါ၏။ ပြီး နွေးကို စိုက်ကြည့်နေသည်။ နွေးသည် ဖေယျာဦးက သူမကို စိုက်ကြည့်နေမှန်းသိပါလျက် မသိကျိုးကျွန်ပြုကာ မျက်စိလွှဲပြီး ကော်ဖီကိုသာ သောက်နေသည်။

ဖေယျာဦး ကော်ဖီကို မသောက်တော့ဘဲ ပန်းကန်ကို ဖျာပေါ်တွင် ချထားလိုက်သည်။

"ကိုယ် နွေးကို ဖွတ်အတင်းခေါ်လာခဲ့တာ မဟုတ်ပါဘူး နော်... "

နွေးက ဘာမှပြန်မပြော။

"ကိုယ့်အပေါ်မှာ စေတနာမေတ္တာတွေအပြည့်ထားပြီး... ကိုယ့်အနားမှာ နွေး ရှိသင့်တယ်လို့ နွေးကိုယ်တိုင် ဆုံးဖြတ်ပြီး... လိုက်လာတာ မဟုတ်လား နွေး... "

"ဟို... အချိန်က ဟိုစိတ်ပေါ့... အခုအချိန်မှာ အခုစိတ်ပဲ ဟာ... "

"အဲဒါကို ကိုယ်ဘာသာပြန်မယ်... ဟိုအချိန်ကကိုယ့်ကို သိပ်ချစ် သိပ်စေတနာထားလို့ လိုက်ခဲ့တာ... အခုတော့



ကိုယ့်ကို မချစ်တော့လို့ စေတနာမရှိတော့လို့ ပြန်မယ်ပေါ့ ဟုတ်လား... "

နွေးသည် ကော်ဖီကို ကုန်အောင်သောက်ပြီး ပန်းကန်ကို ဖျာပေါ်ချကာ ဖေယျာဦးအား ရဲရဲကြီးပင် မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။

"နွေးပြောမယ်... ကိုဦး သေချာနားထောင်ပါ... ဟိုတစ်ခါတုန်းက နွေးဟာ ကြောင်ဖြူဖြူလေးတစ်ကောင်ကို ချစ်လို့ ယုယုယယမွေးဖူးတယ်... ကြောင်ဖြူလေးဟာ သိပ်သဘောကောင်းတယ်... သိပ်အနေအေးတယ်... ဆိုဖာပေါ်မှာ အိပ်နေတတ်တယ်... တခြားနေရာမှာ သူ့ဟာသူ ထိုင်နေတတ်တယ်... သဘောကောင်းပြီး အနေအေးတဲ့ ကြောင်ဖြူလေးမို့ နွေး သိပ်ချစ်တယ်... ကြောင်ဖြူလေးဟာ နေပူတဲ့နေရာမှာ နေပူစာလှုံပြီးလည်း အိပ်တတ်တယ်...

တစ်နေ့ကျတော့ ကြောင်ဖြူလေးဟာ နေစာလှုံရင်းနဲ့ ဆန်စေ့လေးတွေ ပက်ကျွေးလို့ လာစားနေတဲ့... စာလေးတစ်ကောင်ကို လှမ်းခုန်အုပ်ပြီး... နွေး ရှေ့မှာပဲ ရက်ရက်စက်စက် ကိုက်သတ်စားလိုက်တယ်... ခါတိုင်းနေ့တွေမှာလည်း ကြောင်ဖြူလေးဟာ နေစာလှုံနေကျပဲ... နွေးကလည်း စာလေးတွေကို ဆန်စေ့ပက်ပြီး ကျွေးနေကျပဲ... အဲဒီနေ့ကျတော့ ကြောင်ဖြူလေးဟာ ဒီဟာဖောက်ပြီး နွေး

www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်မှာပဲ စာလေးကို ကိုက်သတ်စားလိုက်တာ တွေ့ရတော့ နွေးရင်တွေ တုန်တယ်...မျက်ရည်ကျတယ်... ယူကျုံးမရတဲ့ ဝေဒနာခံစား ရတယ်... ဒါကြောင့် ဖေဖေ့ ကိုပြောပြီး ကြောင်ဖြူလေးကို ဘုန်းကြီးကျောင်းမှာ သွား လျှော်ထားခဲ့လိုက်တယ်... အဲဒီလို လျှော်ပြီးတော့ နွေး တအား ငိုမိတယ်... ”

ဖေယျာဦးသည် နွေးစကားကို သေချာနားထောင်ရင်း နွေးကို ငေးစိုက်ကြည့်နေပါ၏။

“အခုလည်း နွေးရင်ထဲမှာ ကြောင်ဖြူလေးတုန်းက ခံစား ရသလို... ခံစားနေရတယ်... ဒါကြောင့် နွေး ဖေဖေ့ဆီ ပြန်ချင်တယ် ကိုဦး... ”

ဖေယျာဦးသည် ပူနွေးသော သက်ပြင်းကြီးတစ်လုံးကို ရှည်လျားစွာ မှုတ်ထုတ်လိုက်မိပါ၏။

နွေး၏ကြောင်ဖြူလေးနှင့် စာကလေး၏ ... စဉ်ကို ယခု မိမိနှင့် နှိုင်းယှဉ်ပြီး ပြောနေကြောင်း ဖေယျာဦး သဘော ပေါက်ပါ၏။

အမိပွာယ်မှာ မိမိကိုတော့ နွေး သိပ်ချစ်ပါသည်။ သို့သော် လူ့ဝကြီး ဦးဖြိုးအပေါ်တွင် မိမိပြုခဲ့သော အပြုအမူတွေ ကို နွေးက စက်ဆုတ်ရွံရှာသည်ဟု ဆိုလိုခြင်းပါပေ။

“စပြီးထွက်လာကတည်းက နွေးအိမ်ကိုပြန်ပါ... ကိုယ်နဲ့ အတူ မလိုက်ပါနဲ့လို့ ကိုယ်ပြောခဲ့ပါတယ် နွေး... ”



“ဟုတ်တယ်လေ... အဲဒီတုန်းက နွေး စိတ်ထဲပြန်မှမပြန် ချင်တာ... အခုမှ စိတ်ထဲက ဖေဖေ့ဆီကို ပြန်ချင်တာ... ဖေဖေ့ဆီ နွေး ပြန်ပို့ပေါ့... ”

“မရတော့ဘူး နွေး... အခု အခြေအနေမှာ နွေးကို ကိုယ် ပြန်ခွင့်မပြုနိုင်တော့ဘူး... နွေး ပြန်လို့မဖြစ်တော့ဘူး”

“ဒီမယ် ကိုဦး... အခုနေ နွေး ပြန်သွားရင် ကိုဦးအပေါ် ချစ်တဲ့ နွေးရဲ့မေတ္တာဟာ နွေးနဲ့အတူ ပါသွားနိုင်ဦးမယ်... ကိုဦးနဲ့အတူ ဆက်နေပြီး ဒီထက် စက်ဆုတ်ရွံရှာစရာတွေ ထပ်တွေ့လာရင် ကိုဦးအပေါ်မှာ ထားရှိတဲ့ နွေးရဲ့မေတ္တာ တွေဟာ ခမ်းခြောက်သည်ထက် ပိုပြီး ခမ်းခြောက်သွား မယ် ကိုဦး... ”

“ကိုယ့်အပေါ်မှာ နွေး မေတ္တာခန်းခြောက်သွားမှာကို တော့... ကိုယ် မချိမဆံ့အောင် မလိုလားတာ အမှန်ပဲ... ဒါပေမဲ့ နွေးကို ကိုယ် ပြန်ခွင့်ပြုလိုက်ရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားမှာ... ကိုယ် ဘယ်လိုပုန်းအောင်း နေတယ်... ရှေ့ဆက်ပြီး ကိုယ် ဘာတွေလုပ်မယ်ဆိုတာ သူတို့ သိသွားကြမယ်လေ နွေး... ”

“စိတ်ချ... အဲဒါကို နွေး တစ်ခွန်းမှမဟဘူး... ”

“သူတို့မှာ နွေး ပါးစပ်ဟလာစေတဲ့ အတတ်ပညာတွေ အများကြီးရှိတယ်... အိုကွာ... နွေး ပြန်သွားရပါဘူး နွေး... ”

www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်... နွေးသဘောနဲ့ နွေး ပြန်မယ်ဆိုရင်ကော... "

"နှစ်လောင်းပြိုင်ပေါ့ နွေး... နွေးက ကိုယ့်ကိုစွန့်ခွာသွားပါပြီဆိုတဲ့ နောက်တော့... ကိုယ့်ဘဝမှာဆက်ပြီး နေချင်စရာအကြောင်း ဘာမှမရှိတော့ဘူး... ရှင်ကွဲတော့ ကိုယ်အကွဲမခံဘူး နွေး... ကွဲချင်ကွဲရပြီဆိုရင်တော့ သေကွဲပေါ့... ကိုယ့်ဟာကိုယ်လည်း သတ်သေမယ် နွေး... "

"မှန်းတယ်... အဲဒီလို ရက်စက်တာကိုပဲ နွေး မုန်းတာသိလား... "

မျက်နှာလက်ဝါးအုပ်ပြီး နွေး တအားကြီးငိုချလိုက်လေတော့သည်။



## အခန်း (၁၈)

ဘီးလင်းတွင် ဦးဘအောင်ကို တွေ့ရပါ၏။ (၂)နာရီခန့်ကြာအောင်လည်း ဦးဘအောင်နှင့် ဦးမင်းအောင် စကားတွေ ပြောခဲ့ရပါ၏။

ဦးဘအောင်က ဒေါ်သီသီဦးအကြောင်းတွေကို ပြောပြသည်မှာလည်း တော်တော်ကြီး ပြည့်စုံလှပါ၏။

ဦးဘအောင်သည် ဒေါ်သီသီဦး သေဆုံးသွားရသည်တို့ကိုကြားရပြီး အလွန်စိတ်ထိခိုက်စိတ်မကောင်းဖြစ်သွားသောကြောင့်လည်း တရားခံအစစ် ဖော်ထုတ်ထွက်ရှိလာစေချင်သော စေတနာဖြင့် တစ်သက်လုံး ဘယ်သူ့ကိုမှ မပြောဟု ဆုံးဖြတ်ထားသည့် ဒေါ်သီသီဦး၏ဖုံးကွယ်လျှို့ဝှက်ထားချက်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအောင်က ဦးမင်းအောင်အား ဖော်ထုတ်ပြောလိုက်ပေတော့သည်။

ဦးမင်းအောင်အဖို့ ဦးဘအောင်ပြောပြချက်သည် ဆက်စပ်၍ မရနိုင်သော ကွင်းဆက်လေးကို ဆက်စပ်၍ရသွားပေတော့သည်။

လပ်နေသော ကွက်လပ်ကိုဖြည့်လိုက်သည်နှင့် ဒိုင်းခနဲ ဒေါ်သီသီဦးအမှုတွင် ကွက်လပ်ပြည့်စုံခြင်းသို့ ရောက်ရှိသွားတော့သည်။

ဦးဘအောင်က ဒေါ်သီသီဦး၏လျှို့ဝှက်ဖုံးကွယ်ချက်ကို တရားဝင်ဖြစ်သွားအောင် မြို့သို့လာပြီး အမှုလိုက်အိုင်အိုကိုသူရထံတွင် တရားဝင်ထွက်ဆိုချက်ပေးပါမည်ဟုလည်း ကတိပေးသည်။ ယခုလောလောဆယ်နေ့တွင် ငွေရစရာကိစ္စတစ်ခု ချိန်းထားသောကြောင့် ချက်ချင်းမလိုက်နိုင်ကြောင်း ပြောပြသဖြင့် ဦးမင်းအောင်နှင့် ဦးဖေညွန့်တို့ ဘီးလင်းမှ လင်းရိဗာ မောင်းပြီး ပြန်လာခဲ့ကြသည်။

မြို့သို့ပြန်ရောက်သည်နှင့် အိုင်အိုရဲအရာရှိ ကိုသူရထံသို့ ချက်ချင်းတန်းသွားသည်။

"ကြွပါ ဆရာ... ဆရာလာတာနဲ့ အတော်ပဲ... ကျွန်တော် ဆရာ့ဆီ ဖုန်းဆက်သေးတယ်... ဆရာ့အိမ်က ဒေါ်ကြေ က ဆရာ ဘီးလင်းဘက်ထွက်သွားတယ်ဆိုတာနဲ့ ဆရာ ပြန်အလာကို စောင့်နေတာ... ဒေါ်သီသီဦးရဲ့အမှုမှာ



ဆရာဝန်ရဲ့စစ်ဆေးတွေ့ရှိချက်ကျလာပြီ ဆရာ... နောက်ပြီး ယွန်းသေတ္တာလေးပေါ်က လက်ဗွေပုံစံတွေလည်း သက်ဆိုင်ရာက ဓာတ်ပုံနဲ့ထက္ခ ပေးပို့လို့ ရနေပြီဆရာ"

"ဆရာဝန်ရဲ့ဆေးစာမှတ်ချက်က ဘာတဲ့လဲ... အဓိက အနက်ကယ် သိချင်တာက ဒေါ်သီသီဦး သေဆုံးရတဲ့ အချိန်ပိုင်း တိတိကျကျပဲ မောင်သူရ... "

"ဒေါ်သီသီဦး သေဆုံးတာဟာ ဆေးရုံရောက်လို့ ဆရာဝန်ချက်ချင်း စစ်ဆေးချိန်အထိ ဒေါ်သီသီဦး သေဆုံးတာ မိနစ်ကိုးဆယ်ရှိနေပြီ မှတ်ချက်ပြုထားတယ် ဆရာ... "

"အဲဒီတော့ မောင်သူရက ဒေါ်သီသီဦး သေဆုံးချိန်... အဲဒီကို အနက်ကယ် ရောက်သွားချိန်... အလောင်းကို ဆေးရုံပို့တဲ့အချိန်တွေကို ဘယ်လိုတွက်လဲ... "

"ကျွန်တော် တွက်ပြီးပြီ ဆရာ... ဒေါ်သီသီဦးရဲ့အလောင်းကို ကျွန်တော် ရောက်ပြီး စစ်ဆေးပြီးတာနဲ့ ဆေးရုံပို့ပြီး ဆရာဝန် ချက်ချင်းစစ်ဆေးတဲ့အချိန်အထိဟာ... မိနစ်သုံးဆယ်ကြာတယ်... ဆရာ့ကို ဒေါ်သီသီဦးက ဖုန်းဆက်ခေါ်လို့ ဆရာ့အိမ်ကနေပြီး... ဒေါ်သီသီဦးရဲ့အိမ်ကိုလာတာဟာ မိနစ်နှစ်ဆယ်ကြာတယ်ဆိုရင်... ဆရာဝန်နဲ့ ရောက်တဲ့အချိန်မှာ ဒေါ်သီသီဦး သေဆုံးချိန်က လေးဆယ်တဲ့ မိနစ်ငါးဆယ်ကဖြစ်ရမယ်... အခုတော့ ဆရာဝန်ရဲ့မှတ်ချက်က သူစစ်ဆေးတဲ့အချိန်မှာ ဒေါ်သီသီဦး သေတာ

www.burmeseclassic.com



မိနစ်ကိုးဆယ်ရှိနေပြီဆိုတော့... ဆရာ ဒေါ်သီသီဦး အိမ် မရောက်သေးခင် မိနစ်လေးဆယ်စောပြီး ဒေါ်သီသီဦး ဟာ သေနှင့်နေပြီလို့ ဆိုနိုင်တယ်... ဒီလိုမိနစ်လေးဆယ် စောပြီး သေနေတဲ့ ဒေါ်သီသီဦးက ဆရာ့ဆီကို အမြန်လာ ပါလို့ ဘယ်လိုဖုန်းဆက်နိုင်မှာလဲ ဆရာ... ”

“ဒါဆိုရင်တော့ အန်ကယ့်ဆီကို ဖုန်းဆက်တဲ့ အမျိုးသမီး ဟာ... အဲဒီအချိန်မှာ ဒေါ်သီသီဦးက သေဆုံးနေပြီဆို တော့... သူ့ကိုယ်သူ ဒေါ်သီသီဦးဟန်ဆောင်ပြီး အန်ကယ့် ဆီ ဖုန်းဆက်တာဖြစ်ရမှာပေါ့... ဒါကြောင့် အဲဒီနေ့က ဒေါ်သီသီဦးက အန်ကယ့်ဆီကို အမြန်လာပါလို့ ခေါ်တဲ့ တယ်လီဖုန်းဟာ ဘယ်ကတယ်လီဖုန်းနဲ့ ဆက်ခေါ်တာ လည်းလို့... မောင်သူရကို အန်ကယ် စုံစမ်းခိုင်းတယ်လေ”

“ဆရာ ခိုင်းလို့ ကျွန်တော် စုံစမ်းပါတယ်... တယ်လီဖုန်း ရုံးရဲ့နေ့စဉ်မှတ်တမ်းအရ... အဲဒီနေ့က အဲဒီအချိန်မှာ ဆရာ့အိမ်ကို ဆက်တဲ့ဖုန်းနံပါတ်ဟာ ဒေါ်သီသီဦးရဲ့ဖုန်း နံပါတ်ပဲဖြစ်နေလို့... ကျွန်တော် အံ့သြနေတာ... ဆရာဝန် ရဲ့ဆေးစာအရ ဒေါ်သီသီဦး သေပြီးလို့ မိနစ်လေးဆယ် ကြာပြီးမှ ဒေါ်သီသီဦးရဲ့အလောင်းက ထပြီး... ဆရာ့ကို အမြန်လာပါလို့ ဖုန်းဆက်ခေါ်တာတော့ ဘယ်လိုမှ မဖြစ် နိုင်တဲ့ဟာပဲ ဆရာ... ”

“အင်း... အဲဒါ ခဏထားပါဦး မောင်သူရ... ယွန်းသေတ္တာ



ပေါ်မှာ တွေ့ရတဲ့လက်ပုံစံတွေအကြောင်း အန်ကယ့်ကို ပြောပါဦး... ”

ကိုသူရက လက်မကို ကွေးထားပြီး ကျန်လက် လေးချောင်း ထောက်ပြသည်။

“ယွန်းသေတ္တာပေါ်မှာ လက်ဗွေပုံစံတွေဟာ... လေးခု တောင် ရှိနေတယ် ဆရာ... ”

လက်ဗွေပုံစံဓာတ်ပုံလေးခုကို ကိုသူရက ထုတ်ပြ ရင်း...

“ဟောဒီနံပါတ်တစ် လက်ဗွေပုံစံက ကျွန်တော့်ရဲ့လက်ဗွေ ပုံစံပဲ ဆရာ... ထောက်မှာ ပါပလစ်ကာကားဒက်(ရှ်)ဘုတ် ထဲက ကျွန်တော်က ယွန်းသေတ္တာကိုဆွဲထုတ်တာမို့... ကျွန်တော့်ရဲ့လက်ရာ ယွန်းသေတ္တာမှာ ထင်သွားတာ”

“နံပါတ်နှစ်လက်ဗွေပုံစံကတော့ ဒေါ်သီသီဦးရဲ့လက်ဗွေ ပုံစံဆိုတာ ကျွန်တော် စစ်ဆေးပြီးသားတွေ့ရှိပြီးသားပဲ ဆရာ... ”

“နံပါတ်သုံးလက်ဗွေပုံစံကတော့ အမျိုးသမီးတစ်ဦးဦးရဲ့ မိန်းမလက်ဗွေပုံစံလို့ ခန့်မှန်းတယ်... ဘယ်အမျိုးသမီး ဘယ်မိန်းမရဲ့လက်ဗွေပုံစံဆိုတာတော့ ကျွန်တော် မသိရ သေးဘူး... အဲဒီတော့ ဒေါ်သီသီဦးအိမ်မှာ အတူနေမိန်းမ ဆိုလို့ ဒေါ်ကြာဖြံနဲ့ အိမ်ဖော်မလေး ရှိတယ်... သူတို့နှစ် ယောက်ရဲ့လက်ဗွေပုံစံနဲ့... ကျွန်တော်ပြန်တိုက်စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ… ”

ဦးမင်းအောင်က နားထောင်ပြီး ဦးခေါင်းကို ယမ်းပြသည်။

“ဘာလို့လဲ ဆရာ…နံပါတ်သုံးလက်ဗွေပုံစံဟာ ဒေါ်ကြာဇံနဲ့ အိမ်ဖော်မလေးရဲ့လက်ဗွေပုံစံ မဟုတ်နိုင်ဘူးလို့ ဆရာခေါင်းခါပြတာလား… ”

“ပြီးမှ… အန်ကယ် သိသမျှတွေ ဆက်စပ်လို့ရထားတာတွေအားလုံး… အန်ကယ် မောင်သူရကို အပြည့်အစုံပြောပြမယ်… အခု လောလောဆည် ဆက်ပြီး… နံပတ်လေးလက်ဗွေပုံစံအကြောင်း ပြောပြပါလား… ”

“နံပါတ်လေးလက်ဗွေပုံစံဟာ အမျိုးသားတစ်ဦးရဲ့လက်ဗွေပုံစံဖြစ်တယ်လို့ပဲ မှတ်ချက်ပြုထားတယ် ဆရာ… အဲဒီလက်ဗွေပုံစံရှင် အမျိုးသားဟာ… ဘယ်သူဆိုတာတော့ ကျွန်တော်လည်း မသိသေးဘူး ဆရာ… ”

ယခုစကားပိုင်းတွင် အနီးအနား၌ မည်သူမျှမရှိဘဲ ကိုသူရ၊ မိမိနှင့် ဦးဖေညွန့် သုံးဦးသာရှိမှန်း သေချာမှ ဦးမင်းအောင်က လေသံတိုးတိုးဖြင့် ပြောပြလေတော့သည်။

“အန်ကယ်… ဒေါ်သီသီဦး သေဆုံးရမှုနဲ့ပတ်သက်ပြီး မောင်သူရကို အစီအစဉ်အတိုင်း ပုံပြောသလို ပြောပြမယ်… မယုံရင် ပုံပြင်လို့ပဲ မှတ်ယူပေါ့… ”

“ပြောပါ ဆရာ… ”



“လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်နဲ့အစိတ်ကြားလောက်မှာ ဒေါ်သီသီဦးဟာ မိဘနှစ်ပါးဆုံးသွားပြီး… အားကိုးမဲ့ဖြစ်သွားတယ်… ဒီမှာတင် ဒေါ်သီသီဦးဟာ ကိုယ့်ဘူးကိုယ်ချွန် စီးပွားရေးလုပ်ခဲ့ရာမှာ ကိုကျော်ဝေဆိုတဲ့ လူတစ်ယောက်နဲ့ သိကျွမ်းခင်မင်သွားတယ်… ဒေါ်သီသီဦးက အဲဒီတုန်းကဆိုရင် အခုထက် ပိုငယ်ပိုနုတော့ ပိုပြီးချောမောလှပမှာပေါ့… ဒေါ်သီသီဦး စီးပွားရေးထွက်လုပ်ချိန်မှာ သူ့ညီမအလတ် ဒေါ်ရီရီလတ်ရော…ညီမအငယ်ဆုံး ဒေါ်စီစီထွေးရော… ကစဉ့်ကလျားဖြစ်နေတယ်… ”

“ဒုတိယညီမဖြစ်တဲ့ ရီရီလတ်မှာ ချစ်သူကိုနိုင်မင်းရှိပါရဲ့… ဒါပေမဲ့ ကိုနိုင်မင်းဟာ ဆက်သွယ်လို့မရအောင် ပျောက်နေတယ်… အဲဒီအချိန်မှာ ကိုတေဇက မြို့မှာဟန်ဟန်ပန်ပန်လူဖြစ်နေတယ်… မိဘတွေက ပန်းထိမ်လုပ်ငန်းတည်ထောင်ပြီး ကိုတေဇက ပန်းထိမ်လုပ်ငန်းမှာ လက်ရာကောင်း ကျွမ်းကျင်တယ်… ဝင်ငွေကောင်းတယ်… ”

“ဟုတ်ရဲ့လား ဆရာ… ဦးတေဇကြီးဟာ ကျွန်တော် ဒီမြို့ကို ရောက်ချိန်ကစပြီး တွေ့နေရတာတော့… ဘာအလုပ်မှ ဟုတ်တိပတ္တိမလုပ်ဘဲ အရက်သောက်နေတာပဲ တွေ့တယ်… ”

“မှန်တယ် မောင်သူရ… ကိုတေဇ အရက်သမားဖြစ်လာပုံကလည်း အန်ကယ် ဆက်ပြောမှ ပေတ်လမ်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါလာမယ်လေ... အဲ... ကိုတေဇက ရိရိလတ်ကို သိပ်ကြိုက်... သိပ်ချစ်နေတယ်... ရိရိလတ်ကလည်း သူ့အစ်မနဲ့ ရုပ်ချင်းတူပြီး... ချောချောလှလှပေကိုး... ဒါပေမဲ့ ရိရိလတ်က နဂိုတည်းက ကိုတေဇကို လုံးဝမကြိုက်မချစ်ဘူး... သူချစ်သူကိုခိုင်မင်းကိုပဲ စောင့်နေတယ်... မိဘတွေဆုံးသွားတော့မှ အားကိုးအားထားရှာရင်း ကိုတေဇကို လက်ခံလိုက်တာ... လက်ထပ်လိုက်ကြတာ... "

"ဒေါ်ရိရိလတ်မှာ ချစ်သူကိုခိုင်မင်း ရှိနေမှန်း ဦးတေဇက မသိဘူးလား... "

"သိတာပေါ့... 'အဲဒီလိုသိတာကြောင့်လည်း နောက်ပိုင်း ကိုတေဇရဲ့ရင်ထဲမှာ သံသယတွေဝင်ပြီး ဓာတ်ရှုပ်လာတာပဲ... ကိုတေဇ ထင်နေတာက ကိုခိုင်မင်းဟာ ပြန်လမ်းမရှိ ပျောက်ကွယ်သွားပြီလို့ ထင်ထားတယ်... အဲဒီအချိန်မှာပဲ ဒေါ်သီသီဦးဟာ ကိုကျော်ဝေနဲ့တွဲပြီး အလုပ်လုပ်တာ... တော်တော်ပဲ စီးပွားရေးအရှိန်တက်အောင်မြင်နေပြီလေ... အဲဒီအချိန်မှာပဲ ကိုကျော်ဝေ သေသွားတယ်... ဒီတော့ ဒေါ်သီသီဦးဟာ လုပ်ငန်းကိစ္စနဲ့ ခရီးထွက်ရာမှာ ညီမလတ် ရိရိလတ်ကို အဖော်အဖြစ် ခေါ်တယ်... ရိရိလတ်ကလည်း လိုက်တယ်... နဂိုကတည်းက ကိုတေဇ လက်ထပ်ပေမဲ့ မချစ်တာလည်း ပါတယ်...အစ်မ မဦ ရဲ့သြဇာကို မလွန်ဆန်နိုင်တာလည်း ပါတယ်... ရိရိလ



ကိုယ်တိုင်က သူ့မမဦးအပေါ်မှာ စေတနာ တယ်လည်း ပါတယ်... ဒီလိုနဲ့ သူ့ မမဦးနဲ့လိုက်သွားလိုက်... ပြန်လာလိုက် ဖြစ်နေတယ်... အဲဒီလိုနဲ့ ကိုတေဇနဲ့ ရိရိလတ်ရဲ့ အိမ်ထောင်သက် နှစ်နှစ်ကျော်ကျော်သုံးနှစ်ထဲမှာ ပြဿနာဝင်တာပဲ... "

"နေဦး ဆရာ... ဒေါ်သီသီဦး ခရီးထွက်ရာမှာ အိမ်ထောင်သည် ရိရိလတ်ကို မခေါ်ဘဲ... ညီမအငယ်ဆုံး စီစီထွေးကို ခေါ်သွားရင် မရဘူးလား... "

"စီစီထွေးက ကျောင်းနေဆဲလေ... နောက်ပြီး ဒေါ်သီသီဦးအတွက် အဖော်ခေါ်သွားလည်း တိုင်ပင်ဖော်တိုင်ပင်ဖက် အရည်အချင်းမျိုးမှ စီစီထွေးမှာ မရှိတာ... ဒါကြောင့် ညီမလေးရိရိလတ်ကို ခေါ်တာ... "

"ဟုတ်ကဲ့ ဆရာ... ဆက်ပြောပါ... "

"အဲဒီလိုနဲ့ နှစ်နှစ်ကျော်သုံးနှစ်အတွင်းမှာပဲ ခိုင်မင်းဟာ ပြန်ရောက်လာသတဲ့... ကိုခိုင်မင်းက ဟန်ဟန်ပန်ပန်နဲ့ သက်ဆိုင်ရာက ရာထူးပေးထားတယ်... ဒီမြို့မှာတော့ မဟုတ်ဘူး... တခြားမြို့မှာ... အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ရိရိလတ်မှာ ကိုယ်ဝန်ရှိလာတယ်တဲ့... အဲဒီမှာ ဘေးစကားတွေ ဝင်လာတယ်... ရိရိလတ်ဟာ သူ့အစ်မနဲ့ အဖော်လိုက်တယ်ဆိုပြီး... ကိုခိုင်မင်းဆီ သွားနေတာဆိုတဲ့ သတင်းလေ... ဒီသတင်းကို ကိုတေဇ ကြားလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုတေဇဟာ ဒေါ်သီသီဦးနဲ့ ရီရီလတ်သွားရာ နောက်ကို လိုက်ချောင်းတယ်... သူနဲ့ရီရီလတ်ဟာ နှစ်နှစ်ကျော် ပေါင်းသင်းလာခဲ့တာ ကိုယ်ဝန်မရဘဲနဲ့... အခု ခိုင်မင်း ပြန်လာပြီးမှ ရီရီလတ်မှာ ကိုယ်ဝန်ရှိလာတာကို သံသယ ဖြစ်တယ်... ဒီကိုယ်ဝန်ဟာ ခိုင်မင်းနဲ့ရတဲ့ကိုယ်ဝန်လို့ စွပ်စွဲပြီး လင်မယားအကြီးအကျယ်စကားများကြတယ်... ရန်ဖြစ်ပြီး ရီရီလတ် ကိုတေဇအိမ်ပေါ်က ဆင်းသွားတယ်... ဒေါ်သီသီဦးနဲ့အတူ သွားနေလိုက်တယ်..."

"လင်မယား ကွဲရောလား ဆရာ..."

"မကွဲပါဘူး... ကိုတေဇကိုယ်တိုင်က ရီရီလတ်ကို စွန့်ပစ်နိုင်တာမှ မဟုတ်တာ... နောက်ပြီး ကိုခိုင်မင်းနဲ့ချိန်းတွေ့တယ်ဆိုတာကို ကိုတေဇ ကိုယ်တိုင်... ဒေါ်သီသီဦးနဲ့ ရီရီလတ် သွားရာနောက်လိုက်ပြီး ချောင်းသေးတာပဲ... ရီရီလတ် ဖောက်ပြန်တာကို လက်ပူးလက်ကျပ်မတွေ့တဲ့အပြင်... ညီအစ်မအတူသွား အတူလာ၍ပဲ တွေ့ရတယ်တဲ့... ဒီတော့ ကိုတေဇရဲ့ စွပ်စွဲချက်ဟာ ရှုံးသွားတာပေါ့"

"ဒါနဲ့ ပြန်ပေါင်းရောလား ဆရာ..."

"အဲဒီအချိန်က ကိုတေဇကလည်း အလုပ်ဝင်ငွေအဆင်ပြေနေတော့ မာနလေးနဲ့ပေါ့... ရီရီလတ်ကလည်း အစ်မအားကိုးနဲ့ မာနနဲ့ပဲ... ရီရီလတ် ဆင်းသွားတာကို ပြန်မခေါ်ဘဲ လွှတ်ထားတုန်းမှာပဲ... ဒေါ်သီသီဦးနဲ့ ရီရီလတ်



ခရီးထွက်သွားကြပြန်ရော... ဒီတစ်ခါ ခရီးထွက်သွားတာ ရှစ်လကျော်ကျော်ကြာတယ်တဲ့... နဂိုကတည်းက မယားကိုသိပ်ချစ်တဲ့ ကိုတေဇဟာ ဇနီးရီရီလတ် ပြန်အလာကိုပဲ မျှော်တော်ဇောနင့် ဖြစ်နေတယ်... အဲဒီလင်မယား မသင့်မြတ်ကတည်းက ကိုတေဇဟာ အရက်သောက်လာတာတဲ့..."

"အဲ... ရှစ်လကျော်ကြာပြီးမှ ပြန်လာတော့... ရီရီလတ်မှာ သားယောက်ျား နို့စို့လေး ပိုက်ပြီး ပြန်လာတာ... အဲဒီသားလေးဟာ ဇေယျာဦးပဲ မောင်သူရ... ရီရီလတ်က သူ့မှာ ကလေးရှိလာပေမဲ့ ကိုတေဇဆီကို မပြန်ဘူး... သူ့အစ်မ မမဦးအိမ်မှာပဲနေတယ်... အဲဒီမှာ ကိုတေဇကိုယ်တိုင်မနေနိုင်တော့ဘဲ ဇနီးရီရီလတ်ကို သူကပဲ တောင်းပန်ပြန်ချော့ခေါ်တော့... သားလေး ဇေယျာဦးပါ ပါသွားတာပေါ့..."

"အင်း... ဒါကြောင့် ဇေယျာဦးနဲ့ သူ့အဖေ ဦးတေဇဟာ မပြေမလည် ရှိနေတာကိုး... ဒါပေမဲ့ ဒေါ်သီသီဦးက သူတို့ကို ထောက်ပံ့စောင်ရှောက်နေသားပဲ... ဇေယျာဦးဆိုရင် တက္ကသိုလ်ကဘွဲ့ရတဲ့အထိ လိုလေသေးမရှိ... ထောက်ပံ့ကူညီခဲ့တာပဲ..."

"ဟုတ်ပေတယ် မောင်သူရ... ဒေါ်သီသီဦးဟာ ဇေယျာဦးကို ထောက်ပံ့တဲ့နေရာမှာ သာမန်လိုပံ့ပိုးတာထက်ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



စေတနာမေတ္တာအပြည့်နဲ့ ထောက်ပံ့တယ်... အင်း... ထောက်ပံ့ပေမပေါ့ မောင်သူရ... ဖေယျာဦးဟာ တကယ့် အစစ်အမှန်မှာ ကိုတေဇနဲ့ ရီရီလတ်နဲ့ ရတဲ့သားမှမဟုတ် တာ... ”

“ဒါဆို... ကိုခိုင်မင်းနဲ့ရီရီလတ် ရတဲ့သားလား ဆရာ... ”

ဦးမင်းအောင်က သွက်သွက်လည် ဦးခေါင်းခါပြသည်။

“ဖေယျာဦးဟာ ရီရီလတ်နဲ့ ကိုတေဇ ရတဲ့သားလည်း မဟုတ်ဘူး...ရီရီလတ်နဲ့ခိုင်မင်းက ရတဲ့သားလည်း မဟုတ် ဘူး... ဒေါ်သီသီဦးရဲ့ဗိုက်ထဲက ဒေါ်သီသီဦး မွေးထုတ် တဲ့သားပဲ... ”

“ဗျာ... ဗျာ... ဆရာ... ”

ကိုသူရ မျက်လုံးပြူးသွားသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အင်မတိ အင်မတန် အံ့သြသွားပါ၏။

“သိပ်အံ့သြသွားသလား မောင်သူရ... အန်ကယ် ဒေါ်သီသီဦးရဲ့ဇာတ်လမ်းကို ပြောခဲ့တုန်းက... ဒေါ်သီသီဦးဟာ စီးပွားရေးလုပ်ရင်း ကိုကျော်ဝေဆိုတဲ့ လူနဲ့တွဲမိတာကို ပြောခဲ့ပါတယ်... ”

ကိုသူရ ခေါင်းညိတ်ပြသည်။

“အဲဒီ ကိုကျော်ဝေနဲ့ ဒေါ်သီသီဦးဟာ လက်မထပ်ရသေးခင် ငြိစွန်းလွန်ကျူးပြီး... ဒေါ်သီသီဦးမှာ ကိုယ်ဝန်ရစ



သွားတဲ့လပိုင်းအချိန်ပိုင်းမှာပဲ ကိုကျော်ဝေဟာ သူများ သတ်လို့ သေသွားတယ်... အဲဒီ ကိုကျော်ဝေနဲ့ဒေါ်သီသီဦး ရလိုက်တဲ့သန္ဓေသားဟာ ဖေယျာဦးပဲ မောင်သူရ...”

“ဖြစ်မှ ဖြစ်ရလေ ဆရာရယ်... ”

“ကောင်ရေလး ဖေယျာဦးခမျာ... ကံဆိုးရှာပါတယ်... ဒေါ်သီသီဦးမှာ လက်ဆုပ်လက်ကိုင် လင်ယောကျ်ား မရှိဘဲ... ကလေးမွေးတယ်ဆိုရင် သူ့ရဲ့သိက္ခာတွေ တစ်ပြားမကျန် ကုန်ပြီ... သူများတံတွေးခွက်မှာ ပက်လက်မျောအောင် အကဲ့ရဲ့ခံရမှာပေါ့... အဲဒါကို ညီမရီရီလတ်က သူ့မမဦးအတွက် ကြားဝင်ပြီး တားစာခံလိုက်တယ်... ရီရီလတ်အဖို့ တရားဝင် လင်ယောကျ်ားရှိနေတော့... သူ့မှာ ကိုယ်ဝန်ရှိတာ... ကလေးရပြီး မွေးတယ်ဆိုတာ ဘယ်သူကဘာပြောလို့ရမလဲ...အဲ...ကိုတေဇက သံသယနဲ့ အထင်လွဲခံရ တာကလွဲရင်ပေါ့လေ... တကယ်တော့ ရီရီလတ်ဟာ တည်တည်တံ့တံ့ အမျိုးသမီးပါ... သူ့ချစ်သူဟောင်း ကိုခိုင်မင်းကို လုံးဝတောင် အတွေ့မခံတော့ဘူးတဲ့... သက်သက်မဲ့ အစ်မရဲ့အရှက်ကို လင်ကိုတေဇ အထင်လွဲခံပြီး ကာကွယ်ပေးလိုက်တာ... ”

“ဒါဆို... ဒေါ်သီသီဦးက ဖေယျာဦးကို ဘယ်မှာမွေးဖွားတာလဲ ဆရာ... ”

“အဲဒီတုန်းက ကျိုက္ကော်မှာနေတဲ့ ဒေါ်သီသီဦးရဲ့မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ရင်း…ဦးဘအောင်နဲ့ဒေါ်စိမ်းရဲ့ ဒူးရင်းခြံမှာ သွားခိုအောင်းပြီး… ဇေယျာဦးကို မွေးခဲ့တာပဲ… ရှစ်လကျော်ကိုးလနီးပါး ခိုအောင်းပြီး မွေးခဲ့တာလေ… ဦးဘအောင်နဲ့ ဒေါ်စိမ်းက သီသီဦး မိဘလက်ထက်ကတည်းက သိပ်ခင်မင်ရင်းနှီးခဲ့တဲ့ မိတ်ဆွေအရင်းတွေတဲ့… ”

“ဇေယျာဦးလေးကို မွေးပြီး… သူတို့ညီအစ်မ မြို့ကိုပြန်လာတာ… ရီရီလတ်က သူ့ကလေးလို့ ကြေညာတယ်… အများအမြင်ကလည်း ရီရီလတ်ကမွေးတဲ့ ကလေးလို့ပဲ ယုံကြည်ကြတယ်… အဲ… ကိုတေဇကတော့ သံသယတွေနဲ့ ဇေယျာဦးဟာ ကိုခိုင်မင်းနဲ့ ရီရီလတ်ရတဲ့သားလို့ ခုချိန်ထိ သံသယဖြစ်တုန်းပဲ… ”

“သြော်… သြော်… ဒါကြောင့် ဇေယျာဦးရဲ့နာမည်ကို ဒေါ်သီသီဦး နာမည်ရဲ့နောက်ဆုံးအလုံး “ဦး”ထည့်ပြီး… ဇေယျာဦးလို့ မှည့်ပေးခဲ့တာကိုး… ”

ဟု ကိုသူရက မှတ်ချက်စကား ဆိုပါ၏။

“ဒေါ်သီသီဦးနဲ့ ဒေါ်ရီရီလတ် ညီအစ်မလုပ်သွားပုံက သိပ်ကို ပိရိတာပဲနော် ဆရာ… ”

“ဒါတောင် ရာနှုန်းပြည့် မပိရိဘူးလို့ ပြောရမယ် မောင်သူရ… ဘာလို့လဲဆိုတော့ ဇေယျာဦးဟာ ရီရီလတ်မွေးတာ မဟုတ်ဘဲ… ဒေါ်သီသီဦးက မွေးတယ်ဆိုတာကို ညီမအငယ်ဆုံး စီစီထွေးက သိတယ်… ဒါကြောင့်လည်း



ဒေါ်သီသီဦးဟာ အခုလို အသေဆိုးနဲ့သေရတာ… ”

“အဲဒါကို ဆက်ရှင်းပြပါ ဆရာ… အဲဒါ ဘာကိုဆိုလိုတာလဲ… ”

“အန်ကယ် ဆိုလိုတာက ဒေါ်သီသီဦး ချမ်းသာကြွယ်ဝသမျှတွေကို အမွေဆက်ခံရမဲ့ အမွေကိစ္စပဲ… အခု အန်ကယ်ပြောနေတာတွေဟာ တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်တွေဆိုတာကို အခုဘီးလင်းမှာ ရောက်နေတဲ့ ဦးဘအောင်ဆိုတဲ့လူက ညနေပိုင်းကျရင် မြို့ကိုလာပြီး မောင်သူရဆီမှာ တရားဝင်ထွက်ဆိုချက် အသေးစိတ်… ကိုယ်တိုင်ကိုယ်ကျ လာပေးမှာပါ… ဦးဘအောင်ဟာ ဒေါ်သီသီဦးရဲ့ အမှုမှာ ခိုင်မာတဲ့ သက်သေတစ်ခုဖြစ်လာမယ် မောင်သူရ… ”

“ဒါဆိုရင် ဒေါ်သီသီဦး သေဆုံးမှုမှာ ဇေယျာဦး မဖြစ်နိုင်ဘူးလို့ ယူဆနိုင်လို့လား ဆရာ… ဒေါ်သီသီဦးဟာ သူ့မိခင်အရင်းဖြစ်နေတာကြောင့်လေ… ”

ဦးမင်းအောင်က ခေါင်းခါပြသည်။

“ဇေယျာဦးအနေနဲ့ အခုအချိန်ထိ ဒေါ်သီသီဦးဟာ သူ့ရဲ့ မွေးမိခင်ဆိုတာ မသိသေးဘူး… အဒေါ်အရင်းလို့သာ မှတ်ယူနေတာ… အဲဒီတော့ ဒီသက်သေတစ်ခုတည်းနဲ့ ဇေယျာဦး မသတ်ပါဘူးဆိုတာ ဥပဒေအရတော့ မခိုင်မာသေးဘူး… အန်ကယ် ဆက်ပြောပြတာကို ဆက်နားထောင်ကြည့်ပါ မောင်သူရ… ”

www.burmeseclassic.com

www.burmeseclassic.com



"အခုလောက် သိလာရတော့... ကျွန်တော် ကိုယ်တိုင်ရှာဖွေတွေ့ရှိထားတဲ့ ကွင်းဆက်နဲ့ဆက်စပ်ပြီး အမှုအခြေအနေကို ရိပ်မိတန်သလောက် ရိပ်မိနေပါပြီ ဆရာ... ဒါပေမဲ့ ဆရာဆက်ပြောပြပါ... ဆရာပြောတာနဲ့ ကျွန်တော်စဉ်းစားမိထားတဲ့ ကွင်းဆက်အထောက်အထားတွေနဲ့ ကိုက်မကိုက်... ပြန်ညှိလို့ရအောင်ပါ ဆရာ... "

ဦးမင်းအောင်က ဆက်ပြောပြသည်။

"ဒေါ်သီသီဦးရဲ့ဘဝဟာ သူမွေးထားတဲ့ သားကိုတောင် သူ့သားပါလို့ မဖော်ထုတ်ရဲတဲ့ဘဝမို့... ရင်နာနေရှာမှာပဲ... သူ့သားလေး ဇေယျာဦးကို အချိန်တိုင်း အရွယ်တိုင်းမှာ သနားနေမယ်... နောက်တစ်ချက်က ဒေါ်ကြာဖံကို အန်ကယ် သွားမေးတော့... ဒေါ်သီသီဦးနဲ့ ဇေယျာဦးဟာ အပြန်အလှန် ဘယ်လောက်ချစ်ကြတယ်... ယုယကြတယ်... ကြင်နာကြတယ်ဆိုတာ ဒေါ်ကြာဖံက သူ့ မြင်သူ့အတွေ့ သူ့အကြားနဲ့ ပြောပြတာဟာ... ဇေယျာဦးအနေနဲ့ အမေရင်းမှန်းမသိပေမဲ့... သွေးကစကားပြောပြီး သူ့အမေရင်း ဒေါ်သီသီဦးကို ပြန်ချစ်တဲ့နေရာမှာ သားက အမေကိုပြန်ချစ်တဲ့ပုံစံတွေ ပေါ်လွင်နေတယ်... "

ဦးမင်းအောင်က ဒေါ်ကြာဖံနှင့် သွားတွေ့ခဲ့သည်မှအစ ဒေါ်ကြာဖံ ပြောပြသမျှကို ကိုသူရအား တစ်လုံးမကျန်ပြောပြလိုက်သည်။



"ဒေါ်သီသီဦးဟာ... အမြင်ကျယ်တဲ့ အမျိုးသမီးပဲမောင်သူရ... သူ ချမ်းသာသမျှ သူ့သားအရင်း ဇေယျာဦးသာ အမွေဆက်ခံစေချင်တဲ့ မိခင်စိတ်ရှိနေမှာပေါ့... ဒါပေမဲ့ ဇေယျာဦးဟာ အများအမြင်မှာ ဒေါ်ရီရီလတ်နဲ့ ဦးတေဇရဲ့သားဖြစ်နေတယ်... ဒေါ်သီသီဦးဟာ အဒေါ်ပဲဖြစ်နေတယ်... အဲဒါဆိုရင် အမွေဆက်ခံရေးမှာ ညီမအငယ်ဆုံး စီစီထွေးသာ ဆက်ခံခွင့်ရှိနေတယ်... ဒီတော့ဒေါ်သီသီဦးဟာ သူ့အမွေတွေ သူ့သားအရင်း ဇေယျာဦးဆက်ခံခွင့်ရစေဖို့ စီစဉ်တယ်... ပဌာမအနေနဲ့ သူ့ညီမစီစီထွေးရယ်... ဇေယျာဦးရယ်ကို ခေါ်ယူပြီး... သုံးပွင့်ဆိုင်အမွေဆက်ခံရေး ညှိနှိုင်းဖို့ ဖုန်းဆက်ခေါ်ရာမှာ စီစီထွေးအိမ်မှာက ဖုန်းရှိတော့ ခေါ်ဖို့လွယ်တယ်... ကိုတေဇအိမ်မှာ ဖုန်းမရှိဘူး... ဒီတော့ ဇေယျာဦးကို လူလွှတ်ပြီးခေါ်ခိုင်းရမယ်... နောက်တစ်ချက်က အဲဒီနေ့... အဲဒီအချိန်မှာ ဇေယျာဦးဟာ အချိန်ညနေပိုင်းမှာ အန်ကယ့်သမီးနွေးနဲ့ ခိုးပြေးကြဖို့ နှစ်ယောက်ချိန်းဆိုထားပြီးသား ဖြစ်နေတယ်... ဒီတော့ ဒေါ်သီသီဦးက ဇေယျာဦးကို အခေါ်လွှတ်လိုက်တဲ့လူဟာ ဇေယျာဦးကို လိုက်ရှာရတာ အချိန်တွေပိုကြာသွားမယ်... ဒီတော့ ဒေါ်သီသီဦးရဲ့အိမ်ကို ဖုန်းဆက်ဆက်ချင်း စီစီထွေးက ဇေယျာဦးထက် အချိန်တွေပိုစောပြီး ရောက်နေနိုင်မယ်... ဇေယျာဦးကတော့ စီစီ

www.burmeseclassic.com



ထွေးထက် တော်တော်နောက်ကျပြီးမှ ရောက်လာနိုင်တာ ကို အလေးအနက်တင်ပြတာပါ… အဲဒါကို မောင်သူရ လက်ခံရဲ့လား…”

“လက်ခံပါတယ် ဆရာ…”

“စီစီထွေးဟာ ကားမမောင်းတတ်ဘူး… သူတို့လင်မယား မှာ ဖင်မလီယာကားပြာတစ်စီးရှိတယ်… ဒီတော့ စီစီထွေး သွားချင်တဲ့နေရာကို သူ့ယောကျ်ား ကိုသက်ဇင်က ကား လိုက်မောင်းပို့ပေးရမယ်… ဒီတော့ ဒေါ်သီသီဦးရဲ့အိမ်ကို ကိုသက်ဇင်ပါ ပါလာမယ်… အဲ… ဆရာဝန်ရဲ့ဆေးစာမှတ် ချက်နဲ့ တိုက်ဆိုင်ကြည့်ရင်… စီစီထွေးဟာ ဒေါ်သီသီဦး အိမ်ကို မိနစ်လေးဆယ်စောပြီး ရောက်နေမယ်… အဲဒါ ကို ထောက်ခံတဲ့အချက်က ဒေါ်ကြာဖြူရဲ့ပြောပြချက်ပဲ… အဲဒီနေ့က မာလီနဲ့ ဒရိုင်ဘာ အစောကြီးပြန်ပေမဲ့… ဒေါ်ကြာဖြူက ဝက်သားအိုး နူးတဲ့အထိ စောင့်ရလို့ အပြန် နောက်ကျတယ်… ဒေါ်ကြာဖြူ ပြန်တဲ့အချိန်မှာ ဒေါ်သီသီ ဦးရဲ့ခြံထဲကို စီစီထွေးရဲ့ကားမောင်းဝင်လာတာကို… ဒေါ်ကြာဖြူ လှမ်းမြင်တယ်… စီစီထွေးကို သူ့ကားပေါ်မှာ လှမ်းမြင်ရပေမဲ့… အခြားဘယ်သူတွေပါသလဲဆိုတာ တော့ ဒေါ်ကြာဖြူက မမြင်ရဘူးတဲ့…”

“ဟုတ်ပါပြီ ဆရာ… ကျွန်တော် တဖြည်းဖြည်းမြင်လာပါ ပြီ…”



“စီစီထွေး ရောက်လာချိန်မှာ ညီအစ်မနှစ်ယောက် သီးသန့် ပြောမှာမို့ ကိုသက်ဇင်က အပြင် သူ့ကားမှာပဲစောင့်နေ သလား… ဒါမှမဟုတ်… အထဲအထိလိုက်သွားသလားဆို တာကတော့ မသိဘူးပေါ့… အဲ… ဒေါ်သီသီဦးကတော့ သူ့ညီမ စီစီထွေးကို အမွေကိစ္စပြောလိမ့်မယ်… ဒေယျာဦး ဟာ သူမွေးတဲ့သားအရင်းမှန်းလည်း စီစီထွေးက သိပြီး သား ဖြစ်နေတယ်… ဒီတော့ ဒေယျာဦးကို အမွေပေးချင် ကြောင်း… ဒေါ်သီသီဦးက ပြောပေမဲ့… နောက်ပြီး ဒေယျာဦးကို အိမ်ထောင်ချပေးပြီး သူ့လုပ်ငန်းတွေ လွှဲ ပေးချင်ကြောင်းလည်း ပြောမယ်လို့ အနက်ကယ် ယူဆ တယ်…”

“ဒေါ်သီသီဦးက ဒေယျာဦးကို အမွေတွေပေးမယ်ဆိုတာ ကို စီစီထွေးက ဘယ်နည်းနဲ့မှ မကျေနပ်နိုင်ဘူးပေါ့… ဒေါ်သီသီဦးအနေနဲ့ သူပိုင်ပစ္စည်းတွေမှာ တရားဝင် သူ လုပ်နိုင်တာတွေ အများကြီးရှိတာပဲ… နောက်ဆုံး ဒေါ်သီသီဦးက ဒေယျာဦးကို တရားဝင်အမွေစား အမွေခံ သားအဖြစ် မွေးစားမယ်ဆိုတောင် ဒေယျာဦးမှာ အမွေ ဆက်ခံပိုင်ခွင့် တရားဥပဒေဘောင်ဝင်ခံစားနိုင်တာပဲ…”

“ဒီနေရာမှာ မောင်သူရ စဉ်းစားပေတော့… တကယ်လို့ သာ ဒေါ်သီသီဦး ဒေယျာဦးဟာ သူ့သားအရင်းဖြစ် ကြောင်း… ဦးဘအောင်တို့ကို သက်သေပြပြီး…

www.burmeseclassic.com



အထောက်အထားအပြည့်အစုံနဲ့ ကြေညာရင် ဖြစ်ဖြစ်… အမွေစား အမွေခံသားအဖြစ် စာချုပ်စာတမ်းနဲ့ မွေးစားလိုက်သည်ပဲဖြစ်ဖြစ်… လုပ်ဆောင်မယ်ဆိုရင် အမွေဟာ ဓေယျာဦးပဲ ပိုင်ဆိုင်ခွင့် ဆက်ခံခွင့်ရသွားမယ်… ”

“အဲဒီတော့… အဲဒီလို ဒေါ်သီသီဦး ဘာမှမလုပ်ရသေးခင် ဒေါ်သီသီးဦး သေသွားရင်… စီစီထွေးသာလျှင် ဆက်ခံခွင့်ရမယ် မဟုတ်လား… ဒီတော့ လက်ငင်း ဒေါ်သီသီဦး သေသွားဖို့ အဓိကဖြစ်လာတယ်… ”

“ဟုတ်တယ် ဆရာ… အဲဒီအချိန်မှာ အိမ်မှာဘယ်သူမှလည်း မရှိဘူး… စီစီထွေး လင်မယားနဲ့… ဒေါ်သီသီဦး သုံးယောက်သာရှိတဲ့အချိန် ဖြစ်နေတယ်… အဲဒီအချိန်မှာ စီစီထွေးက မခံမရပ်နိုင်ဖြစ်ပြီး… အစ်မနဲ့ခွန်းကြီးခွန်းငယ် စကားများ သတ်ပုတ်ရင်း… ဒေါ်သီသီဦး လဲကျမယ်… ဦးခေါင်းနဲ့ စားပွဲစွန်းရိုက်မိပြီး ခေါင်းကွဲအုပ်ဆက်ပြတ်သေဆုံးသွားတာ ဖြစ်နိုင်တယ်… ”

“အဲဒါကျတော့ မောင်သူရရဲ့အပိုင်းကဏ္ဍဖြစ်သွားပြီ… မောင်သူရက ဒီအမှုကိုင်ထားတဲ့ ရဲအရာရှိအိုင်အိုပဲ… ”

“ဒါဆို ပြောလက်စနဲ့ ယွန်းသေတ္တာကိစ္စရယ်… ဓေယျာဦး ထွက်ပြေးတဲ့ကိစ္စရယ်… အဲဒီနှစ်ခုကို ဆက်စပ်ပြီး ပြောပြပါ ဆရာ… ”

“မတော်တဆဘဲဖြစ်ဖြစ်… တမင်လုပ်လိုက်တာပဲဖြစ်ဖြစ်



ဒေါ်သီသီဦး သေဆုံးသွားပြီလေ… မကြာခင် အတော အတွင်းမှာလည်း ဒီအိမ်ကို ဓေယျာဦး ရောက်လာလိမ့်မယ်ဆိုတာ သူတို့လင်မယားသိထားတယ်… ဒီတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်… ဒေါ်သီသီဦး သေဆုံးတာကို ဓေယျာဦးပေါ် ပုံချနိုင်ရင် သူတို့လင်မယားလည်း ဒီအမှုက လွတ်သွားမယ်… အမွေတွေလည်း စီစီထွေးပဲ ရမယ်ဆိုတာ တွေးမိမယ်… အဲဒီမှာတင် သူတို့ထောင်ချောက်ဆင်ကြမယ်… သူတို့ ပထမဆင်တဲ့အကွက်က ဓေယျာဦး ဒီအိမ်ရောက်လာပြီး… မမဦးအလစ်မှာ ရတနာယွန်းသေတ္တာကို ခိုးတယ်… ဒေါ်သီသီဦးက သူခိုးတာမိသွားတော့… ယွန်းသေတ္တာကို ပြန်လုတယ်… မိသွားပြီး အတူတူ ဓေယျာဦးက ပြန်မပေးတော့ဘဲ အတင်းလုရင်း ဒေါ်သီသီဦးကို လက်လွှန်သွားတယ်… ဒါမှမဟုတ်… လုရင်း ဒေါ်သီသီဦးကို သူ့အင်အားနဲ့တွန်းပစ်လို့ ဒေါ်သီသီဦး လဲကျရာမှာ စားပွဲစွန်းနဲ့ ဦးခေါင်းရိုက်မိပြီး အုပ်ဆက်ပြတ်သေသွားတယ်ဆိုတဲ့ အကွက်ကိုဆင်ပြီး… စီစီထွေးက ဒေါ်သီသီဦး သိမ်းထားတဲ့ရတနာယွန်းသေတ္တာ သိမ်းထားတဲ့နေရာကိုသိပြီး… လင်မယားနှစ်ယောက် ယွန်းသေတ္တာကို သွားယူတယ်… ”

“ဒုတိယဆင်တဲ့အကွက်က အန်ကယ့်ဆီကို ဒေါ်သီသီဦးက ငိုရှိုက်ပြီး ဖုန်းနဲ့ခေါ်သလို… ဒေါ်သီသီဦး လေသံဟန်ပန်နဲ့

www.burmeseclassic.com

www.burmeseclassic.com



စီစီထွေးက ဒီအိမ်က ဖုန်းနဲ့ပဲ ဆက်ခေါ်တယ်… ”
“စီစီထွေးဟာ အဲဒီလောက်ဉာဏ်ရှိတဲ့ မိန်းမဖြစ်နိုင်မှ မလား ဆရာ… သူကြည့်ရတာ ပေးလား ဝါးလားနဲ့… ပေါ့တီးပေါ့ဆ ပုံစံမျိုးပါ… ”
“စီစီထွေးက အဲဒီလောက် ဉာဏ်မသွားတောင်… ကိုသက်ဇင် ဉာဏ်သွားတဲ့လူပဲ… စီစီထွေးဟာ ငိုသံပါကြီးနဲ့ ငိုရှိုက်ပြီး ဒေါ်သီသီဦး လေသံအတိုင်း ဆက်နိုင်တာကိုပဲ ကြည့်ပေါ့… အန်ကယ် ကိုယ်တိုင်တောင် ငိုရှိုက်သံကြီးနဲ့ပြောတာ… ဒေါ်သီသီဦးလို့ ယုံလိုက်မိသေးတာပဲ… ဒီနောက် ဦးနှောက်အေးအေး… ခေါင်းအေးအေးနဲ့ စဉ်းစားတွက်ဆပြီး အလေးအနက်စဉ်းစားမှ… အန်ကယ့်ကို ဖုန်းခေါ်ချိန်မှာ ဒေါ်သီသီဦး သေနေပြီးသားဖြစ်နေပြီကို နာရီတွေ မိနစ်တွေတွက်ပြီးမှ စဉ်းစားမိတာ မောင်သူရ… ဒါကြောင့် မောင်သူရကို ဖုန်းရုံးမှာ စုံစမ်းပေးပါလို့ အန်ကယ်ခိုင်းခဲ့တာပေါ့… အန်ကယ့်ဆီကို ဖုန်းဆက်ပြီးတဲ့နောက်… ယွန်းသေတ္တာကို လင်မယားနှစ်ယောက်ယူခဲ့ပြီး သူတို့ဖင်မလီကားလေးနဲ့ ပြန်လာမယ်… တစ်နေရာက ချောင်းပြီး… ဖေယျာဦးအလာကို စောင့်မယ်… ဖေယျာဦး ပါပလစ်ကားကားနဲ့ရောက်လာပြီး ကားကို ခြံထဲမှာရပ်ခဲ့မယ်… အိမ်ထဲကို ဖေယျာဦးဝင်သွားမယ်… အဲဒီတော့မှ သူတို့လင်မယားက ယွန်းသေတ္တာကို ပါပလစ်ကာကားရဲ့ ဒက်[illegible]



ဘုတ်အံ့ထဲမှာ ထည့်ပြီး အဖုံးကို ပြန်ပိတ်ထားခဲ့မယ်… အဲဒီနောက် သူတို့လင်မယားပြန်လစ်ပြေးမယ်… စီစီထွေးက တစ်နေရာရာမှာ နေခဲ့ပြီး… ဦးသက်ဇင်က သူ့ကားနဲ့ ပြန်မောင်းလာမယ်… အဲဒီအချိန်မှာ အန်ကယ်က လင်းရိုဟန့်ရောက်လာတာဖြစ်မယ်… အဲဒီတော့မှ ကိုသက်ဇင် သူ့ကားအပြာပေါ်က ဆင်းလာတာနဲ့သွားတိုးအောင် အကွက်ဆင်ထားတာပဲ ဖြစ်မယ်… ”

ကိုသူရ ထပ်မံခေါင်းညိတ်ပြပြန်သည်။

“ဒါဆို… အခု ယွန်းသေတ္တာပေါ်မှာ တွေ့တဲ့အမည်မဖော်နိုင်သေးတဲ့ လက်ဗွေပုံစံနံပတ် သုံးနဲ့လေးဟာ ဒေါ်စီစီထွေးနဲ့ ဦးသက်ဇင်ရဲ့ လက်ဗွေပုံစံတွေဖြစ်နိုင်တာပေါ့ ဆရာ… ”

“အဲဒီလက်ဗွေပုံစံ နှစ်ခုလုံးဟာ ကိုသက်ဇင်နဲ့ စီစီထွေး လက်ဗွေပုံစံတွေဖြစ်နေတာ အမှန်ဆိုရင်တော့… အမှုက ရှင်းသွားပြီပေါ့ မောင်သူရ… သက်သေအထောက်အထား ပြည့်စုံနိုင်မှာပြီပေါ့… ”

ဘီးလင်းက ဦးဘအောင် သက်သေ…

ဒေါ်ကြာဇံ သက်သေ…

ယွန်းသေတ္တာပေါ်က သူတို့လင်မယား လက်ဗွေ

ဒီထက်လိုအပ်သေးရင် ဒေါ်သီသီဦး ဖေယျာဦးကို

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားစဉ်က မွေးဖွားပေးခဲ့တဲ့ ဝမ်းဆွဲဆရာမ သက်သေကို ဦးဘအောင်က ခေါ်ပေးနိုင်သေးတယ်။

"ဟုတ်ပြီ ဆရာ... ကျွန်တော် ဦးသက်ဇင်နဲ့ ဒေါ်စီစီထွေးရဲ့လက်ဗွေပုံစံကို တရားဝင်ရယူမယ်... ယွန်းသေတ္တာပေါ်က နံပတ်သုံးလေးလက်ဗွေပုံစံ နှစ်ခုနဲ့တိုက်ကြည့်မယ်... သူတို့လင်မယား လက်ဗွေပုံစံဆိုရင် သူတို့နှစ်ယောက်လုံးကို ဒေါ်သီသီဦး အမှုနဲ့ဖမ်းလိုက်မယ်... အဲ... တကယ်လို့များ ယွန်းသေတ္တာပေါ်ကရရှိတဲ့ နံပတ်သုံးနဲ့လေးလက်ဗွေပုံစံဟာ... သူတို့လင်မယားလက်ဗွေပုံစံမဟုတ်ဘဲ... ဓေယျာဦးနဲ့ နွေးနွေးအောင်ရဲ့လက်ဗွေပုံစံဖြစ်နေတယ်ဆိုရင်ကော ဆရာ... "

"ဖြစ်နေတယ်ဆိုရင် ဓေယျာဦးနဲ့ နွေးတို့ ဖမ်းစေသတည်းပဲပေါ့ မောင်သူရ... "

"ရှင်းပါပြီ ဆရာ... အခုပဲ လုပ်စရာရှိတာတွေကို ကျွန်တော် ဆက်လုပ်မယ်... ဒါထက်... ဆရာကော ဘာဆက်လုပ်ဦးမလဲ ဆရာ... "

"အင်း... အန်ကယ်ကတော့ ဓေယျာဦးနဲ့ သမီးလေးကို လိုက်ရှာရမှာပေါ့... "

"မလွယ်တော့ဘူး ထင်တယ် ဆရာ... သူတို့စခန်းသာကဦးဖြိုးကို ခေါ်သွားတဲ့ညကပဲ မြို့ဟောင်းကို ရောက်မယ်... မြို့ဟောင်းကတစ်ဆင့်... မီးရထားနဲ့ဖြစ်ဖြစ်... မော်တော်ကားနဲ့ဖြစ်ဖြစ်... အဝေးကို လွင့်လောက်ပြီပေါ့ ဆရာ"



"အန်ကယ်ရဲ့ယူဆချက်နဲ့ တွက်ဆချက် မှားချင်မှားမယ်ပေါ့ မောင်သူရ... ဓေယျာဦးနဲ့ သမီးနွေးက အဝေးကြီးကို ထွက်ပြေးကြမယ်လို့ အန်ကယ် မတွက်ဘူး... မယူဆဘူး... မြို့ဟောင်းကို ခြေရောင်ပြတယ်... မြို့ဟောင်းကတစ်ဆင့် အဝေးကိုပြေးကြပြီလို့ ထင်မှတ်စေတယ်... အဲဒါကို ဓေယျာဦးက ပြောပြန် ဒီဘက်ကို ပြန်ကပ်လိမ့်မယ်လို့ အန်ကယ် ယူဆတယ်... မြိုင်ကုန်းသစ်တဲတောတန်းမှာ ဖြစ်ဖြစ်... သရက်တောဥယျာဉ်အိမ်လေးမှာဖြစ်ဖြစ်... ပြန်ခိုလိမ့်မယ်လို့ တွက်တယ်... သရက်တောဘက်ကို ကူးခဲ့တဲ့ သူ့ပါပလစ်ကာကားကို ရဲကတွေ့ရှိသိမ်းသွားလောက်ပြီလို့ သူ သိနိုင်တယ်... အန်ကယ်တို့ ငယ်စဉ်က တူတူပုန်းတမ်း ကစားကြသလိုပေါ့... ပုန်းတဲ့သူ ပုန်းတဲ့နေရာကို လိုက်ရှာသူက လိုက်ရှာပြီးသွားရင်... နောက်ထပ် ဒီနေရာကို ထပ်ပြီး ရှာလေ့မရှိတော့တဲ့ သဘောကို ဓေယျာဦး သဘောပေါက်ထားမယ်... ဒါကြောင့် မြိုင်ကုန်းတောတန်းသစ်တဲနဲ့သရက်တောဥယျာဉ်အိမ်မှာ ပြန်ခိုနိုင်တယ်"

"ဖြစ်နိုင်ပါတယ် ဆရာ... ဒါဆိုရင် ကျွန်တော်လည်း ဆရာနဲ့အတူ လိုက်ခဲ့မယ်... "

ဦးမင်းအောင်ပြင်းထန်စွာ ခေါင်းခါပြီး ငြင်းလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်သူရဲ့နည်းနဲ့ပဲ မောင်သူရ ရှာစေချင်တယ်… အန်ကယ်နဲ့တော့ မယှိုက်စေချင်ဘူး… ဘာလို့လဲဆိုတော့… ပထမအချက်က ရဲနဲ့အတူ အန်ကယ်လာတာတွေ့ရင် သူတို့ကို ဖမ်းဖို့ အန်ကယ်က ရဲနဲ့ပူးပေါင်းလာဖမ်းတာလို့ ထင်သွားမယ်… အဲဒီလို အန်ကယ် အထင်မခံနိုင်ဘူး…"

"ဒုတိယအချက်က သူက ကျားနာဖြစ်နေပြီ… ရဲတွေ သူ့ကိုဖမ်းတာနဲ့ သူ ပြန်ခုခံနိုင်တယ်… အန်ကယ် ဆိုရင်တော့ သာမန်အရပ်သားလည်း ဖြစ်တယ်… နွေးရဲ့အဖေလည်း ဖြစ်နေတာမို့… အတွေ့ခံမယ်ထင်တယ်… အတွေ့ခံတာနဲ့ အခုဖြစ်ရပ်တွေအားလုံး အန်ကယ် ပြောပြ ရှင်းပြရင်… သူ လက်ခံပြီး ပြန်လိုက်လာဖို့ အန်ကယ် မျှော်လင့်ထားတယ်…"

"စိတ်ချရပါ့မလား ဆရာ…"

"အန်ကယ့်အတွက် မပူပါနဲ့ မောင်သူရ… အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်…မောင်သူရသာ ကိုသက်ခင်နဲ့ စီစီထွေးရဲ့ လက်ဗွေပုံစံကို ရအောင်ယူထားပါ…"

"စိတ်ချ ဆရာ… သူတို့လက်ဗွေပုံစံ ရယူပြီး လက်ဗွေဌာနကို ပို့မယ်… ဆရာကော အဖော်ခေါ်မသွားဘူးလား ဆရာ…"

"ဟောဒီ ဦးဖေညွန့်ဟာ အန်ကယ့်အတွက် အကောင်းဆုံး အဖော်ပေါ့… ဒေါ်သီသီဦးရဲ့ နောက်ကြောင်းတွေ ရှာဖော်



တွေ့ သွားစုံစမ်းနေရာမှာ ဦးဖေညွန့်က အန်ကယ့်ကို အများဆုံး အထောက်အကူပြုခဲ့တာပဲ…"

ငြိမ်ချိထိုင်နေသော ဦးဖေညွန့်အား ကိုသူရက လေးစားသော အကြည့်ဖြင့် ကြည့်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"မုန်းတယ်… အဲဒီလို ရက်စက်ချင်တဲ့စိတ်ကိုပဲ မုန်းတာ သိလား… "

မျက်နှာလက်ဝါးအုပ် ငိုချလိုက်သော နွေးကို ဇေယျာဦးသည် မတုန်မလှုပ် ထိုင်လျက်သာ ကြည့်နေမိသည်။

ဇေယျာဦး ကြောင်ငေးငေးကြီး ဖြစ်နေပါ၏။ စိတ်တအားထိခိုက်သူတို့သည် စကားလည်း မပြော။ မျက်ရည်လည်း မကျတော့ဘဲ ယခုလိုပင် ကြောင်ငေးငေးကြီး ဖြစ်သွားတတ်သည်။

သူ့ဘဝတွင် မိခင်သဖွယ် အားအကိုးရဆုံးနှင့် အချစ်ရဆုံး အန်တီဦးအား သူကပင် သတ်သလိုအထင်ခံရခြင်းသည် ပြင်းထန်စွာ စိတ်ထိခိုက်ခဲ့ရလေပြီ။ ယခုတစ်ခါ မိမိချစ်သူ



အချစ်ဆုံး နွေးက မုန်းတယ်ဟူသော စကားလုံးသည် ဇေယျာဦး ရင်ထဲတွင် အထိခိုက်ဆုံး ခံစားရပြန်သည်။

မတုန်မလှုပ် ငြိမ်ချက်သားကောင်းလှသော ကိုဦးအား နွေးက မျက်နှာအုပ်ထားသောလက်ချောင်းလေးတွေကြားမှ ကြည့်လိုက်သည်။

ကိုဦးသည် ကြောင်ငေးငေးကြီး တစ်နေရာတည်းကို စိုက်ကြည့်နေရာမှ သူ၏ဓားကိုင်လက်ကို တဖြည်းဖြည်း မြှောက်ပြီး ဓားဦးချွန်ကို သူ၏လက်ဝဲရင်အုံသို့ တေ့ထောက်လိုက်သည်။

"ဟင်… ကိုဦး… ကိုဦး ဒီလိုမလုပ်နဲ့… "

နွေးသည် ဖျတ်ခနဲ ဇေယျာဦး ဓားကိုင်လက်ကို အတင်းပြန်ဆွဲချကာ သူမ၏ကိုယ်လုံးလေးတစ်ခုလုံး ကိုဦး၏ ရင်ခွင်ထဲ ပစ်သွင်းကာ သည်းထန်စွာ ငိုကြွေးပြန်သည်။ ငိုကြွေးရင်း ကိုဦး၏ဓားကိုင် လက်ကိုလည်း အတင်းဆွဲချဆုပ်ကိုင်ထားသည်။

ဤသည်ပင် နွေးက ကိုဦးအား တကယ်ရင်ထဲက မမုန်းနိုင်ကြောင်း ထင်ရှားစေတော့သည်။

ဇေယျာဦးက ဓားကို ဖျာပေါ်တင်ထားလိုက်ပြီး နွေးအား တအားကြီးပြန်ဖက်ထားသည်။

"ကိုယ့်ကို မမုန်းပါနဲ့ နွေး… နွေးနဲ့ကိုယ် ပေါင်းရတာ မပေါင်းရတာ အဓိက ကိုယ်မထားတော့ပါဘူး… နွေးက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုချစ်နေရင် ကိုယ်ကျေနပ်ပါပြီ… နွေးက မုန်းတယ် ဆိုရင်တော့ ကိုယ် ရွေးချယ်စရာဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲ နွေး…”

“ဟင့်အင်း… ကိုဦး မသေရဘူး… တကယ်တမ်းကျတော့ နွေး ကိုဦးကို မမုန်းနိုင်ဘူး… ချစ်နေတာပဲ…”

“အို… နွေးလေးရယ်…”

နှစ်ဦးသား အပြန်အလှန်ဖက်ထားကြပါ၏။

စက်ဆုတ်ခြင်းသည် မုန်းတီးခြင်း မဟုတ်။

နွေးက ဦးဖြူအပေါ် ကိုဦး ပြုမူပုံများကို စက်ဆုတ်ခြင်းသာ ဖြစ်သည်။ မုန်းခြင်း မဟုတ်ပါလေ။

ထိုစဉ်မှာပင် ခြံထဲသို့ ကားတစ်စီး မောင်းသည့် အင်ဂျင်သံကြားသဖြင့် နှစ်ယောက်စလုံး လှမ်းကြည့်ကြသည်။

“ဟင်… ဖေဖေ့ရဲ့လင်းရိုပါပဲ ကိုဦး…”

ဖျတ်ခနဲ ဖေယျာဦးက နွေးလက်မောင်းကိုဆွဲခေါ်ကာ နောက်ဖေးပေါက်မှ ထွက်ပြေးကြရန် ဖြစ်သည်။ နွေးက ရုန်းထွက်သည်။ နွေးက မလိုက်လိုသောသဘောပြခြင်း ဖြစ်ပေသည်။

ဖေယျာဦးသည် နွေးကိုလွှတ်လိုက်ကာ မျက်ရည်တွေဝဲပြီး စိုက်ကြည့်သည်။ ပြီး… ဖျာပေါ်မှ ဓားကို ကောက်ယူလိုက်သည်။



“နေခဲ့ပေတော့ နွေး…ကိုယ့်ဘဝက မထူးတော့ဘူးလေ… ဘယ်သူမှ ကိုယ့်ကို အရှင်ဖမ်းလို့မရစေရဘူး… သူတို့ရရင် ကိုယ့်အလောင်းကိုပဲ ရမယ်… သွားပြီ နွေး… ဒီဘဝ မဟုတ်ရင် နောင်ဘဝပေါ့…”

ပြောပြောဆိုဆို မီးဖိုဘက်သို့ ဖေယျာဦး စွတ်ပြေးသည်။ နောက်ဖေးမီးဖိုတံခါးမှ အပြင်သို့ထွက်ပြေးခြင်း ဖြစ်တော့သည်။

“ကိုဦး… ကိုဦး… နေဦးလေ…”

နောက်မှ နွေး ပြေးလိုက်သည်။ မမီပါလေတော့။ ကိုဦးသည် နောက်ဖေးပေါက်မှ ထွက်ကာ တောတန်းထဲသို့ [illegible] ဝင်သွားသည်။ တောတန်းဟိုဘက်တွင် ကုန်းမြင့်တစ်ခုရှိသည်။ တောတန်းလည်း ထူသည်။

“ကိုဦးရယ်…”

နွေး ငိုရပြန်ပြီ။ ဒီတစ်ချီတော့ ကိုဦးသည် သူတစ်ယောက်တည်း ပြေးသည်မို့ ရမ်းတော့မည်။ ကြမ်းတော့မည်မှန်း နွေး သိသည်။ သူ့အသက်ကို သူ စတေးဖို့ ဝန်လေးတော့မည် မဟုတ်။

“သမီးလေး နွေး…”

“ဖေဖေ…”

မီးဖိုတံခါးပေါက်ဝတွင်ထိုင်ငိုနေသော သမီးနွေးထံ

www.burmeseclassic.com

www.burmeseclassic.com



သို့ ဦးမင်းအောင် ရောက်လာသည်။ ဖခင်ရင်ခွင်ထဲ နွေး ပစ်ဝင်ကာ ငိုရှိုက်ရင်း ပြောသည်။

"ကိုဦးလေ… ကိုဦး ထွက်ပြေးသွားပြီ… အခုတော့ သမီးကို တကယ်စွန့်ခွာသွားပြီ ဖေဖေ… "

"မငိုနဲ့တော့ သမီး… ဘာမှလဲ စိတ်မပူနဲ့တော့… ဒေါ်သိသိဦး သေဆုံးမှုမှာ… မောင်ဦး မပတ်သက်ဘူးဆိုတဲ့ အထောက်အထားတွေ အများကြီးရထားပြီ… အိုင်အိုမောင်သူရကိုယ်တိုင် တရားခံအစစ်နောက်ကိုလိုက်နေပြီ… ဒါကြောင့် ဖေဖေ လိုက်လာတာ… အကျိုးအကြောင်းတွေ ရှင်းပြပြီး သမီးနဲ့ မောင်ဦးကို ပြန်ခေါ်သွားမလို့… ဟော ဒီ ဦးဖေညွန့်ကိုသာ သမီးမေးကြည့်ပေတော့… သမီးနဲ့ ဦးဖေညွန့် ဒီမှာနေခဲ့ကြ… ဖေဖေ မောင်ဦး နောက်လိုက်သွားမယ်… "

နွေး တကယ်ပျော်သွားပါ၏။ ကိုဦးတွင် အပြစ်မရှိ။ တရားခံအစစ် နောက်သို့ အိုင်အိုကလိုက်နေပြီဆိုခြင်းမှာ နွေးအဖို့ အလွန်မင်္ဂလာစကား ဖြစ်ပါ၏။ ကိုဦးမှာ အပြစ်မရှိလျှင် ရှေ့လျှောက် မိမိနှင့် ကိုဦး အတူလက်တွဲလက်ထပ်ဖို့သာ ရှိပါတော့သည်။

သို့သော် ကိုဦးသည် ဖေဖေ့ကို အတွေ့ခံပါမည်တဲ့လား။ ယခုထွက်ပြေးခြင်းကိုသာ ဖေဖေ့ကို အတွေ့မခံလို၍



ပြေးခြင်းဖြစ်နေသည်။ ပြီး… ယခုတစ်ခါ ကိုဦးပြေးခြင်းသည် မိမိကို သံယောဇဉ်ဖြတ်ပြီး သူ့ဘဝကို သေလူအနေနှင့် ပြေးခြင်းဖြစ်နေသည်။

"ဖေဖေနဲ့အတူ နွေးလိုက်မယ်… ကိုဦးဟာ ကျားနာဖြစ်နေပြီ… သူ့ဘဝမှာ မထူးတော့ဘူးဆိုတဲ့စိတ်မျိုးလည်း ရှိနေတယ်… ဒီတော့ နွေး ဖေဖေနဲ့လိုက်ခဲ့မယ်… နွေးကိုတော့ သူ သက်ညှာစိတ် ချစ်ခင်စိတ်အမြဲရှိနေတော့… ဖေဖေ့ကို အန္တရာယ်ပေးမှာ မဟုတ်ဘူး… သူ့လက်ထဲမှာ ဓားလည်း ရှိနေတယ် ဖေဖေ… "

"ဖေဖေ့ရဲ့အတွေ့အကြုံထဲမှာ မောင်ဦးထက် အများကြီးပိုဆိုးတဲ့လူဆိုးကြီးတွေ… ဝရမ်းပြေးတွေကို ဖေဖေ အရှင်ဖမ်းနိုင်ခဲ့တာတွေ အများကြီးပါ… သမီး ဖေဖေ့အတွက် စိတ်ချ… သမီး မလိုက်ပါနဲ့… "

ပြောပြောဆိုဆိုပင် အိမ်လေးထဲ၌ ဦးဖေညွန့်နှင့် နွေးကို ထားခဲ့ပြီး မီးဖိုနောက်ဖေးတံခါးပေါက်မှ တောတန်းဆီသို့ ဦးမင်းအောင် ထွက်သွားသည်။

နွေးက ဖွတ်လိုက်ရန် ခြေလှမ်းပြင်သည်ကို… ဦးဖေညွန့် လှမ်းဆွဲထားသည်။

"နွေးရဲ့ဖေဖေအတွက် စိတ်ချပါ နွေး… ဦးမင်းအောင်တာ ဒီလောက် မကျွမ်းရင် ဒီရာထူးအထိ ဘယ်တက်မလဲ…

www.burmeseclassic.com



ဦးမင်းအောင်ရဲ့အရည်အချင်းကို အန်ကယ်သိပ်ယုံတယ်…
ဖေယျာဦးကို အေးအေးဆေးဆေးခေါ်လာနိုင်မှာပါ…
ကဲ… လာ… အပြင်မှာ ဖြစ်သမျှအကြောင်းတွေ အန်ကယ်
ပြောပြမယ် နေ့း… ”



## အခန်း (၂၀)

ဦးမင်းအောင်သည် ပုန်းလျှိုးကွယ်လျှိုးလိုက်သည်မျိုးမဟုတ်။ ပြောင်ပြောင်တလင်း ထင်ထင်ရှားရှားဖြည်းလေးစွာ လျှောက်ခဲ့ခြင်းမျိုး ဖြစ်သည်။

သို့သော် မျက်စိနှင့် နားကို သေချာအလုပ်ပေးထားသည်။ ဝိုး၍ မြင်အောင် ဝိုး၍ကြားအောင် သတိထားသည်။

တောတန်းမှ တစ်ဆင့် တောင်ကုန်းမြင့်သို့ ဦးမင်းအောင် ဆက်လာခဲ့သည်။ တစ်ဖန် ၎င်းကုန်းမြင့်မှ ဟိုဘက်အဆင့် အင်တောစပ်သို့ရောက်လာသည်။

ဖေယျာဦးသည် ညကလည်း ခြေလျှင် ခရီးမြန်ခဲ့ရသည်။ အိပ်ရေးလည်း ပျက်သည်။ နွေးနှင့် ခွဲခွာခဲ့ရသည်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်း အရမ်းထိခိုက်နေသည့်မို့ ကိုယ်ရော၊ စိတ်ရော အလွန်ပင်ပန်းပြီး အင်ပင်တစ်ပင်ကိုမှီကာ အပန်းဖြေနေသည်။ မျက်စိကို စုံမှိတ်ထားရင်း နွေးနှင့် ခွဲခွာခဲ့ရသည်ကို အရမ်းကြေကွဲနေသည်။

ထိုစဉ်မှာပင် ချွတ်ခနဲ အသံတစ်ခုနှင့်အတူ စီးကရက်မီးခိုးနံ့ရသဖြင့် မှိတ်ထားသော မျက်စိကို ဖွင့်ကြည့်လိုက်သည်။

ဖေယျာဦး ရှေ့တည့်တည့်ကိုးပေဆယ်ပေအကွာတွင် အင်ပင်တစ်ပင်ကိုမှီကာ စီးကရက်သောက်နေသော ဦးမင်းအောင်ကို တွေ့ရသည်။

ဖေယျာဦးက လက်ထဲမှဓားဖြင့် ဦးမင်းအောင်ကို ချိန်ထားလိုက်သည်။

"အန်ကယ်... ကျွန်တော့်ကို တွေ့အောင်လိုက်ရှာနိုင်တာ သိပ်တော်တယ်ပေါ့ ဟုတ်လား... "

"အန်ကယ် သိပ်မတော်ပါဘူး မောင်ဦး... ဒါပေမဲ့ အန်ကယ်ငယ်စဉ်က အမိလိုက်ဝါသနာပါခဲ့တယ်... တော်တော်များများလည်း အမိလိုက်ဖူးတယ်... ဒီတော့ ရှေ့က ပြေးတဲ့သားကောင်ဟာ ဘယ်လိုပြေးပြီး ဘယ်လိုနေရာမျိုးမှာ ခိုအောင်းတတ်တယ်ဆိုတဲ့အထာကို သိနေတယ်...အတွေ့အကြုံအရပေါ့လေ... အန်ကယ် သိပ်တော်လို့ မဟုတ်ပါ



ဘူး... "

"ကျွန်တော် အမိလိုက်တဲ့မုဆိုးတွေကို မနှစ်သက်တတ်ဘူး အန်ကယ်... ကျွန်တော် လက်မလျှော့ခင် အန်ကယ်ပြန်ပါ... "

"အခုလက်ရှိအခြေအနေမှာတော့ အန်ကယ်က မုဆိုးမဟုတ်ဘူးလေ... မောင်ဦးက မုဆိုးဖြစ်နေပြီ... မောင်ဦးလက်ထဲမှာ ဓားရှိတယ်... အန်ကယ့်လက်ထဲမှာ အပ်တစ်ချောင်းတောင် ကိုင်မထားဘူး... အန်ကယ်က သားကောင်ဖြစ်သွားပြီပဲ... "

"ကျွန်တော့်လက်ထဲမှာ ဓားရှိမှန်း သိလျက်နဲ့ အန်ကယ်က ဘာလက်နက်မှ ကိုင်ဆောင်မလာတာဟာ အန်ကယ့်ရဲ့ အမှားပဲ... "

"အန်ကယ် မမှားပါဘူး... အန်ကယ့်မှာ ဘာလက်နက်မှ မပါမှန်း မောင်ဦး သိတာနဲ့... မောင်ဦး ဓားနဲ့ အန်ကယ့်ကို မသတ်ဘူးလို့ ယုံကြည်ထားပြီးသားလေ... "

"အဲဒီလို မယုံကြည်နဲ့ အန်ကယ်... ကျွန်တော် ဘာမဆို အရာခပ်သိမ်းကို စွန့်လွှတ်ခဲ့ပြီး... ကျွန်တော့်ဘဝဟာ အသက်ရှင်နေလည်း မထူးဘူးလို့ ဆုံးဖြတ်ထားတာမို့... ကျွန်တော် မသေခင် ဘာမဆိုလုပ်ရဲတယ်... "

ဦးမင်းအောင်က စီးကရက်ကို ဖွာအားရပါးရ ဖွာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မီးခိုးများကို အေးဆေးစွာပင် မှုတ်ထုတ်သည်။ ပြီး ရှေ့သို့ တစ်လှမ်းချင်း ဖြည်းလေးတည်ငြိမ်အေးဆေးစွာ လှမ်းလာသည်။

"မောင်ဦးရဲ့ ယူဆချက်နဲ့ ဆုံးဖြတ်ချက်တွေကို ပြောင်းလဲလိုက်ပါလို့ အန်ကယ် မတိုက်တွန်းပါဘူး... ဒါပေမယ့် အန်ကယ်ဟာ မင်းရဲ့ချစ်သူ နွေးရဲ့အဖေဆိုတဲ့ စိတ်နဲ့မင်းနောက်ကို ဘာလက်နက်မှမကိုင်ဘဲ ဗလာသက်သက် လိုက်လာတာပါ... ကိုဦးက အန်ကယ့်ကို မသတ်ဘူးဆိုတဲ့ ယုံကြည်စိတ်နဲ့ လိုက်လာတာ မဟုတ်ဘူး... အန်ကယ် လိုက်လာတာဟာ မောင်ဦး မမှားတန်တာ မမှားဖို့... လက်မလွှန်သင့်တာတွေ လက်မလွှန်ဖို့ သတိပေးပြောချင်လို့ လိုက်လာတာပဲ... "

"အန်ကယ် ညာတာ... တကယ်တော့ အန်ကယ့်သမီး နွေး နောက်ကို အန်ကယ်လိုက်တာ... "

"မင်း မှားပြန်ပြီ ကိုဦး... အခု အန်ကယ့်သမီး နွေးကို အန်ကယ် ပြန်တွေ့ပြီပဲ... ခေါ်ပြီး ပြန်ရုံပေါ့... မောင်ဦး နောက်ကို အန်ကယ် လိုက်လာစရာ ဘာရှိမှာလဲ... "

"ဒါဆို... အန်ကယ် အေးအေးဆေးဆေးပြန်ပါတော့... ကျွန်တော့်စိတ်ကို ထိန်းထားနိုင်တုန်း အန်ကယ် ပြန်ပါ... ကျွန်တော် အန်ကယ့်ကို မသတ်ချင်ဘူး... "



ဦးမင်းအောင် ဘာမှပြန်မပြောပေ။ ပြန်မပြောခြင်းသည် သူ၏စကားကို လက်ခံသောကြောင့်ဟု ဓေယျာဦး တွက်သည်။

ဦးမင်းအောင်သည် နှစ်ဦးစလုံး ငြိမ်သက်နေစဉ်မှာပင် စီးကရက်ကိုဖွာပြီး စီးကရက်ကိုင် လက်အောက်ပြန်အချတွင် စီးကရက်တိုလေးသည် ဗိုးခနဲ ဦးမင်းအောင် လက်မှအရှိန်နှင့် ထွက်လာပြီး ဓေယျာဦး၏နဖူးတည့်တည့်ကို ဒက်ခနဲ ထိမှန်သွားတော့သည်။ စီးကရက်မီးသည် ဓေယျာဦးနဖူးကိုထိပြီး မီးများ ဓေယျာဦးမျက်နှာပြင်သို့ ကျရောက်ပူလောင်စေသည်။

"အား... အား... "

မျက်နှာပေါ်သို့ ဖွာကျလာသော မီးပွင့်မီးစများက ပူလောင်သဖြင့် အားအား အော်ရင်း မျက်နှာကိုလက်ဖြင့်ပွတ်ရန် အပြုမှာပင် ဦးမင်းအောင်သည် လွှတ်ခနဲ ဓေယျာဦးအား ခုန်အုပ်လိုက်ပြီး ချက်ချင်း ဓေယျာဦးလက်ထဲမှ ဓားကို အရယူနိုင်လိုက်တော့သည်။

ဓေယျာဦးမှာ ဘယ်လိုမှ မျှော်လင့်မထားသော အန်ကယ်ဦးမင်းအောင်၏ နိုင်ကွက်အရယူသွားသည်ကိုသာ ငေးကြည့်နေမိသည်။

ဝါရင့်သမ္မာရင့် ရဲကြီး၏အတတ်ပညာပါပေ။

ဦးမင်းအောင်က လက်ထဲသို့ ဓားရသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့အိတ်ထဲထည့်လိုက်သည်။

"ကဲ... ထိုင်ကွာ... မောင်ဦး... အန်ကယ်နဲ့ အေးအေးဆေးဆေး စကားပြောရအောင်... မင်းလက်ထဲစားကိုင်ထားတုန်း... အန်ကယ် အခုပြောမဲ့စကားတွေထဲမှာ မင်းမကြိုက်တာပါရင် အန်ကယ့်ကို မောင်ဦးက ထိုးမှာစိုးလို့ မင်းလက်ထဲက ဓားကို အရင်အရယူရတာ... "

ဖေယျာဦး ထိုင်ချလိုက်သည်။ ဦးမင်းအောင်လည်း မျက်နှာချင်းဆိုင် ထိုင်သည်။

ဖေယျာဦးသည် အန်ကယ်ဦးမင်းအောင်၏ အပြုအမူတွေကိုကြည့်ပြီး အန်ကယ်ဦးမင်းအောင်အပေါ်တွင် ယုံကြည်စိတ်လေး သက်ဝင်စရှိလာပါ၏။

"ပထမဆုံးပြောရမှာက မောင်ဦးရဲ့ အန်တီဦးဟာ တစ်ပါးသူသတ်လို့ သေတာပဲဖြစ်ဖြစ်... တစ်ပါးသူရဲ့ မတော်တဆကြောင့် သေရတာပဲဖြစ်ဖြစ်... ဒေါ်သီသီဦး သေရတာ မောင်ဦး လက်ချက်မဟုတ်ဘူးဆိုတဲ့ အထောက်အထားတွေ သက်သေတွေ ရနေပြီ မောင်ဦး... "

"ဗျာ... အဲဒါ တကယ်လား အန်ကယ်... "

"အန်ကယ် လူကြီးလူကောင်းတစ်ယောက်ပါ... တကယ်မဟုတ်တဲ့စကားတွေ ဘယ်ပြောမလဲ... ကဲ... ပြောမှာအရှည်ကြီး... ရော့... မင်း စီးကရက်သောက်တတ်ရင်



သောက်ပြီး နားထောင်... "

ဟု ပြောပြီး စီးကရက်ဘူး ထုတ်ကာ ချထားပေးလိုက်သည်။

"အခု... အန်ကယ်ပြောတဲ့စကားတွေနဲ့ သက်ဆိုင်တဲ့ အထောက်အထားတွေ... သက်သေတွေ တော်တော်များများ... ရဲအုပ်အမှုလိုက် မောင်သူ့ရ လက်ထဲမှာရှိနေပြီ... အေး... အခု အန်ကယ် ပထမဆုံးပြောရမှာက မောင်ဦး တအားကြီး အံ့သြသွားစေမဲ့စကားပဲ... မောင်ဦး ဦးနှောက်ထဲမှာ ဘာတွေမှမရှိအောင် ထုတ်ပစ်ပြီး... အန်ကယ်ပြောတာကိုပဲ အာရုံစိုက်နားထောင်...

"ဒေါ်သီသီဦး"ဟာ ဖေယျာဦးဆိုတဲ့ မောင်ဦးကို ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ မိခင်အရင်းပဲ မောင်ဦး... "

"ဟာဗျာ... ဟာဗျာ... မဟုတ်တာ... "

ကြားလိုက်ရသော စကားအတွက် ဖေယျာဦး အရမ်းတုန်လှုပ်သွားပြီး မယုံကြည်ကြောင်း မျက်နှာတွင် ပေါ်လွင်နေပါ၏။

"မောင်ဦးရဲ့မိခင်ဟာ ဒေါ်ရီရီလတ်လို့ မောင်ဦး တစ်သက်လုံးသိထားပေမဲ့... ဒေါ်ရီရီလတ်ဟာ မင်းရဲ့အဒေါ်ရင်းသာဖြစ်တယ်... မွေးမိခင် မဟုတ်ဘူး... မောင်ဦးမိခင်အရင်းစစ်စစ်ဟာ ဒေါ်သီသီဦးပဲ... "

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်နိုင်တာ... အန်တီဦးမှာ ဘယ်တုန်းကမှယောက်ျား မရှိခဲ့ဘူးတာ... ဘယ်လိုလုပ်ပြီး ကျွန်တော့်မိခင်ရင်း ဖြစ်နိုင်မှာလဲ... "

"ဒေါ်သီသီဦးမှာ တရားဝင်လက်ထပ်လင်ယောက်ျား မရှိခဲ့တာတော့ မှန်တယ်... ဒါပေမဲ့ သေသွားပြီဖြစ်တဲ့ ကိုကျော်ဝေဟာ မင်းရဲ့ဖခင်အရင်းစစ်စစ်ပဲ မောင်ဦး"

"ဗျာ... အန်ကယ်... "

ဦးမင်းအောင်က လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ဖြစ်ခဲ့သည်များကို တစ်ပိုင်းပြီးတစ်ပိုင်း ရှင်းပြပြောပြရာ ဧယျာဦးမှာ သူ့ဘဝတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသည်များနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ အန်ကယ်ဦးမင်းအောင် ပြောပြချက်များကို လက်ခံယုံကြည်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်လာတော့သည်။

မိမိကလေးဘဝမှအစ အဖေဟု အခေါ်ခံရသူ ဦးတေဇက သူ့အား ဒီလိုအကြောင်းတွေကြောင့် ဒီလိုဆက်ဆံခဲ့တာပါလားဟုလည်း ယခုမှ ပို၍ပို၍ သဘောပေါက်ရပါ၏။

ပြီး... အန်တီက မိမိကလေးဘဝမှစပြီး ယခုနောက်ဆုံးအချိန်အထိ ဘယ်သောအခါမှာဖြစ်စေ၊ မိမိအား အကြင်နာမျက်လုံးတွေနှင့် အမြဲကြည့်တတ်ခြင်း၊ မိမိအပေါ် ယုယလွန်းခြင်း၊ မိမိအတွက်ဆိုလျှင် လိုသည်ထက်ပိုပြီး အမြဲထောက်



ပံ့ခြင်းတို့သည် မိခင်ရင်းကသာ ချစ်သားအပေါ်တွင် ထားရှိသော မေတ္တာနှင့် စေတနာမှန်းလည်း ယခု ဧယျာဦး မျက်စိထဲတွင် ပိုမိုမြင်ယောင်လာပြန်တော့သည်။

မိနစ်ပေါင်းငါးဆယ်ကျော် တစ်နာရီနီးပါးဖြစ်ပျက်ခဲ့သမျှအားလုံး ဦးမင်းအောင်က ဧယျာဦးအား ပြောပြပြီးသည်နှင့် အလွန်စိတ်ဓာတ်မာသော ဧယျာဦးသည် ယောက်ျားတန်မဲ့ ဦးမင်းအောင် ပခုံးတွင် မျက်နှာအပ်ကာ ငိုချလိုက်ပေတော့သည်။

"ကဲ... အခု အန်ကယ်ပြောပြသမျှတွေ အားလုံးဟာ အန်ကယ်ကိုယ်တိုင် စုံစမ်းသိရှိလာတာတွေပဲကွယ့်... "

ဦးမင်းအောင်က သူ့အကျႌအိတ်ထဲမှ ဓားကို ပြန်ထုတ်ယူပြီ...

"ရော့... မောင်ဦးရဲ့ဓား ပြန်ယူပြီး ပြေးချင်သေးသပဆိုလည်း ဆက်ပြေး... အန်ကယ် ပြောသမျှတွေဟာ လုပ်ကြံဖြားမှုမပါဘဲ... အမှန်တွေလို့ ယုံကြည်ပြီး အန်ကယ်နဲ့ပြန်လိုက်ချင်သပဆိုလည်း ပြန်လိုက်ခဲ့... "

ဧယျာဦးက မည်သို့မျှ ပြန်၍အဖြေမပေးမီ ကုန်းနှင့်အောက်ဆီမှ ရဲကိုင်ဆောင်သော စပီကာယ်ဖြင့်လှမ်း၍ ပြောတစ်ခု ထွက်ပေါ်လာတော့သည်။

"ဆရာဦးမင်းအောင်... ကျွန်တော် ရဲအုပ်သူရပါ... ဆရာမှာ ဘာအန္တရာယ်မှ မဖြစ်ဘူးဆိုရင် အသံပြန်ပေးပါ..."

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး ကိုသူရ ပြောသံထွက်ပေါ်လာပြန်ပါ၏။

"မောင်ဧယျာဦး... ကျုပ်ပြောတာ သေချာနားထောင်ပါ.. ဒေါ်သီသီဦး အမှုနဲ့ပတ်သက်ပြီး နောက်ဆုံးလိုအပ်နေတဲ့ လက်ဗွေပုံစံကို ကျုပ်စစ်ဆေးရရှိပြီး အမှန်အကန် ဦးသက်ဇင်နဲ့ ဒေါ်စီစီထွေးရဲ့ လက်ဗွေပုံစံတွေ ဖြစ်ကြောင်း သက်ဆိုင်ရာလက်ဗွေပုံစံရုံးက အတည်ပြုချက်ရပြီးလို့... ဒေါ်သီသီဦးအမှုမှာ ဦးသက်ဇင်နဲ့ ဒေါ်စီစီထွေးတို့ တရားခံအဖြစ် ကျုပ် ဖမ်းထားလိုက်ပြီ... ဒါကြောင့် ကိုဧယျာဦး အေးအေးဆေးဆေးအတွေ့ခံပါ.. "

"ဘယ်လိုလဲ မောင်ဦး... ဆက်ပြီး ပြေးမလား... အန်ကယ်နဲ့ ပြန်လိုက်မလား... "

ထိုအခိုက်မှာပင် စပီကာအသံဖြင့် နွေး အော်ပြောသံလေး ထွက်ပေါ်လာပြန်သည်။

"ကိုဦးရေ... ကိုဦး ဖေဖေ့ကို ဘာမှရန်မလုပ်နဲ့နော်... အခုရဲ့အရာရှိ ဦးသူရပြောတာတွေ ကိုဦး ကြားတယ်မဟုတ်လား... ကိုဦးကို လှည့်စားတာတစ်ခုမှ မပါဘူး... အမှန်တွေချည်းပဲ... နွေးဆီကို ကိုဦး ပြန်လာပါ ကိုဦးရယ်... "

ဧယျာဦးသည် မိမိကိုပြန်ပေးနေသော ဓားကို ဘေးဖယ်ကာ ဦးမင်းအောင်၏ခါးကို လိုလိုလားလား ဖက်လိုက်တော့သည်။



ဦးမင်းအောင်ကလည်း ဧယျာဦး သမက်လောင်း၏ခါးကို ပြန်ဖက်ရင်း ကုန်းမြင့်အောက်သို့ သူ၏အောင်မြင်သောအသံနှင့် ပြန်လည်ကာ လှမ်းပြောလိုက်ပေတော့သည်။

"အန်ကယ့်မှာ ဘာအန္တရာယ်မှ မဖြစ်ဘူး မောင်သူရ... မောင်ဦးက ဓားကို အန်ကယ့်လက်ထဲအပ်ထားပြီးပြီ... အခုပဲ အန်ကယ်နဲ့ မောင်ဦး ဆင်းလာခဲ့မယ်... "

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဖေဖေ... ကိုဦး... ဖေဖေ... ကိုဦး... "

နွေးသည် ကုန်းအမြင့်မှ ဦးမင်းအောင်နှင့် ဓေယျာ ဦးကို တစ်ယောက်ခါးကို တစ်ယောက်ဖက်ပြီး ဆင်းလာသည်ကို တွေ့သည်နှင့် သူမ၏ဖေဖေနှင့် သူမ၏ချစ်သူ ကိုဦးဆီသို့ အပြေး ကလေးသွားပေတော့သည်။

ကိုသူရ အဖွဲ့နှင့် ဦးဖေညွန့်က နေရာမှာဝင်ရပ်ပြီး ဦးမင်းအောင်နှင့် ဓေယျာဦးတို့ဆီသို့ လှမ်းကြည့်နေပေသည်။

တောင်ကုန်းမြင့်ပေါ်သို့ အပြေးကလေးမမော မပန်းတက်လာခဲ့သော်လည်း အနီးကပ်သုံးဦးသား မျက်နှာချင်း ဆိုင်တွေ့သောအခါ နွေးမှာ ဘာလုပ်ရမှန်းမသိ ကြောင်တောင် ငေးတေးလေး ရပ်နေမိသည်။



အဖြစ်မှန်တွေ ပေါ်ခဲ့ပြီ။

တရားခံ အစစ်ပေါ်ခဲ့ပြီ။

ကိုဦးနှင့် သူမ၏ရှေ့လျှောက် အနာဂတ်အရေး သည် ပျော်ရွှင်ကြည်မွေ့စရာတွေချည်း ဖြစ်ပေတော့မည်ကို ချစ် သူနှစ်စလုံး သဘောပေါက်ကြပြီ။

ယခုလို ချစ်သူချင်း သောကကင်းစွာ ပြန်တွေ့ရာ ဝယ် တစ်ဦးကိုတစ်ဦး အပွေ့အပိုက် အယုအယနှင့် ဖက်လဲ တကင်းနှစ်ဦးစလုံး ပြုချင်ကြပါ၏။

သို့သော်...

ဖေဖေဦးမင်းအောင် ရှေ့တွင်ဖြစ်နေသောကြောင့် ချစ်သူနှစ်ယောက်စလုံး ကိုယ်ရှိန်သတ်ကာ ကြောင်တောင်ငေး ငေးကြည့်နေခြင်းသာ ရှိတော့သည်။

ဒါကို လူပါးကြီး ဦးမင်းအောင်က ရိပ်မိပေသည်။

"ဟဲ... ဟဲ... ဖေဖေနဲ့ မောင်သူရ ပြောစရာစကားတွေ အများကြီးရှိနေတယ်... ဖေဖေ မောင်သူရဆီ သွားလိုက် ဦးမယ်... "

ဦးမင်းအောင်သည် အကင်းပါးစွာ ထိုနေရာမှ ကုန်းဆင်း ကိုသူရ ရှိရာသို့ဆင်းသက်လာခဲ့သည်။

"နွေး... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး... "

ဘာပြောလို့ ဘာပြောရမှန်းမသိ ရှိနေရာမှ... ဦးမင်းအောင် သစ်ပင်တွေနှင့် ချုံတွေကွယ်ပြီး မမြင်ရတော့မှ ဇေယျာဦးက နွေးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားကာ ပါးချင်းကပ်ထားပါ၏။

ဦးမင်းအောင်သည် အောက်သို့ရောက်သည်နှင့် ဦးဖြူ၏ဓားကို ကိုသူရ လက်သို့ပေးအပ်လိုက်သည်။

"တော်သေးတာပေါ့ ဆရာ... ကျွန်တော့်မှာ ဆရာကို စိတ်ပူလိုက်ရတာ... ဒီကောင်လေး ဇေယျာဦးက ကျားနာစိတ်မျိုးနဲ့လိပ်ပတ်လည်အောင်မသိခင် ဆရာ့ကို သူ့ဓားနဲ့ ထိုးလိုက်မှာ ကျွန်တော် အရမ်းစိတ်ပူသွားတာ... "

"မောင်ဦးဟာ သဘောပေါက်လွယ်တဲ့ ကလေးပါ မောင်သူရ... အန်ကယ် အကျိုးအကြောင်းအားလုံး ရှင်းပြတာနဲ့ သူ့ ဓားကို အန်ကယ့်လက်ထဲအပ်တော့တာပါ... "

မလိမ်မညာတတ်သော ဦးမင်းအောင်သည် ယခုတစ်ခါတော့ တကယ်တမ်း ဇေယျာဦးလက်မှ ဓားရယူပုံကို ထိန်ချန်ကာ အလွယ်တကူပင် ဇေယျာဦးက ဓားထိုးအပ်သည့်အသွင် ပြောလိုက်ပေသည်။

သမက်လောင်းအား အပြစ်ပိုမဖြစ်အောင် စေတနာထားပြီး လိမ်ဈေးပြောလိုက်ခြင်း ဖြစ်ပေသည်။

"ဒါဆို ကောင်းတာပေါ့ ဆရာ... ဪ... ဒါထက် ဦးသက်ဇင်နဲ့ ဒေါ်စီစီထွေးရဲ့ လက်ဗွေပုံစံကို တရားဝင်ယူပြီး... တရားဝင်စစ်ဆေးလိုက်တာ အဖြေထွက်ပြီ ဆရာ... ယွန်းသေတ္တာပေါ်က နံပါတ် သုံးနဲ့လေး လက်ဗွေပုံစံဟာ ဦးသက်ဇင်နဲ့ ဒေါ်စီစီထွေးရဲ့ လက်ဗွေပုံစံတွေ ဖြစ်နေတယ်... သူတို့နှစ်ယောက်ကို တစ်နေ့စီခွဲပြီး... ကျွန်တော်ကိုယ်တိုင် စစ်ဆေးချက်နဲ့ ထွက်ဆိုချက်ရယူတယ်... အဲဒီမှာ ဒေါ်စီစီထွေးက စိတ်ဓာတ်လည်း ပျက်... စိတ်ဓာတ်လည်း ပျော့ညံ့တော့... အားလုံးကို ဖော်တယ် ဆရာ... ဆရာပြောတဲ့ မိုးကစ်(ဇ်)ဇာတ်လမ်းအတိုင်း တစ်သဝေမတိမ်းဖြစ်ခဲ့တာပဲ ဆရာ... ဇေယျာဦးကို သားအရင်း အဖြစ် အတိအလင်းကြေညာပြီး အမွေဆက်ခံခွင့်ရော... လုပ်ငန်းအားလုံးကို လွှဲပြောင်းတော့မယ်လို့ ပြောလိုက်တာနဲ့... ဒေါ်စီစီထွေးဟာ မွန်ထူသွားပြီး ဒေါ်သီသီဦးကို ဒေါသနဲ့ဆောင့်တွန်းတာ... ဒေါ်သီသီဦး ပက်လက်လဲကျပြီး... ညှိခန်းစားပွဲစွန်းနဲ့ ဦးခေါင်းနောက်ဆက်ဆောင့်မိပြီး... ပွဲချင်းပြီး သေသွားတာလို့ ဒေါ်စီစီထွေးက ထွက်ဆိုတယ်... ဖြောင့်ချက်ပေးတယ်

www.burmeseclassic.com



ဆရာ… ”

“အင်း… လောဘ… လောဘပေါ့လေ… ”

“နောက်ဆက်တွဲ ဒေါ်စီစီထွေးရဲ့ထွက်ဆိုချက်တွေက လည်း ဆရာကွင်းဆက်ယူတဲ့အတိုင်း ယွန်းသေတ္တာကို ဒေါ်စီစီထွေးယူလာပြီး ဧယျာဦး ကားဒက်(ရှ်)ဘုတ်အံ ထဲထည့်ဖို့ ဦးသက်ဇင်ကို ပေးအပ်ထည့်ခိုင်းလိုက်တာတဲ့ ဆရာ… ”

“အင်း…ဒါဆို အမှုမှန်ပေါ်ပြီပဲ… ဘီးလင်းက ဦးဘအောင် လာပြီး ထွက်ဆိုချက်ကို ဖြည့်စွက်လိုက်ရင် စွဲချက်တင်လို့ ရပြီပေါ့… အဲ…နေဦး မောင်သူရ… စခန်းသာစားသောက် ဆိုင်ပိုင်ရှင် ဦးဖြိုးဆီက မောင်ဦး ယူသွားတဲ့ ဓားကိစ္စ ကကော… ”

“အင်း… လက်နက်မှုတော့ အကျုံးဝင်တယ် ဆရာ… ဒါ ပေမယ့် ဦးဖြိုး ကိုယ်တိုင်က အမှုမဖွင့်ချင်ဘူးတဲ့… နောက် ပြီး… ဧယျာဦး သူ့အပေါ် ကြမ်းသွားတာဟာ သူက စပြီး သေနတ်နဲ့ချိန်ဖမ်းလို့ ကောင်လေးက သူ့လွတ်ပေါက် ထွက်ပေါက် သူရှာသွားတာပါဆိုပြီး… အမှုကို ကျေအေး ထားတယ်… နောက်ပြီး ဧယျာဦးက အဲဒီဓားနဲ့ ဘယ်သူ့ ကိုမှ တစ်ချက်ထိုးခဲ့တာ မရှိဘူး… ဒီတော့ တရားလိုမရှိတဲ့



အမှုမှာ ဓားကို ဦးဖြိုးကို ပြန်ပေးလိုက်လည်း ပြီးသွား တာပဲ ဆရာ… ”

“အင်းလေ… ဒါကတော့ မောင်သူရ သဘောပေါ့… ”

စကားပြောရင်း ရဲအုပ်ကိုသူရ၏ မျက်လုံးတို့သည် တောင်ကုန်းအမြင့်တစ်နေရာသို့ ရောက်သွားပြီး “အဲ” ဟု အာမေ ဋိတ်သံ ထွက်သွားသဖြင့် ဦးမင်းအောင်ကလည်း ကိုသူရ ကြည့်နေ ရာသို့ လှမ်းကြည့်မိသည်။

ကြည့်မိသည်နှင့် ဦးမင်းအောင် တွန့်ခနဲဖြစ်သွား ပါ၏။

တောင်ကုန်းမြင့်ပေါ်တစ်နေရာတွင် ဧယျာဦးက နွေးအား ရစ်ပတ်ပိုက်ထွေးထား သည်ကို မြင်လိုက်ရခြင်းဖြစ် တော့သည်။

“သွားမယ်ဟေ့… သွားကြမယ်… ဦးဖေညွန့်တစ်ယောက် ကလည်း ဘယ်ရောက်နေမှန်း မသိဘူး… ဘယ်ချောင် မှာများ သွားအိပ်နေလဲ… ”

ပြောရင်း သူ့လင်းရိုဗားဆီသို့ သွားရာ နောက်သို့ ဦးဖေညွန့် အပြေးလိုက်လာပေသည်။

“ရှိပါဗျာ… ကျုပ် ရှိပါ… ဦးမင်းအောင် ဘေးမှာပဲ ကျုပ် ရပ်နေတာတောင် မမြင်နိုင်အောင် ခင်ဗျားက ရှက်စိတ်

www.burmeseclassic.com



မှန်သွားတာကိုဗျ…”

ဟု ပြောရင်း ဦးမင်းအောင်နှင့်အတူ လင်းရိဗာ ကားစီသို့ သွားကြပေတော့သတည်း။

နှားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com